

ရသစုံမဂ္ဂဇင်း

၁၉၈၂ ခုနှစ်၊ နိုဝင်ဘာလကတည်းက စတင်ထုတ်ဝေသည်

မော်ဒယ် - ဖူးမြတ်နှင်း
ဓာတ်ပုံ - လှိုင်မြတ်စိုး

စာပေအစဉ်အလာကြီးမားသည့် မြဝတီစာပေတိုက်မှ အသစ်ထုတ်ဝေဖြန့်ချိလိုက်သည့်
အားကစားမြင်ကွင်းဂျာနယ်(Sports View Journal)ကို
၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ(၅)ရက်မှစ၍
ကြာသပတေးနေ့တိုင်း ထုတ်ဝေလျက်ရှိပါပြီ။




ဆက်သွယ်ရန်လိပ်စာ - အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ (၁၅)ရပ်ကွက်၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉၃၂၄၉၈၇၂၄။
ရန်ကုန်ရုံးခွဲ- အမှတ်(၁၈၁)၊ ၃၂ လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

# မာတိကာ

Vol. 68, No. 11, September, 2020

**စာတည်းစာမျက်နှာ**

၅ ကာလနှင့်စာတည်း
စာမဖတ်သူမပျောက်ရေးမှသည်
စာမဖတ်သူပပျောက်ရေးသို့

**မျက်နှာစာကဗျာ**

၆ မောင်ဟေမာ၊ တောသားကြီးလှုနိုင်၊ မောင်မောင်မိုးအောင်(စာပေဗိမာန်စာမူဆုရ)၊
ဖိုးရန်နိုင်(ကျောက်ကြီး)၊ မောင်ဟန်တင့်(ပင်လည်ဘူး)၊
စမ်းစမ်း(မနောမြေ)၊ သန်းအောင်(အညာမြေ)၊ မောင်ဖြိုး(သချာ)၊
သန်းထွန်းဦး(စလေ)၊ မောင်သုဆွေ(သပြေရုံ)၊ ညောင်ရွှေ–ခင်မောင်မြ။

**ကာတွန်း**

၁၇ မြေဇာ၊ မောင်ဇချို၊ သူရမိုး၊ ကောကျိုး။
၄၈ ရဲဝင်းနိုင်(တွံတေး)

**မြဝတီရောင်စုံဓာတ်ပုံ**

၂၀ ကဏ္ဍသိုက်ဟန်မင်းဦး
'ရွာစလေ'ဆုရဓာတ်ပုံများနှင့်သုံးသပ်ချက်များ

**သုတ – ရသ**

၂၉ မောင်ခင်မင်(ဓနုဖြူ)
မြန်မာအမျိုးသမီး(၂၅)
၃၃ ကို(စစ်ကဏ္ဍသိုက်)
အားသစ်ပျိုးရန် တပ်လှန့်သံ
၃၆ ရေနံ့သာမောင်ကျော်ညွှန့်
ကဗျာ့ပန်းခင်းထဲက တမ်းချင်းတစ်ပုဒ်
၆၅ မနသမကျော်ဝင်း(အမျိုးသားစာပေဆုရ)
သမိုင်းထင်ရှား ကျန်စစ်သား

**မျက်နှာဖုံးရှင်နှင့်တွေ့ဆုံခြင်း**

၄၉ လှချစ်အောင်
သရုပ်ဆောင်ကောင်း
တစ်ယောက်ဖြစ်ချင်တဲ့
ရွှေကြိုးအလှမယ်ဖူးမြတ်နှင်း



## ကဗျာဝိုင်းတွဲ

၅၇ ကျော်ဟန်(မြန်မာစာ)၊ ဘမိုးဟိန်း(ချောက်)၊
မောင်မုန်းနွယ်(မွှင့်ဖြူ)၊ ကိုဖေလင်းအောင်
(တန့်ဆည်–ကျူညီးကန်)၊ မောင်တင့်လွင်(ပေါက်)၊
မောင်ထွဋ်ကောင်း၊ မောင်သင်းဓေ၊ မိုးထက်လူ။

## ပြည်တွင်း၊ ပြည်ပအနုပညာ

၅၃ သက်ဆုနှင်း
ကြယ်စင်တို့ရဲ့ကမ္ဘာ

အချပ်ပို နှံ့နှံ့
သက်ဝင်ခံစားရုပ်ရှင်စာမျက်နှာများ

၆၉ အိမ့်ရွှေစင်
ထင်ပေါ်ကျော်ကြား
နိုင်ငံတကာအနုပညာရှင်များ

၉၅ အိုကြင်ရာ
ဘရာဇီးနိုင်ငံရဲ့အလှဆုံးနတ်မိမယ်
အက်ဒရီနာလီမာ

## သဘာဝဝတ်ဝန်းကျင်ထိန်းသိမ်းရေး

၆၁ အိမ်ကြီးမောင်
ရေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး
အားလုံးပါဝင်ဆောင်ရွက်ပေး

## ကျန်းမာရေး

၈၀ ဒေါက်တာနေလင်းအောင်(ဖျော်ဘွယ်)
ဆီးချို သွေးချို မပေါ်စေလို









**ရသစာတမ်း**

၇၄ နေခင်(ပေါက်ခေါင်း)

သက်တမ်းတိုးကြစေလိုသည်

**အတွေ့အကြုံဆောင်းပါး**

၈၆ ဂိုလ်တာခင်

ဂူသောစစ်ဆင်ရေး အဆင့်(၂)

**စာအုပ်စင်**

၁၁၅ မောင်ပေါလု

ဒီတစ်လဖတ်စရာစာအုပ်တွေ

**ဗုဒ္ဓတာဝန်းချို**

၆၂ ပြင့်ညွှန့်အောင်(အရာတော)

မေတ္တာရိပ်မှာခိုခဲ့သည်

**ပြဇာတ်ဝင့်သစ်**

၁၆၂ ညိမ်းသူ

နှောင်းရက်တွေဆီ

**ဝတ္ထုတို**

၁၀၀ ဂေါ်သစ်

ကောင်းကင်ပျောက်တဲ့ကြယ်

၁၀၆ မဂေါ်ဇီ

အနှင်းခံပန်းကလေး၏ဒိုင်ယာရီ




၁၁၈ ကိုထွန်းရှင်(အင္ဂုလိ)
မလေးနိုင်ငံရှာရွှေ့ လွှမ်းငွေ့တိမ်တောင်
၁၂၄ နေခြည်(ကြီးနီ)
ချက်မသိလေဘဲနှင့်
၁၃၀ ဘုန်းချစ်နော်(မေယျာမြေ)
ခယောင်းလမ်းမှာသာတဲ့လ
၁၅၂ ရဲရဲထွန်းအောက်(မွေးလုံး)
စစ်သားကောင်းတို့အမေ


## ပင်တိုင်ရေးဝတ္ထုရှည်(၈ / ဆုံး)


၁၃၈ ကမ္ဘာ
မိုးနဆည်းဆာ


## ဝေဒင်


၁၇၁ စံ- ဓာတ်ဆို
၁၂ လရာသီအဟော


**ဗိုတာဝန်အထေးထုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |


**စာတည်းမှူးချုပ်**
ဒုတိယဗိုလ်မှူးကြီးနေမျိုးထက်
**ဒုတိယစာတည်းမှူးချုပ်**
ဗိုလ်မှူးကြည်ဖင်
**စာတည်းမှူး**
ဗိုလ်မှူးငြိမ်းချမ်းဦး
**တာဝန်ခံစာတည်း**
ဗိုလ်ကြီးဟိန်းထက်
**အွန်လိုင်းအယ်ဒီတာ**
ဗိုလ်ကြီးဇော်ဖြိုးနိုင်
**လက်ထောက်စာတည်း**
သင်းသင်းနိုင်၊ ဝင်းစန္ဒာ
**စာပြင်**
တင်မာဦး၊ ချောသီရိကျော်




**စာတည်းအဖွဲ့တည်နေရာနှင့် ဖြန့်ချိရေး**


မြဝတီစာပေတိုက်၊ အမှတ် (၁၅)၊
မိုးကောင်းလမ်း၊ (၁၅)ရပ်ကွက်၊ ဘောက်ထော်၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
Email:mwdliteraturehouse@gmail.com
ဖုန်း ၀၉၃၀၁၃၆၇၅၆၂၊ ၀၉၈၃၅၁၀၇၁၉၂(မြဝတီ၊ မိုးသောက်ပန်းဂျာနယ်)
၀၉၄၀၁၃၂၅၈၄၅၁(ငွေတာရီ၊ တေးရုပ်စုံစာစောင်)
၀၉၆၉၇၈၉၇၂၀၊ ၀၉၆၉၄၈၂၈၇၉၇(သုတအလင်း၊ အားကစားမြင်ကွင်းဂျာနယ်)
၀၉၈၉၂၂၇၆၀၇၇(သုတကမ္ဘာဂျာနယ်)
၀၉၃၂၄၉၈၇၂၄ (ဖြန့်ချိရေး)



**ရန်ကုန်ရုံးခွဲ**
အမှတ်(၁၈၁)၊ ၃၂ လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ထုတ်ဝေခြင်း
ပုံနှိပ်မှတ်ပုံတင်အမှတ် (၀၀၆၅၆)
ထုတ်ဝေသူမှတ်ပုံတင်အမှတ် (၀၀၈၁၈)
ပုံနှိပ်စောင်ရေ – ၈၀၀၀
မျက်နှာဖုံးရှင်– ဖူးမြတ်နှင်း
မျက်နှာဖုံးဓာတ်ပုံ– လှိုင်မြတ်နိုး
အတွင်းအပြင်အဆင်ဒီဇိုင်း– ပန်းချီအောင်ကျော်၊ ဘောင်ဘောင်။
သရုပ်ဖော်ပန်းချီ– ရန်နိုင်ဦး၊ အောင်ကျော်၊ အေးကျော်စွာ၊ မိုးထက်မိုး၊ စိုးအောင်၊ စိန်ထွန်း။



# စာမတတ်သူပပျောက်ရေးမှသည် စာမဖတ်သူပပျောက်ရေးသို့



ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် ၁၉၆၄ ခုနှစ်မှစတင်၍ စာတတ်မြောက်ရေးလှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့ကြသည်။ တစ်နှစ်ထက်တစ်နှစ် ပိုမိုအရှိန်အဟုန်မြင့်၍ တစိုက်မတ်မတ်ဆောင်ရွက်ခဲ့ရာ ၁၉၇၁ ခုနှစ်တွင် ယူနက်စကိုက 'မိုဟာမက်ဇာပါလဗီ'ဆုကို ချီးမြှင့်သည်အထိ အောင်မြင်ခဲ့သည်။ ဆက်လက်၍ စာမတတ်သူပပျောက်ရေးလှုပ်ရှားမှုများ၏အောင်မြင်မှုအရ ၁၉၇၉ ခုနှစ်တွင် စာမတတ်သူတစ်သန်းကျော်အား အောင်မြင်စွာသင်ကြားပေးနိုင်ခဲ့သည်။ နိုင်ငံအနှံ့ 'စာမတတ်သူပပျောက်ရေး၊ စာတတ်သူက သင်ပြပေး'၊ 'နွားကျောင်းရင်း စာသင်၊ ဗိုင်းငင်ရင်း စာဖတ်၊ ထင်းခြွတ်ရင်း စာကျက်၊ အလုပ်မပျက် အကျိုးထွက်၊ ခေတ်ကပေးတဲ့ထူးခြားချက်'စသည့်ဆောင်ပုဒ်များစိုက်ထူ၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကြိုးစားခဲ့သည့်အတွက် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်နှင့်အထက် စာတတ်မြောက်မှုနှုန်းမှာ ၈၉ ဒသမ ၅၂ ရာခိုင်နှုန်း၊ အရွယ်ရောက်ပြီးအမျိုးသား ၉၂ ဒသမ ၆ ရာခိုင်နှုန်း၊ အရွယ်ရောက်ပြီး အမျိုးသမီး ၈၆ ဒသမ ၉ ရာခိုင်နှုန်းအထိ စာတတ်မြောက်ခြင်းသည် ထိုက်တန်စွာရရှိခဲ့သော အောင်မြင်မှုအသီးအပွင့်များဖြစ်ပါသည်။

ယနေ့အချိန်အခါ၀ယ် စာမတတ်သူပပျောက်ရေးမှသည် စာမဖတ်သူပပျောက်ရေးအထိပါ ကြိုးပမ်းဆောင်ရွက်လာပါသည်။ စာဖတ်ခြင်းကို ကျန်းမာရေးရှုထောင့်မှကြည့်ပါက စိတ်ဖိစီးမှုကိုလျော့ကျစေခြင်း၊ နှမ်မြိုက်စွာအိပ်စက်နိုင်ရန်အထောက်အကူပြုခြင်း၊ အာရုံစူးစိုက်မှုအားကောင်းစေခြင်း၊ မှတ်ဉာဏ်အားကောင်းစေခြင်း၊ စာနာနားလည်စိတ်ကိုဖြစ်ပေါ်စေခြင်း၊ စိတ်ဓာတ်တက်ကြွစေခြင်းစသည့်စာဖတ်ခြင်း၏အကျိုးကျေးဇူးများကို ရရှိခံစားစေနိုင်ပါသည်။ လူမှုရေးနယ်ပယ်တွင်လည်း စာဖတ်ခြင်းမှ မိမိလိုအပ်ချက်များ၊ ပြုပြင်ရမည့်အပိုင်းများကို သိရှိလေ့လာနိုင်ပါသည်။ စာဖတ်ခြင်းသည် အကောင်းဆုံးသော မိမိကိုယ်ပိုင်လေ့လာသင်ယူခြင်းဖြစ်သလို စိတ်ကူးသစ်များ၊ အကြံဉာဏ်သစ်များကို လမ်းဖွင့်ပေးကာ ယုံကြည်မှုအသစ်၊ အကြံဉာဏ်အသစ်များပေးစွမ်းနိုင်သည့်ဘ၀အဖော်မွန်ကောင်းများဖြစ်သည့်အတွက် စာတတ်သူတိုင်း စာများများဖတ်သင့်ပါကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။



**ကာ၀န်ခံစာတည်း**

# မိုးသက်ကယ်ဆင်

ရှာမည်ဟန်ပျိုး၊ တိမ်မင်နိုးနှင့်
မိုးသက်ကယ်ဆင်၊ လျှပ်နွယ်ပြင်ခဲ့
ဟော အမြင် သူ့ရွာတော့မလို။
အုံ့အုံ့မြို့မြို့၊ တတုံ့တုံ့နှင့်
မုတ်သုံရာသီ၊ ဆေးမပီအောင်
ပန်းချီစုတ်တံ၊ မလှုပ်ဟန်ကြောင့်
ဝသန်ဦးလေ၊ မိုးစက်တွေနှင့်
မခြွေမပက်၊ နွေရက်စက်၍
ချွေးသက်တွေဥ၊ ရေကြည်စုသည့်
မိတ်ဖုကယား၊ သနပ်ခါးကို
ဆေးဝါးအကူ၊ လိမ်းပါမူလည်း
အပူမငြိမ်း နိုင်ပါတကား။
အို ရွာစမ်းပါ၊ မိုးရွာချလေ
ငယ်ကသို့လျှင်၊ မိုးရွာပြင်၌
ပျော်ရွှင်မြူးထူး၊ ကစားဦးအံ့
ပါးဖူးလေးနီ၊ မိုးစက်ရည်တို့
တွဲသီနိုတွယ်၊ ပြူးချင်းလှယ်သည့်
ရွယ်လူးပျိုမျစ်၊ ဆယ်ကျော်နှစ်က
နွယ်ရစ်သူ့ကို၊ အလွမ်းပိုမိ
ကိုယ့်လိုပင်တွေး၊ မှတ်မိသေးစ
မိုးပြေးပမာ၊ သူပြေးခွာ၍
ဝေးကွာရိုးရိပ်၊ ငယ်အတိတ်လည်း
မှေးမှိတ်ပြယ်ရာ၊ ကြာတောင့်ကြာပေါ့
ခုခါဘယ်များ၊ သူမိုနားလိမ့်
မိုးသားညို့ညို့၊ လွမ်းလက်တို့စဉ်
ဟိုငယ်စဉ်မွေ့၊ မိုးရွာနေ့ကို
မမေ့သူသာ၊ လွမ်းဖွဲ့စာနှင့်
ကဗျာရေးသီ ရပါကြောင်း။ ။

မောင်ဟောမာ





## ဂုဏ်များကို ဂုဏ်ပြုခြင်း

နိုင်ငံ့ဂုဏ်ရောင်
ထွန်းလင်းပြောင်
လူ့ဘောင်သာယာဖို့။


ပြည်သူ့ဂုဏ်ရောင်
ထွန်းလင်းပြောင်
ညီနောင်ချစ်ကြည်ဖို့။

ပညာဂုဏ်ရောင်
ထွန်းလင်းပြောင်
နေရောင်လင်းစေဖို့။

ငြိမ်းချမ်းမှုဂုဏ်ရောင်
ထွန်းလင်းပြောင်
လရောင်ဝင်းစေဖို့။

ဂုဏ်ရောင်မြားမြောင်
ထွန်းလင်းပြောင်
ရွှေရောင်ဝင်းစေသော။
ငွေရောင်လင်းစေသော။ ။

**တောသားကြီးလူနိုင်**



# သွေးချင်းတို့ပုံရိပ်များ

ဇွဲရှိမှု ဆိုပါလျှင်
**ကချင်**တွင် အပြည့်ရှိ။
ပန်းတိုင်ကို အားမာန်ခဲ
မာန်ဖွဲ့နိုင်၏။

ရိုးသားမှု ဆိုပါလျှင်
**ကယား**တွင် အပြည့်ရှိ။
အရိုးခံ သဘောရင်း
ဖြောင့်စင်းပေ၏။

ဖော်ရွေမှု ဆိုပါလျှင်
**ကရင်**တွင် အပြည့်ရှိ။
သဘောဖြူ သူ့စိတ်ရင်း
ပွင့်လင်းပေ၏။

သတ္တိအရာ ဆိုပါလျှင်
**ချင်း**တို့တွင် အပြည့်ရှိ။
မယှဉ်သာ သတ္တိသွေး
ဖွေးဖွေးနီ၏။

ဖျတ်လတ်မှု ဆိုပါလျှင်
**ဗမာ**တွင် အပြည့်ရှိ။
စိတ်ထားမှာ အလွန်ထက်
သွက်လက်ပေ၏။

ဘာသာရေး ဆိုပါလျှင်
**မွန်**တို့တွင် အပြည့်ရှိ။
သာသနာ ဦးထားပေး
ယဉ်ကျေးပေ၏။

မျိုးစောင့်မှု ဆိုပါလျှင်
**ရခိုင်**တွင် အပြည့်ရှိ။
မျိုးရိုးဂုဏ် အစဉ်မြင့်
ဂုဏ်ဟင့်ပေ၏။

လှူဒါန ဆိုပါလျှင်
**ရှမ်း**တို့တွင် အပြည့်ရှိ။
လက်မကွာ လှူရေစက်
ထက်သန်ပေ၏။

ဂုဏ်ပုဒ်များ အလီလီ
ကိုယ်စီပင် အလှရှိ။
အရေးကြုံ သွေးဆုံစည်း
မသွေးနိုးပေ၏။

ကိုယ့်ဟန်မှု ကိုယ့်ဂုဏ်ဒြပ်နှင့်
ချစ်မြတ်ဖွယ် သွေးချင်းဆွေ။
**ညီနောင်**တွေ တည်ထောင်ပြု
**ပြည်ထောင်စုမြေ**။
တစ်မြေတည်း အတူနေ
တစ်မြေပေါ် အတူရှိ။
သွေးချင်းစုံ ပေါင်းကာစု
**မြန်မာ** ဟုခေါ်၏။ ။

**မောင်မောင်မိုးအောင်**
**(စာပေဗိမာန်စာမူဆုရ)**



# အင်းဝဘဏ်လီမိတက်


INNWA BANK LIMITED




ရုံးချုပ် - အမှတ် (၉/၃) ကျိုင်းတုံလမ်းနှင့် ပဲခူးလမ်းထောင့်၊
ဇနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း ၀၆၇-၃၄၃၄၃၅၀ ဖက်စ် ၀၆၇-၃၄၃၄၃၅၂




## သင်ချေးငွေရယူပြီး.....လုပ်ငန်းများလုပ်လိုပါသလား ?



- ချေးငွေများအပေါ်တွင် ဘဏ်ဝန်ဆောင်ခ (Service Charge) ကောက်ခံခြင်းမပြုပါ။
- ချေးငွေများအပေါ်တွင် ငွေထိန်းသိမ်းခ (Commitment Fees) ကောက်ခံခြင်းမပြုပါ။



- ချေးငွေများထုတ်ပေးရာတွင်အကောင်းဆုံး ဝန်ဆောင်မှုများဖြင့် ဆောင်ရွက်ပေးနေပါသည်၊ သင်ခေတ်မီအောင် အင်းဝဘဏ် (ATM) ကတ် သုံးကြည့်ပါလား. . . ။



- သင်ငွေပိုနေပါသလား. . . ။ အင်းဝဘဏ်မှာ ငွေစုခြင်းဖြင့် သင့်ရဲ့ငွေတိုးပွားစေနိုင်ပါသည်။

| | | |
|---|---|---|
| (၃) လ | - | (၉. ၃)% |
| (၆) လ | - | (၉. ၅)% |
| (၉) လ | - | (၉. ၆)% |
| (၁) နှစ် | - | (၁၀)% |

- ချေးငွေထုတ်ပေးခြင်း (Loans)
- စာရင်းပိုထုတ်ချေးငွေ (Overdrafts)
- လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် (Hire Purchase)


STAR MASK
DISPOSABLE PROTECTIVE FACE MASK
WITH OUTLET VALVE
DISPOSABLE PROTECTIVE FACE MASK များအပြင်
OUTLET VALVEပါဝင်သော
DISPOSABLE PROTECTIVE FACE MASK များကိုပါ
ရရှိနိုင်ပါသည်။
INNER LAYER
MIDDLE LAYER
OUTER LAYER
3 Ply Mask
KHA YAE PIN MART
STARMART NINE MILE Showroom


日本の耳清液
နားသန့်ဆေးကြီး
အတုအပ
အထူးသတိပြု
ပင်ရင်း - ဖုန်း - ၀၁ - ၃၉၅၆၁၂၊ ၇၀၄၄၀၃၊ ရန်ကုန်မြို့


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
Debit Card
လိုငွေ ကျည် မြဝတီ
MWD MPU Debit Card
မြဝတီဘဏ်၏ စာရင်းရှင်အပ်ငွေ၊ ငွေစုဘဏ်အပ်ငွေစာရင်းတို့နှင့် တိုက်ရိုက်ချိတ်ဆက်၍ အသုံးပြုနိုင်ခြင်း။
Individual Card များဖြင့် ATM များတွင် 24/7 ငွေသားထုတ်ယူနိုင်ခြင်း၊ ငွေလွှဲပြောင်းခြင်း၊ POS နှင့် e-Commerce Websites များတွင် ငွေပေးချေခြင်း များအား လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ခြင်း။
Online မှတဆင့် အခွန်ပေးဆောင်ခြင်း။
မြဝတီဘဏ်၏ ATM များတွင် ချိတ်ဆက်စာရင်းအချင်းချင်း လွယ်ကူလျင်မြန်စွာ ငွေလွှဲနိုင်ခြင်း။
မြဝတီဘဏ်၏ ATM များတွင် ကတ်ပါရှိရန်မလိုဘဲ ငွေသားထုတ်ယူနိုင်ခြင်း။ (Cardless Cash Withdrawal)
Website : www.mwdbank.com
Credit Card
MWD MPU Credit Card
ငွေသားထုတ်ယူခြင်း၊ ငွေပေးချေခြင်းများ ပြုလုပ်ရန်အတွက် ဘဏ်တွင် Deposit တင်ရန်မလိုဘဲ လစဉ်ဝင်ငွေအထောက်အထားပြ၍ လျှောက်ထားနိုင်ခြင်း။
လစဉ်ဝင်ငွေပေါ်မူတည်၍ ကတ်အမျိုးအစားများ ရွေးချယ်လျှောက်ထားနိုင်ခြင်း။
ခွင့်ပြုငွေအပေါ် ငွေသားထုတ်ယူခြင်းအတွက် သင့်တင့်သောနှုန်းထားဖြင့်သာ အတိုးကောက်ခံခြင်း။
MWD CREDIT CARDS
Platinum Gold Classic
IBFT(Inter Bank Fund Transfer)
မြဝတီဘဏ်၏ ATM များတွင် MPU Logo ပါသော မည်သည့် ဘဏ်၏ကတ်ဖြင့်မဆို ပြည်တွင်းဘဏ်အချင်းချင်း ငွေလွှဲခြင်း။
Debit / Credit Card Services
Hotline
09 443115080, 09 401595369, 01 2301421
Internet Banking Website : https://mwdibanking.com
UnionPay
JCB
MPU


ဆရာထွန်း၏
ထွန်းရွှေဝါ
တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

# MECTRONIC®

## GENERAL ELECTRICAL PRODUCTS

- Electronic Safeguard
- Automatic Voltage Regulator
- Manual Voltage Regulator
- Auto Manual Voltage Regulator
- TV Antenna
- Step Up / Down Transformer
- AC - DC Inverter
- Emergency Light






**Head Office** : E-35, May Kha Housing, Corner of Lay Daunk Kan Road and May Ga Wadi Kyaung Road, Thingangyun Tsp, Yangon, Myanmar.
Tel : 01-8564094, 01-703724, Hp : 09-49222176, 09-964298734

**Factory** : No.2720, Chaung Tha Street, 63 Quarter, South Dagon Township, Industrial Zone (2), Yangon, Myanmar.
Tel : 01-591139, 01-591647,
Hp : 09-49259217, 09-73201263, 09-773066344
gmail : mdwin.naing@gmail.com


အဘထ
တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ချိရေး
လူတိုင်းကျန်းမာ
အဘထ
စေတနာ
ဖုန်း - ၀၁ ၆၄၂၀၄၇၊ ၀၉-၇၃၂၄၂၁၂၇



ATK
အောင်သုခ
မြန်မာထမင်းဆိုင်
အထူးအော်ဒါနှင့်ချိုင့်ဆွဲလက်ခံသည်။
ဆိုင်ခွဲမရှိပါ



KT
ကိုဒွေးလှိုင်
အရက်
ကိုသန်း
အစ်ချုပ်ဆိုင်နှင့် ယူနီဖောင်းပိတ်အမျိုးမျိုးရောင်းဝယ်ရေး
တပ်ရင်းတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများအတွက် အထူးနှုန်းဖြင့်
လက်ခံဆောင်ရွက်ပေးပါသည်။
အမှတ်(၈၀၈/၈၀၉)၊ ဈေးလယ်လမ်းမ၊ မင်္ဂလာဈေးအတွင်း။
ဖုန်း - ၀၉-၈၆၂၃၆၀၂၊ ၀၉-၆၉၉၆၉၉၅၈၀၊ ၀၁-၆၃၇၃၈၁
၀၉-၂၆၃၆၁၀၀၂၅
အားပေးလျက်ရှိသော မိတ်ဆွေများအား အထူးကျေးဇူးတင်ရှိအပ်ပါတယ်

# နိုင်ငံကျော်ဆရာကြီးရာဇာဇော်ဝင်း

(LL.B.) (WIPO,DL-101 Switzerland)



မှ ထူးချွန်သောရင်သွေးငယ်များကို နာမည်ပေးရခြင်းကြောင့် မိဘများနှင့်အတူ ဂုဏ်ယူပါ၏။

၁။ မောင်ရှိုင်းလကျ်ာဇင် ဒဂုံ(အထက -၁) (ရန်ကုန်မြို့)။

၂။ ဦးဝင်းထွဋ်အောင်+ဒေါ်ဝတ်ရည်တို့၏သားမောင်ဝင်းဖြိုးဟန် (ရန်ကုန်မြို့)။

၃။ ဦးထူးမြတ်သန်းဦး+ဒေါ်စုမြတ်နိုးတို့၏သားခန့်ညားထိုက်၊ သမီးဆုဇန်ထိပ်ထား(ပဲခူးမြို့)။

၄။ မဟန်နီဦး(ချောင်းဦးမြို့)။

၅။ မဖြူဇင်ထိုက်(ကလေးမြို့)။

နာမည်ပေးကင်ပွန်းတပ် တိုက်အမှတ်(၉)၊ ၈၇ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ကျော်ကြားအောင်မြင်တိုးတက်သောနာမည်များကိုအလိုရှိလျှင် 01-399426, 01-394727, 09-73009994, 09-5152521 ဆက်သွယ်ပါ။ ကလေးအတွက် အစုံပါသည်။ နယ်ပို့သည်။

Dictionary for All

# သာလွန်

အင်္ဂလိပ်-မြန်မာ

# အဘိဓာန်

THALUN Bookstore Yangon

သာလွန်စာအုပ်တိုက်

- ၃၆၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၄၂၄၁၈၊ ၂၄၉၂၀၈
- ၃၇၇/၃၇၉ ဗိုလ်ဆွန်ပက်လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၄၀၁၅၃၊ ၂၄၂၁၃၈
- ၁၆၅/၂ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၄၅ လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၉၉၂၂၈၊ ၃၉၀၀၄၂
- အမှတ် ၁၀၆/B၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရေကျော်ဒီဗွီဒီအနီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၉၂၅၉၂၊ ၀၉၅၁၅၇၇၁၆

မြဝတီ

ကဗျာ

# ဓမ္မးရပ်မြေကို လွမ်းအားပို

ဇာတိဌာနေ၊ ဓမ္မးရပ်မြေသည်
ရှေ့ဆီရိုးမ၊ လှသည့်တောင်ခြေ
ရစ်ခွေစီးဆင်း၊ မြစ်မင်းစစ်တောင်း
ပေါင်းသည့်ခရီး၊ 'ကျောက်ကြီး'ချောင်းနှင့်
ပန်းသင့်ကာ၊ မြို့ရပ်ရွာတွင်း
ထွန်းလင်းသာသည်၊ 'ရှင်သီဝလိ'
မြတ်သည့်ရုပ်ပွား၊ 'ခြေတော်ရာ'က
ဘာသာသာသနာ၊ နှစ်ပြောဖြိုးဝေ ကာင့်လှပေ။

ပျော်ရာမနေသာ တော်ရာရပ်ဆီ
မှီကာအခြေချ၊ ဝေးဌာနမှာ
မှန်းဆ၍သာ၊ လစါနှစ်ကူး
ရည်ရှူးတမ်းတ၊ လွမ်းရပါသည်

မျှော်ကာရည်ငြား၊ လွမ်းအားမပြေ
ဇာတိမြေကို၊ ခြေချ၍သာ
ဆွေညာပေါင်းသင်း၊ ရောင်းရင်းငယ်ပေါင်း
ရှေးဟောင်းနှောင်းဖြစ်၊ အသစ်ဖြစ်အောင် ပြောလိုပေ။

ဇာတိဌာနေ၊ ဓမ္မးရပ်မြေမှာ
အခြေချကာ၊ နေလိုပါလည်း
ပျော်ရာမနေ၊ တော်ရာနေရ ကိုယ့်ဘဝပေ။ ။

**ဖိုးရန်နိုင်(ကျောက်ကြီး)**



ကဗျာ

# အလင်းမဲ့သံစဉ်

ငါ့စိတ်နဲ့ ငါ့ကိုယ်
ချိုချင်ချို ခါးချင်ခါး။
ငါသည်သာ ပဓာန
မာန ထောင်လွှား။

ငါပြောတာ အမှန်
ဝေဖန်တော့ မကြိုက်။
တစ်ပါးသူ ဆိုစကား
ထောင်နား မစိုက်။



ငါသိတာ အမှန်
လက်ခံရင် တပြုံးပြုံး။
ငြင်းဆန်ရင် စိတ်တွေဆိုး
မိုးကြိုးလို ချုန်း။

အမှားကို ဝန်မခံ
ပြန်ပြင်ဖို့ စိတ်မကူး။
မှားပါစေ လျှောက်မြဲလျှောက်
မပေါက်ဟဲ့နဖူး။

မျက်စိကို စုံမှိတ်လို့
အရိပ်ကို အကောင်ထင်။
ဖြစ်တန်ရာ သဘာဝ
ဘာမျှမမြင်။
အရာရာတွင်
'ငါသာလျှင်' အယူမှား။
စိတ်အရောင် အမှောင်ဖုံး
ရှုံးစွတကား။ ။

**မောင်ဟန်တင့်(ပင်လည်ဘူး)**

မဝတီ

ကဗျာ

# တောင်ပေါ်သဘာဝ ပူတာအိုအလှ

စိမ်းညို့မှိုင်းမှိုင်း၊ အုပ်ဆိုင်းဆိုင်းတွင်
ပတ်ဝိုင်းခြယ်သ၊ တောင်အလှနှင့်
မြင်ရကြည်နူး၊ ပန်းစုံဖူး၏
ကြွမြူးဟန်ပါ၊ ပန်းဝါဝါက
ထိန်ကာရောင်လှ တောင်သစ်ခွ။

ထက်ကောင်းမှုလုံ၊ ရွှေတီဂုံနှင့်
စည်းစုံစေတီ၊ ပုံတူတည်၏
နတ်စီရေတွင်း၊ သောကကင်း၍
အောင်ခြင်းဆွတ်ဖျန်း၊ ဘေးမသန်းသည်
အေးချမ်းစေသား ကျောက်နဂါး။

မြို့ဂုဏ်ရောင်တက်၊ မြင်သူမက်၍
ချောင်းထက်မြင့်မား၊ ကြိုးတံတားနှင့်
ထူးခြားဟန်ဆင်၊ သမိုင်းဝင်ခဲ့
ဒည့်ရင်တွင်းမွှား၊ စာရေးသားသည်
ဂုဘားရိပ်သာ မှတ်တမ်းလွှာ။

ကြမ်းတမ်းမြစ်ဖျား၊ မလိခလားသို့
ကျောက်ကြားကိုစီး၊ အဟုန်ကြီး၏
မငြိုးငွေ့မှယ်၊ လှဆန်းကြွယ်၍
ကျောက်စွယ်ကျောက်ချွန်း၊ ပန်းချီသွန်းသည်
နတ်ကျွန်းခေါ်တွင် ကျွန်းဘုရင်။

ဩော် . . .
စာသမကုန်၊ မြင်ဆန်းစုံတည့်
ကံဆုံတစ်ခေါက်၊ ခရီးရောက်ခဲ့
ထွန်းတောက်ရောင်ဝါ၊ သာသနာနှင့်
သဘာဝအလှ၊ ရှုမဝသည်
အေးမြဆီးကြို ပူတာအို။ ။

**စမ်းစမ်း(မနော့မြေ)**



မဝဓေ

ကဗျာ



# ကိုယ်စားအမွေ

သူတို့ကိုယ်စား၊ ပြုစုသွားသို့
လုပ်အားနှင့်ရင်း၊ ချွေးနှင့်ရင်း၍
ရှခင်းလှလှ၊ ပန်းလှလှနှင့်
အေးမြစေသော အမွေခြံ။

အမေ၏ခြံ၊ လှအောင်ဖန်၍
ပန်းမန်စီရီ၊ အချိန်မီပင်
ရာသီအလိုက်ဖူးပွင့်မြံ။

တလည်းခြံစာ၊ မာလကာ နာနတ်
မပြတ်ခါမီ၊ စီအရီပင်
ရာသီအလိုက် သီးလေသည်။
အမေပန်းပြင် ဘုရားတင်၏။
ဦးဦးဖျားဖျား၊ ခြံထွက်များကို
ဘုရားကပ်လှူ ကျောင်းတော်လှူ၏။
ဆွေမျိုးမိတ်သင်္ဂဟ ကြိုသမျှကို
ဝေငှပေးကမ်းတတ်စမြဲ။
အမွေခြံမှာ၊ သံသာချိုတေး
ငှက်ကလေးတို့ ရင်အေးဖွယ်ရာသီကျူးလျက်။

အမေတည်ပေး၊ သောက်ရေအေးနှင့်
ငှက်လေးတို့အစာ ကျွေးထားလျက်။
အမေကွယ်လွန်သွား သူ့ကိုယ်စားဖြစ်
မြဲအား အပ်နှံသွားလေသည်။

ခြံကိုအပ်သွား၊ ပစ်ခွာသွားလည်း
ကိုယ်စားတည်နေ၊ ရှိနေလေသို့
ပန်းတွေအချိန်တန်ပွင့်လျက်။
လေပြည်သွေးသွေး၊ ပန်းနံ့မွှေးလျှင်
ရွှေရင်အေးမြ ကြည်နူးလျက်။
ငှက်တွေရွှင်ချို၊ တေးသီဆိုလျှင်
အမေ့ကိုမှန်း၊ အမွေတမ်း၍
လွမ်းချင်းလိုက်ဖို့ဆိုလျက်။

မိဘကိုယ်စား၊ ဘုရားပန်းတင်
သစ်သီးပြင်လျက်၊ မြတ်ရှင်ထံပါး
ကျောင်းတော်သွား၍၊ ပွားခဲ့ကုသိုလ်
ချိုမွှဲကောင်းမှု၊ အစုစုတွက်
သာဓုအကြိမ်ကြိမ် ခေါ်မြဲကို။ ။

**သန်းအောင်(အညာမြေ)**

မြဝတီ ကဗျာ

## မှန်တစ်ချပ်၏လားရာ

မှန်၏ရှေ့ကပ်
ငါလေရပ်ခဲ့
ထပ်ထပ်ကာပြုံး
သူပြန်ပြုံး၏။

ပြဒါးက ပီ
မှန်က ကြည်မို့
ပီပီပြင်ပြင်
မှဲ့လည်းမြင်၏။

လှပ်ရှားမှုမှန်
သူတုံ့ပြန်၏
မှန်ကိုကြည့်သား
မလှည့်စားနှင့်
အမှားကိုမြင်
အမှန်ပင်ဟု
တွင်တွင်ဖွတ်လော
မောအောင်ပြောလည်း
လောကဟားတိုက် ပေလိမ့်မည်။ ။



မောင်ဖြိုး(သန်ျာ)

ကဗျာ




# စိတ်ပြတိုက်

ဘဝခရီးမှာ ရှောင်မရတာတွေက
နာကြည်းစရာ နောင်တတွေနဲ့
အမှောင်ကျခဲ့ပါပေ။

အတွေးစခန်း လှစ်လိုက်တော့
အဆွေးအလွမ်း အချစ်တွေက
ဆန်းသစ်လို့နေ။

သောကမောဟ အနာတရတွေနဲ့
ဝေါချလည်း ဘာမှမပြေ
မာနတွေက တဝေဝေသီး။

ဖိတ်သမျှ လိုက်ကြည့်မိတော့
အတိတ်က အမှိုက်အပြည့်နဲ့
(ယောဒီမှာ ကျွန်တော့်ရဲ့ . . .)
စိတ်ပြတိုက်ကြီး။ ။

**သန်းထွန်းဦး(စလေ)**

မေတ္တာ

ကဗျာ

# ကျန်ရစ်ခြင်းဝေဒနာ

မိုးစက်ပွင့်မှုန်၊ ယွမ်းမြိုင်ဖျန်းပက်
အေးစက်စက်တုန်၊ ဆောင်းရက်မြူထဲ
ငွမ်းမောင်လည်းကပ်၊ မီးမှုတ်ပ်ဆဲ
မပြတ်ချမ်းစိမ့်၊ အမှောင်လိမ့်ပြို
နေကိုဖုံးအုပ်၊ ညရှုပ်ဟန်ဆင်
အလင်းမျှင်မပျောက်၊ မိုးပေါက်သဲ့သဲ့
ခင် . . . ဒနဲ့သဲ။

တုန့်စက်ကိုယ်ရှိ၊ ဆောင်း၏အချမ်း
မှုတုစမ်းမည်၊ ဆင့်ကမ်းမိုးဖွား
ဆောင်းနှင်းခါးမှုန်၊ အားကုန်ကြိကြိ
အာခံရဲပေါ့။

တစ်ကိုယ်ထီးထီး၊ ဖော်မနီးမို့
မနေပြည်းမရဲ၊ အိပ်မရဲချင်
အမေဟွှးမျှင်ဟို၊ ဟာမင်းဆွဲသနိ့
ထိတ်လန့်လန့်ချင်။

ခင် . . . ရယ်
ဝေးမှပိုလွမ်း၊ ချမ်းမှပိုသိ
ခင်မရှိမှ၊ ခင်၏ကာန်ဖိုး
ပိုမြတ်နိုးမိ၊ ညှိုးအိနွမ်းနွမ်း
ခင့်လာလမ်းကို၊ တမ်းတမျှော်လျက်
အမျှော်ခက်ပြီ
ကိုယ့်အသက်ခြောက်ဆယ်ကျော်သော်လည်း။ ။

**မောင်သုဆွေ(သပြေရုံ)**



ကဗျာ

# ကြက်တိုက်ပွဲ

အုန်းအုန်းကျွက်ကျွက်
ဆူညံပွက်နေ
ကြက်တိုက်ပွဲကြီးတစ်ခုမှာ။

လူအုပ်ကြီးတို့
'ဟီး . . . ဟီး . . . ဟား . . . ဟား'
အသံများဖြင့်
ငါ့သားကြီးကွ 'ချ . . . ချ . . . ချ' ဟု
နှုတ်ကဆိုပြော၊ ဘယ်မဖောနိုင်
သြဘာလက်ခုပ်သံဖြောင်းဖြောင်း။
ချွေးစိုရွှဲရွဲ လူအပေါင်း။

ငါ့အုံ့သြမိ
နိုင်သောကြက်ဖ၊ ဂုဏ်ယူကြလျက်
'ဒါမှငါ့သား' ဝင့်ဝင့်ကြွားလည်း။

ငါရင်မောမိ
ရှုံးသောကြက်ဖ၊ ဆဲဆိုကြလျက်
ရိုင်းပျနှုတ်မှ၊ သုံးမကျဟု
ချွန်မြထက်မြက်၊ ဓားတစ်လက်ဖြင့်
အသက်သေထိ သတ်ဖြတ်ကြ။
အရက်ဝိုင်းမှာ အမြည်းရ။

သြော် . . .
အချို့နေရာ
မညှာမတာ၊ မစာနာသော
နှုတ်မှာသံမစဲ၊ 'ကြက်တိုက်ပွဲ'များ
မျက်ဝါးထင်ထင်၊ ငါရှုမြင်သည်
ရင်နာမဆုံးနိုင်ပါတည်း။ ။

ညောင်ရွှေ-ခင်မောင်မြ



## မြဝတီကာတွန်း


တိမ်တောင်သဖွယ်
ထမင်းရေးကျယ်၏
ကျွန်းမှာ ချမ်းသာ
ကြပါစေ....
ထမင်းစားရင် ပန်းကန်ပြားရဲ့
လေးပုံတစ်ပုံက ထမင်း —
ကျန်-လေးပုံတစ်ပုံက အသားနဲ့
ကျန်- လေးပုံနှစ်ပုံက
အသီးအရွက်ဖြစ်ရမယ်တဲ့---
အေး-အခုက
ကျန်-လေးပုံသုံးပုံက
ကန်စွန်းရွက်ချည်း
ဖြစ်နေလို့...ကွ-

## မြဝတီကာတွန်း


ကျွန်တော်စကားပြောရင် ရှေ့ပြောနောက်ကြည့် ညာပြောဘောက်ကြည့် ပါတယ်ခင်ဗျ·
အေး လမ်းဘေးမှာ ပြောရင်တော့ အပေါ်ကို ကြည့်ရတယ်ကွဲ့
ဂွပ်
ကာတွန်း မောင်

## မြဝတီကာတွန်း




## မြဝတီကာတွန်း



# မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲ

# ရွာဓလေ့

## (ဆုရဓာတ်ပုံသုံးသပ်ချက်များ)



၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလအတွက် ပြိုင်ပွဲခေါင်းစဉ်ဖြစ်သည့် 'ရွာဓလေ့'ကို မြန်မာနိုင်ငံအနှံ့မှ ပြိုင်ပွဲဝင် ၁၀ ဦးမှ ပြိုင်ပွဲဝင်ပုံစုစုပေါင်း ၃၉ ပုံဖြင့် ပါဝင်ယှဉ်ပြိုင်လာသည်ကို တွေ့ရှိရပါသည်။ ပြိုင်ပွဲဝင်အများစုမှာ ရန်ကုန်နှင့် မန္တလေးတို့မှသာဖြစ်နေ၍ အခြားပြည်နယ်နှင့်တိုင်းများမှလည်း ဝင်ရောက်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်လိုပါသည်။ ယခုလပြိုင်ပွဲဝင်ပုံများသည် ယခင်လများထက် နည်းသည်ကိုလည်း သတိပြုမိပါသည်။ သို့သော်လည်း ပြိုင်ပွဲဝင်ပုံအများစုသည် ပြိုင်ပွဲခေါင်းစဉ်နှင့်ကိုက်ညီမှုရှိကြသည်ကိုတွေ့ရပါသည်။ ပြိုင်ပွဲဝင်ပုံအများစုသည် မကွေးတိုင်းဒေသကြီး၊ မွန်ဖြူမြို့နယ်၊ ရေမှတ်ကြီးကျေးရွာမှပုံများဖြစ်သည်ကိုလည်း တွေ့ရှိရပါသည်။ ပြိုင်ပွဲဝင်များကို အထူးမှာကြားလိုသည်မှာ ဆင်တူပုံများရိုက်ကူးခြင်းမှကွဲထွက်ကာ ရိုက်ကူးကြရန် မှာကြားလိုပါသည်။ ထိုမှသာလျှင် မိမိ၏ပြိုင်ပွဲဝင်ပုံကို အကဲဖြတ်များက သိသာထင်ရှားစွာဂရုပြုမိလိမ့်မည်ဖြစ်ပါသည်။



ပထမဆု

ငွေးလွင်(အမရပူရ) (၈မှတ် – ၇ မှတ်)

ယခုလအတွက် ပထမဆုကို ငွေးလွင်(အမရပူရ)မှ ရရှိခဲ့ပါသည်။ ဆုရဓာတ်ပုံကို ပွင့်ဖြူမြို့နယ်၊ ရေပုတ်ကြီးကျေးရွာမှ ကလေးငယ်ကျောင်းသူလေးများစုပေါင်း၍ ရွာလေ့ကစားစရာအဖြစ် ဝိုင်းဖွဲ့၍ကြက်ဖခွပ်ကစားနေကြပုံကိုရိုက်ကူးထားပါသည်။ ပြိုင်ပွဲခေါင်းစဉ်နှင့်ကိုက်ညီကာ အကဲဖြတ်အများစုအကြိုက်တွေ့ခဲ့၍ ပထမဆုကို ရရှိခဲ့ခြင်းဖြစ်ပါသည်။ ငွေးလွင်(အမရပူရ)သည် ပြိုင်ပွဲဝင်နေကျ လူဟောင်းတစ်ဦးလည်းဖြစ်ပါသည်။ ဓာတ်ပုံပညာရှင်ပီသစွာ ရိုက်ကူးယှဉ်ပြိုင်ထားသောပုံသည် **Lighting** နှင့် **Composition** တို့ အထူးကောင်းမွန်ခဲ့ကာ ပုံတွင် ကလေးငယ်များစွာကို ထည့်သွင်းရိုက်ကူးထားသော်လည်း မည်သူတစ်ဦးတစ်ယောက်ကိုမျှ ကင်မရာကို မကြည့်စေဘဲ သဘာဝကျစွာရိုက်ကူးနိုင်ခဲ့သောကြောင့် ပုံကိုအားရှိစေခဲ့ကာ အကဲဖြတ် ၅ ဦးစလုံး ကြိုက်နှစ်သက်မှုဖြင့် ပထမဆုကို ရရှိခဲ့ခြင်းဖြစ်ပါသည်။

**Data**

| | | |
|---|---|---|
| Camera | - | Canon EOS 5 D-SR. |
| Exposure | - | F -10, 1/400 Sec, (ISO - 400) |
| Film/Dev: | - | Digital. |
| Paper/Dev: | - | Fuji. |




ယဉ်ယဉ်မွန် (ရမှတ် – ၅၂ မှတ်)

ယခုလအတွက် ဒုတိယဆုကို အမျိုးသမီးဓာတ်ပုံဆရာမတစ်ဦးဖြစ်သော ယဉ်ယဉ်မွန်က ရရှိခဲ့ပါသည်။ အင်အားနည်းနေသေးသည့်အမျိုးသမီးဓာတ်ပုံဆရာများထဲတွင် ကြိုးစားသူတစ်ဦးအဖြစ် အသိအမှတ်ပြုရမည်ဖြစ်ပါသည်။ ဆုရရှိသည့်ဓာတ်ပုံကို မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ ရေပုတ်ကြီးကျေးရွာတွင် ရိုက်ကူးထားကြောင်း သိရှိရပါသည်။ ရွာလေ့ဆိုသည့်ပြိုင်ပွဲခေါင်းစဉ်နှင့် ကိုက်ညီမှုရှိသည်ကိုလည်းတွေ့ရှိရပါသည်။ Composition လည်းကောင်းမွန်ကာ သမီးငယ်များ၏ မျက်နှာပေါ်က Mood များကလည်း အသက်ဝင်လှကာ ပုံကို အားရှိစေခဲ့ပါသည်။

**Data**

Camera - Nikon. D - 7200.
Exposure - F-8, 1/250 Sec, (ISO - 400)
Film/Dev: - Digital.
Paper/Dev: - Kodak.



လှမိုးနိုင် (Ko Sat) (ရမှတ် – ၃ မှတ်)

တတိယဆု

ယခုလအတွက် တတိယဆုကို လှမိုးနိုင် (Ko Sat) က ရရှိပါသည်။ လှမိုးနိုင်သည် ယခုနှစ် မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲယှဉ်ပြိုင်မှုအမှတ်ဇယားတွင် ဦးဆောင်နေသူတစ်ဦးလည်းဖြစ်ပါသည်။ ဆုရဓာတ်ပုံကို ချင်းပြည်နယ်၊ မဆွာတီကျေးရွာတွင် ရိုက်ကူးထားကြောင်းသိရှိရပါသည်။ ပြိုင်ပွဲဝင်ပုံအများမှ ကွဲထွက်နေသော ပုံ ၁ ပုံလည်း ဖြစ်ပါသည်။ သစ်ပင်သစ်ကိုင်းတွေကိုမပြတ်စေဘဲ ပိုပါဝင်ခဲ့မည်ဆိုလျှင် ယခုထက်ပိုကောင်းသောပုံတစ်ပုံဖြစ်လာမည်ဖြစ်သည်။

**Data**

| | | |
|---|---|---|
| Camera | - | Canon. 5. D - Mark IV. |
| Exposure | - | F-4.5, 1/160 Sec, (ISO - 200) |
| Film/Dev: | - | Digital. |
| Paper/Dev: | - | Free Colour. |



ငွေးလွင်(အမရပူရ) (ရမှတ် - ၂ မှတ်)

အထူးဆု
(၁)

ယခုလအတွက် အထူးဆု(၁)ကို ငွေးလွင်(အမရပူရ)က ရရှိခဲ့ပါသည်။ ဆုရပုံကို မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ ရေပုတ်ကြီးကျေးရွာမှ ဗုဒ္ဓဘာသာဝင်များဖြစ်သည့်ချောင်ပေစူးလေးများက ရွာထိပ်မှနေ၍ ဆွမ်းခံကြွလာသော ရဟန်း၊ ကိုရင်လေးများအား ဆွမ်းလောင်းနေကြပုံကို ရွာဓလေ့အဖြစ် ရိုက်ကူးတင်ပြထားကြောင်းသိရှိရပါသည်။ ဓာတ်ပုံတွင် ၃ အုပ်စုရှိပြီး ဆွမ်းခံအုပ်စုနှင့် ထိုင်ကန်တော့အုပ်စုတွင်တော့ အဆင်ပြေပြီး ဆွမ်းလောင်းအုပ်စုတွင်တော့ လူများသွားသည်ကိုတွေ့ရပါသည်။

**Data**

Camera - Nikon. D - 800 E.
Exposure - F-8 at 1/100 Sec, (ISO - 200)
Film/Dev: - Digital.
Paper/Dev: - Fuji.



ဌေးလွင်(အမရပူရ) (ရမှတ် - ၁ မှတ်)

ယခုလအတွက် အထူးဆု(၂)ကို ဌေးလွင်(အမရပူရ)ကပင် ရရှိခဲ့ပါသည်။ ဆုရဓာတ်ပုံကို မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ ရေပုတ်ကြီးကျေးရွာမှ ကလေးငယ်လေးများအားလပ်ချိန်များ၌ စုပေါင်း၍ ရွာစလေ့ဖြစ်သော ဖန်ခုန်ကစားနေကြပုံကို ရိုက်ကူးထားကြောင်းသိရပါသည်။ အထူးဆု(၂)ဆု၏ အားနည်းချက်မှာ ပါဝင်သရုပ်ဆောင်ကလေးများ များပြားကျပ်သိပ်နေခြင်းတို့ဖြစ်ပါသည်။ အားပေးနေသောကလေးငယ်များကို တစ်ဖက်ကို ၁၀ ယောက်၊ ၁၂ ယောက်မထားဘဲ ၆ ယောက်၊ ၇ ယောက်လောက်သာ ထားရှိရိုက်ကူးပါက ပိုအဆင်ပြေလိမ့်မည်ဖြစ်ပါသည်။

**Data**

| | | |
|---|---|---|
| Camera | - | ikon. D - 800 E. |
| Exposure | - | F 6.3, 1/130 Sec, (ISO - 500) |
| Film/Dev: | - | Digital. |
| Paper/Dev: | - | Fuji. |



ပြည်မိုးသူ (ရမှတ် – ၁ မှတ် )

အထူးဆု (၃)

ယခုလအတွက် အထူးဆု(၃)ကို ပြည်မိုးသူက ရရှိခဲ့ပါသည်။ ပြည်မိုးသူက အသစ်ဝင်ရောက်ယှဉ်ပြိုင်သူတစ်ဦးဖြစ်ပါသည်။ ထားဝယ်မြို့မှဝင်ရောက်ယှဉ်ပြိုင်သူဖြစ်ကြောင်းသိရှိရ၍ ကြိုဆိုရပါသည်။ တခြားပြည်နယ်နှင့်တိုင်းမြို့ရွာများမှလည်း မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ပါသည်။ ဆုရပုံကို ထားဝယ်မြို့နယ်၊ ဇဟာရွာတွင် တစ်နေကုန်တစ်နေခန်း မိမိကျွဲကိုထိန်းပြီး ပင်ပင်ပန်းပန်းအိပ်ပျော်နေသော ကျွဲကျောင်းသားလေးပုံကို ရွာဓလေ့အဖြစ် ရိုက်ကူးပုံဖော်တင်ပြထားကြောင်းသိရှိရပါသည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများထဲမှ ကွဲထွက်နေသောပုံတစ်ပုံလည်းဖြစ်ပါသည်။ နောက်လများတွင်လည်း ရန်ကုန်၊ မန္တလေးမှမဟုတ်ဘဲ တခြားတိုင်းနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင်သူများဝင်ရောက်ယှဉ်ပြိုင်လာလိမ့်မည်ဟု မျှော်လင့်ရပါသည်။

**Data**

| | | |
|---|---|---|
| Camera | - | Canon, 80, D. |
| Exposure | - | F.4-5, 1/200 Sec, (ISO - 100) |
| Film/Dev: | - | Digital. |
| Paper/Dev: | - | Kodak. |

တက္ကသိုလ်ဟန်မင်းဦး

## ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ – မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲအမှတ်စာရင်း

| စဉ် | အမည် | ယခင်ရမှတ် | ယခုရမှတ် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | လှမိုးနိုင်(Ko Sat) | ၂၃ မှတ် | ၃ မှတ် | ၂၆ မှတ် |
| ၂။ | ငွေးလွင်(အမရပူရ) | ၉ မှတ် | ၁၀ မှတ် | ၁၉ မှတ် |
| ၃။ | ဝင်းဇော်ဦး(မင်းဘူး) | ၁၅ မှတ် | - | ၁၅ မှတ် |
| ၄။ | နိုင်ဇာမွန် | ၁၄ မှတ် | - | ၁၄ မှတ် |
| ၅။ | မျိုးမင်းကြွယ်(ရွှေတောင်ကြား) | ၁၂ မှတ် | - | ၁၂ မှတ် |
| ၆။ | အောင်မြင့်ထွေး | ၉ မှတ် | - | ၉ မှတ် |
| ၇။ | လှိုင်သန်းတင့်(ရွှေပန်းချီ) | ၇ မှတ် | - | ၇ မှတ် |
| ၈။ | ယဉ်ယဉ်မွန် | ၁ မှတ် | ၅ မှတ် | ၆ မှတ် |
| ၉။ | အောင်ကျော်ထွန်း(ပုသိမ်ကြီး) | ၄ မှတ် | - | ၄ မှတ် |
| ၁၀။ | အောင်မျိုးထွန်း(ရွှေပြည်သစ်) | ၁ မှတ် | - | ၁ မှတ် |
| ၁၁။ | ပြည်မိုးသူ | - | ၁ မှတ် | ၁ မှတ် |

## ရွေးချယ်ထားသောကဗျာများ

၁–၇–၂၀၂၀ မှ ၃၁–၇–၂၀၂၀ အထိ ရောက်ရှိလာသောကဗျာများမှ အောက်ဖော်ပြပါကဗျာများကို မြဝတီမဂ္ဂဇင်းတွင်အသုံးပြုရန် ရွေးချယ်ထားပါသည် –

### မျက်နှာစာကဗျာ

၁။ ခလောက်ဆွဲ (ဆန်းလွင်–မြန်မာစာ)၊ ၂။ အရိုးမှာသစ္စာ (ဆန်းလွင်–မြန်မာစာ)၊ ၃။ အဆန် ခရီး (မောင်လွန်းမြိုင်–ပင်လယ်ဘူး) ၄။ ကြီးမြတ်ဂုဏ်ရည် မြဝတီ (မောင်မင်းသိမ်း–သရက်) ၅။ အလင်း မာတိကာ (ငွေးကြည်–စလင်း)၊ ၆။ ကျေးဇူးဆပ်ပွဲ (မင်းသစ်ဝင်း–ကျောက်တံခါး)၊ ၇။ လေကိုဆန်၍ ပျံပါစေ (မင်းသစ်ဝင်း–ကျောက်တံခါး) ၈။ လောကဓံကြိုးဝိုင်း (မင်းသွေးနွယ်–ဖီးကုန်း)၊ ၉။ တန်ဖိုး (မောင်ဖြိုး–သချာ)၊ ၁၀။ ဟန်ဆောင်ကောင်းသူ (ငွေးသစ်လွင်–ပရိမ္မ)။

### ကဗျာဖိုင်တွဲ

၁။ ရွာသီတင်းကျွတ် (ဘအုန်း–ပုသိမ်)၊ ၂။ မာန် (ရဲသွေးနီ–တကၠဝန်)၊ ၃။ လရောင်အောက်က ကဗျာ (လွမ်းဝေ–လေးမျက်နှာ)၊ ၄။ မြန်မာ့တပ်မတော် (လွမ်းလေးကို–သရက်)၊ ၅။ ဘာဝနာအမိုးလေး လုံပါစေ (ဖျာပုံမောင်သုည)၊ ၆။ အလက်ာဝေစီ မြဝတီ (ယဉ်မင်း–ပန်းတောင်း)၊ ၇။ ကန်ရာသီ တော်သလင်း (လွမ်းဝေ–လေးမျက်နှာ)၊ ၈။ ပြည်သူ့အတွက် မြဝတီ (ရွှေရိုး)၊ ၉။ ပွဲသွားကြည့်မယ် (သပြေညို)၊ ၁၀။ တရားသောစစ် အောင်ပါစေ (နှောင်းသစ်ချို)၊ ၁၁။ လမ်းသီပါလျက် (ရွယ်အို)။

# မြန်မာအမျိုးသမီး(၂၅)

မောင်ခင်မင်(ဓနုဖြူ)






မြန်မာအမျိုးသမီးများတွင် 'စာရေးဆရာ'၊ 'သတင်းစာဆရာ'ဟူသော ဝိသေသ ၂ မျိုးပိုင်ဆိုင်သည့် အမျိုးသမီးများမှာ အလွန်နည်းပါးသည်။ ထို့အပြင် အင်္ဂလိပ်လိုရော မြန်မာလိုပါရေးသားနိုင်သည့်စာရေးဆရာ၊ သတင်းစာဆရာအမျိုးသမီးမှာ ပို၍ရှားပါးပါသည်။ ထိုမျှရှားပါးသောအရေအတွက်ထဲတွင် ပါဝင်သောမြန်မာအမျိုးသမီးကြီးကား ဆရာမကြီး ဒေါ်ခင်မျိုးချစ် (၁၉၁၅–၁၉၉၉)ဖြစ်ပါသည်။

ဒေါ်ခင်မျိုးချစ်သည် စစ်ကိုင်းမြို့ဇာတိဖြစ်၍ မိဘများမှာ ရာဇဝတ်ဝန်ထောက်ဦးတော်နှင့် ဒေါ်သန်းတင်တို့ဖြစ်သည်။ နာမည်ရင်းမှာ ဒေါ်ခင်မြဖြစ်သည်။ မိတ္ထီလာအမျိုးသားကျောင်းမှ ဆယ်တန်းအောင်ပြီး ရန်ကုန်တက္ကသိုလ်သို့ရောက်သည်။ ထိုအချိန်မှာပင် ဆရာမကြီး၏ကလောင်သည် စတင်အသက်ဝင်လာ

**ဒေါ်ခင်မျိုးချစ်**

မြန်မာအမျိုးသမီးကြီးကစ်ဦးဖြစ်သူ ဆရာမကြီး ဒေါ်ခင်မျိုးချစ်သည် စာရေးဆရာလည်းဖြစ်သည်။ သတင်းစာဆရာလည်းဖြစ်သည်။ အင်္ဂလိပ် – မြန်မာ စွယ်စုံရပညာရှင်လည်းဖြစ်သည်။ ဝတ္ထုများ၊ ဆောင်းပါးများ၊ ကျမ်းများစသည်တို့ကို အင်္ဂလိပ်ဘာသာဖြင့်လည်းရေးခဲ့သည်။ မြန်မာဘာသာဖြင့်လည်း ရေးခဲ့သည်။ လွတ်လပ်ရေးကြိုးပမ်းမှုတွင် တက်ကြွစွာပါဝင်လှုပ်ရှားခဲ့သူလည်းဖြစ်သည်။ သက်တမ်းတစ်လျှောက်တွင်ကလောင်မချစတမ်း စာကောင်းပေမွန်အများအပြားရေးသားခဲ့သူဖြစ်သည်။

သည်ဟုဆိုရပါလိမ့်မည်။ တက္ကသိုလ်ရောက်သည့် ၁၉၃၂ – ၁၉၃၃ ခုနှစ် ပညာသင်နှစ်တွင်ထုတ်ဝေသော တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်း၊ ဝေသန္တရာစောင်သို့ ဆာဝေါ်လ်တာစကော့ (Sir Walter Scott) ၏ The Lay of The Last Minstrel ကဗျာကို မိုဋ္ဌမ်းပြု၍ 'စာတီမာန်'နှင့် 'တို့ပြည်တို့မြေ'ဟူသောခေါင်းထပ် ၂ ပုဒ် ရေးဖွဲ့ပေးပို့ရာ အယ်ဒီတာအဖွဲ့ကရွေးချယ်ပြီး 'ခင်မျိုးချစ်'ဟူ၍ ကလောင်နာမည်ပေးကာဖော်ပြရာမှ ထိုကလောင်နာမည်တွင်သွားတော့သည်။

ဆရာမကြီးမှာ ငယ်စဉ်ကပင် ရင်ထဲတွင် မျိုးချစ်စိတ်ဓာတ်ကိန်းအောင်းခဲ့သည်။ အဘွားဖြစ်သူမှာ မင်းတုန်းမင်းတရား၏ နန်းတွင်းအပျိုတော်တစ်ဦးဖြစ်၍ ငယ်စဉ်ကပင် နန်းတွင်းရေးရာအကြောင်းများကို အဘွားထံမှကြားသိခဲ့ရသည်။ သီပေါမင်းလက်ထက်တွင် မင်းသား၊ မင်းသမီး၊ မင်းဆွေစိုးမျိုးများ အစုလိုက်သုတ်သင်ခံရသည့်အကြောင်း၊ စစ်သွေးစစ်မာန်ပြည့်ဝသော ကနောင်မင်းသားကြီးအကြောင်း၊ ရဲစွမ်းသတ္တိရှိသောသုံးဆယ်မင်းသားကြီးအကြောင်းစသည်တို့ကို အကြိမ်ကြိမ်နားထောင်ခဲ့ရသည်။ စစ်သည်ကောင်းများလုပ်ကြံခံရသည့်အတွက် ဗြိတိသျှတို့ကျူးကျော်လာသောအခါ ကျူးကျော်သူများကို ခံနှင့်ပေါက်မည့်သူပင်မရှိတော့ကြောင်း အဘွားကပြောပြသည်။ ထိုမင်းသားများရှိနေလျှင် အထက်မြန်မာနိုင်ငံသည် ဗြိတိသျှအောက်မရောက်နိုင်ဟုဆိုလိုခြင်းမဟုတ်ကြောင်း၊ ထိုအချိန်က ဗြိတိသျှအရှိန်အဝါကို မည်သူမျှ မတားဆီးနိုင်ကြောင်း၊ စစ်ရှုံးမည်ပင်ဖြစ်ကြောင်း၊ သို့သော် သူရဲကောင်းမင်းသားများရှိလျှင် နယ်ချဲ့ကို သိက္ခာရှိရှိရင်ဆိုင်တိုက်ခိုက်နိုင်မည်ဖြစ်ကြောင်း အဘွားဖြစ်သူ၏ပြောပြချက်များကို ဆရာမကြီး ငယ်စဉ်ကပင် ကြားနာမှတ်သားခဲ့ရသည်။

ဒေါ်ခင်မျိုးချစ်သည် စာပေပညာရှင်မျိုးရိုးမှ ဆင်းသက်လာသူဖြစ်သည်။ 'ဘီ'တော်စပ်သူသန်လျင်မင်းကြီး ဦးကျော်ခေါင်ကစ၍ မြန်မာပညာရှိ သီရိစတုရင်္ဂဗလအဖွဲ့ခံ ဦးအော၊ ချည်ပေါင်ရွက်သည်မောင်မှိုင်းဝတ္ထုရေးသူ ဝန်စာရေးဦးကြီးတို့မှာ ဆရာမကြီး၏ ဆွေမျိုးများဖြစ်သည်။ ဖခင်ဦးတော်ကိုယ်တိုင်က ဆယ့်နှစ်ရာသီကွဲ့လူးကားအဖြေနှင့် ဂန်ကဂေါ် ခင်ခင်ညွန့်ဝတ္ထုတို့ကိုရေးသားခဲ့သူဖြစ်သည်။ စာပေမျိုးရိုးမှဆင်းသက်သောဆရာမကြီး၏စာပေဝါသနာလမ်းကြောင်းမှာ ငယ်စဉ်ကပင်ဖြောင့်ဖြူးဖွယ်ဖြစ်သော်လည်း ဆရာမကြီးစာရေးသည်ကို မိဘများက သဘောမတူသည့်အခြေအနေနှင့်ကြုံခဲ့ရသည်။

မိန်းကလေးများ သာမန်ထက်ပိုပြီးထူးထူးခြားခြားပြုမူဆောင်ရွက်သည်ကို လက်မခံသည့်ခေတ်ကာလမျိုးဖြစ်သည့်အလျောက် ဒေါ်ခင်မျိုးချစ်မိခင်က သမီးဖြစ်သူစာရေးဝါသနာပါသည်ကို မနှစ်သက်သည့်အတွက် အမြဲဆူပူအပြစ်တင်လေ့ရှိသည်။ ဖခင်ကလည်း စာရွက်များကို မီးရှို့ပစ်မည်ဟုကြိမ်းမောင်းသည့်အတွက် ဝှက်ထားရပြီး အားလုံးအိပ်သွားမှ တိတ်တိတ်မီးခိုး၍ရေးရကြောင်း ဆရာမကြီးက ရေးဖူးသည်။ ထိုသို့သောအခြေအနေမှရုန်းထွက်ပြီး စာပေလောက၊ သတင်းစာလောကထဲသို့ ခြေချခဲ့ခြင်းဖြစ်သည်။

ဆရာမကြီးသည် ရန်ကုန်တက္ကသိုလ်တွင် တစ်နှစ်တက်ပြီး ကျောင်းထွက်ခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာတွဲ့ရသည်။ အင်္ဂလိပ်စာပေကို အထူးလေ့လာသည်။ ၁၉၃၇ ခုနှစ်ကစ၍ စာနယ်ဇင်းလောကတွင် ထင်ရှားလာသည်။ တိုးတက်ရေးနှင့် ဘားမားဂျာနယ်တို့တွင် အယ်ဒီတာအဖြစ်ဆောင်ရွက်ပြီး ဆောင်းပါးများပင်တိုင်ရေးသည်။ ၁၉၃၈ ခုနှစ် ဒုတိယကျောင်းသားသပိတ်တွင် ဒေါ်ခင်မျိုးချစ်သည် တက်ကြွစွာပါဝင်ခဲ့သည်။ အတွင်းဝန်ရုံးကိုဝိုင်းရာတွင် ရှေ့တန်းကပါဝင်ပြီး မြင်းစီးပုလိပ်များနှင့်ရင်ဆိုင်ရကာ ပုလိပ်များ၏ရိုက်နှက်ခြင်းကို ခံရသည်။

ငယ်စဉ်ကပင် အိမ်နီးချင်းဖြစ်ခဲ့ပြီး စာပေဝါသနာတူသော ဦးခင်မောင်လတ်နှင့် ၁၉၃၉ ခုနှစ်တွင် လက်ထပ်သည်။ ထိုအချိန်ကစ၍ 'ဦးခင်မောင်လတ်၊

ဒေါ်ခင်မျိုးချစ် ဟူသောစာပေဇနီးမောင်နှံအဖြစ် ခေတ်အသီးသီးကိုဖြတ်သန်းရင်း စာရေးဆရာ၊ သတင်းစာဆရာများအဖြစ် လက်တွဲခဲ့ကြသည်။

ဒေါ်ခင်မျိုးချစ်သည် အိုးဝေသကင်းစာ၊ ကိုင်းရင်းသူဂျာနယ်၊ ဂါးဒီးယန်းသတင်းစာ၊ ပျော်တော်ဆက်ဟာသစာစောင်တို့တွင် အယ်ဒီတာအဖြစ်ဆောင်ရွက်ခဲ့သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီခေတ် The Working Peoples Daily သတင်းစာ၌ ဆရာကြီး ဦးခင်မောင်လတ်နှင့်အတူ အယ်ဒီတာအဖြစ်ဆောင်ရွက်ခဲ့သည်။

လွတ်လပ်ရေးမရမီ ၁၉၃၉ ခုနှစ်ကပင် အမျိုးသမီးရေးရာများကို ဆောင်ရွက်ခဲ့သည်။ ဗမာပြည်လွတ်လပ်ရေးအမျိုးသမီးအဖွဲ့ကြီးဖွဲ့စည်းသောအခါ အတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့သည်။ အမျိုးသမီးများအသိအမြင်တိုးပွားရေးအတွက် မျက်စိဖွင့်ပေးသောဆောင်းပါးများရေးခဲ့သည်။ ဗြိတိသျှခေတ်၊ ဂျပန်ခေတ်လွတ်လပ်ရေးကြိုးပမ်းမှုကာလတစ်လျှောက် အတွေ့အကြုံအမျိုးမျိုးကိုရင်ဆိုင်ဖြတ်သန်းရင်း ကြံ့ကြံ့ခံ၍ ရပ်တည်ခဲ့သည်။

ဆရာမကြီး မြန်မာဘာသာဖြင့်ရေးသားသောစာအုပ်များမှာ ကောလိပ်ကျောင်းသူ – ၁၉၃၆၊ သတင်းစာလောက – ၁၉၅၂၊ ကမ္ဘာကျော်ကြားစာနှင့်စကား – ၁၉၅၄၊ ဥရောပစာပေနိဒါန်း – ၁၉၇၀၊ မိုက်ကယ် အိန်ဂျလို – ၁၉၇၄၊ ဥရောပယဉ်ကျေးမှုအနုပညာ မိတ်ဆက် – ၁၉၇၆ စသည့် စာပေအနုပညာဆိုင်ရာစာအုပ်များဖြစ်သည်။ တို့လူကလေးများဆိုသည် (၁၉၇၁)သည် ကလေးတစ်ယောက်နှင့်အပေါင်းအသင်းများ သူမိုးဖမ်းသည့်စွန့်စားခန်းကို စိတ်ဝင်စားဖွယ်ရေးဖွဲ့ထားသည့်ဝတ္ထုဘာသာပြန်ဖြစ်သည်။ ကိုင်းပြောလိုက်စမ်းမယ်၊ သောင်းပြောင်းထွေလာ (၁၉၉၉) သည် စာပေအတွေ့အကြုံ၊ အင်္ဂလိပ်စာအတွေ့အကြုံ အပါအဝင်အတွေ့အကြုံများကို ပေါ့ပေါ့ပါးပါး ရေးသားထားသောစာအုပ်ဖြစ်သည်။

အင်္ဂလိပ်ဘာသာဖြင့်ရေးသောစာအုပ်များတွင် Three Years Under the Japs (1945) သည် ဂျပန်ခေတ်အတွေ့အကြုံဖြစ်သည်။ The 13 Carat Diamond and Other Stories (1969) သည် ဝတ္ထုတိုပေါင်းချုပ်ဖြစ်သည်။ Her Infinite Variety ဝတ္ထုတို့သည် အနုပညာနောက်ခံဝတ္ထုတိုဖြစ်သည်။ 'မူရာစုံလင် သူ့ဝိညာဉ်' ဟူသောအမည်ဖြင့် မြန်မာဘာသာပြန်ဆိုထားသည်။ အရှေ့တောင်အာရှစာရေးဆရာများအတွက် အင်္ဂလိပ်ဘာသာဝတ္ထုတိုပြိုင်ပွဲတွင် ပထမဆုရသည်။ Anawratha of Burma (1970) သည် ပုဂံအနိရုဒ္ဓ(အနော်ရထာ)မင်း၏ဘဝကို နောက်ခံပြုရေးဖွဲ့သောဝတ္ထုဖြစ်သည်။

Colourful Burma (1978) သည် မြန်မာအကြောင်းစုံစုံလင်လင်ရေးသားထားသောစာအုပ်ဖြစ်သည်။ ပွဲတော်များ၊ ဘဝနှင့်ဓလေ့ထုံးတမ်းများ၊ မြန်မာ့ဟင်းလျာ၊ သစ်သီးသစ်နှံများ၊ ဘာသာစကားနှင့်ဓလေ့၊ ဗုဒ္ဓဘာသာနည်းကျဘဝ၊ ပုဂံဟူသောခမ်းနားကြီးကျယ်မှု၊ သဘင်အနုပညာ၊ ဝတ္ထုတိုများ၊ စစ်အတွင်း မြန်မာနိုင်ငံမှဘဝနှင့် မိမိအကြောင်းတို့ကို ကဏ္ဍများခွဲ၍ဖော်ပြထားသည်။ Burmese Scenes and Sketches (1977)၊ Flowers and Festival Round The Burmese Year (1980)၊ A Wonderland of pagoda Legends (1981)၊ Stories and Sketches of Mynmar (2005) တို့သည်လည်း မြန်မာအကြောင်းစာအုပ်များဖြစ်သည်။ Gifts တွင် Laughter (1995) သည် လူတောသားတို့ပြောသော ဟာသမြောက်စကားများကို အင်္ဂလိပ်ဘာသာဖြင့်ရေးသားထားသောစာအုပ်ဖြစ်သည်။

ရန်ကုန်ကမာရွတ်မြို့နယ်၊ ပြည်ရိပ်သာလမ်းတွင် 'ဦးခင်မောင်လတ်၊ ဒေါ်ခင်မျိုးချစ်' တို့၏ အိမ်ရှိသည်။ စာပေသမားမိတ်ဆွေများ၊ စာပည့်များဆွေ့လျော်ရာ အိမ်ဂေဟာဖြစ်သည်။ ဆရာကြီး၊ ဆရာမကြီးတို့ ဇနီးမောင်နှံသည် အင်္ဂလိပ်စာတတ်မြောက်လိုသော

လွှငယ်များကို ရှေ့ဆောင်လမ်းပြပြုကာ သင်ကြားလမ်းညွှန်ပေးသည်။ ဆရာမကြီးက ငယ်စဉ်က အင်္ဂလိပ်ဝတ္ထုလွယ်လွယ်များ (ပြန်ရေးထားသည့် retold စာစဉ်များ)ကိုဖတ်ခြင်းဖြင့် အင်္ဂလိပ်စာတိုးတက်လာပုံကို သာဓကဆောင်၍ လမ်းညွှန်လေ့ရှိသည်။

စာရေးဆရာသော်တာဆွေသည် ဆရာကြီးနှင့် ဆရာမကြီးတို့ စိတ်ရှည်လက်ရှည်ဖတ်ပြကာ 'စာတက်' ပေးသော ဟိုဟင်နရီ၊ ပီဂျီဝုဒ်ဟောက်စ်စသည့်စာရေးဆရာများ၏ ဟာသဝတ္ထုများကို နာယူမှတ်သားကာ ညဏ်ကွန့်မြူးခြင်းဖြင့် ဟာသဝတ္ထုအများအပြားရေးသားနိုင်ခဲ့ကြောင်း ဆရာသော်တာဆွေ၏ ရေးသားချက်များတွင်တွေ့ရသည်။ ဦးခင်မောင်လတ်နှင့် ဒေါ်ခင်မျိုးချစ်တို့သည် တစ်ဦးတည်းသောသားဖြစ်သူ ဒေါက်တာခင်မောင်ဝင်း(သချာ)နှင့် ချွေးမဖြစ်သူ တက္ကသိုလ်ရွှေရည်ဝင်း၊ မြေးအမြွှာများဖြစ်သော မောင်ရစ်၊ ဂျူနီယာဝင်းတို့ကို စာပေမိသားစုအဖြစ် မျိုးထောင်ခဲ့ပြီး စာပေများကိုမြိုင်မြိုင်ဆိုင်ဆိုင်ရေးသားခဲ့ကြသည်။ ယခုအခါတွင်မူ သားနှင့် မြေးအမြွှာ ၂ ဦးသာ ကျန်ပါတော့သည်။

ဆရာမကြီးဒေါ်ခင်မျိုးချစ်ကွယ်လွန်သောအခါ မန္တလေးမှဆရာမကြီးလူထုဒေါ်အမာက 'ရေးဖော်မကြီးရေ သွားနှင့်သလား'၊ 'လွမ်းပါဘိတယ်ရေးဖော်မကြီးရယ်'ခေါင်းစဉ်များဖြင့် ဆောင်းပါး ၂ ပုဒ်အမှတ်တရ ရေးခဲ့သည်။

လူထုဒေါ်အမာက ဒေါ်ခင်မျိုးချစ်နှင့် မိမိမှာ ၁၉၁၅ ခုနှစ်တွင် အတူတူဖွားမြင်သောသက်တူရွယ်တူဖြစ်ကြောင်း ပြောပြသည်။ ဒေါ်ခင်မျိုးချစ် အင်္ဂလိပ်လိုစာအရေးကောင်းကြောင်းပြောရင်း "ကျွန်မက အင်္ဂလိပ်လိုရေးဖော်ရသူတွေကို သိပ်ကျေနပ်တာ၊ သူတို့အတွက် ဝမ်းမြောက်တယ်၊ ဂုဏ်ယူတယ်၊ ကျေးဇူးတင်တယ်၊ သူတို့ရှိတဲ့အတွက် ကျက်သရေရှိတယ်မဟုတ်လား" ဟုဆိုသည်။

"ရှင့်နေရာမှာ အစားဝင်မဲ့သူမမြင်သေးလို့ ရှင့်ကို နှမြောလိုက်ပါဘိတော့တယ် ဒေါ်ခင်မျိုးချစ်ရယ်၊ အင်္ဂလိပ်လိုစာရေးနိုင်တဲ့ ကျွန်မတို့မြန်မာစာရေးဆရာမကြီးကဖြင့် ဘဝနိဂုံးအဆုံးသက်သွားပြီလေ။ သြော် နှမြောလိုက်ပါဘိတော့"ဟု ကြေကွဲစွာတမ်းတခဲ့ဖူးပါသည်။

၁၉၈၀ ပြည့်နှစ်ကျော်ကာလတွင် 'ဆရာဇော်ဂျီ' နှင့် 'ဆရာမင်းသုဝဏ်'တို့ကို တပည့်များစုပေါင်းကန်တော့သည့်အစီအစဉ်အား နှစ်စဉ်ကျင်းပခဲ့သည်။ ဆရာဇော်ဂျီ၏အိမ်တွင် တစ်ခါတစ်ခါကျင်းပသော်လည်း ဆရာမင်းသုဝဏ်၏အိမ်တွင် များများကျင်းပဖြစ်သည်။ ကန်တော့ပွဲစတင်စဉ်က ဆရာမင်းယုဝေ၊ ဆရာဦးသော်ကောင်း စသည့်တပည့်ကြီးများဦးဆောင်၍ ရန်ကုန်တက္ကသိုလ်မြန်မာစာဌာနက ဆရာငယ်များသာပါဝင်သော်လည်း နောက်ပိုင်းတွင် ပို၍ကျယ်ပြန့်လာပြီး စာပေလောကမှပုဂ္ဂိုလ် အများအပြားလာရောက်ကန်တော့ကြသည်။ ဆရာကြီးဦးခင်မောင်လတ်နှင့် ဆရာမကြီးဒေါ်ခင်မျိုးချစ်တို့လည်း တက်ရောက်ကန်တော့ကြသည်။

တစ်နှစ်တွင် ဆရာကြီးဂျီအိပ်လုစ်(G. H. Luce)အကြောင်းရေးဖွဲ့ထားသောဆရာမင်းသုဝဏ်၏ 'ပုဂံနှင့်ဝေဠု'ကဗျာအား ဆရာမကြီးဒေါ်ခင်မျိုးချစ်က ဌာန်ကရိုဏ်းကျစွာ ရွတ်ဆိုပြသည်ကို မှတ်မှတ်ရရ နားထောင်လိုက်ရပါသည်။ စစ်အတွင်းက ပုဂံကို အင်္ဂလိပ်တို့ဗုံးကြဲမည်ပြုရာ ဆရာကြီးလုစ်က အပြင်းအထန်ကန့်ကွက်သည့်အတွက် ဗုံးဒဏ်မှလွတ်ကင်းရပုံကို 'မထွိုင်မေရ၊ ခံမြို့ပြ သို့၊ ဝေဠုဆရာ၊ တားမြစ်ပါသော်'ဟုဖွဲ့ထားပုံကို ဆရာမကြီးကရှင်းပြရင်း ကဗျာရွတ်ဆိုပြခြင်းဖြစ်ပါသည်။ (ဝေဠုဆိုသည်မှာ ဆရာကြီးလုစ်ကို ဆိုလိုပါသည်)။ ။

**မောင်ခင်မင်(ဓနုဖြူ)**



# အားသစ်ပျိုးရန် တပ်လှန့်သံ

## ကို(စစ်တက္ကသိုလ်)

ကိုဗစ် ၁၉ ကြောင့် အိမ်တွင်းအောင်းနေစဉ် ခါတိုင်းထက် စာပိုဖတ်ဖြစ်သည်။ စာအုပ်အသစ်ထွက်မရှာနိုင်သောအခါ သိမ်းဆည်းထားသောအဟောင်းတွေထဲမှ ကောင်းနိုးရာရာမွှေနှောက်ဆွဲထုတ်မိသည်တွင် ကဗျာစာအုပ်တစ်အုပ်ပါလာ၏။

၁၉၆၇ ခုနှစ်ကထုတ်ဝေခဲ့သော 'အထက်တန်းကဗျာလက်ရွေးစင်' ကျောင်းသုံးပြဋ္ဌာန်းစာအုပ်ကလေး ဖြစ်၏။ ရှေးခေတ်၊ မျက်မှောက်ခေတ်ကဗျာစာဆိုတို့၏ကဗျာစုံ ၅၆ ပုဒ်ပါသည်။

ပြန်ဖတ်ကြည့်သောအခါ မောင်သင်းမွန်(သံတွဲ)၏ 'အားသစ်ပျိုးချိန်' ကဗျာက ကျွန်တော့်စိတ်ကို ဖမ်းစားသည်။ လွန်ခဲ့သောနှစ် ၅၀ ကျော်က ရေးဖွဲ့ခဲ့သောကဗျာသည် မျက်မှောက်ကာလနှင့်ဟပ်မိနေသေးသည်ဟု တွေးထင်မိသောကြောင့်ဖြစ်၏။

ဆရာမောင်သင်းမွန်(သံတွဲ)သည် ကွယ်လွန်သူ ဆရာမချိုမြမွှယ်(မန်းတက္ကသိုလ်)၏ခင်ပွန်းဖြစ်သည်။ ဆရာက ဆရာမထက် စောစီးစွာကွယ်လွန်သွားခဲ့သည်။ ကဗျာမောင်နှံကို နှမြောလွမ်းဆွတ်ရပါသည်။

ဆရာ့ကဗျာကို ကျောင်းသုံးပြဋ္ဌာန်းခဲ့စဉ်က တော်လှန်ရေးကောင်စီအစိုးရတက်ပြီးနောက်ပိုင်းကာလဖြစ်လေသည်။ ဆိုရှယ်လစ်စနစ်ကို စတင်ကျင့်သုံးချိန်၊ အမြတ်ကြီးစားအရင်းရှင်များကိုဖယ်ရှားနေချိန်ဖြစ်သည်။ ခေတ်သစ်စနစ်သစ်ကို တည်ဆောက်နေချိန်နှင့် ဆရာ့ကဗျာသည် လိုက်ဖက်ညီသည်ဟု ဆိုနိုင်ပေ၏။ မည်သို့လိုက်ဖက်သည်ကိုသိရှိရန် ကဗျာကို တင်ပြပါအံ့။

ညောင်ပင်မျိုးသည်
စိမ်းစိုသစ်လွင်၊ သရက်ပင်သည်
အသွင်မဖြိုး၊ အဆင်ညှိုးခဲ့
ပိုးခြအိမ်တက်၊ သီးပွင့်ပျက်ခဲ့
ရက်လရှည်ကြာ မြင့်ခဲ့ပြီ။

သရက်ပင်မှ
မာန်အင်ဖွန့်အား၊ ဩဇာများကို
ကပ်စားကပ်မြှောင်၊ ခေါင်းကြွထောင်သည့်
မြစ်ရောင်စိုလွင်၊ ပြည်ညောင်ပင်မှ
ညွှန့်ရှင်ခက်ဖျား၊ သီးဖွံ့ထွား၍
မားမားစွင့်စွင့်၊ မိုးထိုးမြင့်၍
တင့်တယ်ပါဘိ ဝင့်ထည်၏။

အကယ်၍မူ၊ သတိယူ၍
လူထုအပေါင်း၊ ရာထောင်သောင်းက
မျိုးကောင်းသရက်၊ ပြည်ညောင်ဖျက်ဟု
အခက်ကိုသင်၊ အပင်ကိုခုတ်
အမြစ်နုတ်၍၊ အငုတ်မကျန်
ပြည်ညောင်ရန်ကို၊ တော်လှန်လိုက်လျှင်
သရက်ပင်သည်၊ လေဝင်ယိမ်းထိုး
အားသစ်ပျိုး၍
သီးဖြိုးဝေဆာပေလိမ့်မည်။ ။

စက္ကူပေါ်မှအဓိပ္ပာယ်မှာ မျိုးကောင်းသရက်ပင်ကို အမျိုးသုဉ်းအောင် မျိုဝါးဖျက်ဆီးနေသည့် ညောင်ပင်ဆိုးကို ပြည်သူကဖယ်ရှားသုတ်သင်၍ သရက်ပင်ဖွံ့ဖြိုးစေရန်ဖြစ်သည်။

ထိုကဗျာသည် ယနေ့ကာလ ဒီမိုကရေစီစနစ်ဖော်ဆောင်နေချိန်တွင်လည်း တစ်နည်းတစ်ဖုံလိုက်ဖက်နေဆဲဟု စာရေးသူထင်မိပြန်သည်။

လွန်ခဲ့သော နှစ် ၅၀ ကျော်ကတော့ စီးပွားရေးကို ထင်ဟပ်နိုင်ပြီး ယနေ့အချိန်တွင်မူ နိုင်ငံရေးကို ထင်ဟပ်နိုင်သည်ဟု ယူဆမိ၏။ မျက်မှောက်နိုင်ငံ အခြေအနေကိုကြည့်လျှင် လစ်ဘရယ်ဝါဒီတို့က အမျိုးသားရေးဝါဒကို ညောင်ပင်မျိုးသကဲ့သို့ အဘက်ဘက်တွင် ဝါးမျိုနေကြောင်းတွေ့မြင်နေရသည်။ ထေရဝါဒဗုဒ္ဓဘာသာသည်လည်းကောင်း၊ မျိုးချစ်စိတ်သည်လည်းကောင်း၊ ယဉ်ကျေးမှုသည်လည်းကောင်း၊ လွတ်လပ်ရေးရယူပေးခဲ့ပြီး ယနေ့ထက်တိုင် ပြည်တွင်းပြည်ပအန္တရာယ်မှကာကွယ်စောင့်ရှောက်ပေးလျက်ရှိသောတပ်မတော်သည်လည်းကောင်း အစွန်းရောက် ပြည်တွင်းလစ်ဘရယ်သမားများနှင့် သကြားရည်သုတ်လိမ်းထားသောဆေးခါးကို တိုက်ကျွေးနေသည့် ပြည်ပနိုင်ငံများနှင့် အဖွဲ့အစည်းများ၏စနစ်တကျ ပူးပေါင်းဖျက်ဆီးမှုကိုခံနေကြရသည်။ ဤအတိုင်းဆက်သွားလျှင် သာသနာပျောက်၊ လူမျိုးပျောက်၍ နိုင်ငံပါပျောက်ကိန်းရှိသဖြင့် ဘာသာစစ်မှန်၊ ဇာတိမာန်နှင့် နိုင်ငံလက်ရုံးမပျက်သုဉ်းစေရေးအတွက် ပြည်သူအပေါင်းကို တပ်လှန့်သံပေးလိုက်သောကဗျာဟူ၍လည်း ယူဆနိုင်ပေ၏။

ကမ္ဘာလုံးဆိုင်ရာနိုင်ငံသား (Global Citizen) အယူအဆနှင့် ကမ္ဘာလုံးဆိုင်ရာ အစိုးရ (Global Government) အယူအဆအရ 'ကမ္ဘာလူသားအားလုံးသည် တန်းတူညီတူဖြစ်ကြသည်' ဟူသောအချက်နှင့်

'ဤကမ္ဘာမြေ၏ မြေထု၊ ရေထု၊ လေထု အားလုံးကို ဤကမ္ဘာသားအားလုံးက အညီအမျှပိုင်ဆိုင်ကြသည်' ဟူသောအချက်တို့သည် ကမ္ဘာကြီးတစ်ခုလုံးကိုလွှမ်းမိုး အုပ်ချုပ်ရန်ရည်မှန်းသော ဘာသာကြီးတစ်ခုကိုသာ အကျိုးပြုသောအန္တရာယ်ကို နောက်ကျစွာသိမြင်လာကြသောကြောင့် စောစောပိုင်းက လူ့အခွင့်အရေးဦးစားပေးရန်တွင်တွင်ပြောလာခဲ့သည့် ကမ္ဘာ့နိုင်ငံကြီးများသည်ပင် ယခုအခါ အမျိုးသားအကျိုးစီးပွားဦးစားပေးဝါဒကို လိမ္မာပါးနပ်စွာပြန်လည်ကျင့်သုံးလာကြပြီဖြစ်သည်။ သို့သော် မြန်မာနိုင်ငံတွင်မူ အမျိုးသားအခွင့်အရေးနှင့် အမျိုးသားလုံခြုံရေးကိုလျစ်လျူရှုလျက် လူသားအခွင့်အရေးနှင့် နိုင်ငံတကာစံချိန်စံညွှန်းများကို ဦးစားပေးလို့ကောင်းတုန်းဖြစ်ရာ အမျိုး၊ ဘာသာ၊ နိုင်ငံကွယ်ပျောက်မည့်အန္တရာယ်ကို ဖိတ်ခေါ်နေဘိသကဲ့သို့ရှိလေ၏။ ထို့ကြောင့် အမျိုးသားရေးဝါဒပြန်လည်အားသစ်မျိုးရမည့်အချိန်သို့ရောက်ရှိနေပြီဟု ဆိုရမည်ဖြစ်၏။

စင်စစ် လူ့အဲကလူတစ်ယောက်ဖြစ်သော ကဗျာစာဆိုသည် ပစ္စုပ္ပန်ကိုသာသိပြီး အနာဂတ်ကိုမည်သို့လျှင် ကြိုတင်မျှော်တွေးသိရှိနိုင်မည်နည်း။ သူမြင်တွေ့ရသော၊ သို့မဟုတ် သူစိတ်ကူးမိသော ပစ္စုပ္ပန်အကြောင်းအရာကို တွေးခေါ်မြော်မြင်မှုဒသသနထည့်၍ နိမိတ်ပုံဖြင့်ရေးဖွဲ့လိုက်ခြင်းသာဖြစ်သည်။ ကဗျာကောင်းတို့မည်သည် သိုသိပ်လျှို့ဝှက်တတ်ပြီး စိတ်ကူးဉာဏ်ကွန်မြူးကြည့်မှ စက္ကူပေါ်မှအဓိပ္ပာယ်ကို ထိုးဖောက်၍အမျိုးမျိုးတွေးယူနိုင်ပေသည်။

ဆရာ့ကဗျာသည် ထိုသို့သောကဗျာဟု စာရေးသူထင်ပါ၏။ ။

**ကို(စစ်တက္ကသိုလ်)**

## စာမူများပေးပို့နိုင်ပါသည်

မြဝတီမဂ္ဂဇင်းနှင့် မိုးသောက်ပန်းဂျာနယ်တို့အား စာမူများပေးပို့လိုကြပါလျှင်
'တာဝန်ခံစာတည်း၊ မြဝတီစာပေတိုက်၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ (၁၅)ရပ်ကွက်၊
ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း - ၀၉ ၃၀၃၆၇၅၆၂၊ ၀၉ ၄၀၃၂၅၈၄၅၁' နှင့်
အောက်ဖော်ပြပါ အီးမေးလ်လိပ်စာသို့လည်း ဝင်ရောက်ပေးပို့နိုင်ပါသည်။

Email: mwdliteraturehouse@gmail.com

သို့မဟုတ်

'ရန်ကုန်ရုံးခွဲ အမှတ် ၁၈၁၊ ၃၂ လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး'
ဟူ၍ လိပ်စာတပ်ပြီး ပေးပို့နိုင်ကြပါသည်။


**စာတည်းအဖွဲ့**

ကျွန်တော်ခုနစ်တန်းကျောင်းသားကတည်းက ခေတ်စမ်းကဗျာစာဆိုကြီး ဆရာကြီးဇော်ဂျီကို သိကျွမ်းရင်းနှီးခင်မင်ခဲ့ရပါသည်။ ကျွန်တော်တို့ ခုနစ်တန်းအကန်းဂိုင် မြန်မာစာပြဆရာမဒေါ်သန်းနွဲ့က မိတ်ဆက်ပေးသောကြောင့် သိကျွမ်းရင်းနှီးခင်မင်ခဲ့ရခြင်းဖြစ်ပါသည်။ ခေတ်စမ်းကဗျာစာဆိုကြီး ဆရာကြီးဇော်ဂျီ၏ အမည်အရင်းမှာ ဦးသိန်းဟန်ဖြစ်ကြောင်းကိုပါ သိခွင့် ရခဲ့ပါသည်။

ကျွန်တော်တို့ကို ဆရာမဒေါ်သန်းနွဲ့က ဆရာကြီးဇော်ဂျီနှင့် မိတ်ဆက်ပေးနေလင့်ကစား ကျွန်တော့်စိတ်က ဓောင်ဓောင်ညှာညှာဖြစ်နေသည်။ ကစဉ့်ကလျား လွှင့်ပါးနေသည်။ အကြောင်းမှုကား ကျွန်တော့်မှာ ကျောင်းတွက်ရတော့မည့်အခြေအနေနှင့် ရင်ဆိုင်နေရသောကြောင့်ဖြစ်ပါသည်။ ကျွန်တော် ကျောင်းမကွက်ချင်ပါ။ အတန်းစဉ်တွေကက်ပြီး စာတွေအများကြီးသင်ယူချင်နေသည်။ ကျွန်တော့်မှာ ငယ်စဉ်ကတည်းက စွဲမက်ခဲ့ရသောရည်မှန်းချက်ရှိသည်။ ထိုရည်မှန်းချက်ပေါက်မြောက်ရန်ကား ကျောင်းမထွက်ဘဲ စာတွေအများကြီးသင်ယူရမည်။ အနိမ့်ဆုံး ဆယ်တန်းအောင်မှဖြစ်မည်။ သို့သော်လည်း အခြေအနေအရပ်ရပ်က

# ရေနံ့သာမောင်ကျော်ညွန့်

# ကဗျာပန်းခင်းထဲက တမ်းချင်းတစ်ပုဒ်



ကျွန်တော့်ကို မျက်နှာသာမပေး။ ကျောင်းထွက်ရအောင် လှုံ့ဆော်ပေးနေလေပြီ။

ကျွန်တော်သည်ကား ကျွန်တော့်အသက် တစ်နှစ်ပြည့်ခါနီး လသားအရွယ်တွင် ဖခင်ဆုံးဖြစ်ခဲ့ရသည်။ ကျွန်တော့်ကြောင့်ပဲ ဖေဖေ့ခမျာ ငယ်ငယ်ရွယ်ရွယ်နှင့် ကွယ်လွန်ခဲ့ရခြင်းဖြစ်ပေမည်။ ထိုစဉ်က ဖေဖေနှင့်မေမေတို့ခမျာ နွမ်းပါးလွန်းလှသည်။ တစ်နေ့လုပ်တစ်နေ့စား ဘဝထဲတွင် ကျင်လည်နေကြရရှာသည်။ လက်လှုပ်မှ ပါးစပ်လှုပ်ရသော ဘဝဆိုးဖြစ်ပါသည်။ ဖေဖေနှင့်မေမေတို့၏ဘဝဆိုးဆင်းရဲတွင်းက နက်ရှိုင်းလွန်းလှပါသည်။ ဆင်းရဲတွင်းက လွတ်မြောက်လိုကြားလွတ်မြောက်အောင်ရုန်းမထွက်နိုင်ဘဲ နစ်မွန်းမြဲနစ်မွန်းနေရရှာသည်။ သားယောကျ်ားဖြစ်သူကျွန်တော့်ကို မွေးဖွားလာသည့်အခါ ဖေဖေ ဝမ်းသာအားရဖြစ်လာသည်။

ဖေဖေသည် လက်ရုံးလက်မောင်းတန်းပြီး "တို့အတွက်သား၊ တို့အတွက်အား"ဟု ခဏခဏကြွေးကြော်လေ့ရှိကြောင်း မေမေက ပြောပြပါသည်။ "တို့သားလေးကို တို့လိုဆင်းရဲတွင်းမနစ်စေရဘူး၊ တို့က စာမတတ်



လို့ ဆင်းရဲတွင်းနစ်နေကြရတာ၊ စာတတ်ရင် တို့ရွာက ဆရာကြီးဦးသာအေးလို သက်သောင့်သက်သာနေရမှာ၊ ကိုသားလေးကို စာတတ်အောင်သင်နိုင်းရမယ်၊ ကိုသားလေးစာတတ်အောင်သင်နိုင်ဖို့ ပိုက်ဆံတွေရအောင်ရှာရမယ်၊ ရှာမယ်၊ ငါရအောင်ရှာမယ်”ဟု ဖေဖေကပြောပြီး ပိုက်ဆံအမြောက်အမြားရမည့် လုပ်ငန်းကိုသာ စိတ်ကူးကြံစည်နေပါသည်။

ဖေဖေက ကျွန်တော့်ကို စာတတ်စေချင်သည်။ စာတတ်အောင်ကျောင်းထားမည်၊ ကျောင်းထားရန် လိုအပ်လာမည့်ပိုက်ဆံကို ရအောင်ရှာရမည်၊ ကျွန်တော့်ကိုကျောင်းထားရန် အရွယ်မတိုင်မီကတည်းက ငွေပိုရအောင်ရှာဖွေထားမှတန်ရာကျမည်ဟု ဖေဖေက တွေးသည်။ ထို့ကြောင့် ကျွန်တော့်ကိုမွေးဖွားပြီးနောက် အရင်းအနှီးမရှိသည့်ဖေဖေက အရင်းအနှီးစိုက်ထုတ်စရာမလိုသော ထန်းသမားလုပ်ငန်းကို လုပ်ကိုင်လေတော့၏။ သို့သော်ငြား ထန်းသမားလုပ်ငန်းကို ဖေဖေမကျွမ်းကျင်။ ထန်းသမားလုပ်ငန်းနှင့်လည်း မရင်းနှီး။ ပိုက်ဆံရလိုဇောဖြင့်သာ ထန်းလုပ်ငန်းကို လုပ်ကိုင်နေခြင်းဖြစ်ပါသည်။ ထန်းလောက၊ ထန်းအကြောင်းခရေစေ့တွင်းကျမသိသောဖေဖေသည် မမျှော်လင့်ဘဲကြမ္မာဆိုးနှင့် ရင်ဆိုင်တိုးရရှာလေတော့၏။

'ထန်းသမား၏အသက်သည် ဦးထုပ်ကြိုးတွင်ရှိသည်'ဆိုသောစကားကို အလေးမူသတိထားနေရမည်မှန်း ဖေဖေမသိခဲ့။ ထန်းပင်ဖျားမှ ထန်းလက်ကြားတွင် ရင်းဆွဲကိုချိတ်ချည်ထားသောဦးထုပ်ကြိုးက ဆွေးမြည့်နေသည်။ အသစ်ပြန်ချည်မှ စိတ်ချရသည်။ ဖေဖေက အနီးထန်းပင်ပေါ်သို့တက်သည်။ ရင်းထောင်မှတစ်ဆင့် ရင်းဆွဲကို ဆွဲတက်လိုက်သည်။ ရင်းဆွဲကိုချိတ်ချည်ထားသောဦးထုပ်ကြိုးက တဖျစ်ဖျစ်အသံပေးပြီး ဖြောင်းခနဲပြတ်သွားလေသည်။ ထန်းပင်ထိပ်ဖျားတွင် ချိတ်ဆွဲထားသောရင်းဆွဲပြုတ်ကျသွားသည်။ ဖေဖေလည်း ထန်းပင်အဖျားကနေ ပက်လက်လန်ကျသွားရရှာသည်။ သို့နှင့်ကျွန်တော် ဖတဆိုးဖြစ်ခဲ့ရလေတော့သည်။

မေမေက ဖတဆိုးလေးဖြစ်ရရှာသောကျွန်တော့်ကို ဖေဖေဖြစ်စေချင်သည့်ဆန္ဒအတိုင်း ကျောင်းထားပေးသည်။ မေမေ့ခမျာ နေထွက်မှနေဝင်ကိုင်အောင် အလုပ်နှင့်လက် ပြတ်လပ်ရသည်မရှိ။ တကုပ်ကုပ်၊ တလှုပ်လှုပ် လုပ်နေရရှာသည်။ ဆင်းရဲမင်ပန်းလွန်းလှသည့်ဒဏ်ကို ခါးစည်းခံနေရသည်။ နေ့စဉ်အမျှ နေဒဏ်၊ မိုးဒဏ်ကြောင့် အရွယ်ထက် ပိုပြီးအိုစာနေပြီ။ ထင်မှတ်မထားသည့်ရောဂါအမျိုးမျိုးက မေမေ့ထံ မကြာမကြာရောက်လာတတ်၍ ယခင်လိုမျိုးသန်သန်မာမာမဟုတ်တော့ပေ။ မေမေ အနားယူသင့်ပြီ။ ကျွန်တော်က ခုနစ်တန်းကျောင်းသားဖြစ်နေပြီ။ ခုနစ်တန်းကျောင်းသားအရွယ်သည် အလုပ်ဝင်၍ရသည့်အရွယ်ဖြစ်သည်။ နေ့စားအငှားလိုက်မည်ဆိုက အငှားလိုက်၍ရပါပြီ။ ကျွန်တော်နှင့်ရွယ်တူများက အလုပ်ဝင်နေကြပြီ။ မသိတတ်သောကျွန်တော်ကသာ မေမေ့လုပ်စာဖြင့်ကျောင်းတက်နေသည်။

“ဒီအသက်၊ ဒီအရွယ်ရောက်နေမှတော့ အလုပ်ဝင်လုပ်ရမှာပေါ့၊ ခုတော့ အလုပ်မလုပ်ဘဲ အမေ့လုပ်စာကို အမြိန့်သားစားပြီး ကျောင်းတက်နေတယ်၊ ကျောင်းနေလို့စာတတ်တော့ကော ဘာဖြစ်လာမလဲ၊ ဆင်းရဲသားက ဆင်းရဲသားပဲဖြစ်မှာပေါ့၊ အလကား အချိန်ကုန်စံ၊ ငွေကုန်ခံပြီး ကျောင်းတက်နေတယ်၊ တစ်နေ့ချင်းအငှားလိုက်မယ်ဆိုရင် အမေဖြစ်သူ သက်သာတာပေါ့၊ ကူဖော်လောင်ဖက်ရတာပေါ့၊ အမေဖြစ်သူကို သနားငဲ့ညှာရမှန်းမသိတတ်တဲ့လူမိုက်၊ အလကားလူပေါ်ကြော့”

ကျောင်းတက်နေသောကျွန်တော့်ကို ပတ်ဝန်းကျင်က ကဲ့ရဲ့အပြစ်တင်နေကြပြီ။ ကဲ့ရဲ့အပြစ်တင်သံများကိုလည်း ကျွန်တော့်နားနှင့်ဆတ်ဆတ်ကြားနေရသည်။ ကျွန်တော်စဉ်းစားရပြီ။ အမေ့ကိုလည်း အနားယူနေစေချင်ပြီ။ အမေအနားယူနိုင်ဖို့အတွက် ကျွန်တော်အလုပ်ဝင်ရမည်။ နေ့စားအငှားလိုက်ပြီး ပိုက်ဆံရအောင်ရှာရမည်။ အမေ့ကို အနားယူစေလိုသောစိတ်က ပြင်းပြလာသည်။ ကျွန်တော်၏ကျောင်းသွားနေသောခြေလှမ်း

များက တစ်နေ့ထက်တစ်နေ့ လေးလံနေးကွေးလာသည်။ ကျောင်းသွားချင်စိတ်၊ စာသင်ချင်စိတ်လျော့ပါးလာသည်။ မေမေ့ကို အနားယူခိုင်းပြီး အလုပ်အကျွေးပြုလိုစိတ်က ထက်သန်နေသည်။ စိတ်နှစ်ခွဖြစ်နေချိန်တွင် ပတ်ဝန်းကျင်ကလည်း စာသင်ချင်စိတ်ပျက်ပြယ်အောင် ချိုးနှိမ်နေကြသည်။ အကြောင်းအမျိုးမျိုးတို့က စေ့ဆော်နေသောကြောင့် ကျောင်းထွက်ရမည့်အခြေအနေသို့ ရောက်ရှိလာခဲ့၏။

ကျွန်တော်က စာသင်ခန်းထဲထိုင်နေလင့်ကစား ကျွန်တော့်စိတ်က စာသင်ခန်းထဲတွင်မရှိ။ ပင်ပန်းဆင်းရဲလွန်းသည့်ဒဏ်ကြောင့် ရောဂါအမျိုးမျိုးစွဲကပ်စပြုနေသော မေမေ့မျက်နှာအိုစာစာလေးကိုသာ မြင်ယောင်နေမိတော့၏။ မေမေ့ကို သနားစိတ်က လွှမ်းမိုးနေသည်။ ကဗျာစာဆိုကြီး ဆရာကြီးဇော်ဂျီနှင့် မိတ်ဆက်ပေးနေသောဆရာမဒေါ်သန်းနွဲ့က ပြောပြနေသည်များကိုလည်း မကြားတစ်ချက်ကြားတစ်ချက်၊ မကြားရသလိုကြားရသလို ပူးတုံခွာတုံဖြစ်နေသည်။

ထိုစဉ် ဆရာမဒေါ်သန်းနွဲ့၏ သာယာအေးအေးတေးသံကလေး ထွက်ပေါ်လာသည်။

ညိုပြာပြာ
လတာပြင်ခြေရင်း။
လှိုင်းတက်ရာ ဗေဒါတက်၊
လှိုင်းသက်ရာဆင်း။

ဆင်းရလည်း မသက်သာ။
အုန်းလက်ကြွေ ရေပေါ်လော၊
မျောစုန်လို့လာ။
အဆင်းနဲ့အလှ၊
ဗေဒါမ အတွေး။
အုန်းလက်ကြွေ သူ့နံဘေး၊
ဆောင့်မှဲ့ရသေး။

ဆောင့်ခဲ့လည်း မသက်သာ။
နောက်တစ်ချီ ဒီတစ်လုံးက၊
ဖုံးလိုက်ပြန်ပါ။
မြုပ်လေပေါ့ ပေါ်မလာ၊
မဗေဒါ အလှ။
ကစ်လံကွာ လှိုင်းအကြွ
ပေါ်လိုက်ပြန်ရ။

ပေါ်ပြန်လည်း မသက်သာ၊
ချောင်းအဆွယ် မြောင်းငယ်ထဲက
ဘဲထွက်လို့လာ၊
ဘဲအုပ်မှာ တစ်ရာနှစ်ရာ
မဗေဒါက တစ်ပင်တည်း။
အယက်အကန်ခံလို့
ဗေဒါပျံ့ အံကိုခဲ၊
ပန်းပန်လျက်ပဲ။

ကျွန်တော့်ဆရာမဒေါ်သန်းနွဲ့က 'ပန်းပန်လျက်ပဲ' ကဗျာကို သီဆိုပြနေသည်။ နားဝင်ချိုလွန်းလှသည့် ကဗျာသံစဉ်က ကျွန်တော့်ရင်ထဲသို့ တိုးဖော့ဝင်ရောက်လာချေပြီ။ 'ပန်းပန်လျက်ပဲ'ကဗျာကို ဆရာကြီးဇော်ဂျီက ရေးဖွဲ့ထားခြင်းဖြစ်သည်။ ဆရာကြီးဇော်ဂျီ၏ အထင်ကရဖြစ်သော 'ဗေဒါလမ်း'ကဗျာစုထဲက ကဗျာတစ်ပုဒ်ဖြစ်ပါသည်။

'ပန်းပန်လျက်ပဲ'ကဗျာက ကျွန်တော်၏ တောင်တောင်ဤဤဖြစ်နေသောလွင့်ပါးနေသည့်စိတ်ကို ဆွဲငင်စုစည်းပေးနေပြီ။ ပျံ့လွင့်နေသောကျွန်တော့်စိတ်သည် ဆရာမဒေါ်သန်းနွဲ့စာသင်ပေးရာ စာသင်ခန်းထဲသို့ ပြန်ရောက်လာသည်။ ဆရာမဒေါ်သန်းနွဲ့က 'ပန်းပန်လျက်ပဲ'ကဗျာအကြောင်းကို စိတ်ဝင်စားဖွယ်ကောင်းအောင် ရှင်းလင်းသင်ကြားပေးနေသည်။ ဆရာမ၏ သင်ကြားမှုစွမ်းရည်ကြွယ်ဝမှုကြောင့် 'ပန်းပန်လျက်ပဲ' ကဗျာထဲမှ အဓိကဇာတ်ကောင်ဗေဒါပင်လေး၏ဘဝက ကွက်ကွက်ကွင်းကွင်းပေါ်လွင်နေသည်။ ကျွန်တော့်မျက်ဝန်းထဲတွင် ထိုကဗျာထဲက အဓိကဇာတ်ကောင် ဗေဒါပင်ကလေးကိုသာ မြင်ယောင်နေမိတော့၏။

ဇာတ်ကောင်ဗေဒါပင်လေးမျာ ရေစီးကြောင်းအတိုင်း မျောပါနေသည်။ ရေစီးကြောင်းပေါ် စီးမျောနေရင်းက လှိုင်းလုံးကြီးတွေကြား ရောက်သွားခဲ့ရသည်။ လှိုင်းလုံးကြီးများက အပေါ်သို့မြင့်တက်သွားသည့်အခါတွင် ဗေဒါပင်လေးမှာ အပေါ်သို့မြောက်တက်သွားရ၏။ မြင့်တက်သွားသောလှိုင်းလုံးကြီးများပြန်ကျလာသည့်အခါတွင်လည်း ဗေဒါပင်လေးမျာ အောက်သို့ပြန်ကျရရှာ၏။ ရေစီးကြောင်းပေါ်တွင် လှိုင်းလုံးကြီးများနှင့်အတူ မြင့်ချည်နိမ့်ချည်ဖြစ်နေသည်။

မြင့်ချည်နိမ့်ချည်ဖြစ်နေသော ဗေဒါပင်ကလေး၏နောက်သို့ အုန်းလက်ကြီးက လိုက်လာနေသည်။ ကမ်းစပ်ဘေး အုန်းပင်ကြီးတစ်ပင်ပေါ်မှ ပြုတ်ကျလာသောအုန်းလက်ကြီးတစ်လက်ဖြစ်ပါသည်။ အနီအုန်းလက်ကြီးက ထိုးထိုးထောင်ထောင်ရန်စောင်ကာ ရေစီးအရှိန်ဖြင့်မျောလာနေသည်။ ဗေဒါပင်ကလေး၏နံဘေးတည့်တည့်သို့ အရှိန်ပြင်းပြင်းဖြင့် ထိုးဆောင့်ပစ်လိုက်ရာ ဗေဒါပင်ကလေးမျာ လွင့်စဉ်သွားရရှာသည်။ အုန်းလက်ကြီးက ထိုးဆောင့်လိုက်သောဒဏ်ကို အလူးအလဲခံလိုက်ရရှာသည်။ ရေစီးကြောင်းပေါ်တွင် ချာချာလည်နေသည်။

ထိုစဉ် ဒီရေတက်လာသည်။ ဒီရေနှင့်အတူ ဒီလှိုင်းကြီးတွေပါလာသည်။ ဗေဒါပင်လေးမျာ ဒီလှိုင်းကြီးများနှင့် ရင်ဆိုင်တိုးရရှာပြန်သည်။ ဒေါသတကြီး၊ ဒေါကြီးမောကြီးတက်လာသော ဒီလှိုင်းတို့ကလည်း ဗေဒါပင်ကလေးကို သနားငဲ့ညှာမနေဘဲ အရှိန်ပြင်းပြင်းနှင့် ဖိုးအုပ်ဖိနှိပ်ပစ်လိုက်သည်။ ဗေဒါပင်လေးမျာ စိုးစိုးမြုပ်သွားရရှာလေတော့၏။ နစ်မြုပ်သွားရရှာသောဗေဒါပင်ကလေးကလည်း ခေသူမဟုတ်။ အရှုံးပေးလိုစိတ်မရှိ။ ရှိသမျှသော သူ့အင်သူ့အားဖြင့် ရုန်းထကာ ရေပြင်ပေါ်သို့ရောက်အောင် ပြန်တက်လာသည်။ ဗေဒါပင်ကလေးသည် ရေစီးကြောင်းပေါ်သို့ ဖရိုဖရဲရောက်လာသည်။

ဒီလှိုင်းကြီးများကြားက လွတ်မြောက်လာပြီး ရေစီးကြောင်းအတိုင်း မျောပါနေသည်။ ရေစီးကြောင်းထဲသို့စီးဝင်နေသော ချောင်းငယ်၊ မြောင်းငယ်လေးများကိုတွေ့ရသည်။ ချောင်းအဆွယ်မြောင်းငယ်ထဲကနေ ဘဲတစ်အုပ်ထွက်လာသည်။ ဘဲအကောင်ရေတစ်ရာကျော်၊ နှစ်ရာခန့်ရှိသော ဘဲတစ်အုပ်ဖြစ်ပါသည်။ ထိုဘဲတစ်အုပ်က ရေစီးကြောင်းပေါ်မျောပါလာသောဗေဒါပင်ကလေးဆီသို့ရောက်အောင် ကူးခပ်နေကြပြီ။ ဗေဒါပင်ကလေးကိုတွေ့သည်နှင့်တစ်ပြိုင်နက်နှုတ်သီးဖြင့် ဝိုင်းပြီးထိုးကြဆိတ်ကြ၊ ခြေဖြင့် ယက်ကြကန်ကြသည်။ ဘဲတစ်အုပ်၏ အထိုးအဆိတ်၊ အယက်အကန်ကို ဗေဒါပင်ကလေးမျာ မရှုမလှခံရရှာပြန်၏။ ဘဲတစ်အုပ်ကလည်း စိတ်တိုင်းကျအားရအောင် ဗေဒါပင်ကလေးကို ထင်တိုင်းကြဲနေကြသည်။ ဗေဒါတစ်ပင်လုံး စုတ်ပြတ်ပျက်စီးအောင်ဖျက်ဆီးပြီးနောက် ထားရစ်ခဲ့ကြသည်။

ဖွာလန်ကြဲအောင် ဖျက်ဆီးနှိပ်စက်ခြင်းခံလိုက်ရရှာသောဗေဒါပင်လေးမျာ အားအင်ချည့်နဲ့ယိုင်ယဲ့နေသည်။ ချည့်နဲ့ယိုင်ယဲ့နေငြား ဗေဒါပင်ကလေးက အကြံမလျှော့၊ ဇွဲမလျှော့ပေ။ မာန်မပျော့၊ အားမလျှော့ပေ။ ရေစီးကြောင်းတစ်လျှောက်လုံး အကော်အခဲ၊ အတားအဆီး၊ အဟန့်အတား၊ အနှောင့်အယှက်အမျိုးမျိုး၊ အထုအထောင်းဒဏ်အဖုံဖုံကို ကြံ့ကြံ့ခံရင်ဆိုင်သည်။ အရှုံးမပေးဘဲ ယှဉ်ပြိုင်သည်။ အဖျက်အဆီးအမျိုးမျိုး အဖုံဖုံကြားမှလွတ်မြောက်အောင် ထိုးဖောက်ရုန်းကန်ကျော်လွှားနိုင်ခဲ့ပြီ။ ရေစီးကြောင်းပေါ်တွင် တည်တည်ငြိမ်ငြိမ်အေးအေးချမ်းချမ်း စီးမျောလိုက်ပါနေရချေပြီ။ ဗေဒါပင်တစ်ပင်လုံးမှာလည်း ဒဏ်ရာဒဏ်ချက်များပျောက်ပြီး အဖူးအပွင့်တွေနှင့် မြူးဝင့်နေချေပြီ။ လိုရာခရီးသို့ ချောချောမောမောရောက်ရှိသွားလေတော့၏။

'ပန်းပန်လျက်ပဲ'ကဗျာထဲက အဓိကဇာတ်ကောင်ဖြစ်သောဗေဒါပင်ကလေး၏ မဆုတ်မနစ်သောဇွဲ၊ အနိုင်မခံအရှုံးမပေးလိုသောစိတ်ဓာတ်၊ နိုးကြားရှင်သန်နေ

သောအားမာန်၊ ရဲရဲဝံ့ဝံ့ရင်ဆိုင်ရဲသောသတ္တိ၊ တက်ကြွသောလှုံ့ဆော်မှုတို့ကို လေးစားအားကျလာသည်။ ဇေဒါပင်ကလေးက ကျွန်တော့်ကို လမ်းကြောင်းမှန်သို့ရောက်အောင် မီးမောင်းထိုးပြနေပြီ။ ကျွန်တော်၏ယိုင်နဲ့နေသောစိတ်ဓာတ်ကို တည့်မတ်ပေးသည်။ လျော့ပါးလာသောအားမာန်တို့ကို ပြန်လည်ရှင်သန်လာအောင် ဖြည့်တင်းပေးသည်။ မဝံ့မရဲဖြစ်နေသည်များကို ရဲဆေးတင်ပေးသည်။ ကဗျာစာဆို ဆရာကြီးဇော်ဂျီ၏ 'ပန်းပန်လျက်ပဲ' ကဗျာထဲက ဓာတ်ကောင်ဇေဒါပင်ကလေးကိုအားကျပြီး ကျွန်တော်၏ ဖွံ့၊ လုံ့လ၊ သတ္တိများ နိုင်မာတက်ကြွနိုးကြားလာချေပြီ။

မကျောင်းယွက်ရုံဖြင့် ဘဝဆိုးဆင်းရဲတွင်းမှ အမှန်တကယ်ရုန်းမထွက်နိုင်သည်ကို သတိမူမိလာသည်။ ဖေဖေမျှော်လင့်သည့်အတိုင်း အတန်းတွေအများကြီးအောင်ပြီး စာတွေအများကြီးတတ်မှ ဆင်းရဲတွင်းက အမှန်တကယ်ရုန်းထွက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကျောင်းထွက်ပြီး မေမေ့ကို နေ့စားအငှားလိုက်ဘဝဖြင့် အလုပ်အကျွေးပြုမည်ဆိုသော တစ်နပ်စားဉာဏ်အကြံအစည်ကို လုံးလုံးလျားလျားစွန့်ပယ်ပစ်လိုက်သည်။ ဆင်းရဲတွင်းက အမှန်တကယ်လွတ်မြောက်အောင်ထိုးဖောက်ရုန်းကန်ရမည့်အခက်အခဲများကလည်း ဒုနှင့်ဒေးရှိနေမည်မှာ သေချာသည်။ ထိုအခက်အခဲများကို တုန်လှုပ်ကြောက်ရွံ့၊ စိုးရိမ်ကြောင့်ကြ၊ တွေဝေမှုပန်မနေဘဲ ကျော်လွှားအောင်နိုင်ရမည်ဟု နိုင်မာသောသန္နိဋ္ဌာန်ချလိုက်ပါသည်။

ကျောင်းမထွက်ဘဲ ကျောင်းပိတ်ရက်များတွင် မေမေနှင့်အတူ အငှားလိုက်သည်။ အစားအသောက်ခြိုးခြံသည်။ ညဏပွားတိုးဖို့ ကာယအားကိုးကာ အငှားပုတ်ပြတ်ယူပြီး အပင်ပန်းခံသည်။ သူငယ်ချင်းများနည်းတူ စာအုပ်စာတမ်းအပြည့်အစုံမရှိ၊ အဝတ်အစားအပြည့်အစုံမရှိသော်လည်း စာသင်ခွင့်ရနေသည်မို့ ကျေနပ်အားရနေသည်။ ဖြစ်သလိုနေ၊ ဖြစ်သလိုစားပြီး တစ်ထည်တည်းသောအင်္ကျီ၊ တစ်ကွင်းတည်းသောပုဆိုး၊ တစ်လုံးတည်းသောလွယ်အိတ်ဖြင့် ကျောင်းတက်လာခဲ့ရာ ဆယ်တန်းကို နှစ်ချင်းပေါက်အောင်မြင်ခဲ့ပါသည်။

ဖေဖေမျှော်လင့်ခဲ့သည့်အတိုင်း ကျွန်တော့်ငယ်ဆရာကြီး ဦးသာအေးလို ကျွန်တော့်ရွာကျောင်းမှာပင် ကျွန်တော်ကျောင်းဆရာဖြစ်ခဲ့ရပါပြီ။ ကျောင်းဆရာမဖြစ်မီတစ်လအလိုတွင် ငယ်ငယ်ကလေးဘဝကတည်းက စိတ်ကူးယဉ်ခဲ့ရသော ကျွန်တော့်ငယ်ဆရာကြီး ဦးသာအေးက ကြိုတင်နိမိတ်ဖတ်ဟောကိန်းထုတ်ခဲ့သော ကဗျာဆရာဖြစ်ရမည့်လမ်းကြောင်းပေါ်သို့ ပညာတန်ဆောင်မဂ္ဂဇင်းမှတစ်ဆင့် လျှောက်လှမ်းနိုင်ခဲ့ပါပြီ။


ကျွန်တော်နှင့်လောကဓံသည် ယခုအချိန်အထိ ဘတစ်ပြန် ကျားတစ်ပြန်ဖြစ်နေဆဲဖြစ်သည်။ လောကဓံရေစီးကြောင်းပေါ်တွင် စိန်ခေါ်ပွဲအမျိုးမျိုးကို ရင်ဆိုင်တိုးရသည်။ လောကဓံစိန်ခေါ်ပွဲအမျိုးမျိုးကို အလဲထိုးအနိုင်ယူနိုင်ရန်အတွက် ကျွန်တော်နှင့်အတူမခွဲမခွာဘဲ အမြဲတစေပူးကပ်အားပေးနေသူမှာ စုနစ်တန်းကျောင်းသားဘဝက ကျွမ်းဝင်ရင်းနှီးခဲ့ရသော 'ပန်းပန်လျက်ပဲ' ကဗျာထဲက ဓာတ်ကောင်ဇေဒါပင်ကလေးဖြစ်ပါသည်။

ထိုဓာတ်ကောင်ဇေဒါပင်ကလေးသည် ကျွန်တော်ကြုံတွေ့ရသမျှသော အခက်အခဲ၊ အဟန့်အတား၊ အနှောင့်အယှက်၊ အဖျက်အဆီးတို့ကို ရင်ဆိုင်ကျော်လွှားနိုင်ရန်ကျေးဇူးပြုနေသည်မှာ ယနေ့ထိတိုင်အောင် ဖြစ်ပါသည်။

ကျွန်တော့်အပေါ်တွင် ဇေဒါပင်ကလေး၏ ကျေးဇူးက အထင်ကရရှိနေသည့်အားလျော်စွာ ဇေဒါပင်ကလေးကိုမွေးဖွားပေးလိုက်သော 'ပန်းပန်လျက်ပဲ' ကဗျာစာဆိုရှင် ဆရာကြီးဇော်ဂျီ၏ကျေးဇူးကလည်း ဆပ်၍မကုန်နိုင်အောင်ပါတကား။ ။

**ရေနံ့သာမောင်ကျော်ညွန့်**


စိမ်းညို့နေသောတောရိပ်တွေကို မြင်လိုက်တိုင်း
သူ့ရင်မှာ အပျော်စိတ်ကတိုးဝှေ့လာသည်။
ပြာမှိုင်းသောတောင်တွေကိုတွေ့ပြန်တော့လည်း
ပြေးတက်လိုက်၊ ပြေးဆင်းလိုက်လုပ်ချင်နေစမြဲ။
သည်တော၊ သည်တောင်တွေကြား နေခွင့်ရလျှင်တော့
သူ့ဘဝသည့်နှယ်ဖြစ်လာမည်မဟုတ်။
ယခုတော့ တောရိပ်ကိုမြင်လည်း
ပျော်မိရုံမှလွဲ၍ တောဝင်လိုစိတ်မရှိတော့။
တောင်တွေတွေ့နေပါလျက်
တောင်တက်ချင်စိတ်က ကင်းမဲ့ခဲ့ရပြီဖြစ်၏။


ပြင်စည်အောင်(ခရာတော)

ဆိုရပါလျှင် သဘာဝတရားအတိုင်း ရှင်သန်နေထိုင်ရခြင်းထက် သဘာဝလွန်ပြုစုခံနေရခြင်းကို သူနှံမင်နှစ်သက်နေခဲ့တာ ကြာခဲ့ပြီဖြစ်လေသည်။

သူ့မိဘ၊ သူ့အမျိုးအနွယ်တွေကကော့ သည်တော၊ သည်တောင်တွေက ပေးစွမ်းသောရသကို အလုံးစုံ ခံစားခွင့်ရခဲ့ကြသည်။ သူမှာသာ သည်တော၊ သည်တောင်တွေကြား ပြေးလွှားဆော့ကစား၍ မဝမီမှာပင် တောတွေ၊ တောင်တွေနှင့် ဝေးကွာခဲ့သူဖြစ်ခဲ့ရသည်။ ထို့ကြောင့်လည်း သည်တော၊ သည်တောင်တွေကိုမြင်ရလေတိုင်း အရိုင်းစိတ်က ဝင်ချင်ချင်ဖြစ်လာခြင်းဖြစ်မည်။

သို့သော် ထိုထိုသောတောတွေ၊ တောင်တွေဆီသွားလာခွင့်သူ့မှာမရှိ။ ထိုသို့သွားလာခွင့်မရှိအောင်ဆွဲဆောင်ထားသောအကြောင်းတစ်ရပ်က ရှိနေသည်။ ထိုအကြောင်းမှာ 'အစာရေစာနှင့် သေရည်'ပဲ ဖြစ်လေသည်။ သူ့အတွက် အစာရေစာဆိုသည်မှာ တောတောင်ထဲရှာဖွေနေစရာမလိုခဲ့။ အချိန်တန်လျှင် သန့်ရှင်းသောအစာကို စားရသည်။ ထို့ပြင်က သူသောက်သုံးရန်သေရည်ရှစ်အိုးက အဆင်သင့်။ ရေမိုးချိုးချင်သည်လား။ သူ့အတွက် အထူးပြုလုပ်ထားသောကန်ထဲမှာကြာနီကြာဖြူတွေ ဖွေးဖွေးလှုပ်နေသေး၏။ သူနေသော 'တင်းကုပ်'သည်ပင် သာမန်'တင်းကုပ်'မဟုတ်။ မိုးလေဘေးဒဏ်ကင်းအောင်စီမံထားသောတင်းကုပ်ထဲမှာ သူ့ကိစ္စတွေကိုဆောင်ရွက်ပေးမည့်သူတွေပင်ရှိနေသေးသည်။

ထို့ကြောင့်လည်း ဆိုစရာဟူ၍တစ်ခုသာရှိတော့၏။ တင်းကုပ်ထဲမှာနေရသည့်တိုင် သူ့ခြေအစုံကိုရွေ့လျားရုံမျှထားပြီး ချုပ်နှောင်ထားခြင်းပင်ဖြစ်သည်။ ဤသည်မှာလည်း သူ့အကျင့်ဆိုးကြောင့်ဟုဆိုရမည်လားမသိ။ သေရည်ယစ်မူးလာသည်နှင့်ကြမ်းချင်၊ ရမ်းချင်လာသောအကျင့်ပင်ဖြစ်သည်။ သည်ကြားထဲ သူတို့သင်ကြားလေ့ကျင့်ပေးထား၍တိုက်ပွဲဝင်အတတ်တွေ၊ ဓား၊ လှံ၊ လက်နက်တွေကြားမှာလှုပ်ရှားရခြင်းတွေကြောင့် သူ့စိတ်အစဉ်မှာ ရန်လိုစိတ်က အမြဲလိုလိုကိန်းအောင်းနေခြင်းဖြစ်မည်။

အုံ့ညြစရာကောင်းသည်မှာတော့ 'သခင်'ဟု သိမှတ်စေနိုင်ပြီး သူကို့လိုရာစေနိုင်းမှုတွေကို သူလိုက်နာနေခဲ့ရခြင်းပဲဖြစ်သည်။ သူ့အတွက်တော့ အနီးမှာ ခန္ဓာကိုယ်ကိုနာကျင်စေသောလက်နက်တွေကိုင်ထားသည့်လူတစ်ယောက်နှင့် သူကိုယ်တိုင်သခင်ဟု အသိအမှတ်ပြုထားသောရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ်ဘုရင်သာ အဓိကဖြစ်နေသည်။

အဇာတသတ်သည် မင်းပျိုမင်းလွင်တစ်ပါးဖြစ်သည်။ ရာဇဂြိုဟ်တစ်ခွင်မှာတော့ သူ့အမိန့်၊ သူ့အာဏာသည်အတည်ဖြစ်သည်။ သူ့သခင်၏အလိုဆန္ဒ၊ စိစဉ်ညွှန်ကြားသမျှအားလုံး လိုက်နာရသည်ချည်း။ သို့သော် သူ့သခင်ကို စေခိုင်းနိုင်သူတစ်ဦးတော့ရှိနေ၏။ ဤသည်ကို အတော်များများကမသိနိုင်ကြ။

ထိုသူရောက်လာပြီဆိုလျှင် သူ့သခင်သည် ရိုကျိုးပျပ်ဝပ်စွာကြိုဆိုသည်။ စားကောင်းသောက်ဖွယ်ပေး၏။ ထို့ကြောင့်လည်း သူ့အသိမှာ ထိုပုဂ္ဂိုလ်ကို မှတ်မှတ်ထင်ထင်ဖြစ်နေခဲ့ရခြင်းဖြစ်၏။ ထိုပုဂ္ဂိုလ်ကား အခြားသူမဟုတ်။ သူ့သခင်ကိုယ်တိုင်က 'ရှင်ကြီးဒေဝဒတ်' ဟုခေါ်သောပုဂ္ဂိုလ်ပင်ဖြစ်သည်။ ရှင်ကြီးဒေဝဒတ်မှာ ထူးခြားသူဖြစ်သည်။ အခြားမြင်နေကျသူများကဲ့သို့မဟုတ်။ အရောင်တစ်မျိုးတည်းသောအဝတ်ကို အစဉ်အမြဲဝတ်ထားတတ်သူဖြစ်သည်။ ထို့ပြင် သူ့ဦးခေါင်းမှာ အခြားသူများကဲ့သို့ ဆံပင်မရှိ။ ဦးပြည်းကတုံးနှင့်ဖြစ်သည်။ ထို့ကြောင့်လည်း ထိုပုဂ္ဂိုလ်အပေါ် သူ့သခင်ရိုကျိုးနေရသည်ထင်၏။

မည်သို့ဖြစ်စေ ထိုပုဂ္ဂိုလ်နှင့်ပတ်သက်၍တော့ သူသည်ထက်ပို၍ ဂရုမထားဖြစ်ခဲ့။ ဂရုထားရအောင်လည်း အကြောင်းကမရှိ။ ဆိုရလျှင် သူ့အတွက်ဂရုထားရမည်က သေရည်အိုးသာ။ သေရည်မူးပြီးချိုမြိန်သောအစာကိုစားနေရခြင်းကိုသာ သူစိတ်ဝင်စားသည်။ ထို့ကြောင့်လည်း ဦးခေါင်းကိုတယ်ညာယမ်းပြီး သေရည်

ခွက်ရှိရာသို့ ငေးငေးကြည့်လိုက်သည်။ ချိန်တန်ပြီဖြစ်၍ ဧပလားတော့မသိ။ သူ့အနီးမှာ နေနေကြသူတွေက သေရည်အိုးများကို မ၍သယ်ယူလာပေးလေပြီ။

× × ×

တောင်ကြီးတစ်တောင်လို ကြီးမားတုတ်ခိုင်လှသောခန္ဓာကိုယ်ပေါ်ကို ရေမှုန်ရေစက်သေးသေးတွေ ကျဆင်းလာရုံမျှဖြင့် သူသဘောကျသွားသည်။ ထို့နောက်တော့ အားမလိုအားမရဖြစ်လာဟန်ဖြင့် ရေကန်ထဲသို့ သူ့ခန္ဓာကိုယ်တစ်ခုလုံးနစ်မြုပ်သွားအောင်နစ်မြုပ်ပစ်လိုက်သည်။ ပြီးနောက် နံဘေးမှ ကြာစွယ်ကြာရိုးတွေကို ချိုးယူစားကြည့်၍ ပျော်ရွှင်နေရဆဲ ရေချိုးမှုကို ရုပ်သိမ်းလိုက်ရတော့သည်။

ရေချိုးမဝခင်မှာ တင်းကုပ်သို့ပြန်ရမည်မို့ အလိုမကျမှုက ရုတ်ခနဲပြူထွက်လာသည်။ မကျေနပ်သောစိတ်ဖြင့် ကန်ပေါင်ပေါ်လှမ်းတက်ရင်းက ခပ်ဝေးဝေးမှ တောင်ပြာပြာတွေ၊ တောစိမ်းစိမ်းတွေကိုမြင်လိုက်ရပြန်မဟော့ ယိုမနေရာပျော့သီ ဟာစ်ဟုန်ယိုးမပြေးသွားချင်လာသည်။

သို့သော် လှံတွေ၊ ဓားတွေကိုင်ထားသောသူတွေက သူ့အနီးမှာ ဝိုင်းရံနေသည်ကြောင့် သူ့ခြေလှမ်းတွေ တင်းကုပ်ဆီသို့သာ လှည့်လိုက်ရသည်။ မကျေမနပ်ဖြစ်လာ၍ ခြေလှမ်းတွေမြန်လာတော့ သူ့ကိုဝန်းရံထားသူတွေ သူ့နောက်က အပြေးတစ်ပိုင်းလိုက်လာကြသည်။ သူဂရုစိုက်မနေတော့ဘဲ တင်းကုပ်ထဲဝင်သွားလိုက်သည်။ တင်းကုပ်ထဲအရောက်မှာတော့ မမျှော်လင့်သည့်မြင်ကွင်းက သူ့ကို ဆီးကြိုနေသည်။

အချိန်မတန်သေးပါလျက် သောက်နေကျသေရည်ခွက်ထဲမှာ သေရည်တွေအပြည့် အလျှံဖြစ်နေလေသည်။ ထို့ကြောင့် သေရည်ခွက်နားတိုးကပ်သွားပြီး သေရည်အားပါးတရသောက်ပစ်လိုက်သည်။ သောက်လက်စသေရည်က ဝမ်းထဲရောက်ရုံသာရှိသေးစဉ် ခွက်ထဲသို့ သေရည်တွေထပ်ဖြည့်ပေးလာကြပြန်သည်။ သေရည်ရှစ်အိုးကုန်သွားပြီးနောက် သူ့သွေးများဆူပွက်စပြုလာ၏။ ရေချိုးရတာ မတင်းတိမ်နိုင်မှု၊ တောရိပ်တောင်ပြာတွေဆီပြေးသွားလိုလျက် မသွားနိုင်မှုတွေကြောင့် အလိုမကျနိုင်ခဲ့သောစိတ်က ဆူပွက်လာစ သွေးနှင့်အတူ လှုပ်ခတ်လာသည်။ ထိုစဉ် သေရည်ခွက်ထဲသို့ ထပ်ဖြည့်ပေးလာတော့ ရိုဝေစပြုလာရင်းမှ အားပါးတရထပ်သောက်ဖြစ်သွားသည်။

ထိုစဉ်မှာပင် သူ့အပေါ်းမှ ဓားမြှောင်၊ လှံတွေကိုင်ရင်း စောင့်နေသူများက သူသေရည်သောက်နေသည်ကို အားပေးသည့်အသံများထွက်လာ၏။

“သောက်လိုက်စမ်းဟေ့ နာဠာဂီရိ၊ များများသာသောက်ပစ်လိုက်ကွ၊ သေရည်ဆိုတာ တန်ဆေးလွန်ကောင်းပဲ၊ ပြီးရင်တော့ မင်းအတွက် ဒီနေ့ဟာ ပွဲကြီးပွဲကောင်းနွှဲရမှာဆိုတော့ အားရပါးရသောက်ထားမှဖြစ်မယ်ဟေ့”

သူနှင့်အနီးကပ်ဆုံးဖြစ်နေကြသူတွေမို့ သူ့ဟန်အတိုင်း မျက်လုံးကိုစွေကြည့်လိုက်သည်။ သူ့လူများမှာလည်း ဓားပေါကိုင်ကိုင်၊ လှံပါမြှောက်မြှောက်နှင့် ယေယံစ်နေကြပြီဖြစ်သည်။ သူတို့တွေ၏ဟန်ပန်၊ ပြောဆိုနေပုံတွေကြောင့် ရှန်းကြွချင်သောစိတ်ရိုင်းကိုလှုံ့ဆော်ပေးနေသည်သို့ဖြစ်နေ၏။ ထို့ကြောင့် ခွက်ထဲမှသေရည်များကို အကုန်သောက်ပစ်လိုက်တော့၏။ ထူးခြားသည်မှာတော့ ခါတိုင်းထက်ပို၍ သေရည်ကို နှစ်ဆသောက်ခွင့်ပေးပြီး သူ့ခြေအစုံကို နှောင်တည်းမထားဘဲ လွှတ်ထားခြင်းဖြစ်သည်။

ထို့အတွက် ထိမထင်သောစိတ်၊ မြင်မြင်ရာရမ်းကားချင်သောစိတ်များနှင့် တင်းကုပ်အပြင်ဘက်ထွက်လာခဲ့သည်။ ထို့အတွက်လည်း ခါတိုင်းလိုဟန့်တားခြင်းမပြုကြ။ မင်းလမ်းမကြီးပေါ်ရောက်အောင်ပင် တိုက်တွန်းပေးနေရင်း “ရှင်ကြီးဂေါတမ၊ ရှင်ကြီးဂေါတမ”ဟူသောစကားကိုသာ သူကြားအောင်တွင်တွင်ရွတ်ဆိုနေကြ၏။ သူ့စိတ်အလျဉ်မှာ ရှင်ကြီးဂေါတမကို သူတိုက်ခိုက်ရမည့်ရန်သူအဖြစ် ညွှန်ကြားနေကြခြင်းဖြစ်သည်။

ထို့ကြောင့်လည်း သူရောက်နေရာ မင်းလမ်းမကြီးမှ ရှေ့တူရူသို့ ငေးငေးကြည့်လိုက်ရသည်။ လမ်းမကြီးပေါ်မှာ လူတွေရှင်းနေ၏။ ခါတိုင်းနှယ်မဟုတ်။ တိတ်ဆိတ်နေပြန်သည်။ ထို့ကြောင့် တိုက်ခိုက်စရာရန်သူကို ရှာမတွေ့နိုင်ဖြစ်သွားသည်။ ထိုအခါမှ အလိုမကျစိတ်ကကြို၍ ရုန်းကြွလာသည်။ မကျေမနပ်နှင့် ဟိုဒီလှမ်းကြည့်လိုက်တော့ အိမ်ခေါင်မိုးတွေပေါ်မှာ၊ ဆိုင်ကနားတွေပေါ်မှာ၊ မြို့ရိုးပေါ်မှာ လူတွေစုရုံးစုရုံးဖြစ်နေသည်ကိုတွေ့လိုက်ရသည်။ သည်နေရာတွေက သူ တိုက်ခိုက်၍မရနိုင်သည့်နေရာများဖြစ်နေသဖြင့် ဒေါသက ပိုထွက်လာ၏။

ထို့ကြောင့် လမ်းနံဘေးရှိ အိမ်တချို့ကို သူ့ကိုယ်လုံးဖြင့်ပြေးတိုက်ပစ်လိုက်သည်။ ဝုန်းခနဲပြိုကျသံများက သူ့ဒေါသကို ပို၍ဆူပွက်လာ၏။ ထို့ကြောင့် အနီးရှိ အိမ်တစ်လုံးဆီပြေး၍ ဦးခေါင်းနှင့်တိုက်ချလိုက်၏။ ပြီးတော့မှ တွေ့သမျှခြံစည်းရိုးများကိုပါ နင်းခြေပစ်လိုက်သည်အထိ သက်ရှိရန်သူကို မတွေ့သေး။

ရီဝေနေသောသူ့မြင်ကွင်းမှာ သူနင်းခြေဖျက်ဆီးထားခဲ့သမျှတွေမှလွဲ၍ မည်သူတစ်ဦးတစ်ယောက်မှမတွေ့ရ။ တိုက်ခိုက်ဖို့ အာသာနှင့် ရန်သူကို ရှာဖွေနေချိန်တွင် မင်းလမ်းမကြီးတစ်လျှောက်ရောင်စဉ်တန်းကြီးတစ်ခုတိုးဝင်လာသည်ကို တွေ့လိုက်ရသည်။ ရောင်စဉ်တန်းကြီး၏အလင်းမှာ သူ့မျက်ဝန်းထဲ ယိမ်းယိမ်းယိုင်ယိုင်ဖြစ်နေ၏။

ရန်သူဟုသောအသိဖြင့် ကြည့်လိုက်မိကာမှ ရှင်ကြီးဒေဝဒတ်ဝတ်နေကျအရောင်မျိုးဝတ်ဆင်ထားပြီး ရှင်ကြီး ဒေဝဒတ်ကဲ့သို့ ဦးပြည်းကတုံးများ တုံးထားသောရဟန်းတော်များက သူ့ရှေ့မှာ တသီတတန်းကြီးရှိနေကြောင်း သိလိုက်ရလေသည်။ များပြားလှသောရန်သူတွေကိုအကဲခတ်ကြည့်လိုက်ရာမှ ရှေ့ဆုံးတွင်ရှိနေသောရဟန်းကြီးဆီ အကြည့်ရောက်သွားသည်။

ထိုရဟန်းကြီးထံ သူ့အကြည့်ရောက်သွားသည်နှင့် မည်သို့ဖြစ်သည်မသိ။ သူ့အကြည့်ကို တခြားနေရာဆီရွှေ့မရသွား၏။ ထို့ကြောင့်ပင် သူ့ခြေ၊ သူ့လက်တို့ဖြင့် မြေပြင်ကို ခပ်ကြမ်းကြမ်းပွတ်တိုက်လိုက်မိပြန်သည်။ တောင်းတောင်းတသွားသောဖုန်မှုန့်များနှယ် ဒေါသက ဆူပွက်လာသည်မို့ ရှေ့တူရူသို့ပြေးထွက်မိသွား၏။ ဦးတည်ရာကား ရှေ့ဆုံးမှာရှိနေသောရဟန်းကြီးဆီသို့ပင်ဖြစ်သည်။ သို့သော် ရဟန်းအချို့က ရဟန်းကြီးအနီးသို့တိုးကပ်လာသောကြောင့် သူ့ခြေလှမ်းများ နှေးသွားရပြန်သည်။

ထိုအခိုက် ရဟန်းကြီးနှင့်အနီးကပ်ဆုံးမှာရှိနေသောရဟန်းတစ်ပါးက ရဟန်းကြီးရှေ့မှ ရပ်တည်လာသည်။ သူနှင့်ရင်ဆိုင်ရန် ပြင်ဆင်လိုက်ခြင်းဟု သူသိလိုက်ရသည်။

ထို့ကြောင့် ထိုရဟန်းကို တိုက်ခိုက်ဖို့ အားယူလိုက်ပြီး ကျိုးခနဲအသံပြု၍ ရှေ့တိုးလိုက်ရသည်။ ထိုခဏတွင် ရဟန်းကြီးရှေ့မှာရှိနေသောရဟန်းက ရဟန်းကြီးနောက်သို့ပြန်ရောက်သွား၏။ ထို့ကြောင့် သူနှင့်ရဟန်းကြီးသာ ရင်ဆိုင်နေမိလျက်သားဖြစ်သွားပြန်သည်။

ထိုအချိန်တွင် သူ့ခြေလှမ်းတွေ ခပ်ပျော့ပျော့သာလှမ်းနေမိကြောင်း သူသိနေသည်။ တစ်စုံတစ်ရာသော အင်အားတစ်ရပ်က သူ့ခန္ဓာ၊ သူ့ဒေါသအပေါ် ပိုက်ကွန်ဖြန့်ချလိုက်ဘိသကဲ့သို့ဖြစ်လာ၍ တွေဝေစွာဖြင့် သူရပ်နေမိလျက်သားဖြစ်သွား၏။ သို့သော် ဒေါသက အရှိန်မသေနိုင်သေး။

ထိုဒေါသသည် သူ့ကိုယ်သူမကျေနပ်သောဒေါသပေလား၊ သူ့ရှေ့မှ ရဟန်းကြီးအတွက်လား သူမသိနိုင်ပြန်။ ထိုစဉ် ရိပ်ခနဲပြေးသွားသောအရိပ်တစ်ရိပ်ကြောင့် သူ့အသိ၊ သူ့ခန္ဓာမှာ တောင့်ခနဲဖြစ်သွားပြီး တိုက်ခိုက်ရန်ဟန်ပြင်လိုက်ရသည်။ ကြည့်လိုက်တော့ လူသားမိန်းမတစ်ဦးက ကလေးငယ်ကိုချီပိုးပြေးလွှားနေခြင်းဖြစ်နေသည်။

ထိုလှသားတို့ဆီအကြည့်ရောက်သွားသည်နှင့်အမျှ နင်းခြေတိုက်မိုက်ရန် သူ့ခြေလှမ်းတွေ လှမ်းလိုက်ဆဲအချိန်တွင် –

"ချစ်သားနာဋ္ဌာဂီရိ သင့်အား သေရည်တစ်ဆယ့်ခြောက်အိုးတိုက်၍လွှတ်လိုက်ခြင်းက အခြားသူများကိုတိုက်မိုက်ရန်စေလွှတ်လိုက်သည်မဟုတ်၊ ငါဘုရားရှင်ကို တိုက်မိုက်ရန်လွှတ်လိုက်ခြင်းသာဖြစ်ပေသည်၊ သင့်သခင်၏အမိန့်ကိုလိုက်နာလိုပါက ငါဘုရားထံသို့သာ လာလော့"ဟူသောအသံကို ကြားလိုက်ရသည်။

ကြားလိုက်ရသောအသံတော်ကြောင့် သူ့ခြေလှမ်းများရပ်သွား၏။ ချစ်သားဟူသောအာလုပ်သံကြောင့် သူ့မိခင်၏အသံကိုပြန်ကြားယောင်မိသွားသည်။ ငယ်စဉ်က မိခင်၏အသံကိုကြားရလျှင် သူ့ဘဝတွင် အားအင်လည်းဖြစ်ရသည်၊ ကြည်နူးမှုလည်းဖြစ်ရသည်။ ထို့ကြောင့် မိခင်၏အသံကို အသာအယာဆုံးအဖြစ် သူမှတ်သားထားခဲ့သည်။

ယခုကြားရသောအသံတော်ကား သူ့မိခင်၏ ကရုဏာလွှမ်းသောအသံထက် လွန်စွာသာယာသော အသံဖြစ်နေ၏။ သူ့နားထဲစီးဝင်လာသောအသံမှာ ရဟန်းကြီးထံမှဖြစ်နေသည်။ ထို့ကြောင့် ရဟန်းကြီးထံ အကြည့်ရောက်သွားရလေသည်။ ထိုအခိုက်မှာပင် မိခင်ကိုမြင်လိုက်ရသောသားငယ်သို့ သူ့မှာ ဝမ်းသာကြည်နူးသွား၏။ သခင်ကိုမြင်လိုက်သောကျွန်ကဲ့သို့ သူ့မှာ အားအင်များပြည့်ဖြိုးလာသည်။

သည်အခိုက်မှာ သူ့တွင် ဒေါသများတစိုးတစိမျှရှိမနေတော့။ မူးယစ်ရီဝေနေသောမျက်ဝန်းက ကြည်လင်တောက်ပလာသည်။ ထို့ကြောင့်လည်း ခံတွင်းဝသို့ သူ့နှာမောင်းကို ခွေသွင်းလိုက်ရခြင်းဖြစ်သည်။

ဤသည်မှာ ဆင်သဏ္ဌာဝါတစ်ကောင်အနေဖြင့် ဒေါသမာန်မာနကင်းစင်သွားသော သင်္ကေတတစ်ရပ်လည်းဖြစ်သည်။ ထို့နောက်မှာတော့ 'ရှင်ကြီးဂေါတမ' ဟု ကြားသိကြသော ရှင်တော်ဘုရားခြေတော်ရင်းဝယ် ခြေလက်တုပ်၍ ဝပ်ဆင်းလိုက်သည်။ ဤအပြုအမူမှာ 'နာဠာဂီရိ' ဆိုသော သူ၏ပူဇော်မှုလက္ခဏာပဲဖြစ်လေသည်။

ထို့နောက်တွင်မူ သူ့ဦးကင်းကို လက်တော်ဖြင့် မှတ်သပ်လျက် သွန်သင်ဆုံးမနေသော ရှင်တော်ဘုရား၏အသံတော်၊ စကားလုံးတော်များကို သူနားလည်သလိုခံယူနားထောင်နေမိလေသည်။ ရှင်တော်ဘုရား အသံတော်အဆုံးဝယ် သူ့ရင်မှာ ပီတိတွေဖြစ်ထွန်းလာသည်။ ထို့ကြောင့် ဘုရားရှင်ခြေတော်ရင်းမှ မြေမှုန်တွေကို နှာမောင်းနှင့်ယူ၍ သူ့ခေါင်းပေါ်ကြဲဖြန့်မိသွား၏။ ထိုအခါ သူ့အနီးသို့ရောက်လာသောလူပရိသတ်တို့၏ ကောင်းချီးပေးသံ၊ ဆုပေးသံများ တစ်ခဲနက်ထွက်ပေါ်လာသည်။

ထိုအတွင်းမှာပင် ရှင်တော်ဘုရား၏နောက်ပါး၌ကပ်လျက်ရှိသော ရဟန်းကြီးထံ သူ့အကြည့်ရောက်သွား၏။ စောစောက ရှင်တော်ဘုရား၏ရှေ့မှရပ်၍ သူ့ကိုရင်ဆိုင်ခဲ့သောရဟန်းပဲဖြစ်သည်။ ထိုရဟန်းကို ကြည့်၍ သူ့ရင်မှာ အတွေးစကားများဝေစီလာသည်။

'အရှင်ရဟန်း သင်သည် သင့်နောင်တော်ကို ချစ်၍ နောင်တော်၏ဘေးရန်ကို အသက်စွန့်ကာကွယ်ခဲ့သူမို့ မြင့်မြတ်လှသူပါတကား၊ ကျွန်ုပ်ကဲ့သို့ တိရစ္ဆာန်တစ်ကောင်၏မိုက်မဲမှုကို ခွင့်လွှတ်တော်မူစေချင်ပါသည်၊ အို ရဟန်းကြီး – ယခုအချိန်တွင် သင်ကဲ့သို့ ကျွန်ုပ်သည်လည်း ရှင်တော်ဘုရားကို ကြည်ညိုလေးမြတ်ခဲ့ပါပြီကို သင်သိပါမည်လား၊ တိရစ္ဆာန်တစ်ကောင်၏ကြည်ညိုလေးမြတ်တတ်မှုကို အသင်လက်ခံနိုင်ပါမည်လားရဟန်းကြီး'

သူ့အနေဖြင့် တွေးမိ၍သာတွေးရသည်။ သူ့အတွေးကို ရဟန်းကြီးသိမြင်နိုင်ပါ့မည်လားမသိ။ ။

**ပြင်စည်အောင်(ခရာတော)**

## မြဝတီကာတွန်း



# သရုပ်ဆောင်ကောင်း တစ်ယောက်ဖြစ်ချင်တဲ့ ရွှေကြိုးအလှမယ် ဖူးမြတ်နှင်း

လူချစ်အောင်



Miss ပြိုင်ပွဲတွေကနေတစ်ဆင့် ရွှေကြိုးအလှမယ် တစ်ယောက်အဖြစ် အနုပညာလောကထဲဝင်ရောက်လာတဲ့ အလှမယ်ဖူးမြတ်နှင်းကို ယခုလမြဝတီ မဂ္ဂဇင်းရဲ့မျက်နှာဖုံးရှင်အဖြစ် မြင်တွေ့ကြရပါပြီ။

ပြည်တွင်းပြည်ပက စီနီယာ အနုပညာရှင်အားလုံးကိုသဘောကျပြီး မြင်ဆရာကြီးဆရာတွေအဖြစ်နဲ့ သူတို့ဆီကနေ သင်ယူစရာတွေကိုလေ့လာ သင်ယူနေပါတယ်ဆိုတဲ့ ရွှေကြိုးအလှမယ်လေး ဖူးမြတ်နှင်းရဲ့ အနုပညာလှုပ်ရှားမှု၊ အနုပညာခံယူချက်နဲ့ အနုပညာ ရည်မှန်းချက်တွေအကြောင်းကို မေးမြန်း ပြောဆိုဖြစ်ခဲ့ပါတယ်။

**ပရိသတ်တွေအတွက် နှုတ်ခွန်းဆက်စကားလေးနဲ့ စလိုက်ကြရအောင်နော်။**

ပရိသတ်အားလုံး မင်္ဂလာပါရှင်။ မြဝတီမဂ္ဂဇင်းကိုဖတ်ရှုနေကြတဲ့ပရိသတ်တွေအပြင် ကျန်ခဲ့နစ်ရက် သားသမီးချစ်ပရိသတ်ကြီးအားလုံး စီးပွားလာဘ်လာဘများတိုးတက်ကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေနော်။

**မြဝတီမဂ္ဂဇင်းရဲ့မျက်နှာဖုံးရှင်အဖြစ်ပါဝင်ရတဲ့အပေါ် ညီမရဲ့ခံစားချက်ကိုလဲပြောပြပါအုံး။**

အတိုင်းမသိဝမ်းသာပါတယ်ရှင့်။ အမှန်ပြောရရင် ညီမငယ်ငယ်ကတည်းက အိပ်မက်မက်ခဲ့ရတဲ့ဆန္ဒက ဒီလိုမဂ္ဂဇင်းတစ်စောင်ရဲ့မျက်နှာဖုံးရှင်အဖြစ်ပါဝင်ချင်ခဲ့တာပါ။ အခုလိုပါဝင်ခွင့်ပေးတဲ့မြဝတီမဂ္ဂဇင်းကတာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်လို့ ဒီနေရာကနေ တစ်ဆင့်ပြောပါရစေရှင့်။

**မျက်နှာဖုံးရိုက်ကူးရေးအတွက်ပြင်ဆင်မှုလေးတွေနဲ့လဲ မိတ်ဆက်ပေးပါအုံး။**

ညီမအနုပညာအလုပ်တွေ စလုပ်တော့ ဓာတ်ပုံတွေအများကြီးရိုက်ဖြစ်ခဲ့တယ်။ ဓာတ်ပုံတွေကိုရိုက်ကူးပေးထားတာကတော့ ဆရာဦးလှိုင်ပေါ့နော်။ ဝတ်စုံကတော့ ရှမ်းတိုင်းရင်းသူဝတ်စုံလေးနဲ့ ရိုက်ထားတယ်။



**အနုပညာလောကထဲကို ဘယ်လိုစတင်ခြေချရောက်ဖြစ်ခဲ့တာလဲ။**

ပထမဆုံး ၂၀၁၉ ခုနှစ်၊ ဧပြီလလောက်က Miss ပြိုင်ပွဲတစ်ပွဲဝင်ပြိုင်ခဲ့တယ်။ ဆုတော့ မရခဲ့ဘူး။ ပြီးတော့ တောင်ကြီးမှာလုပ်တဲ့ Miss Goldenland ဝင်ပြိုင်တာ ဆုနှစ်ဆုရခဲ့တယ်။ အခု ၂၀၂၀ ပြည့်နှစ် ရှပ်ရှင်နှစ်တစ်ရာပြည့်အကယ်ဒမီပွဲမှာ ရွှေကြိုဝင်ပြိုင်ခဲ့တယ်။ အစပိုင်းမှာ ပေါ့ပေါ့ပါးပါးပဲလျှောက်လွှာတင်ပြီး ဝင်ပြိုင်ခဲ့တာ အရွေးခံလိုက်ရတယ်။ နောက်ထပ်အဆင့်တွေမှာ ပိုကြိုးစားပြီးပြိုင်ခဲ့တာ ရွှေကြိုအလှမယ်အဖြစ် အရွေးခံထားရတယ်ပေါ့နော်။ ဒါပေမဲ့ အခု ကိုဗစ်ကာလကြောင့် အကယ်ဒမီပေးပွဲလဲ





ရွှေဆိုင်းထားရတော့ ပွဲမလုပ်ဖြစ်သေးဘူးပေါ့နော်။

**Miss ပြိုင်ပွဲတွေကနေ ဒီလောကထဲ စဝင်လာတယ်ဆိုတော့ တကယ်ဖြစ်ချင်တာက Miss လား၊ Model လား၊ သရုပ်ဆောင်လား။**

ပြောရရင်တော့ ညီမမှာက အနုပညာမျိုးရိုးလဲမရှိဘူး။ အဆက်အသွယ်လဲမရှိဘူး။ ဒီတော့ ကိုယ်ဖြစ်ချင်တဲ့သရုပ်ဆောင်တစ်ယောက်ဖြစ်ဖို့ ဝင်ရမဲ့လမ်းကြောင်းက ဒီလမ်းကြောင်းပဲရှိတယ်လေ။ Miss ပွဲတွေမှာ ဝင်ပြိုင်ရင်းနဲ့ပဲ ဖြစ်ချင်တဲ့ သရုပ်ဆောင်လမ်းဘက်ကူးဖို့ ရည်ရွယ်ထားပါတယ်။ ငယ်စဉ်ကတည်းက ဖြစ်ချင်တာကတော့ အဆိုတော်ပါ။ ဒါပေမဲ့ ကြီးလာတော့ သရုပ်ဆောင်လဲ ဖြစ်ချင်လာတယ်။

**သရုပ်ဆောင်ခွင့်ရခဲ့ရင် ဘယ်လိုဇာတ်ရုပ်မျိုးတွေကို သရုပ်ဆောင်ချင်လဲ။**

ညီမက မင်းသမီးဖြစ်မှရယ်မဟုတ်ပါဘူး။ ကိုယ်ကျရာဇာတ်ရုပ်ကို အကောင်းဆုံး၊ အပီပြင်ဆုံးသရုပ်ဆောင်နိုင်တဲ့ သရုပ်ဆောင်ကောင်းတစ်ယောက်ဖြစ်ချင်ပါတယ်။

**ဂီတာကိုလဲဝါသနာပါတယ်ဆိုတော့ ငယ်အိပ်မက်ဖြစ်တဲ့အဆိုတော်ဘဝဆီ ခြေလှမ်းအုံးမှာလား။**

အခွင့်အရေးရလာရင်တော့ တစ်ကိုယ်တော် အယ်လ်ဘမ်ထုတ်နိုင်ဖို့ကြိုးစားပါမယ်။ လောလောဆယ်တော့ သရုပ်ဆောင်ပိုင်းကိုပဲအရင်လုပ်ဖို့ တွေးထားပါတယ်ရှင်။



**သရုပ်ဆောင်တစ်ယောက်လုပ်မယ်ဆိုတော့ သရုပ်ဆောင်ပညာကို ဘယ်လိုတွေ့လာဖြစ်လဲ။**

သင်တန်းတွေတက်တာမျိုးတော့ မရှိသေးပါဘူး။ ကိုယ့်ဘာသာပဲလေ့လာဖြစ်ပါတယ်။ ဥပမာ- ဇာတ်ကားတွေကြည့်ပြီး ဘယ်သူက ဘယ်လိုသရုပ်ဆောင်လေ့ရှိတယ်၊ ဘယ်ဇာတ်ရုပ်မှာ ဘယ်လိုသရုပ်ဆောင်ရတယ်ဆိုတာမျိုးတွေကို လေ့လာဖြစ်ပါတယ်။

**အနုပညာအပေါ် ညီမရဲ့စိတ်ယှဉ်ချက်အမြင်က ဘယ်လိုရှိမလဲ။**

အနုပညာအပေါ်ရိုးသားမှုရှိရင် အနုပညာကလဲ ကိုယ့်ကို ရိုးသားစွာအောင်မြင်မှုပေးပါလိမ့်မယ်။

**ရွှေကြိုတစ်ယောက်ဖြစ်ရတဲ့အပေါ်ဘယ်လိုခံစားရမိလဲ။**

အရင်ကတော့ စိတ်ကူးယဉ်မိဖူးတာလောက်ပဲရှိတယ်။ ငါလဲ ရွှေကြိုဖြစ်ရင်ကောင်းမယ်ပေါ့။ အခုတကယ်ဖြစ်လာတော့ ကိုယ့်ကိုယ်ကိုယ်ဂုဏ်ယူလို့မဆုံးပါဘူး။

**ရှေ့လျှောက် အနုပညာအလုပ်တွေကို ဘယ်လောက်အထိဆက်လုပ်ဖို့ ရည်ရွယ်ချက်ထားထားလဲ။**

လောလောဆယ်မှာ အလုပ်တွေ သိပ်ပြီးလုပ်ခွင့်မသာဘူးပေါ့နော်။ အခုဖြစ်နေတဲ့ရောဂါအခြေအနေကလဲ မပြီးပြတ်သေးတော့ ဒီအတိုင်းအိမ်မှာပဲ နေနေရပါတယ်။ ရွှေကြိုပွဲပြီးလို့ ညီမကို ကြော်ငြာတွေ၊ ရုပ်ရှင်တွေကမ်းလှမ်းလာရင်တော့ လက်ခံပြီး အကောင်းဆုံးကြိုးစားလုပ်ဆောင်သွားမယ်လို့ ရည်ရွယ်ထားပါတယ်ရှင့်။

**အားပေးနေကြတဲ့ပရိသတ်တွေကို နှုတ်ဆက်စကားလေးပြောပေးပါအုံး။**

ပရိသတ်အားလုံးကို ကျေးဇူးတင်ပါတယ်။ အားလုံးကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းပေးပါတယ်။ ပြီးတော့ ညီမကိုလဲ အားပေးကြပါအုံးလို့ ပြောချင်ပါတယ်။ ။

လှချစ်အောင်

**နာမည်ကိုတက်တူးထိုးပြီး မွေးနေ့လက်ဆောင်ပေးလာတဲ့ပရိသတ်ကြောင့် ပျော်ရွှင်နေရတဲ့ဝတ်မှုံရွှေရည်**

ဂတ်မှုံရွှေရည်အတွက် မွေးနေ့ရောက်ဖို့ ၆ ရက်သာလိုတော့တဲ့အချိန်မှာ မွေးနေ့အကြိုလက်ဆောင်လေးတစ်ခုရရှိလာပါတယ်။ အဲဒါကတော့ ဝတ်မှုံရွှေရည်ရဲ့နာမည်ကို တက်တူးထိုးထားတဲ့ပရိသတ်တစ်ယောက်ရဲ့ မွေးနေ့လက်ဆောင်ပါပဲ။



လက်ဆောင်လို့ မှတ်ယူပါတယ်၊ အခုလိုချစ်ပေးတဲ့အတွက် အရမ်းပျော်ရပါတယ်၊ ပိုးလွန်ခဲ့တဲ့နှစ်တွေကတည်းက ကစ်နာမည်နဲ့ Tattoo ထိုးတာတွေမြင်ခဲ့ရပါကယ်၊ ကချို့တွေဆို ဓားတွေနဲ့ခြစ်ကာကွေရော အစုံပဲ၊ ဘာလို့ အဲဒီလိုလုပ်ကြရတာလဲလို့ ကရုဏာဒေါသနဲ့မေးမိတော့ ချစ်လို့တဲ့၊ ကစ်ကိုချစ်လို့ တန်ဖိုးထားတယ်ဆိုတာ အသိအမှတ်ပြုပါတယ်၊ ပြောမပြတတ်အောင်လဲ ဝမ်းသာဝမ်းနည်းဖြစ်ရပါတယ်၊ ကိုယ်က အသားနာမှာကြောက်တတ်တဲ့သူဆိုတော့ သူတို့တွေ

# ကြယ်စင်တို့ရဲ့ကမ္ဘာ

သက်ဆုနှင်း



ဘယ်လောက်တောင်နာနေမလဲလို့ တွေးရင်းခံစားရတယ်၊ ဝမ်းနည်းရတယ်၊ ကစ်ကိုချစ်တယ်ဆိုရင် ကစ်အတွက် အသားအနာခံပြီး ချစ်ပေးဖို့မလိုပါဘူး၊ နာကျင်ရမှာစိုးလို့ပါ၊ ရင်ထဲမှာ ထာဝရရှိပေးနေရင် ကျေနပ်နေပါပြီ"လို့ပြောလာပါတယ်။


**မိဘအတွက် အိမ်နဲ့ကား ဝယ်ပေးနိုင်ခဲ့ပြီဆိုတဲ့ပိုင်တံခွန်**

ပိုင်တံခွန်ဟာ မိဘနှစ်ပါးအတွက်အရင်ကတည်းက ဖြစ်စေချင်ခဲ့တဲ့အိပ်မက်တစ်ခုကို အကောင်အထည်ဖော်နိုင်ခဲ့လို့ ဝမ်းသာမဆုံးဖြစ်လို့နေပါတယ်။ အဲဒါကတော့ မိဘတွေအတွက်အိမ်တစ်လုံး၊ ကားတစ်စီး ဝယ်ပေးခဲ့တာပဲဖြစ်ပါတယ်။

**ထူးခြားတဲ့မွေးနေ့လက်ဆောင်ရလိုက်တဲ့သူမ**

ဝတ်မှုံရွှေရည်ကိုချစ်တဲ့ပရိသတ်တစ်ဦးကတော့ ဝတ်မှုံရွှေရည်ရဲ့ နာမည်နဲ့မွေးနေ့ရက်လေးကို တက်တူးထိုးခဲ့တာတွေ့ရပါတယ်။ တက်တူးပိုင်ရှင်ပရိသတ်က ပို့ပေးခဲ့တဲ့တက်တူးဓာတ်ပုံလေးကို ဝတ်မှုံရွှေရည်က သူမရဲ့ဖေ့စ်ဘွတ်ခ်ပေ့ချ်မှာတင်ပြီး ပီတိဖြစ်နေပါသတဲ့။ "ကစ်အတွက် ပရိသတ်ကပေးတဲ့မွေးနေ့





မိဘနှစ်ပါးရဲ့ပျော်ရွှင်မှုက သူ့အတွက် အရမ်းပီတိဖြစ်ရတယ်လို့ဆိုပါတယ်။

"ကျွန်တော့်ရဲ့ကံကောင်းခြင်းတွေက မိဘကို ကျေးမွေးပြုစုခြင်းကလာတာပါ၊ ဒီနေ့ အိမ်သစ်လေးတစ်လုံးနဲ့ ကားတစ်စီးကို အဖေနဲ့အမေအတွက် ကျွန်တော်လက်ဆောင်ဝယ်ပေးဖြစ်တာပါ၊ Surprise လုပ်ဖို့ အမျိုးမျိုးလိမ်ပြီးခေါ်ခဲ့ရတယ်၊ နောက်ဆုံးတော့ အဖေလဲငို၊ အမေလဲငို၊ ကျွန်တော်လဲ ပီတိဖြစ်ရတယ်"ဆိုပြီးတော့ အမှတ်တရစာတိုလေးတွေတင်ခဲ့တာကို တွေ့ရပါတယ်။

ပိုင်တံခွန်ရဲ့သိတတ်လိမ္မာမှုတွေကို အနုပညာရှင်များစွာနဲ့ ပရိသတ်တွေကလဲ Comment တွေကနေတစ်ဆင့် ချီးကျူးဂုဏ်ပြုခဲ့ကြတာကိုတွေ့ရပါတယ်။

**မွေးနေ့မှာ လှုစုလှုပေးမဖြစ်အောင်ကျင်းပသွားမဲ့ မွေးမွေး**

မကြာခင်ကျရောက်တော့မဲ့မွေးနေ့ကို လှုစုလှုပေးမဖြစ်အောင် ကျင်းပသွားမယ်လို့ မွေးမွေးက ပြောပါတယ်။ သူမရဲ့မွေးနေ့ကို အလှူအတန်းတွေလုပ်သွားမှာဖြစ်ပြီး ပရိသတ်တွေကိုလဲ Surprise လေးတွေလုပ်ဖို့ စီစဉ်ထားတယ်လို့ပြောပြလာပါတယ်။

"မွေးနေ့ကတော့ မွေးလှူချင်တဲ့နေရာလေးတွေကိုလှူမယ်၊ စတုဒိသာတွေတော့ ကျွေးဖြစ်မှာမဟုတ်ဘူး၊ လှုစုလှုပေးအရမ်းများမှာစိုးလို့ပါ၊ ပြီးရင် ပရိသတ်တွေအတွက် Surprise စီစဉ်ထားတာတစ်ခုရှိတယ်၊ မွေးကိုကျတော့ ရုပ်ရှင်ရုံတွေမှာပဲတွေ့ရတာ



# သမိုင်းထင်ရှား ကျွန်စစ်သား

ပါတယ်။ ဒီအစီအစဉ်ကတော့ အနုပညာရှင်တွေ စင်ပေါ်တက်ပြီး သီဆိုဖျော်ဖြေတာတွေ မလုပ်ကြခင် စတိတ်စင်ရဲ့နောက်ကွယ် Makeup Room ထဲက နေပရိသတ်ကို အွန်လိုင်းမှတစ်ဆင့် ဖျော်ဖြေမှုပေးတဲ့ ပုံစံမျိုးကျင်းပမှာဖြစ်ပါတယ်။

ဒီဖျော်ဖြေပွဲအတွက် သီချင်းစုစုပေါင်း ၁၅ ပုဒ် သီဆိုဖို့အတွက် စီစဉ်ထားတာလို့ ထွန်းအိန္ဒြာဗိုလ်က ပြောပြခဲ့ဖူးပါတယ်။


## မြန်မာ့ရိုးရာဓလေ့လေးတွေကို ဇာတ်လမ်းတွဲပြန်ရိုက်သွားမဲ့ခင်လှိုင်

ခင်လှိုင်ကတော့ မြန်မာ့ရိုးရာဓလေ့လေးတွေပါတဲ့ဇာတ်လမ်းတွဲလေးတစ်ခုရိုက်တော့မယ်လို့ သိရပါတယ်။ ပထမဆုံးအကြိမ်ရိုက်ကူးမဲ့ဇာတ်လမ်းတွဲကို တက်သစ်စ လူငယ်သရုပ်ဆောင်လေးတွေကို အဓိကထားရွေးချယ်ရိုက်ကူးသွားမယ်လို့ ဆိုပါတယ်။

### ဇာတ်လမ်းတွဲ 'ဆိုးပေ'

ဇာတ်လမ်းတွဲနာမည်ကိုတော့ 'ဆိုးပေ'လို့ နာမည်ပေးထားတာတွေ့ရပါတယ်။ ဒီဇာတ်လမ်းတွဲထဲမှာ အကယ်ဒမီထွန်းထွန်း၊ ထွန်းဝီရ၊ နောင်ထူး၊ အကယ်ဒမီပိုင်ဖြိုးသု၊ သခင်ထူးမြင့်၊ ဇော်ဝင်းနိုင်၊ ခင်လှိုင်၊ အကယ်ဒမီတဏှာသိုလ်ဠမ်းမုံ၊ နန်းခင်ဇေ့၊ G ဆိုင်းကျော့နဲ့ အုံမင်းညီတို့က ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ပြီး ကလေးသရုပ်ဆောင်များအနေနဲ့ မင်းရွှေရောင်ကာင်း၊ လပြည့်ကွန်း၊ သုကအောင်၊ စွမ်းစွမ်း၊ သူရမြင့်မြတ်ကျော်၊ ရှိုင်းဝဏ္ဏအောင်၊ သုမန်အောင်နဲ့ အိန်ဂျယ်ဝတ်မှုံတို့က ပါဝင်သရုပ်ဆောင်ကြမှာဖြစ်ပါတယ်။ ။

**သက်ဆုနှင်း**





အမှန်လှည့်ပြောင်း၊ ရောက်နိုင်ကြောင်းဟု
ပုံလောင်းဇာတ်ခင်း၊ ကိုယ်တွေ့ရင်း၍
ရှင်းရှင်းလင်းလင်း ပြခဲ့တကား။ ။

**ကျော်ဟန်(မြန်မာစာ)**

# တန်းတူညီမျှ

အဆင့်အတန်းဆိုတာ
ခွဲခြားတာမဟုတ်
တူညီရာ ဂုဏ်ဖြပ်
သတ်မှတ်တဲ့အလုပ်။

အဆင့်အတန်းဆိုတာ
ပိုင်းခြားတာမဟုတ်
ခွဲခြားကာ နှိမ့်ချခြင်း
အလျှင်းမလုပ်။

အဆင့်အတန်းဆိုတာ
စည်းခြားတာမဟုတ်
တစ်တန်းစီ သတ်မှတ်ပြီး
စည်းကမ်းချက်ထုတ်။

အဆင့်အတန်း
ခမ်းနားမှုကိုယ်စီ
ကိုယ့်နေရာ ကိုယ့်အဆင့်
ဂုဏ်မြင့်လှသည်။

အဆင့်အတန်းဟူသည်
အရည်အချင်းပါပဲ
တန်းတူလျှင် ညီအမျှ
ရကြမည်မလွဲ။ ။

**ဘမိုးဟိန်း(ချောက်)**

# ကံကြမ္မာအလှည့်အပြောင်းများ

ပီဋ္ဌိယက္ခ၊ လေးအဆကြောင့်
ထိရှတလွဲ၊ ရင်ကိုခွဲသည်
မူးလဲမိန်းမော
သွေးအိုင်တောက သုဝဏ္ဏသျှံ။

သုဝဏ္ဏသျှံ၊ သားသက်နှံ၏
မြားမှန်အဆိပ်၊ တရိပ်ရိပ်နှင့်
စိုးထိတ်လန့်တုံ၊ မိဘစုံမှ
လွမ်းပြုံသစ္စာ၊ ချစ်သဒ္ဓါကြောင့်
သေရာသေဘေး၊ အဆိပ်ပြေး၍
ရှေးရေးဇာတ်က လှခဲ့သည်။

အနော်ရထာလုံ၊ အသက်နှံဖို့
ပြည်တန်အနှစ်၊ မင်းကျန်စစ်ကို
ချိန်လှစ်တအား၊ ပစ်ခဲ့ငြားလည်း
ကံကားမထိုက်၊ သေမဆိုက်ဘဲ
ထိုးစိုက်ကြိုးထုံး
အလွတ်ရုန်းဖို့ ဖြစ်ခဲ့သည်။

ပုဂံတစ်ခေတ်၊ အတိတ်ဖြစ်၌
မင်းပစ်သည့်လုံ၊ ထိမမှန်တော့
ကျန်စစ်မင်းသား၊ သူ၏အားနှင့်
တိုင်းကားပြည်ရွာ၊ ထူထောင်လာခဲ့
ဘယာဘေးသိမ်း၊ ရန်ပေါင်းငြိမ်းခဲ့
ကိန်းခန်းဇာတာ ပြည်သာယာ။

ခြောက် . . .
မြားဆိပ်ပြေပြန်၊ သုဝဏ္ဏသျှံနှင့်
လုံသွားမထိ၊ မင်းကျန်စစ်တို့
အဖြစ်ဇကန်၊ ခါတစ်ရံ၌
ကံမှာအနိမ့်၊ ဘေးရန်စိမ့်လည်း
တည်လိမ့်မပြို၊ အချိန်ဝဲတွင်
ဖြစ်ဆဲတစ်ဖန်၊ ကောင်းသောကံတို့

## နတ်ဆိုးကိုစိန်ခေါ်ခြင်း

လှသမိုင်းမှာ၊ ကပ်ရောဂါဟု
ကာလဝမ်းမျက်၊ ခက်သက် ကျောက်ကြီး
နယ်စည်းမကန့်၊ မျိုးနွှံကူးစက်
သေပျက်ထောင်သောင်း၊ နိုင်ငံပေါင်းစုံ
ကြောက်တုန်သွေးပျက်၊ လူမျိုးဆက်ကို
နှိပ်စက်ခြောက်လှန့် ခဲ့ဖူး၏။

ကိုဗစ်နိုင်တီး၊ ဖျက်စွမ်းကြီးစိုး
ဗိုင်းရပ်စ်ပိုးသည်၊ နတ်ဆိုးလက်နက်
လူ့သက်နုတ်ခြွေ၊ ကမ္ဘာမြေပေါ်
သေမင်းပျော်မြူး၊ အကြောက်ဦးရှိုး
လူ့နွယ်မျိုးအား၊ စစ်ကစား၍
အင်အား စမ်းသပ်ခြင်းပေလော။

အို . . . လူသားတို့ အားကြီးသူသာ
ရှင်သန်ရာဟု၊ သဘာဝလမ်း
နှစ်ပေါင်းသန်းချီ၊ တို့ရပ်တည်ခဲ့
ဤမြေကမ္ဘာ၊ တို့အိမ်ရာတည့်
ဘာကိုငဲ့ထောက်၊ ငါတို့ကြောက်လိမ့်
တစ်ယောက်လက်ကိုင်၊ ခေါင်းချင်းဆိုင်၍
နိုင်မတ်မြဲမြဲ၊ သန္နိဋ္ဌာန်ဖြင့်
တွေးကြံပေါင်းစည်း၊ ကပ်ဆိုးကြီးကို
အပြီးတွန်းလှန်၊ လူသားမာန်နှင့်
ဘုံရန်သူကို ချေမှုန်းစို့။ ။

**မောင်မုန်းနွယ်(ပွင့်ဖြူ)**

## ပန်းကောက်သင်း

ဖြိုးဖြိုးဖြောက်ဖြောက်
မိုးပေါက်ပေါက်
ခမောက်ကိုယ်စီ ညီသလေ့။

တစ်လှမ်းနှစ်လှမ်း
မြေးကာလှမ်း
ခရေပန်းကောက် ရောက်သလေ့။

မိုးထဲလေထဲ
ဆင့်ဆင့်ကဲ
ပျံဝဲလို့နေ ကြွေသလေ့။

လန်းဆန်းလှစွာ
ရနံ့ဖြာ
မြေမှာဖွေးဖွေး မွှေးသလေ့။

ခရေမြတ်ပန်း
ဘုန်းတော်ခန်း
လျှူဒါန်းတယ်လေ ဝေသလေ့။

လှူဒါန်းပေါင်းစု
မြတ်ကောင်းမှု
သာဓုခေါ်ကြ မျှသလေ့။ ။

**ကိုဖေလင်းအောင်(တန့်ဆည်-ကျည်းကန်)**

## ပေးဆပ်သူရဲ့ဘဝများ

တို့မြေမှာဖွား၊ ပြည်စစ်သားတို့
လှုပ်ရှားသွက်လက်၊ ရှေ့တန်းထွက်သော်
အသက်ကိုစွန့်၊ မကြောက်ရွံ့တတ်
မနောက်ပြန့်စိတ်ကင်း၊ စစ်မာန်ပြင်းမဲ့
သတ်ကွင်းကိုလျှင်၊ သိပျက်ပင်ရင်း
ရင်ဆိုင်တိုက်ပွဲ၊ ကြိမ်ကြိမ်နွှဲ၍
အောင်ပွဲအလီလီ ရဖူးသည်။

မိုးသည်းဆူညံ၊ လှိုင်းလေထန်လည်း
မြစ်ယံကွင်းကွင်း၊ ဂါးဖောင်ဆင်၍
ညပင်မမှု၊ မျက်ကွယ်ပြုလျက်
ရန်သူ့အင်္ဂါ၊ ချောင်းမြောင်းတိုက်ဖို့
လမိုက်ညလည်း ဖြတ်ဖူးသည်။

ရေခဲတမျှ၊ အေးစိမ့်လှသည့်
နှင်းကျမိုးရွာ၊ ရှိသည့်ခါလည်း
မြေမှာဝပ်တွား၊ ရွှေ့ရွှေ့သွား၍
သူ့နားချဉ်းကပ်၊ လုံ့စွပ်တာပ်ရင်း
ပစ်မဟ်ပင်လုံး ဟိုက်ဖူးသည်။

နေရောင်ထိန်လင်း၊ နွေနေ့ခင်း၏
မှုပြင်းချစ်တောက်၊ နေလျှံအောက်တွင်
ချွေးပေါက်ပေါက်နှင့်၊ စောင့်မျှော်လင့်ရင်း
အသင့်သေနတ်၊ ကျည်အိမ်တပ်လျက်
ပစ်မှတ်ရန်သူ ရှာဖူးသည်။

ဥတုသုံးလီ၊ ကြုံဖူးပြီမို့
ဘယ်ဆီရှိန်ခါ၊ ဘယ်နေရာသို့
သွားပါလို့စေ၊ ပို့လွှတ်ချေလည်း
တွေဝေကင်းဘိ၊ တာဝန်သိသူ
သတ္တိခဲများ၊ ပြည့်စစ်သားတွက်

ခွန်အားဂုဏ်ခြယ်၊ ကမ္ဘည်းတပ်သော်
ပေးဆပ်သူရဲ့ ဘဝများ။
လေးမြတ်မှုနဲ့ အလှူများ။ ။

**မောင်ထွဋ်ကောင်း**

## အသိနဲ့သတိ

အမေပြန်လာ
လက်မှာပါသည့်၊ သံသာတေးထုတ်
ဘိုမရုပ်လေး၊ ဆုပ်ကာပေးသည်
အထွေးငယ်ဆုံး သမီးပြုံး၏။

လွယ်အိတ်ထဲက
ထုတ်ကာပြသည့်၊ ယိမ်းကလှုပ်နိုး
စက်ရုပ်မျိုးနွယ်၊ မခြားထည်စွ
သားလှရွှင်မြူး အော်ဟစ်ထူး၏။

တစ်ဖန်လက်မှာ
ဆွဲထုတ်လာသည့်၊ နာရီတစ်လုံး
ယူကာသုံးဟု၊ နောက်ဆုံးနှစ်တက်
သမီးလက်မှာ ဝတ်ဆင်ပါ၏။

အမှတ်တရ
မပြမင်၊ မေ့မနေထင်လည်း
ရင်မှမွေးဖွား၊ သမီးသားတို့
ဖြည့်ထားအသိ၊ ဖခင်ရှိဟု
သတိအနေ၊ သို့အမြဲနှင့်
အမေအမြဲ ပြုံးတကား။ ။

**မောင်တင့်လွင်(ပေါက်)**

## အလှဆင်သူများ

ငွေလမင်းကား
အလင်းပြိုးပြက် ဝင်းဝင်းလက်။

ငွေကြယ်ပြာလည်း
ရောင်ဖြာဖျပ်ဖျပ် မျက်တောင်ခတ်။

မြစ်ချောင်းလည်း
ခွေကာစီးဆင်း ပင်လယ်တွင်း။

ချောင်းမြစ်ငယ်လည်း
တောင်စွယ်ခွေပတ် တောကိုဖြတ်။

ပန်းစံပယ်လည်း
မွှေးကြွယ်ရနံ့ သင်းပျံ့ပျံ့။

ခရေပန်းလည်း
လန်းဆတ်လေညင်း တသင်းသင်း။

ကြီးသူငယ်သူ၊ ရွယ်မတူလည်း
မြင့်သူနိမ့်သူ၊ ဂုဏ်မတူလည်း
သူကြွယ်ဆင်းရဲ၊ အဆင့်ကွဲလည်း
လူဟူသမျှ၊ ကိုယ့်တာဝနှင့်
ကိုယ်ကျရာနေ၊ တာဝန်ကျေမှု
ဂုဏ်ယူထိုက်စွာ ဤလောကခွင်
အလှဆင်သူ ချည်းသာတကား။ ။

**မောင်သင်းဝေ**

## လမ်းကလေး

လမ်းကလေးဝယ်
ရှေ့ရေးရွယ်ရည်၊ ပန်းတိုင်ဆီသို့
ကိုယ်စီကိုယ်င သွားနေကြ၏။

ကြမ်းတမ်းကျဉ်းမြောင်း၊ လမ်းအဟောင်းမို့
တိမ်းစောင်းဆင်းတက်၊ ဆူးငြောင့်ထွက်၍
ချိုင့်ခွက်ထူပြော ခယောင်းတောနှင့်။

ရှေ့ဆောင်ဦးရွက်၊ လမ်းပေါ်တက်၍
လမ်းပျက်ကိုမြင်၊ မပြုပြင်ဘဲ
နောလျှင်ရောက်ကြောင်း၊ မရကောင်း၍
လမ်းဟောင်းကိုသာ၊ အပြစ်ရှာသော်
ရှေ့ရှာရောက်ခွင့် ခရီးဖင့်၏။

နောက်ပါသောင်းသောင်း၊ လူ့အပေါင်းက
လမ်းဟောင်းပြင်ရာ၊ ဝင်မပါဘဲ
နောက်မှာရပ်ကြည့်၊ နေးပါဘီဟု
ရှေ့ရှိသူသာ၊ အပြစ်ရှာသော်
ရှေ့ရှာရောက်ခွင့် ခရီးဖင့်၏။

နောက်လိုက်ရှေ့သွား၊ ပေါင်းစည်းအားဖြင့်
ကျောက်သားကိုဖြို၊ ငုတ်ဆိုလျှင်တူး
ငြောင့်ဆူးကိုဖယ်၊ လမ်းကျယ်အောင်ရှင်း
ချိုင့်ကျင်းကိုဖို့၊ အားမရို့မှ
ရှေ့သို့လှမ်းရာ၊ လမ်းကြောင်းသာလျက်
ရွယ်ရာရည်မှန်း၊ ရှေ့စခန်းသို့
အောင်ပန်းပန်ကာ ဝင်ရမည်။ ။

**မိုးထက်လူ**



# ရေထုညစ်ညမ်းမှု

## တားဆီးကာကွယ်ရေး အားလုံးပူးပေါင်းဆောင်ရွက်ပေး

အိမ်ကြီးမောင်

ရေဟာ ကမ္ဘာ့အရေးကြီးဆုံးအရင်းအမြစ်တစ်ခုဖြစ်တာကြောင့် ကိုယ်နဲ့သက်ဆိုင်တဲ့နေရာကနေပြီး ညစ်ညမ်းမှုရပ်တန့်စေရေးဆောင်ရွက်ရပါမယ်။ ကိုယ့်အိမ်မှာ အသုံးပြုတဲ့အဆိပ်အတောက်ပစ္စည်းတွေအစား သဘာဝပတ်ဝန်းကျင်ကိုသန့်ရှင်းစေတဲ့ အသုံးအဆောင်တွေနဲ့ အစားထိုးသုံးစွဲရပါမယ်။ အိမ်မှာ သစ်ပင်ပန်းပင်တွေကိုစိုက်ပျိုးရမယ်။ မိမိတို့ပတ်ဝန်းကျင်ရှိ စမ်းချောင်းများ၊ မြစ်များ၊ ကမ်းခြေများအား အဆိပ်အတောက်ဖြစ်စေတဲ့ ရေဆိုးစွန့်ပစ်စက်ရုံတွေနဲ့ဆွေးနွေးပြီး ရေညစ်ညမ်းမှုကိုလျှော့ချနိုင်ရေးအတွက် လုပ်ဆောင်ရပါမယ်။ သင့်ရဲ့ဆောင်ရွက်မှုတိုင်းဟာ သဘာဝပတ်ဝန်းကျင်ကို ကောင်းသောပြောင်းလဲမှုတွေဖြစ်စေပါလိမ့်မယ်။ ဒါကြောင့် အောက်ပါအချက်တွေကို လိုက်နာဆောင်ရွက်သင့်ပါတယ်။





## အိမ်သန့်ရှင်းရေးအတွက်အသုံးပြုတဲ့ ဓာတုဆေးရည်များလျှော့သုံးပါ။

ပြောင်းလဲမှုအနည်းငယ်ပြုလုပ်ရုံမျှဖြင့် ကြီးမားတဲ့ပြောင်းလဲမှုကိုရရှိနိုင်ပါတယ်။ အိမ်သန့်ရှင်းရေးအတွက် ချွတ်ဆေးနဲ့အမိုးနီးယားတို့ကို အသုံးပြုခြင်းက ရေညစ်ညမ်းမှုကိုဖြစ်စေပါတယ်။ အဲဒီဆေးရည်တွေက မရှိမဖြစ်လိုအပ်တဲ့အရာတွေမဟုတ်ပါဘူး။ သဘာဝသန့်စင်ပစ္စည်းတွေနဲ့လဲ မိမိအိမ်ကို ထိရောက်စွာသန့်ရှင်းရေးပြုလုပ်နိုင်ပါတယ်။ အိမ်မှာသုံးနေကျဖြစ်တဲ့ ရှာလကာရည်နဲ့မုန့်ဖုတ်ဆော်ဒါတို့ကို ပြတင်းပေါက်ဆေးကြောခြင်း၊ ရေချိုးခန်းအတွင်း ကြေးချွတ်ခြင်းတို့အတွက်အသုံးပြုနိုင်ပြီး အဆိပ်အတောက်လုံးဝမရှိတဲ့ပစ္စည်းတွေပဲဖြစ်ပါတယ်။





## အမှိုက်များကို သေချာစွာစွန့်ပစ်ပါ။

မဆွေးမြည့်နိုင်တဲ့စွန့်ပစ်အမှိုက်တွေကို ဘယ်သောအခါမှ ရေစီးမြောင်းများအတွင်း မစွန့်ပစ်ပါနဲ့။ ဘယ်လိုစွန့်ပစ်ရမယ်ဆိုတာကိုမသိရင် သန့်ရှင်းရေးဌာနကိုဆက်သွယ်ပြီး စုံစမ်းမေးမြန်းနိုင်ပါတယ်။ အိမ်သုတ်ဆေး၊ အင်ဂျင်ဆီ၊ သန့်ရှင်းရေးသုံးဓာတုပျော်ရည်များ၊ အမိုးနီးယားနဲ့ ရေကူးကန်များမှာအသုံးပြုတဲ့ သန့်စင်ဓာတုဆေးတွေကို ရေမြောင်းထဲဘယ်တော့မှ မစွန့်ပစ်ရပါဘူး။

## ဆေးဝါးများကို စွန့်ပစ်ခြင်း။

ဆေးဝါးဖော်စပ်ရာမှာ အမျိုးမျိုးသောပစ္စည်းတွေကိုထည့်သွင်းအသုံးပြုထားတဲ့အတွက် အိမ်သာအတွင်းကိုစွန့်ပစ်ရင် မြေအောက်ရေထဲရောက်ရှိသွားပြီး ပျော်ဝင်ကာ အန္တရာယ်ဖြစ်စေပါတယ်။ အင်တာနက်





စာမျက်နှာရှိ 'Take Back'အစီအစဉ်ကို ကြည့်ရှုလေ့လာခြင်းဖြင့် မည်ကဲ့သို့စနစ်တကျဆောင်ရွက်ရမည်ကိုသိနိုင်ပါတယ်။ စနစ်တကျစွန့်ပစ်ရင် သောက်သုံးရေများအတွင်း ပြန်လည်ရောက်ရှိလာခြင်းမဖြစ်နိုင်တော့ဘဲ လူနဲ့တိရစ္ဆာန်တို့အန္တရာယ်ကင်းဝေးစေပါတယ်။

**တစ်ခါသုံးပစ္စည်းများကိုစွန့်ပစ်ခြင်း။**

ဒိုက်ဘာ၊ သန့်ရှင်းရေးတစ်ရှူးအစိုများ၊ ပလတ်စတစ်သွားကြားထိုးတံစတာတွေဟာ ပြိုကွဲလွယ်နိုင်တဲ့ပစ္စည်းတွေမဟုတ်တဲ့အတွက် အိမ်သာများအတွင်းသို့ စွန့်ပစ်ခြင်းကို ရှောင်ကြဉ်ရပါမယ်။ အဲဒီစွန့်ပစ်ပစ္စည်းတွေဟာ အိမ်သာမှတစ်ဆင့် မြစ်၊ ချောင်း၊ အင်းအိုင်များအတွင်းသို့ရောက်ရှိသွားရင် ငါးများနဲ့ အခြားသတ္တဝါတွေကို အန္တရာယ်ဖြစ်စေပါတယ်။ ဗိတ်စနဲ့ပြုလုပ်ထားတဲ့ ဒိုက်ဘာ၊ ပြန်လည်အသုံးပြုနိုင်တဲ့တစ်ရှူးများ၊ ဆွေးမြည့်ပေးနိုင်တဲ့ သွားကြားထိုးတံများကိုအသုံးပြုခြင်းဖြင့် ပတ်ဝန်းကျင်ကိုစောင့်ရှောက်ရာရောက်ပါတယ်။

**ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများကို မသုံးပါနဲ့။**

ပိုးသတ်ဓာတုဆေးတွေကို မြေအတွင်းပက်ဖျန်းခြင်းဟာ မိုးရွာတဲ့အချိန် မြေကြီးမှတစ်ဆင့်မြေအောက်ရေသို့ ဝင်ရောက်သွားနိုင်ပါတယ်။ အဆိပ်ရှိတဲ့ဓာတုပိုးသတ်ဆေးရည်ပျော်ဝင်နေတဲ့မြေအောက်ရေဟာ ပတ်ဝန်းကျင်နဲ့ မှီတင်းနေထိုင်သူတွေကို ဆိုးကျိုးဖြစ်စေပါတယ်။ ဒါကြောင့် သဘာဝအတိုင်း နှိမ်နင်းတဲ့နည်းလမ်းတွေကို ပြောင်းလဲအသုံးပြုရပါမယ်။ အော်ဂဲနစ်စိုက်ပျိုးရေးမှာ အသုံးပြုတဲ့ပိုးမွှားနှိမ်နင်းနည်းလမ်းတွေကို အသုံးပြုသင့်ပါတယ်။ ဥပမာ–ပိုးမွှားတွေကို အိမ်သုံးပန်းကန်ဆေးဆပ်ပြာနဲ့ ရေတို့ရောနှောပြီး အသုံးပြုနှိမ်နင်းနိုင်ပါတယ်။ ဒေသမျိုးစိတ်ကို စိုက်ပျိုးခြင်းဖြင့်လဲ အထောက်အကူဖြစ်နိုင်ပါတယ်။ ဒေသမျိုးစိတ်တွေဟာ အဲဒီဒေသဝန်းကျင်ရှိ ပေါင်းနဲ့ ပိုးမွှားတွေရဲ့အန္တရာယ်ကို ခံနိုင်ရည်ရှိကြပါတယ်။ အခြားအရပ်ဒေသရှိမျိုးစိတ်တွေက ခံနိုင်ရည်နည်းပါးတတ်ကြပါတယ်။

**မြေဆီလွှာတိုက်စားခြင်းကိုဖြစ်ပေါ်စေတဲ့အချက်များကို တားဆီးရမည်။**

မြေဆီလွှာတိုက်စားခြင်းခံရပါက မြစ်ချောင်းများအပျင်းကို စီးဝင်ပါတယ်။ အဲဒီအခါမြေဆီလွှာထဲပါဝင်နေတဲ့ဓာတုပစ္စည်းတွေဟာ ရေနဲ့ရောနှောပြီး အပင်နဲ့တိရစ္ဆာန်တွေအတွက် ပြဿနာဖြစ်စေပါတယ်။ ဥပမာအားဖြင့် ဖော့စဖိတ်ဓာတ်ပါဝင်မှုမြင့်မားနေရင် ရေညှိ၊ ရေမှော်တွေပိုမိုဖြစ်ပေါ်စေပြီး ရေနေငါးများကို သေဆုံးစေပါတယ်။ မြေဆီလွှာတိုက်စားခြင်းကို ကာကွယ်ရန်အကောင်းဆုံးမှာ ဒေသတွင်းပေါက်ရောက်

လေ့ရှိတဲ့ သစ်ပင်များ၊ ချုံပင်များ၊ မြက်ပင်များကို စိုက်ပျိုးထားခြင်းဖြစ်ပါတယ်။ အပင်ရဲ့အမြစ်တွေက မြေကြီးကိုကုပ်တွယ်ပေးထားနိုင်တာကြောင့် တိုက်စားခံရခြင်းကို ကာကွယ်နိုင်ပါတယ်။

**ခြံထွက်အမှိုက်များကို မြေဩဇာပြုလုပ်ပါ။**

ခြံထွက်အမှိုက်တွေဟာ မိုးရွာချိန်မှာ မိုးရေနဲ့အတူမျောပါပြီး ရေမြောင်းများအတွင်း ရောက်ရှိသွားနိုင်ပါတယ်။ အရွက်များ၊ သစ်ကိုင်းများ၊ မြက်များ၊ အမှိုက်သရိုက်များဟာ ရေလမ်းကြောင်းများအတွင်း ဝင်ရောက်စုပုံပြီး ရေထုညစ်ညမ်းမှုဖြစ်ပေါ်စေပါတယ်။ အမှိုက်တွေကို ပုံးများအတွင်းသို့ထည့်သွင်းထားပါ။ မြက်ဖြတ်ထားတဲ့အမှိုက်တွေကို အိတ်တွေနဲ့ထုပ်ပိုးသယ်ယူမဲ့အစား ဖုံးအုပ်စေခြင်းဖြင့် သဘာဝမြေဩဇာအဖြစ် ပြောင်းလဲပေးနိုင်ပါတယ်။ သင်ကိုယ်တိုင်မြေဩဇာမပြုလုပ်နိုင်ပါက သင့်ဒေသတွင်းရှိ အမှိုက် စီမံခန့်ခွဲရေးအဖွဲ့များနဲ့ဆက်သွယ်ပါ။ သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များနဲ့ဆက်သွယ်ပြီး ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာ ဆွေးနွေးနိုင်ပါတယ်။

**မိမိကားကို ကောင်းစွာပြင်ဆင်ထားပါ။**

မိမိကားမှဆီများနဲ့ အခြားသောဓာတုရည်တွေ မြေပေါ်ကို ဗိုတ်စဉ်ကျရောက်နေပါက မြေအောက်ရေအတွင်းသို့ စီးဆင်းသွားနိုင်ပါတယ်။ ဒါကြောင့် မိမိအသုံးပြုနေတဲ့ကားကို ကောင်းစွာထိန်းသိမ်းထားရပါမယ်။ ဆီယိုစိမ့်မှုဖြစ်ပေါ်ရင် အမြန်ပြင်ဆင်ရပါမယ်။

**ကျောင်းနှင့်လုပ်ငန်းခွင်များတွင်ဆောင်ရွက်ပါ။**

လုပ်ငန်းခွင်၊ သို့မဟုတ် ကျောင်းမှာ၊ သင့်အိမ်မှာဆောင်ရွက်တဲ့ ရေညစ်ညမ်းမှုလျှော့ချရေးလုပ်နည်းများအတိုင်း လုပ်ဆောင်ပါ။ မိမိအလုပ်ခွင်နဲ့ကျောင်းမှာ ညစ်ညမ်းမှုကင်းစင်တဲ့နေရာဖြစ်စေရန် ဖန်တီးပါ။ မိမိကျောင်းနေဖက်သူငယ်ချင်းများ၊ ဆရာ၊ ဆရာမများ၊ လုပ်ဖော်ကိုင်ဖက်များ အတူပူးပေါင်းပါဝင်လာစေရန်ဆောင်ရွက်ခြင်းဖြင့် အပြောင်းအလဲတစ်ခုဖြစ်လာစေဖို့ ဆောင်ရွက်ပါ။ ဥပမာအားဖြင့် သင့်ရုံး၊



သို့မဟုတ် ကျောင်းမှာသုံးစွဲလေ့ရှိတဲ့ပစ္စည်းတွေကို သဘာဝပတ်ဝန်းကျင်မထိခိုက်စေတဲ့ပစ္စည်းတွေနဲ့ အစားထိုးပြောင်းလဲသုံးစွဲပေးပါ။

**ရေရှိသောနေရာများတွင် အမှိုက်များကင်းစင်စေရန် ဆောင်ရွက်ပါ။**

အကယ်၍ သင်ဟာ ဒေသတွင်းရှိ မြစ်၊ ချောင်း၊ အင်းအိုင်၊ ရေကန်စသည်တို့နဲ့ နီးတဲ့နေရာမှာနေထိုင်သူဖြစ်ရင် သင်လုပ်နိုင်တာတွေ အများအပြားရှိပါတယ်။ ရေကန်၊ ကမ်းခြေ၊ မြစ်ချောင်းတို့မှာ အုပ်စုလိုက်သန့်ရှင်းရေးလုပ်ဆောင်ပါ။ စုပေါင်း သန့်ရှင်းရေးနေ့တစ်ရက်သတ်မှတ်ပြီး အဲဒီနေ့မှာ လုပ်အားပေးအဖွဲ့က စုပေါင်းဆောင်ရွက်ကြဖို့ လှုံ့ဆော်ပေးပါ။

နိဂုံးချုပ်အနေဖြင့် တင်ပြရရင် ရေသန့်ရှင်းရေးနဲ့ပတ်သက်တဲ့အကြောင်းအရာတွေကို ပြောဆိုဆွေးနွေးခြင်းဖြင့် သင့်ပတ်ဝန်းကျင်ကိုထိရောက်မှုရှိစေဖို့ ဆောင်ရွက်ရပါမယ်။ စက်ရုံစွန့်ပစ်ရေတွေ စည်းကမ်းမဲ့စွန့်ပစ်ခြင်းမပြုလုပ်ဖို့ ဥပဒေတားမြစ်ချက်တွေရှိပါတယ်။ ဒါကြောင့် သင့်ပတ်ဝန်းကျင်မှာ ရေညစ်ညမ်းမှုဖြစ်စေတဲ့စက်ရုံ၊ အလုပ်ရုံတွေကိုတွေ့ရှိပါက သက်ဆိုင်ရာအဖွဲ့အစည်းများထံ တင်ပြပါ။ ဒေသတွင်းနဲ့နိုင်ငံလုံးဆိုင်ရာပြဋ္ဌာန်းထားတဲ့ ရေညစ်ညမ်းမှုဆိုင်ရာဥပဒေများကိုလေ့လာပါ။ သင့်ပတ်ဝန်းကျင်ရှိရေထုကာကွယ်ရေးဆိုင်ရာလုပ်ဆောင်နေတဲ့အဖွဲ့တွေနဲ့ ဆက်သွယ်ဆောင်ရွက်ပါလို့ အကြံပြုလိုပါတယ်။ ။

**အိမ်ကြီးမောင်**



# သမိုင်းထင်ရှားကျန်စစ်သား

အချိန်ကား အေဒီ ၁၀၄၄ ခုနှစ်တွင်ဖြစ်၏။ ပုဂံပြည့်ရှင်မင်းမြတ်နော်ရထာသည် စည်းလုံးညီညွတ်သော၊ ဘက်စုံဖွံ့ဖြိုးတိုးတက်သောပထမမြန်မာနိုင်ငံတော်ကြီးကိုတည်ထောင်ပေးခဲ့သော်လည်း ၎င်း၏သားတော် စောလူးမင်းလက်ထက်၌ လက်ရုံးရည်၊ နှလုံးရည်မပြည့်ဝမှု၊ အုပ်ချုပ်ပုံညံ့ဖျင်းမှုတို့ကြောင့် တိုင်းပြည်မငြိမ်မသက်ဖြစ်ခဲ့ရ၏။ တိုင်းရင်းသားစည်းလုံးရေးပျက်ပြားပြီး ဝါးအစည်းပြေသကဲ့သို့အခြေအနေဆိုးရွားလာခဲ့ရ၏။ နိုင်ငံတော်ပြိုကွဲပျက်စီးရတော့မည့်အခြေအနေဆိုးမျိုးနှင့် ရင်ဆိုင်လာရ၏။ ပုဂံပြည့်ရှင်စောလူးမင်းကိုယ်တိုင်ပင်လျှင် ပုန်ကန်သူ ငရမန်ကန်း၏သုံ့ပန်းဘဝသို့ရောက်ရှိနေရ၏။

ထိုသို့သောအခြေအနေမျိုးတွင် မှူးမတ်ဗိုလ်ပါအပေါင်းနှင့်ပြည်သူတို့က ၎င်းတို့အလွန်အားထားသည့်ကျန်စစ်သားကို ထီးနန်းယူပါရန် ပိုင်းဝန်းအပ်နှံကြ၏။ သို့ရာတွင် ကျန်စစ်သားက "ငါ့အရှင်စောလူးမင်းအသက်ရှင်လျက်ရှိ၊ မရှိ စူးစမ်းအုံးမည်၊ ငါ့အရှင်ရှိသော် ငါ့အရှင်ကိုယူ၍ နန်းတင်မည်"ဟုပြောဆိုခဲ့၏။ အပြောသက်သက်မဟုတ်ဘဲ သူသည် စောလူးမင်းအကျဉ်းကျနေသည့်ရန်သူ့စခန်းသို့ သက်စွန့်ကြိုးပမ်းဝင်ရောက်ခဲ့ပြီး စောလူးမင်းကိုထမ်းပိုးကာ လွတ်ရာသို့ပြေးထွက်၏။

သို့ရာတွင် အတွေးအခေါ်ညံ့ဖျင်းလှသော စောလူးမင်းက 'ကျန်စစ်သားကို ငါ့ခမည်းတော်လက်ထက်ကလည်း ဖျက်ခဲ့ဖူး၏၊ ငါ့လက်ထက်တွင်လည်း ဖျက်ခဲ့ဖူးသည်၊ ယခု ငါ့ကိုလာ၍ခိုးယူခြင်းသည် သဘောရိုးဖြင့်မဟုတ်တန်ရာ၊ ငါ့ကိုသတ်လို၍ခိုးသည်ထင်၏'ဟုအထင်မှားကာ "ငါ့ကို ကျန်စစ်သားခိုးနေပြီ"ဟူ၍မဆင်မခြင်အော်ဟစ်လေ၏။ ထိုအခါ ကျန်စစ်သားလည်း "မင်းဆိုးမင်းညစ် သူ့လက်တွင်သေရစ်ပေတော့"ဟုဆိုကာ စောလူးမင်းကို ပစ်ချထားခဲ့ပြီး အသက်လု၍ထွက်ပြေးခဲ့ရလေ၏။ သို့နှင့် အမြော်အမြင်ကျော်၍ တွေးတောလွှမ်းမိသူ စောလူးမင်းသည် ငရမန်ကန်း၏ကွပ်မျက်ခြင်းကိုခံရလေ၏။ 'သစ္စာတရားကြီးမားလှသော ကျန်စစ်သား'။

ကျန်စစ်သားသည် စောလူးမင်းမရှိတော့သည့်အခါ၌ ဘုရင့်ကဝိမကောက်ကို ပြန်လည်စုစည်း၏။ ငရမန်ကန်းအပါအဝင် တိုင်းပြည်ကို ဖရိုဖရဲဖြစ်အောင်လုပ်ဆောင်ကြသူ အဖျက်သမားမှန်သမျှတို့ကို အပြီးအပိုင်ချေမှုန်း၏။ နိုင်ငံနှင့်အဝန်းတရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးအတွက် မင်းအာဏာစက်ဖြင့်ထက်ထက်မြက်မြက်ဆောင်ရွက်၏။ စောလူးမင်းလက်ထက်တွင် တိုင်းပြည်မငြိမ်မသက်ဖြစ်ပြီး ပြည်သူတို့ ဆင်းရဲဒုက္ခရောက်ခဲ့ရ၏။

ကျန်စစ်သားနန်းတက်သည့်အခါ တွေးမြင်ဆင်ခြင်မိသည်ကား –

'များစွာသော၊ ခပ်သိမ်းသောသူအပေါင်းတို့သည် သားတစ်ကွဲ၊ မယားတစ်ကွဲ၊ မိတစ်ကွဲ၊ ဖတစ်ကွဲဖြစ်ကြရကုန်၏၊ ထိုသူတို့၏ ဆင်းရဲဒုက္ခကို ငါငြိမ်းပါအံ့၊ ထိုသူတို့၏မျက်ရည်ကို ငါသုတ်ပါအံ့၊ ငါ၏လက်ယာလက်ဖြင့် ဆန်စပါးရိက္ခာကို ပေးအံ့၊ ငါ၏လက်ဝဲလက်ဖြင့် ဝတ်စားတန်ဆာကို ပေးအံ့။ အမိသည် သားငယ်ကို ရင်ခွင်၌နှစ်သိမ့်စေသကဲ့သို့ ငါသည်လည်း တိုင်းသူပြည်သားတို့ကို နှစ်သိမ့်စေအံ့ . . .'ဟူ၍ဖြစ်၏။

အထက်ပါအတွေးအမြင်ကို မိမိ၏သန္နိဋ္ဌာန်အဖြစ်ချမှတ်ကာ ရွှေစည်းခုံစေတီတော်၌ မွန်ဘာသာဖြင့် ကမ္ပည်းကျောက်စာတိုင်စိုက်ထူခဲ့၏။ 'ပြည်သူတို့အပေါ်ဝယ် အကြင်နာတရားကြီးမားလှသော ကျန်စစ်သား'။

ကျန်စစ်သားမင်းလက်ထက်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုလည်း အထူးပင်အလေးထားဆောင်ရွက်ခဲ့သည်။ ဘိသိက်ခံရာ၌ မွန်မင်းသမီးခင်ဦးကိုပင် ကောင်ညာထား၍ မွန်တို့၏ဓလေ့ထုံးတမ်းနှင့်အညီ မင်္ဂလာပြုခဲ့၏။ ကမ္ပည်းကျောက်စာများရေးထိုးသည့်အခါ၌လည်း ပါဠိဘာသာ၊ မြန်မာဘာသာတို့နှင့်

သာမက ပျူစာ၊ မွန်စာတို့နှင့်လည်း ရေးထိုးစေလေ့ရှိခဲ့၏။ 'တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အလွန်လိုလားသောကျန်စစ်သား'။

သမီးတော်ရွှေအိမ်သည်နှင့် တစ်ပြည်သားလူမျိုးခြား ပဋိပက္ခရားတို့အကြောင်းပါတော့မည့်အရေးတွင် 'တွေးရတက်ဖြာ၊ သွေးတစ်စက်ဟာ စီးအလားမပေမို့၊ ဆီးတားမလေ၊ တိုင်းပြည်အရေးရယ်နဲ့၊ သမိုင်းအရှည်တွေးလျှင်၊ မျိုးမပျောက်မှာမို့၊ စိုးကြောက်စရာ ပုဂံခေတ်တစ်လျှားဆီမှာတော့၊ ကျန်စစ်သား မင်းမြတ်မဟာက၊ အတင်းဖြတ်ကာ အမှားခရီးမဆက်ရအောင်၊ သားသမီးအတွက် လမ်းပြဆောင်အောင်နိုင်တဲ့ပွဲ'ဟူ၍ စာဆိုတို့ကဗျာဖွဲ့ဂုဏ်ပြုရလောက်အောင် ပြတ်ပြတ်သားသားကဏ္ဍခြားပေးခဲ့၏။ သမီးတော်ရွှေအိမ်သည်ကို စောလူးမင်း၏သား စောယွမ်းနှင့်လက်ဆက်ပေးခဲ့၏။ 'အမျိုးကို အလွန်စောင့်သောကျန်စစ်သား'။

ကျန်စစ်သားအရေးနိမ့်စဉ်က ရှင်မထီးဘုန်းတော်ကြီး၏ကျောင်း၌ခိုလှုံခဲ့ရဖူး၏။ ထိုစဉ်အခါက ရှင်မထီး၏တူမ သမ္ဘူလနှင့်မေတ္တာမျှပြီး သမ္ဘူတွင် ပဋိသန္ဓေခဲ့၏။ အရေးကြံ၍ကျောင်းမှခွာရသောအခါ "ယောက်ျားဖွားလျှင် သားနှင့်လက်စွပ်ကိုယူ၍လာလည့်"ဟု သမ္ဘူလကို လက်စွပ်တော်ပေးအပ်ပြီး အမှာစကားထားရစ်ခဲ့၏။ ကျန်စစ်သားမင်းဖြစ်သည့်အခါ သမီးတော်ရွှေအိမ်သည်နှင့် စောယွမ်းတို့မှ မွေးဖွားသောမြေးတော်လေးကို အလွန်ပင်ချစ်ခင်မြတ်နိုးလှသဖြင့် 'သီရိဇေယျသူရ'ဟု အပ်နှင်း၏။ ရာဇပလ္လင်ပေါ်တွင် တင်၍ ရာဇာဘိသေက မင်္ဂလာပြု၏။ "ငါ့မြေးတော်၏နန်းကို ငါစောင့်ပါသည်"ဟူ၍ မိန့်တော်မူ၏။

ဤသို့ကတိစကားများပြောကြားပြီးခါမှ သမ္ဘူလနှင့် သားတော်ရာဇကုမာရ်တို့ နန်းတော်သို့လိုက်လာကြကုန်၏။ မိမိ၏သားတော်အပေါ်၌ အလွန်ပင်ကရုဏာသက်မိသော်လည်း ကျန်စစ်သားမင်းသည် မြေးတော်အပေါ်၌ထားရှိသောကတိကို မဖျက်ခဲ့ချေ။ မိမိ၏အရိုက်အရာကိုဆက်ခံစေရန်အတွက် မြေးတော်

**ကျန်စစ်သားအရေးနိမ့်စဉ်က**
**ရှင်မထီးဘုန်းတော်ကြီး၏**
**ကျောင်း၌ခိုလှုံခဲ့ရဖူး၏။**
**ထိုစဉ်အခါက**
**ရှင်မထီး၏တူမသမ္ဘူလနှင့်မေတ္တာမျှပြီး**
**သမ္ဘူတွင်**
**ပဋိသန္ဓေခဲ့၏။**
**အရေးကြံ၍**
**ကျောင်းမှခွာရသောအခါ . . .**

သီရိဇေယျသူရကိုသာလျာထားမြဲအတိုင်း လျာထားခဲ့ပြီး သားတော်ရာဇကုမာရ်ကိုမူကား 'ဓေယျခေတ္တရာ'ဘွဲ့ဖြင့် ဓညဝတီနှင့်တကွ တောင်စဉ်ခုနစ်ခရိုင်ကို အပိုင်စားစေခဲ့လေသည်။ 'ကတိအလွန်တည်သောကျန်စစ်သား'။

အနော်ရထာမင်းလက်ထက်က ဆောင်ရွက်အကောင်အထည်ဖော်ထားခဲ့သောဆည်မြောင်းတာတမံနှင့် လမ်းတံတားတို့သည် ကျန်စစ်သားမင်းဆက်လက်စွမ်းဆောင်နိုင်မှုကြောင့် အရှိန်အဟုန်မပျက်တိုးတက်ခဲ့ရ၏။ သို့နှင့် နိုင်ငံတော်၏စိုက်ပျိုးရေးလုပ်ငန်း၊ ထန်းလျက်ချက်လုပ်ငန်း၊ မြေအိုးအမျိုးမျိုးနှင့်စဥ္စထည်လုပ်ငန်း၊ ပန်းတမော့၊ ပန်းတော့၊ ပန်းပဲ၊ ပန်းရန်၊ ပန်းထိမ်၊ ပန်းတဉ်း၊ ပန်းချီ၊ ပန်းပွတ်နှင့် ပန်းပုလုပ်ငန်းများ တိုးတက်ထွန်းကားခဲ့ရ၏။ ပုဂံဈေးကြီး၌ မြည်တွင်းမြည်ပမှ ကုန်သည်များ၊ ရောင်းသူဝယ်သူများဖြင့် ကြက်ပျံမကျစည်ကားခဲ့ရ၏။ 'နိုင်ငံတော်၏စီးပွားရေးကို တိုးတက်ထွန်းကားစေခဲ့သောကျန်စစ်သား'။

အနော်ရထာမင်းကြီးအပြီးမသတ်ခဲ့ရသော ရွှေစည်းခုံစေတီတော်ကို ဆက်၍တည်ခဲ့ရုံသာမက

လက်ရာစုံလှစွာသော အာနန္ဒာဘုရားအပါအဝင် စေတီပုထိုးမြောက်မြားစွာကို တည်တော်မူခဲ့၏။ ကျောင်းကန်ဇရပ်နှင့်သိမ်တို့ကိုလည်း အောက်လုပ်လှူဒါန်းတော်မူခဲ့၏။ သာသနာ့ဦးချောင်ဖြစ်သည့် ရှင်အရဟံမဟာထေရ်မှာလည်း သက်တော်ထင်ရှား ရှိနေသေးသဖြင့် သာသနာရေးအတွက် အားကိုးအားထားပြုရ၏။ ထိုခေတ်၌ မြန်မာ့ပုဂံရွှေပြည်တော်သည် အာရှအရှေ့တောင်ပိုင်းဒေသကြီးတစ်ခုလုံးတွင် ဗုဒ္ဓသာသနာတော်၏ဗဟိုအချက်အချာဖြစ်လာ၏။ ကျန်စစ်သားမင်းသည် မြတ်စွာဘုရားပွင့်တော်မူရာ ဗုဒ္ဓဂယာတွင်လည်း သာသနိကအဆောက်အအုံဟောင်းများကို ပြုပြင်မွမ်းမံပေးတော်မူခဲ့၏။ 'သာသနာတော်ကို ထွန်းကားပြန့်ပွားစေရန်စွမ်းဆောင်တော်မူခဲ့သော ကျန်စစ်သား'။

ပုဂံခေတ်မင်းကောင်းမင်းမြတ်တစ်ပါးဖြစ်သူ ကျန်စစ်သားသည် တိုင်းပြည်အရေးကြုံသည့်အခါ တိုင်းသူပြည်သားတို့ရှေ့မှ မားမားမတ်မတ်ရပ်တည် ကာကွယ်ခဲ့၏။ ကယ်တင်ခဲ့၏။ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကိုထိန်းသိမ်းစောင့်ရှောက်ခဲ့၏။ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အားကြိုးမာန်တက်ဆောင်ရွက်ပေးခဲ့၏။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် အထူးအလေးထားဆောင်ရွက်ပေးခဲ့၏။ ထို့အတူ သမိုင်းအစဉ်အလာကြီးမားခဲ့သော ယနေ့မြန်မာ့တပ်မတော်သည်လည်း နိုင်ငံနှင့်လူမျိုးအတွက် အရေးကြုံသည့်အခါတိုင်း ရှေ့မှမားမားမတ်မတ်ရပ်တည် ကာကွယ်စောင့်ရှောက်ခဲ့၏။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ နိုင်ငံတော်အကျိုးအတွက် အားကြိုးမာန်တက်ဆောင်ရွက်ပေးလျက်ရှိပေရာ ကျေးဇူးတရားကြီးမားလှသောမြန်မာ့တပ်မတော်ကို ဤဆောင်းပါးဖြင့် ဂုဏ်ပြုလိုက်မိရပါကြောင်း . . .။ ။

**မနုသသကျော်ဝင်း(အမျိုးသားစာပေဆုရ)**

**စာတည်းအဖွဲ့**

မြဝတီစာပေတိုက်၊
အမှတ် (၁၅)၊
မိုးကောင်းလမ်း၊
(၁၅) ရပ်ကွက်၊
သောက်ထော်၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉၃၀၃၆၇၅၆၂
E-mail:
mwdliteraturehouse@gmail.com




# သက်ဝင်ခံစား

# ပျော်စရာကမ္ဘာများ

နိုးနိုး



ဒီလရဲ့ရုပ်ရှင်စာမျက်နှာအတွက် ရွေးချယ်ထားတဲ့ဇာတ်ကားကတော့ 'နက်'လို့အမည်ရတဲ့ အက်ရှင်ဒရာမာဇာတ်ကားပဲဖြစ်ပါတယ်။ လမ်းမတော်ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထားတာဖြစ်ပြီး ဒါရိုက်တာမအောင်ကိုလတ်ရိုက်ကူးထားတာ ပါဝင်ထားကြသူတွေကလဲ နာမည်ကျော်သရုပ်ဆောင်တွေဖြစ်ပါတယ်။

ဒီဇာတ်ကားမှာတော့ အဓိကသရုပ်ဆောင်တွေအဖြစ် နိုင်းနိုင်း၊ ဖြိုးငွေစိုး၊ ဒါရာ၊ အိန္ဒြာကျော်ဇင်၊ မယ်လိုဒီ၊ စင်သဇင်နဲ့ ဟန်နေလွင်လွင်တို့က အဓိကပါဝင်သရုပ်ဆောင်ထားကြပါတယ်။ ဇာတ်လမ်းက Dto ဖြစ်ပြီးတော့ ဇာတ်ညွှန်းကတော့ ဒီရုပ်ရှင်ဇာတ်ကားရဲ့ ပရိုဂျူဆာကိုယ်တိုင် ရေးသားပုံဖော်ထားတာပါ။

ဒါရိုက်တာအောင်ကိုလတ်ရိုက်ကူးတဲ့ 'နက်' ရုပ်ရှင်ဇာတ်ကားဟာ သူ့ဘဝရဲ့ တတိယမြောက် ဇာတ်ကားဖြစ်ပါတယ်။

အချုပ်ပို(၂)

ပထမဇာတ်ကားဖြစ်တဲ့ 'ကာယန်းအလှ' နဲ့ ဒုတိယကားဖြစ်တဲ့ 'ဂန္ဓမ္မ' ရုပ်ရှင်ဇာတ်ကားတွေဟာလဲ မြန်မာပြည်က ပရိသတ်တွေသာမက နိုင်ငံတကာက ရုပ်ရှင်ချစ်ပရိသတ်တွေကိုပါ ဖမ်းစားနိုင်ခဲ့တာပဲဖြစ်ပါတယ်။ အခုထပ်မံထွက်ရှိမဲ့ဇာတ်ကားကလဲ ပရိသတ်တွေကို ဘယ်လောက်အထိဆွဲဆောင်နိုင်မလဲဆိုတာကြည့်ကြရမှာပါ။

ဒီဇာတ်ကားရဲ့ထူးခြားချက်ကတော့ မတွေ့ရတာကြာပြီဖြစ်တဲ့ အိန္ဒြာကျော်ဇင်၊ နိုင်းနိုင်း၊ မယ်လိုဒီနဲ့ ဖြိုးငွေစိုးတို့ကို တွဲဖက်တွေ့မြင်ကြရမှာဖြစ်ပါတယ်။ သူတို့ရရှိထားတဲ့ကာရိုက်တာကို သဘာဝအကျဆုံးဖြစ်အောင် သရုပ်ဆောင်ထားကြပြီး အပြင်ကာရိုက်တာနဲ့ သိပ်မကွာတဲ့ Personality ကိုရရှိထားကြတယ်လို့ ဇာတ်လမ်းမှာပါဝင်တဲ့သရုပ်ဆောင်တချို့က ပြောပါတယ်။

ဇာတ်ကားအပေါ်မှာ အာရုံအင်မတန်စိုက်လွန်းတဲ့သရုပ်ဆောင်တွေဖြစ်တာရယ်၊ သရုပ်ဆောင်တွေကို မနားတမ်းခိုင်းတတ်တဲ့ ဒါရိုက်တာကြောင့် ဒီဇာတ်ကားဟာ သာမန်ဇာတ်ကားတွေနဲ့ တူမှာမဟုတ်ဘူးဆိုတာကတော့ သေချာပါတယ်။ ပုံမှန်မြင်တွေ့နေကျဖြစ်တဲ့ ချစ်၊ ကွဲ၊ ညားဇာတ်ကားတွေလိုမဟုတ်ဘဲ ထူးခြားတဲ့ ဇာတ်အိမ်၊ ကောင်းမွန်တဲ့ရိုက်ချက်တွေကို တွေ့မြင်ရမယ်ဆိုတာ ဒါရိုက်တာအောင်ကိုလတ်ရဲ့ ရှေ့ကားနှစ်ကားက သက်သေပြနေပါတယ်။

ဇာတ်ပို့ထဲမှာတော့ နာမည်ရလာတဲ့ ခင်သဇင်၊ ခါရာနဲ့ အဆိုတော်ရင်ဂိုရဲ့ သမီးငယ်ဟန်နေလွင်လွင်တို့က ပါဝင်သရုပ်ဆောင်ထားပါတယ်။ ဒီဇာတ်ကားကို ဂီတဒရာမာလို့ပြောထားပေမဲ့ တကယ်ကတော့ နတ်ရိုးရာအကြောင်းကိုပြသထားတဲ့ ဇာတ်ကားဖြစ်ပါတယ်။





မြန်မာနိုင်ငံမှာ နတ်ရိုးရာကိုးကွယ်ယုံကြည်မှုဟာ ခေတ်အဆက်ဆက်ပြုလုပ်ခဲ့ကြတာဖြစ်ပြီး ဒီရိုးရာယုံကြည်မှုဟာ ဘယ်လောက်နက်ရှိုင်းတယ်ဆိုတဲ့ အကြောင်းကိုလေ့လာပြီး နိုင်ငံတကာအထိပါ စာတမ်းတင်ခဲ့တဲ့ကောင်လေးတစ်ယောက်ကိုအခြေခံပြီးဖြစ်ပေါ်လာတဲ့ဇာတ်လမ်းဖြစ်လို့ ဇာတ်အိမ်ခိုင်မာတယ်လို့ ဒါရိုက်တာအောင်ကိုလတ်က ပြောပါတယ်။

ဒီဇာတ်ကားကို ရန်ကုန်၊ ပုဂံ၊ ပုပ္ပား၊ ဆောင်မြီး၊ မိတ္ထီလာနဲ့ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းအထိ သွားရောက်ရိုက်ကူးခဲ့ကြပါတယ်။

လက်ရှိအချိန်အထိ မြန်မာနိုင်ငံမှာကြီးစိုးနေဆဲဖြစ်တဲ့ နတ်ရိုးရာကိုးကွယ်ယုံကြည်မှု၊ ဘာလီမှာရှိတဲ့ နတ်ရိုးရာယဉ်ကျေးမှု၊ နတ်ရိုးရာယုံကြည်မှုနဲ့ပတ်သက်တဲ့သမိုင်းဗဟုသုတကိုရရှိနိုင်မှာဖြစ်တဲ့အပြင် ဂီတရသနဲ့ နတ်ရိုးရာအကအလှတွေကို မြိုင်မြိုင်ဆိုင်ဆိုင်ကြည့်ရှုခံစားကြရမှာဖြစ်ပါတယ်။





အချုပ်ပို(၃)

နိုင်ငံတကာအထိ ထိုးဖောက်နိုင်ခဲ့တဲ့ဒါရိုက်တာအောင်ကိုလတ်ရဲ့အနုပညာလက်ရာဟာ ဒီတစ်ခါမှာရော ပရိသတ်ကို ဘယ်လောက်အထိဖမ်းစားနိုင်မလဲဆိုတာကို စောင့်ကြည့်ကြရမှာပါ။ နိုင်ငံတကာကို ထပ်ပြီးဖမ်းစားနိုင်ခဲ့မယ်ဆိုရင်တော့ ပြည်တွင်းအနုပညာရှင်တွေရဲ့ကျော်ကြားမှုဟာလဲ နိုင်ငံတကာအထိထိုးဖောက်လာနိုင်မှာ ကျိန်းသေပါတယ်။

ဒီလိုသာ ရသမြောက်တဲ့အနုပညာတွေ ပြည်တွင်းမှာရိုက်ကူးလာနိုင်မယ်ဆိုရင် မြန်မာ့ရုပ်ရှင်ဟာ နိုင်ငံတကာမှာ ပြန်လည်ဦးမော့လာနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ဒီ'နတ်'ရုပ်ရှင်ဇာတ်ကားမှာ ဒါရိုက်တာအောင်ကိုလတ်ရဲ့အနုပညာ







ဘယ်လောက်တာသွားမလဲ၊ ဇာတ်ကောင်တွေရဲ့ အနုပညာတွေက ပရိသတ်တွေကို ဘယ်လောက်အထိ ဖမ်းစားနိုင်မလဲဆိုတာကို ကိုဗစ်အပြီး ပိတ်ကားထက်မှာ စောင့်မျှော်ကြည့်ရှုကြရအောင်ပါ။ ။

စုးစုး

# ၂၀၂၀ ပြည့်နှစ်
# မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက်
# လအလိုက်ခေါင်းစဉ်များ

| စဉ် | လအမည် | ပြိုင်ပွဲခေါင်းစဉ် | နောက်ဆုံးပေးပို့ရမည့် ရက်၊ အချိန် |
|---|---|---|---|
| ၁။ | ဇန်နဝါရီ(ပြာသို) | လွတ်လပ်ရေးပွဲတော် | ၁၅-၁၁-၂၀၁၉၊ ၁၆း၀၀ နာရီ |
| ၂။ | ဖေဖော်ဝါရီ(တပို့တွဲ) | ရိုးရာထမင်းနဲပွဲ ဆင်ကာချွဲ | ၁၅-၁၂-၂၀၁၉၊ ၁၆း၀၀ နာရီ |
| ၃။ | မတ်(တပေါင်း) | တပ်မတော်သည် ပြည်သူ့အတွက် | ၁၅-၁-၂၀၂၀၊ ၁၆း၀၀ နာရီ |
| ၄။ | ဧပြီ(တန်ခူး) | ယဉ်ကျေးရွှင်ပျော် သင်္ကြန်ပွဲတော် | ၁၅-၂-၂၀၂၀၊ ၁၆း၀၀ နာရီ |
| ၅။ | မေ(ကဆုန်) | လုပ်အားအလှ | ၁၅-၃-၂၀၂၀၊ ၁၆း၀၀ နာရီ |
| ၆။ | ဇွန်(နယုန်) | နိုင်ငံတစ်ဝန်းစိမ်းလန်းဖို့ သစ်ပင်စိုက်ကြစို့ | ၁၅-၄-၂၀၂၀၊ ၁၆း၀၀ နာရီ |
| ၇။ | ဇူလိုင်(ဝါဆို) | ဝါဆိုမည်မှန်း မြတ်သင်္ကန်း | ၁၅-၅-၂၀၂၀၊ ၁၆း၀၀ နာရီ |
| ၈။ | ဩဂုတ်(ဝါခေါင်) | ဖြိုးဖြိုးဖြိုးသဲသဲစာရေးတံမဲပွဲ | ၁၅-၆-၂၀၂၀၊ ၁၆း၀၀ နာရီ |
| ၉။ | စက်တင်ဘာ(တော်သလင်း) | ရွာမလှေ | ၁၅-၇-၂၀၂၀၊ ၁၆း၀၀ နာရီ |
| ၁၀။ | အောက်တိုဘာ(သီတင်းကျွတ်) | မြန်မာ့အနုပညာပန်းပုလက်ရာများ | ၁၅-၈-၂၀၂၀၊ ၁၆း၀၀ နာရီ |
| ၁၁။ | နိုဝင်ဘာ(တန်ဆောင်မုန်း) | မသိုးသင်္ကန်းရက်လှူပွဲ | ၁၅-၉-၂၀၂၀၊ ၁၆း၀၀ နာရီ |
| ၁၂။ | ဒီဇင်ဘာ(နတ်တော်) | လှုပ်လှုပ်ရှားရှားအားကစား | ၁၅-၁၀-၂၀၂၀၊ ၁၆း၀၀ နာရီ |

**ဂွန်ရိုး (Gong Yoo)**

နာမည်ကျော်တောင်ကိုရီးယားမင်းသားဂွန်ရိုးဟာ ဇာတ်လမ်းတွဲအသစ်တစ်ခုနဲ့အတူ မကြာမီ ပရိသတ်ရှေ့ ပြန်လည်ရောက်ရှိလာတော့မယ်လို့ သိရပါတယ်။

Squid Game လို့အမည်ရတဲ့ အဆိုပါဇာတ်လမ်းတွဲ အသစ်မှာ ဂွန်ရိုးဟာ အထူးသရုပ်ဆောင်အဖြစ် ပါဝင်သွားမှာ ပါ။ သူ့အနေနဲ့ ဒီဇာတ်လမ်းတွဲအသစ်မှာ ပါဝင်သရုပ်ဆောင် ဖို့လက်ခံခဲ့ပြီးဆိုတာကိုလဲ သူ့ရဲ့အေဂျင်စီက အတည်ပြု ထုတ်ပြန်ခဲ့ပါတယ်။

ဒီဇာတ်လမ်းတွဲသစ်ဟာ ကိုရီးယား ဝမ် ၄၅ ဒသမ ၆ ဘီလီယံတန်ဖိုးရှိ ကစားပွဲတစ်ခုမှာ ပါဝင်ပတ်သက်မိတဲ့ လူတစ်စုအကြောင်းကို ရိုက်ကူးပုံဖော်သွားမဲ့ဇာတ်လမ်းတွဲ တစ်ခုလဲဖြစ်တယ်လို့ သိရပါတယ်။

# ထင်ပေါ်ကျော်ကြား နိုင်ငံတကာအနုပညာရှင်များ

အိစ္ဆေစင်





**ဂျွန်ဂျီယွန်း(Jun Ji-hyun)**

နာမည်ကျော် တောင်ကိုရီးယားမင်းသမီး ဂျွန်ဂျီယွန်းဟာ နာမည်ကျော်ဇာတ်ကားတစ်ခုဖြစ်တဲ့ Kingdom ရုပ်ရှင်ရဲ့ နောက်ဆက်တွဲရုပ်ရှင်အသစ်မှာ ပါဝင်သရုပ်ဆောင်သွားမယ်လို့ အတည်ပြုပြောကြားခဲ့ကြောင်း သတင်းတွေအရသိရပါတယ်။





Kingdom ရုပ်ရှင်ဟာ ဖုတ်ကောင်တွေအကြောင်းကို ရိုက်ကူးထားတဲ့ဇာတ်လမ်းတွဲရုပ်ရှင်တစ်ခုဖြစ်ပြီး ပြီးခဲ့တဲ့ရာသီနှစ်ခုစလုံးက ထုတ်လွှင့်ပြသရာမှာ ပရိသတ်ကြည့်ရှုမှုများပြားကာ အောင်မြင်တဲ့ရုပ်ရှင်ဖြစ်ခဲ့ပါတယ်။ ဂျွန်ဂျီယွန်းဟာ အဆိုပါရုပ်ရှင်ရဲ့ဒုတိယမြောက် ရာသီအဆုံးမှာပါဝင်ခဲ့တာမို့ ယခုဆက်လက်ရိုက်ကူးမဲ့ရုပ်ရှင်အသစ်မှာလဲ ပြန်လည်ပါဝင်လာရတာဖြစ်တယ်လို့ သိရပါတယ်။





## ဆိုဖီတာနာ(Sophie Turner)

နာမည်ကျော်ဟောလီးဝုဒ်မင်းသမီး ဆိုဖီတာနာဟာ လတ်တလော သူ့ရဲ့ပထမဆုံးရင်သွေးလေးကို အောင်မြင်စွာမွေးဖွားခဲ့ပြီး ဖြစ်တယ်လို့ သတင်းတွေအရ သိရပါတယ်။ Game of Thrones ဇာတ်လမ်းတွဲရုပ်ရှင်တွေနဲ့ ပရိသတ် ရင်းနှီးခဲ့ကြတဲ့ ဆိုဖီတာနာရဲ့ရင်သွေးလေးဟာ သမီးလေးဖြစ်ပါတယ်။ အသက် ၂၄ နှစ်အရွယ် မင်းသမီးဟာ ခင်ပွန်းဖြစ်သူ အဆိုတော်သရုပ်ဆောင် ဂျိုးဂျိုနက်စ်နဲ့ ၂၀၁၉ ခုနှစ်၊ မေလက လက်ထပ်ခဲ့တာဖြစ်ပါတယ်။ သမီးလေးရဲ့အမည်ကို ဝီလာလို့ ပေးထားပြီး လော့စ်အိန်ဂျလိစ်မှာ မွေးဖွားခဲ့တယ်လို့ သိရပါတယ်။



## BLACKPINK





တောင်ကိုရီးယားနာမည်ကျော် အမျိုးသမီးတေးဂီတအဖွဲ့ BLACKPINK ရဲ့တေးသီချင်းအယ်လ်ဘမ်သစ်ကို လာမဲ့အောက်တိုဘာလအတွင်း စတင်ထုတ်လွှင့်သွားဖို့ရှိတယ်လို့ လတ်တလောသတင်းတွေအရ သိရပါတယ်။

BLACKPINK အဖွဲ့ရဲ့တေးသီချင်း အယ်လ်ဘမ်သစ်မှာပါဝင်မဲ့တေးသီချင်းအသစ်တစ်ပုဒ်ကိုတော့ ဩဂုတ်လအတွင်း စတင်ထုတ်လွှင့်ပေးသွားဖို့ရှိပြီး အဆိုပါသီချင်းမှာ အခြားနာမည်ကျော်အဆိုတော်တစ်ဦးကလဲ ပါဝင်အားဖြည့်ပေးထားတယ်လို့သိရပါတယ်။ ဒီတေးအယ်လ်ဘမ်ဟာ BLACKPINK အဖွဲ့ရဲ့ဂီတသက်တမ်းတစ်လျှောက် ပထမဆုံးထုတ်လွှင့်မဲ့ တေးအယ်လ်ဘမ်အပြည့်အစုံတစ်ခုလဲဖြစ်တယ်လို့ သိရပါတယ်။ ။

အိမ်ရွှေစင်

Source; mizzimanews . com, bbc . com



# 'မြဝတီပွင့်သစ်' ကဏ္ဍအတွက်
# ကလောင်သစ်များဖိတ်ခေါ်ခြင်း

မြဝတီမဂ္ဂဇင်းသည် ခေတ်အဆက်ဆက်ကလောင်ရှင်များမွေးဖွားပေးရာ စာပေစင်မြင့်ထက်သို့စင်တင်ပေးရာ ရေခံမြေခံကောင်းသောမဂ္ဂဇင်းဖြစ်ခဲ့သည်နှင့်အညီ ယခုလည်း ၎င်းအစဉ်အလာကို ထိန်းသိမ်းသောအားဖြင့်လည်းကောင်း၊ ရသစာပေဖွံ့ဖြိုးရေးအခန်းကဏ္ဍအတွက်လည်းကောင်း တစ်တပ်တစ်အားပါဝင်လိုသဖြင့် စာပေဝါသနာရှင်များ၏ ရသပေးစွမ်းနိုင်သော **ဝတ္ထုတို** များကို ပေးပို့ကလောင်သွေးနိုင်ကြပါသည်။ စာမူများကိုပေးပို့ရာတွင် အောက်ပါစည်းကမ်းချက်များကိုလိုက်နာရမည် –

(က) ပင်ကိုရေးဖြစ်ရမည်။ သူတစ်ပါး၏စာမူများအား ထပ်တူပြုခြင်း၊ ကူးယူခြင်း၊ ဆင်တူယိုးမှားရေးသားခြင်း လုံးဝမပြုလုပ်ရ။

(ခ) ကွန်ပျူတာစာစီလျှင် (A 4) ၄ မျက်နှာ၊ လက်ရေးမူဖြစ်ပါက (A 4) ၆ မျက်နှာထက် မပိုစေရ။

(ဂ) **'မြဝတီပွင့်သစ်'**ဟု သိသာထင်ရှားစွာဖော်ပြရမည်။

(ဃ) တိုက်ပြိုင်ပေးပို့ခြင်းမပြုရ။ စာမူပေးပို့ပြီး အနည်းဆုံး ၆ လအတွင်း တခြားတိုက်သို့ ထပ်မံပေးပို့ခြင်းမပြုရ။

(င) အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊ ကိုယ်တိုင်ရေးသားကြောင်း ဝန်ခံချက်ပြည့်စုံစွာပါရှိရမည်။



**မြဝတီမဂ္ဂဇင်း**
**မြဝတီစာပေတိုက်**
**အမှတ် (၁၅)၊ မိုးကောင်းလမ်း၊ (၁၅)ရပ်ကွက်၊**
**ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း**
**ဒေသကြီး။**
**ဖုန်း – ၀၉ ၃၀၃၆၇၅၆၂**
**Email: mwdliteraturehouse @ gmail.com**

(ရသစကားပြေ)

# သက်တမ်းတိုးကြစေလိုသည်

## နေလင်း (ပေါက်ခေါင်း)



လူဆိုသည်က
မိမိတစ်ဝရပ်တည်နိုင်ရေးအတွက်
ပျော်ရာမှာမနေ၊ တော်ရာမှာသာနေရသည့်
သဘောရှိသော်လည်း
မိမိမွေးရပ်ဇာတိမြေကိုတော့ဖြင့်
မေ့ချရတာတော့သည်မဟုတ်။
မွေးရပ်နှင့်မိသားစုကိုခွဲကာ
ဝမ်းရေးအတွက်
အလုပ်လုပ်နေရသော်လည်း
အားလပ်ရက်ရသည်နှင့်
မွေးရပ်ဆီအပြေးပြန်ကြသည်သာဖြစ်သည်။
ဖိုးနည်းတူ မွေးရပ်ကိုမမေ့နိုင်သည့်
မီမီသည်လည်း
လွန်ခဲ့သည့်ရက်အနည်းငယ်က
ဇာတိမြေသို့
ဧည့်သည်အဖြစ်
ပြန်လည်ခြေဦးလှည့်ခဲ့သည်။
မိမိမွေးရပ်ဟုသည်ကို
အဆိုအကျဆိုရသော်
ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊
ပြည်ခရိုင်အတွင်းရှိ ပေါက်ခေါင်းမြို့၏
အနောက်မြောက်ဘက်
မြောက်မိုင်ခန့်အကွာတွင်ရှိသော
'ခမ္မသော'ဟုသည့်ရွာဖြစ်သည်။
ရွာအမည် ခမ္မသောဆိုသည်က
'ခမ္မသော်တာ၊ တရားခမ္မတို့
ဆော်တာဖွေလ
မမောတွန့်လင်းဆောက်ပသည့်ရွာ'ဟု
အဓိပ္ပာယ်ရကြောင်း
ရှေးလူကြီးတို့
ပြောစမှတ်ရှိသည်ကို
မှတ်သားရသည်။

* * *



မွန်းကျပ်ရှုပ်ထွေးလှသော
ရန်ကုန်ရွှေမြို့တော်ကြီးမှ
ပြည်မြို့အထိ
နာမည်ကြီးအဝေးပြေးယာဉ်လိုင်းတစ်ခုဖြင့်
စီးနင်းလိုက်ပါခဲ့သည်။
ပေါက်ခေါင်းအထိ
တိုက်ရိုက်ကားရှိသော်လည်း
မိမိအိမ်သူသက်ထားက
ပြည်မြို့အရှေ့ဘက်သရေခေတ္တရာဖူးမြို့ဟောင်း
မော်စားသူဖြစ်သောကြောင့်
သူ့ဆီ အရင်ဝင်ရောက်သတင်းပို့ရမည်ဖြစ်၍
ပြည်အထိသာ စီးခဲ့ခြင်းဖြစ်သည်။
စီးလာသောကားကြီးက
အပြင်ပန်းကကြည့်သော်
အတော်ကောင်းမွန်လှသည်ဟု
မယောက်ယူမှတ်ချက်ပြုနိုင်သော်လည်း
ကားအတွင်းအခင်းအကျင်းနှင့်
သန့်ပြန့်မှုက အလွန်အားနည်းလှသလို
ဝန်ဆောင်မှုကလည်း
ရေဘူးမပေး၍
လိုက်ဆောင်းသောက်ရသည်က
ခရီးသည်တိုင်းလိုလို။
စိတ်ထဲကတော့ ၎င်းကားကို
'ဟောင်းချောင်ပြောင်ဆောင်ထားသော
ကားဟောင်းကြီး' ဟု
မိမိဘာသာ ကင့်ပွန်းတပ်မိသည်။

နောက်တစ်ရက်တွင် အိမ်သူသက်ထားနှင့်အတူ မော်စာမှပေါက်ခေါင်းရှိမိဘများဆီသို့ ဆိုင်ကယ်ဖြင့် ထွက်လာခဲ့သည်။ ပေါက်ခေါင်းမြို့လေးက ဟိုတုန်းက လိုပင် ဘာမှထူးထူးခြားခြားပြောင်းလဲမသွား။ ပုံမှန် လည်ပတ်နေသလို အေးဆေးတည်ငြိမ်လှသည်။ နည်းနည်းပြောင်းလဲသည်က မိမိတို့ကျောင်းသားဘဝ ဖိနပ်ခါးကြားထိုး၊ လွယ်အိတ်ကို ဘုထုံးထုံး၍ စလွယ်သိုင်းပြီး ရွံ့ရုန်းကာ ကျောင်းတက်ခဲ့ရသည့် ရပ်ကွက်လမ်းကလေးက မြေနီလမ်းလေးဖြစ်သွားသည်။ ရပ်ကွက်ထဲတွင် အိမ်ခြေအနည်းငယ်တိုးလာပြီး မြို့ထဲက အိမ်ဆိုင်အချို့တိုက်ကြီးများဖြစ်သွားသည်ကိုတွေ့ရသည်။ မြို့လယ်တွင် မီးပွိုင့်တပ်ဆင်ထားသော်လည်း ဣန္ဒြေကြီးစွာဖြင့် မျက်တောင်ပင်ခတ်မပြ။ မီးပွိုင့်အနီးက ဂျပန်ခေတ်စစ်ဝတ်စုံဖြင့် ဗိုလ်ချုပ်အောင်ဆန်းရုပ်တုကတော့ ဓားကိုင်မာန်ဝင့်လျက်ပင်ရှိပြီး အရာရာကို စောင့်ကြည့်နေသလို။

အဖေနှင့်အမေအိမ်ရောက်တော့ ကြိုမပြောဘဲ ပြန်လာ၍ မိမိကြိုက်သောဝက်သားဟင်းချက်မကျွေးရသည့်အမေက ဗျစ်တောက်ဗျစ်တောက်လုပ်သည်။ အငြိမ်းစားကျောင်းဆရာအဖေနှင့်ကတော့ နိုင်ငံအတွင်း ဖြစ်နေသောအခြေအနေများကို ဖလှယ်ဆွေးနွေးဖြစ်ကြပြီး နေ့လယ်ထမင်းစားချိန်ရောက်တော့ မစားရတာ ကြာပြီဖြစ်သည့် အမေ့လက်ရာငါးကျည်းချက်နှင့် သဖွားသီးသုပ်ကို ကျေနပ်စွာစားဖြစ်သည်။

ခဏနားနေချိန် မိုးတိမ်လိပ်တို့အုံ့မှိုင်းလာ၍ ရွာဘက်ဆီ ထွက်လာခဲ့လိုက်ကြသည်။ မိုးရွာလျှင် ရွာလမ်းက ဆိုင်ကယ်စီးရတာမလွယ်။ ဆိုင်ကယ်ရော လူပါ ယက်ကန်ယက်ကန်ဖြစ်သွားနိုင်သည်။ ရွာဘက်မထွက်ခင် ငယ်ငယ်ကတည်းက စားလာသည့် ဦးလေးဝမ်းကွဲ၏ ကွမ်းယာဆိုင်ဝင်ပြီး ကွမ်းကုပ်တော့ သူ့ဆိုင်လေးကလည်း မပြောင်းလဲ။ ဦးလေးက ကွမ်းယာယာပေးရင်း နဘယ်အဆင့်လဲ၊ ဘယ်မှာတာဝန်ကျလဲ၊ ကချင်ပြည်နယ်မှာထက်တော့သာမှာပေါ့ စသဖြင့် မေးမြန်းရင်း သူ့ဘေးတွင် အင်တာနက်ဖွင့်ကာထောင်ထားသောဖုန်းအတွင်းက Live Channel တစ်ခုကို ကြည့်နေသည်။ မိမိက ဘာလဲဟု စပ်စုလိုက်သော် ကိုင်းနိုင်ငံက ချဲကီဖွင့်နေခြင်းဟုသိရသည်။ ဟိုကုန်းကလို ဘာဂဏန်းထွက်လဲ လိုက်မေးစရာမလိုတော့။ ကိုယ်တိုင်တိုက်ရိုက်ကြည့်ရှုနိုင်လာပြီဖြစ်သည်။

× × ×

မွေးရပ်မြေမွှေးသော်ရွာသို့ ဆိုင်ကယ်စီးလာရင်း နောက်ကထိုင်လိုက်လာသည့် အိမ်သူသက်ထားကို မိမိရွာအကြောင်းရှင်းပြရသည်။ ယခင်က မွှေးသော်ရွာသည် ယခုလက်ရှိနေရာတွင် မဟုတ်။ လက်ရှိ တောင်နဝင်းရေထိန်းတာမံဆည်ဧရိယာထဲတွင်ဖြစ်ပြီး ရေလှောင်တာမံစီမံကိန်းအရ မလွှတ်ကင်း၍ ၁၉၉၀ ပြည့်နှစ်တွင် ပြောင်းရွှေ့ပေးခဲ့ရခြင်းဖြစ်သည်။

ယခင်ကဆို ရွာကနေ ပြည်၊ ဒါမှမဟုတ် ပေါက်ခေါင်းသို့သွားလိုလျှင် တောင်နဝင်းဆည်ထဲက နေ စက်လှေစီး၍ စက်လှေတစ်တန်၊ ကားတစ်တန်၊ လှည်းတစ်တန်ဖြင့်သွားကြရသောကြောင့် မြို့ပေါ်သို့ အလွယ်တကူသွားရန်မလွယ်။ စက်လှေမစီးလိုလျှင် ကုန်းကြောင်းချီတက်ကြရန်သာဖြစ်သည်။ ရွာတွင် တာဝန်ကျသော ဆရာ၊ ဆရာမများမှာ ကျောင်းပိတ်ရက် မြို့သို့ပြန်လိုလျှင် ရွံ့ရုန်းကာ ကုန်းကြောင်းလျှောက် ပြန်ကြရသည်။ အမေက ရွာတွင် ဈေးဆိုင်ဖွင့်ထားရာ တစ်လတစ်ခါ ပြည်သို့သွား၍ ဈေးဝယ်လျှင် တစ်နေကုန်တတ်ပြီး တစ်ခါတစ်ရံ မိုးစုပ်စုပ်ချုပ်မှ ရွာပြန်ရောက်တတ်သည်။

ယခုတော့ ကျေးရွာချင်းဆက်လမ်းအဖြစ် ၂၀၀၈ ခုနှစ်က ကတ္တရာလမ်းဖောက်လုပ်ပေးထား၍ ဟိုအရင်ကလို အချိန်မကုန်တော့။ ရွာကနေ မြို့သို့သွားလိုလျှင် နာရီဝက်ခန့်သာကြာပြီး အချိန်ကုန်အလွန်သက်သာသွားသည်။ ၎င်းကျေးရွာချင်းဆက်လမ်းသည်လည်း ဆယ်စုနှစ်တစ်ခုခန့်ကြာလာသော် ဇရာက စကားပြောလာသည်ထင့်။ ပေါက်သည့်နေရာ

ပေါက်၊ ပြသည့်နေရာပြ၍ တချို့နေရာများတွင် ဆိုင်ကယ်ကိုထိန်းစီးနေရသည်။ သို့သော် လမ်းတွင် တွေ့ရသောဆိုင်ကယ်စီးသူများမှာ မိမိလို ထိန်းစီးတာ မတွေ့ရ။ လမ်းနှင့်အပေးအယူတည့်ကာ အသားကျ စီးနင်းနိုင်သည်ကိုတွေ့ရသည်။

'ဓမ္မသော်သို့ ၃ မိုင်'ဆိုသည့်ဆိုင်းဘုတ်တွေ့သော် ဘယ်ဘက်သို့ချိုးကွေ့လိုက်ရာ ဟိုယခင်က ဒူးခေါင်းမြုပ်အောင်ရုန်းရသည့်သဲလမ်းကို ကျောက်ခင်းမြေသားလမ်းအဖြစ်တွေ့ရသော်လည်း တောက်လျှောက်တော့ ကောင်းသည်မဟုတ်။ အချို့နေရာတွင် ပျက်စီးနေလေပြီ။ ကျေးရွာများဖွံ့ဖြိုးတိုးတက်မှုတွင် လမ်းပန်းဆက်သွယ်ရေးက အဓိကကျကြောင်းတွေးမိသည်က ငယ်ငယ်ကတည်းကဖြစ်သော်လည်း ခုထိဘာမှမစွမ်းဆောင်နိုင်ခဲ့။ ငယ်ငယ်က တောင်နဝင်းဆည်ထဲကဖြတ်ပြီး စက်လှေစီးကာ ပေါက်ခေါင်းသွားရင်း 'ငါကြီးလာလို့ လုပ်ပိုင်ခွင့်ရတဲ့သူဖြစ်ရင် ပေါက်ခေါင်းနဲ့ငါတို့ရွာကို ဒီဆည်ကြီးထဲကဖြတ်ပြီး တံတားထိုးပစ်မယ်'ဟု လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုအပေါ်အဆင်ပြေချင်စိတ်ဖြင့် ကလေးအတွေးတွေးမိသည်ကို ပြန်သတိရရင်း ပြုံးမိသေးသည်။

× × ×

ရွာကိုဝင်လိုက်သည်နှင့် အရာအားလုံး ဘာမှမပြောင်းလဲသလို ခံစားရသည်။ သို့သော် ရွာဦးဘုန်းကြီးကျောင်းတွင် နောက်ထပ်ဆောက်လုပ်ထားသည့် ဆွမ်းစားဆောင်သစ်ကြီးက ဟီးထနေပြီး ဘုရားကုန်းပေါ်ရှိ အောင်ချမ်းသာစေတီတော်လေးကလည်း စေတီဟောင်းပေါ် ထပ်မံ၍ အသစ်တည်ထားသည်ကို ကြည်နူးဖွယ်ဖူးမြော်ရသည်။

မိမိတို့ငယ်စဉ်က ပညာရင်နို့သောက်စို့ခဲ့သည့် အလယ်တန်းကျောင်းလေးမှာ ကျောင်းဆောင်သစ်များ တိုးပွားလျက် အထက်တန်းကျောင်းအဖြစ် ကြွားကြွားဝင့်ဝင့်တင့်တယ်လျက်။ ရွာအနောက်ဘက်တွင်လည်း ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံအသစ်က သပ်ရပ်ခံ့ထည်စွာနေရာယူထားသည်။ ရွာထဲရှိအိမ်အတော်များများကလည်း တိုက်ခံအိမ်များအဖြစ် အသွင်ပြောင်းရောက်ရှိသွားကြသလို ကားနှင့်ဆိုင်ကယ်များလည်း ပိုမိုပေါ်များလာသည်ကိုတွေ့ရသည်။ စိုက်ပျိုးရေးလုပ်ငန်းတွင်လည်း ယခင်က နွားများဖြင့် ဖက်ရုန်းရသည့် လက်မှုလယ်ယာမှသည် ထွန်စက်များ၊ လက်တွန်းထွန်စက်များအသုံးပြုထွန်ယက်သည့် စက်မှုလယ်ယာဆီ တဖြည်းဖြည်းကူးပြောင်းနေသည်ကိုတွေ့မြင်ရ၍ ဝမ်းသာမိသလို ကျေးဇူးရှင်နွားများ သက်သာသွားသည့်အတွက် ကြည်နူးစိတ်ဖြစ်ရသည်။

ရွာက အိမ်အတွင်းကွေ့ဝင်လိုက်သည်နှင့် မိမိတို့ငယ်စဉ်က အိမ်ပုံစံမဟုတ်တော့ဘဲ အောက်က တိုက်ခံအဖြစ်ပြောင်းလဲထားကာ အပေါ်က ပျဉ်ထောင်နှင့်ဖြစ်သွားပြီး ငယ်စဉ်က တူတူပုန်းတမ်းဆော့ခဲ့ကြသည့် အိမ်နောက်ဖေးရှိစပါးကျီနေရာတွင် တတိယမြောက်အစ်ကို၏မြေပဲခွဲစက်က အစားထိုးနေရာယူထားသည်ကိုတွေ့ရ၏။ တစ်ချိန်က မိဘများနှင့်ညီအစ်ကို ခြောက်ယောက်တို့ အတူတကွရှိနေခဲ့ကြသည့်ပုံရိပ်များကို ပြန်လည်ပုံဖော်ကြည့်ရင်း လွမ်းမောမိရသည်။

ညနေရောက်သော် ပဉ္စမမြောက်အစ်ကိုနှင့် ဝမ်းကွဲအစ်ကိုအချို့က ညီတော်မောင်ပြန်လာသည်ဖြစ်၍ဧည့်ခံကြရင်း စကားလက်ဆုံကျကာ ရွာအကြောင်း ပြောဖြစ်ကြရာ ယခု ၂၀၂၀ ပြည့်နှစ်တွင် လျှပ်စစ်မီးရတော့မည်ဖြစ်ကြောင်း၊ အစိုးရက ခွင့်ပြုပေးသည့် မီးလိုင်းအပြင် တစ်ရွာလုံးမီးလင်းရန် ဓာတ်တိုင်များ၊ မီးကြိုးများကို စုပေါင်းဝယ်ယူတပ်ဆင်ရမည်ဖြစ်၍ ရွာသားများညီညွတ်ကြရမည်လည်းဖြစ်ကြောင်း၊ တိုက်နယ်ဆေးရုံတွင် တာဝန်ကျသည့်ဆရာဝန်လည်း ရောက်ရှိနေပြီဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးအတွက်လည်း ဆောင်ရွက်ကြရဦးမည်ဖြစ်ကြောင်းစသည်ဖြင့် ထွေရာလေးပါးပြောဖြစ်ကြသည်။

ရွံ့ထဲဗွက်ထဲ နွားနှင့်ဖက်ရုန်းကာ မိမိတို့ဘဝကို

မြင့်စေခဲ့သည့် တကိုယ်ရေမြောက်အစ်ကိုကတော့ ရာသီဥတုမမှန်၍ စိုက်ပျိုးရေးအခက်အခဲဖြစ်ရသည့် လယ်သမားတို့ဘဝကို ညည်းညူသည်။ မည်သို့ဆိုစေ ယောဂျယျခြိုင့်သုံးသပ်ပါလျှင် မိမိရွာသည် ရန်ကုန်က စီးလာသည့်ကားကြီးလို 'ကောင်းချင်ယောင်ဆောင်ထားသည့်အဟောင်းကြီး'မဟုတ်ဘဲ 'ဟောင်းချင်ယောင်ဆောင်ထားသော တိုးတက်သည့်ရွာ'ဖြစ်ကြောင်း ကျေနပ်စွာမှတ်ချက်ပြုမိသည်။

ရွာအတွင်း အထူးခြားဆုံးဖြစ်ရပ်က အရက်ကို မိခင်နို့ရည်ကဲ့သို့ နှစ်ခြိုက်စွာသောက်သုံးကြသူများ အရက်ပြတ်သွားခြင်းပင်ဖြစ်သည်။ ရွာလယ်ပိုင်းကကို ဘယ်သူ၊ ရွာမြောက်ပိုင်းက ဘယ်သူတွေ စသဖြင့် နာမည်ကြီးယစ်ထုတ်ကြီးများ လုံးဝအရက်မသောက်တော့ဘဲ ပြတ်ကုန်ကြသည်တဲ့။ အလွန်အံ့သြလွန်း၍ မေးကြည့်တော့ အညာဒေသ ကျောက်ပန်းတောင်းရှိ ဆရာတော်တစ်ပါးထံသွားရောက်ကာ အရက်ဖြတ်ကြခြင်းဖြစ်ကြောင်း သိရသည်။

ရေနှင့်အရက်ရွေးခိုင်းလျှင် အရက်ကိုသာရွေးမည့်ရွာအနောက်ပိုင်းက မိမိ၏ဝမ်းကွဲညီအစ်ကိုနှစ်ဦးဆိုလျှင် အရက်နံ့ပင်မခံနိုင်ဘဲ တစ်နေ့ကို ထမင်းခြောက်ခါစားကြသည်ဆို၏။ ထူးဆန်းအံ့သြလှပေစွ။ မိမိရွာပြန်ရောက်နေ၍ ပိုင်းဖွဲ့ရန် ဖိတ်မန္တကပြုသော် အကြောင်းပြန်သည်ကား 'အစ်ကိုက လူ့သက်တမ်းတိုးထားတယ်ကွ'ဟူ၏။ အရက်ဖြတ်ထားသည်ကို ဖြတ်ထားသည်ဟု တဲ့တိုးမပြော။ လူ့သက်တမ်းတိုးထားသည်ဟု ဆိုသည်။ ချစ်စရာကောင်းသောမှတ်သားစရာစကားပင်။

မိမိတို့ရွာတဲ့တွင်သာ အရက်ပြတ်ကုန်ကြသည်မဟုတ်။ အနီးအနားရှိ ရွာ သုံး၊ လေးရွာဆိုလျှင် အရက်ဆိုင်များပင် ပိတ်ပစ်ကြရသည်ဟုသိရသည်။ လူ့သက်တမ်းများတိုးပွားအောင်ဆောင်ရွက်ပေးသောဆရာတော်ကိုလည်း ကြည်ညိုစိတ်ဖြစ်ရသလို မိမိကိုယ်ကိုသက်တမ်းတိုးလိုစိတ်ရှိသည့် တစ်ချိန်က အလွန်သောက်ခဲ့သူ၊ အသောက်လွန်ခဲ့သူတို့ကိုလည်း လေးစားမိသည်။

× × ×

စကားလက်စသတ်ပြီး ပိုင်းသိမ်းကြချိန်တွင် ညဉ့်အတော်နက်နေလေပြီ။ အိပ်ခန်းထဲဝင်လိုက်တော့ ဖွင့်ထားသည့်ခေါင်းရင်းတံခါးဆီမှ လတ်ဆတ်အေးမြသောလေအေးအေးလေးများက လူကိုတိုးဝှေ့လာပြီး အပြင်ဘက်ကောင်းကင်ဆီတွင် ကြယ်ရောင်တို့က တလက်လက်။ ရန်ကုန်မှာမရနိုင်သည့် တိတ်ဆိတ်အေးမြငြိမ်းချမ်းခြင်းအရသာကို ပွေ့ပိုက်ခံစားမိသည်။

ကောင်းကင်ကိုမော့ကြည့်ရင်း အတွေးစတချို့ဖြန့်ကြက်မိရသည်က ရွာကလူတွေ အရက်ဖြတ်ပြီး သက်တမ်းတိုးကြသလို လူတိုင်းကိုယ်စီလည်း အမုန်းတရားတွေဖြတ်ကာ ချစ်ခြင်းမေတ္တာတွေ သက်တမ်းတိုးစေလိုသည်။ မလိုမုန်းထားစိတ်တွေဖြတ်ကာ မုဒိတာတရားတွေ သက်တမ်းတိုးစေလိုသည်။ စိတ်ဖမ်းမတူကွဲပြားမှုတွေဖြတ်ကာ စည်းလုံးညီညွတ်မှုတွေ သက်တမ်းတိုးစေလိုသည်။ ငါမှငါဆိုသည့်စိတ်တွေဖြတ်ကာ ပူးပေါင်းဆောင်ရွက်လိုစိတ်တွေ သက်တမ်းတိုးစေလိုသည်။ စာနာနားလည်၊ သည်းခံစိတ်တွေ သက်တမ်းတိုးစေလိုသည်။ သူတစ်ပါးကိုချုနင်းပြီး နေရာယူမည့်စိတ်တွေဖြတ်ကာ သံသရာခရီးသွား အချင်းချင်း ရိုင်းပင်းကူညီလိုစိတ်တွေ သက်တမ်းတိုးစေလိုသည်။ မငြိမ်းချမ်းစေမည့်ဆောင်ရွက်မှုအားလုံးကိုဖြတ်ကာ ထာဝရငြိမ်းချမ်းစွာလျှောက်လှမ်းနိုင်မည့် လုပ်ဆောင်ချက်တွေအားလုံး သက်တမ်းတိုးစေလိုသည်။

စသည်စသည်ဖြင့် တွေးဆဆင်ခြင်မိနေဆဲ ရွာကလေးကတော့ ဘယ်လိုအကာအကွယ်၊ အစောင့်အရှောက်မှမလိုအပ်ဘဲ ညအမှောင်ထဲမှာ တိတ်ဆိတ်ငြိမ်သက်အေးချမ်းစွာ အိပ်မောကျလျက်။ ။

**နေဇင်(ပေါက်ခေါင်း)**

← ဖြတ်ရန်

# မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲ

## တင်သွင်းပုံစံ

ပြိုင်ပွဲခေါင်းစဉ် - - - - - - - - - - - - - - - - - - - - - - - - -

ရိုက်ကူးသူအမည် - - - - - - - - - - - - - - - - - - - - - - - - -

မှတ်ပုံတင်အမှတ် - - - - - - - - - - - - - - - - - - - - - - - - -

အဘအမည် - - - - - - - - - - - - - - - - - - - - - - - - -

နေရပ်လိပ်စာ - - - - - - - - - - - - - - - - - - - - - - - - -

ဓာတ်ပုံရိုက်ကူးသည့်နေရာဒေသအကြောင်း - - - - - - - - - - - - - -

- - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

- - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

Data - - - - - - - - - - - - - - - - - - - - - - - - -

Camera - - - - - - - - - - - - - - - - - - - - - - - - -

Exposure - - - - - - - - - - - - - - - - - - - - - - - - -

Film / Dev - - - - - - - - - - - - - - - - - - - - - - - - -

Paper / Dev - - - - - - - - - - - - - - - - - - - - - - - - -

ဓာတ်ပုံပေးပို့သူ၏လက်မှတ် - - - - - - - -

နေ့စွဲ - - - - - - - -




ဆီးချိုသွေးချိုရောဂါလို့ပြောလိုက်ရင် ကျွန်တော်တို့မြန်မာနိုင်ငံကလူတော်တော်များများက ကြားဖူး၊ သိဖူးပြီးသားဖြစ်မယ်လို့ ယူဆပါတယ်။ ဒါပေမဲ့ ဆီးချိုသွေးချိုရောဂါ ဝေဒနာရှင်အတော်များများကတော့ သူတို့ရောဂါကို သိပ်ပြီးဂရုမစိုက်၊ အလေးမထားဘဲ ပေါ့ပေါ့တန်တန်သာ သဘောထားတတ်ကြတာကိုတွေ့ရပါတယ်။ ဒါကြောင့်မို့ ဆီးချိုသွေးချိုရောဂါအကြောင်း ပိုပြီးတော့ သိအောင်၊ သတိထားမိလာအောင်၊ ကိုယ့်ရောဂါကို ဂရုစိုက်တတ်လာအောင် ဒီဆောင်းပါးလေးကို ရေးလိုက်ရတာဖြစ်ပါတယ်။

ဒေါက်တာနေလင်းအောင်(ပျော်ဘွယ်)


# ဆီးချို သွေးချို မပေါ့စေလို

## ဆီးချိုသွေးချိုရောဂါဆိုတာ

ဆီးချိုသွေးချိုရောဂါဆိုတာက ကျွန်တော်တို့စားသောက်လိုက်တဲ့အစားအစာတွေကနေရလာတဲ့ အချိုဓာတ် (Glucose) ဂလူးကို့စ်တွေဟာ ခန္ဓာကိုယ်ရဲ့ဆဲလ်တွေထဲကိုမဝင်နိုင်ဘဲ သွေးထဲမှာရှိသင့်တဲ့ပမာဏထက် ပိုပြီးများနေတဲ့ နာတာရှည်ရောဂါတစ်ခုကို ဆိုလိုတာဖြစ်ပါတယ်။



သွေးချိုဆိုတာက သွေးထဲမှာ အချိုဓာတ်ပမာဏ ပိုမိုများပြားနေတဲ့အခြေအနေကိုခေါ်တာဖြစ်ပြီး အဲဒီသွေးထဲမှာပိုနေတဲ့အချိုဓာတ်တွေကို ကျောက်ကပ်ကနေကာစ်ဆင့် ဆီးနဲ့အတူစွန့်ထုတ်လိုက်တဲ့အခါ ဆီးကပါချိုနေတာကြောင့် ဆီးချိုလို့လဲ ခေါ်ကြပါတယ်။ ဒါကြောင့် ဆီးချိုနဲ့သွေးချိုကို တစ်ပေါင်းတည်းခေါ်လိုက်ပြီး 'ဆီးချိုသွေးချိုရောဂါ'လို့ အမည်တွင်စေတာဖြစ်ပါတယ်။ တချို့သူတွေထင်သလို ဆီးချိုနဲ့သွေးချိုက မတူညီတဲ့ရောဂါတစ်ခုစီမဟုတ်ဘဲ ရောဂါတစ်ခုတည်းရဲ့ မတူကွဲပြားတဲ့အခြေအနေနှစ်ခုပဲဖြစ်ပါတယ်။




### ဆီးချိုသွေးချိုရောဂါက ဘာကြောင့်ဖြစ်လာတာလဲ။


ဆီးချိုသွေးချိုရောဂါဟာ မျိုးရိုးလိုက်တတ်တဲ့ရောဂါတစ်ခုဖြစ်ပါတယ်။ မိဘ၊ ညီအစ်ကိုမောင်နှမတွေမှာ ဆီးချိုသွေးချိုရောဂါရှိနေရင် ကိုယ့်မှာလဲ ဆီးချိုသွေးချိုရောဂါဖြစ်လာနိုင်ခြေရှိပါတယ်။ ဒါပေမဲ့ ဆီးချိုသွေးချိုရောဂါက ကူးစက်ရောဂါမဟုတ်တဲ့အတွက် လူတစ်ယောက်ကနေ နောက်တစ်ယောက်ကိုတော့ မကူးစက်စေတတ်ပါဘူး။

ဆီးချိုသွေးချိုရောဂါဟာ ကိုယ့်ရဲ့နေထိုင်စားသောက်မှုပုံစံပေါ်မှာမူတည်ပြီးလဲ ဖြစ်လာနိုင်ခြေရှိပါသေးတယ်။ ဝတဲ့သူတွေ၊ အထိုင်များပြီးလှုပ်ရှားမှုနည်းတဲ့သူတွေ၊ အဆီစားများတဲ့သူတွေ၊ ဓာတုပစ္စည်းတွေပါဝင်တဲ့အစားအစာတွေကို မကြာခဏစားသောက်တတ်သူတွေ၊ ဆီကြော်တွေနဲ့ ခရင်မ်(Cream)ပါတဲ့အစာတွေကို အစားများတဲ့သူတွေမှာလဲ ဆီးချိုသွေးချိုရောဂါဖြစ်လာနိုင်ပါတယ်။ ကိုယ့်မှာ သွေးတိုးရောဂါရှိနေတာ၊ မုန့်ချိုအိတ်(Pancreas)ရောဂါတစ်ခုခုရှိနေတာမျိုးဆိုရင်လဲ ဆီးချိုသွေးချိုရောဂါဖြစ်လာနိုင်ပါတယ်။

### အင်ဆူလင်ဟော်မုန်းအကြောင်း

အင်ဆူလင် (Insulin) ဟော်မုန်းကို မုန့်ချိုအိတ်(Pancreas)မှာရှိတဲ့ ဘီတာဆဲလ်(Beta cells of Islet of Langerhans)ကနေ ထုတ်ပေးပါတယ်။ အင်ဆူလင်ဟော်မုန်းရဲ့တာဝန်က သွေးထဲမှာရှိတဲ့ ဂလူးကို့စ်အချိုဓာတ်တွေကို ကြွက်သားဆဲလ်၊ အသည်းဆဲလ်တွေထဲရောက်အောင် ပို့ဆောင်ပေးရတာပါပဲ။

မျက်စိထဲမြင်အောင်ပြောရရင် ဆဲလ်နံရံရဲ့ တံခါးတွေမှာရှိတဲ့သော့ခလောက်ကို အင်ဆူလင်ဆိုတဲ့ သော့တံလေးနဲ့ဖွင့်ပေးပြီး ဂလူးကို့စ်ဓာတ်တွေကို ဆဲလ်ထဲရောက်အောင်သွင်းပေးတဲ့သဘောပါပဲ။ တကယ်လို့ အင်ဆူလင်ဆိုတဲ့ သော့တံလေးသာမရှိဘူးဆိုရင်




ဂလူးကိုစ့်ဓာတ်တွေဟာ ဆဲလ်တွေထဲကိုမဝင်ရောက်နိုင်တော့ဘဲ သွေးထဲမှာပဲ စုပုံများပြားနေမှာဖြစ်ပါတယ်။ ဒါကြောင့် သွေးထဲမှာရှိသင့်ရှိထိုက်တဲ့အချိုဓာတ်ပမာဏအတွင်းပဲရှိနေအောင် မုန့်ချိုအိတ်ကနေ အင်ဆူလင်ဟော်မုန်းတွေကို လိုအပ်သလောက်ထုတ်ပေးနေတာပဲဖြစ်ပါတယ်။ ဂလူးကိုစ့်ဓာတ်တွေဆဲလ်ထဲကိုဝင်ရောက်နိုင်မှသာ ဆဲလ်အတွက် လိုအပ်တဲ့စွမ်းအင်တွေကိုထုတ်လုပ်သုံးစွဲနိုင်မှာဖြစ်ပါတယ်။

**ဆီးချိုသွေးချိုရောဂါအမျိုးအစားများ**

အဓိကအားဖြင့် ဆီးချိုသွေးချိုရောဂါ အမျိုးအစား ၃ မျိုးရှိပါတယ်။

**(က) ဆီးချိုသွေးချိုရောဂါ (Type -1 Diabetes Mellitus)**

အသက်အရွယ်မရွေးဖြစ်နိုင်တဲ့ ဆီးချိုသွေးချိုအမျိုးအစားတစ်ခုဖြစ်ပြီး အသက် ၄ နှစ်မှ ၇ နှစ်အရွယ်အတွင်း ကလေးငယ်တွေနဲ့ အသက် ၁၀ နှစ်မှ ၁၄ နှစ်အရွယ်လူငယ်လူရွယ်လေးတွေမှာ အတွေ့များပါတယ်။ မျိုးဗီဇကြောင့်ပဲဖြစ်ဖြစ်၊ ကိုယ်ခံအားစနစ်ရဲ့မှားယွင်းတိုက်ခိုက်မှုကြောင့်ပဲဖြစ်ဖြစ် ကျွန်တော်တို့ရဲ့ပမ်းတွင်းအင်္ဂါတစ်ခုဖြစ်တဲ့ မုန့်ချိုအိတ် (Pancreas) ကနေ အင်ဆူလင်ဟော်မုန်း (Insulin) လုံးဝမထုတ်ပေးနိုင်တာ၊ ဒါမှမဟုတ် မဖြစ်စလောက်သာထုတ်ပေးနိုင်တာကြောင့်ဖြစ်လာတဲ့ဆီးချိုသွေးချိုအမျိုးအစားဖြစ်ပါတယ်။

ငြင်ပကနေ အင်ဆူလင်ဟော်မုန်းကို တစ်သက်တာပတ်လုံး ထိုးဖို့လိုအပ်တဲ့ရောဂါအမျိုးအစားတစ်ခုဖြစ်တာကြောင့် အင်ဆူလင်ကိုမှီခိုရတဲ့ဆီးချိုရောဂါ (Insulin Dependent Diabetes Mellitus) လို့ အရင်တုန်းက ခေါ်ဆိုခဲ့ကြပါတယ်။

**(ခ) ဆီးချိုသွေးချိုရောဂါ (Type - 2 Diabetes Mellitus)**

ဒီအမျိုးအစားကတော့ ဆီးချိုသွေးချိုရောဂါသည်အားလုံးရဲ့ ၉၀ ရာခိုင်နှုန်းကျော်လောက်အထိဖြစ်နေကြတာမို့ အဖြစ်အများဆုံးအမျိုးအစားလို့ ပြောလို့ရပါတယ်။ အသက် ၃၀ ကျော်အရွယ်ရောက်ပြီးသားသူတွေနဲ့ လူကြီးပိုင်းတွေမှာ အဖြစ်များပါတယ်။

ရောဂါဖြစ်ရတဲ့အကြောင်းအရင်းကတော့ မုန့်ချိုအိတ်ကနေ အင်ဆူလင်ဟော်မုန်းလုံလုံလောက်လောက်မထုတ်ပေးနိုင်တာကြောင့်လဲဖြစ်နိုင်သလို၊ အင်ဆူလင်ဟော်မုန်းလုံ့လောက်ပေမဲ့ ကြွက်သားဆဲလ်တွေ၊ အဆီဆဲလ်တွေနဲ့ အသည်းဆဲလ်တွေက ဂလူးကို့စ်အချိုဓာတ်ကို သူတို့ဆဲလ်တွေထဲ အလွယ်တကူအဝင်မခံဘဲ ခုခံပိတ်ပင်မှုတွေ (Insulin Resistance) ပြုလုပ်လာတာကြောင့်လဲ ဖြစ်နိုင်ပါတယ်။

## ကိုယ်ဝန်ဆောင် ဆီးချိုသွေးချိုရောဂါ (Gestational Diabetes Mellitus)

ကိုယ်ဝန်ဆောင်ချိန်မှာဖြစ်လာတတ်တဲ့ ဆီးချိုသွေးချိုအမျိုးအစားကတ်ခုဖြစ်ပါတယ်။ ကလေးမွေးဖွားပြီးတဲ့အခါမှာတော့ တဖြည်းဖြည်းသက်သာပျောက်ကင်းသွားတတ်ပါတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာ မိခင်ရော၊ ကလေးပါ ဆီးချိုသွေးချိုရောဂါဖြစ်လာနိုင်ခြေအရမ်းများပါတယ်။

## ဆီးချိုသွေးချိုရောဂါဖြစ်လာရင် ဘယ်လိုရောဂါလက္ခဏာတွေပြလာမလဲ။

ဆီးချိုသွေးချိုရောဂါဖြစ်လာတဲ့သူတချို့က သူတို့ကိုယ်သူတို့ရောဂါရှိမှန်းတောင် မသိတတ်ကြပါဘူး။ ဆီးချိုသွေးချိုရဲ့ နောက်ဆက်တွဲပြဿနာ (Complications) တွေဖြစ်လာပြီး စမ်းသပ်စစ်ဆေးလိုက်တဲ့အခါမှ ရောဂါရှိနေမှန်းသိကြရသူတွေ အများကြီးရှိပါတယ်။

ဆီးချိုသွေးချိုရောဂါဖြစ်လာပြီဆိုရင် စွမ်းအင်ထုတ်ယူသုံးစွဲဖို့ လိုအပ်နေတဲ့ဆဲလ်တွေထဲကို အကြောင်းအမျိုးမျိုးကြောင့် ဝင်လို့မရဖြစ်နေတဲ့ ဂလူးကို့စ်အချိုဓာတ်တွေဟာ သွေးထဲမှာပဲ စုပုံများပြားလာပါတယ်။ ဆဲလ်ထဲမှာ ဂလူးကို့စ်ဓာတ်တွေမရလို့ စွမ်းအင်မထုတ်နိုင်တဲ့အခါ ဆဲလ်တွေက ပုံမှန်လုပ်နေကျလုပ်ငန်းဆောင်တာတွေကိုလုပ်တဲ့နေရာမှာ အခက်အခဲတွေဖြစ်လာပါတယ်။ အဲဒီလိုအခက်အခဲဖြစ်တဲ့အခါ လူဟာမောပန်းလွယ်၊ နွမ်းနယ်လွယ်ပြီး ခြေကုန်လက်ပန်းကျသလို ခံစားရတတ်ပါတယ်။

ဆဲလ်တွေရဲ့လုပ်ငန်းဆောင်တာတွေ ပုံမှန်အတိုင်းလုပ်နိုင်ဖို့အတွက် ဂလူးကို့စ်ဓာတ်တွေလိုအပ်နေကြောင်း ဦးနှောက်ဆီကို ဆဲလ်တွေက အထပ်ထပ်သတင်းပို့ကြပါတယ်။ အဲဒီအခါ ဦးနှောက်ကနေအစာစားချင်စိတ်ဖြစ်အောင် မကြာခဏလှုံ့ဆော်ပေးတဲ့အတွက် ရောဂါသည်ဟာ အစားအစာကို တစ်နပ်ပြီးတစ်နပ် စားချင်နေတတ်၊ ဆာလောင်နေတတ်ပါတယ်။ အဲဒီလိုစားနေပေမဲ့ အင်ဆူလင်ဟော်မုန်းချို့တဲ့မှုကြောင့် ဆဲလ်တွေကတော့ အချိုဓာတ်ကို လိုအပ်သလောက်မရကြဘဲ သွေးထဲမှာသာ ဂလူးကို့စ်အချိုဓာတ်တွေက များသည်ထက်ပိုများလာပါတယ်။ ဒီအခြေအနေကို သွေးချိုလို့လဲခေါ်ကြပါတယ်။

ဘယ်လိုပဲစားစား အချိုဓာတ်တွေက ဆဲလ်ထဲကို လိုအပ်သလောက်မရောက်တဲ့အခါ ခန္ဓာကိုယ်ရဲ့ ထိန်းညှိမှုဖြစ်စဉ်အရ အဆီဆဲလ်နဲ့ကြွက်သားဆဲလ်တွေကို ဂလူးကို့စ်အဖြစ် ပြန်လည်ပြောင်းလဲစေတာကြောင့် ဆီးချိုသွေးချိုလူနာတွေရဲ့ကိုယ်အလေးချိန်က တဖြည်းဖြည်းကျလာတတ်ပါတယ်။ ဒါကြောင့် နဂိုပိန်တဲ့ဆီးချိုသွေးချိုဝေဒနာရှင်တွေက ဝတဲ့ဆီးချိုသွေးချိုဝေဒနာရှင်တွေထက် အသက်အန္တရာယ်ပိုရှိတယ်လို့လဲဆိုကြပါတယ်။

အဲဒီသွေးထဲမှာ ပိုလျှံနေတဲ့ဂလူးကို့စ်အချိုဓာတ်တွေဟာ ကျောက်ကပ်ကိုရောက်တဲ့အခါ ရေတွေအများကြီးကို ဆွဲစုပ်ယူသွားပြီး ဆီးအဖြစ်သွားစေပါတယ်။ အဲဒီလို ရေတွေအများကြီး ဆွဲယူသွားတဲ့အတွက် ဆီးပေါပေါနဲ့ ခဏခဏသွားတတ်ပါတယ်။ ဆီးတွေ ခဏခဏသွားတာကြောင့် ခန္ဓာကိုယ်မှာ ရေဓာတ်ဆုံးရှုံးမှု (Dehydration)တွေဖြစ်လာပါတယ်။ အဲဒီလို ရေဓာတ်ဆုံးရှုံးမှုတွေဖြစ်လာတဲ့အခါ မကြာခဏ ရေငတ်တဲ့ဝေဒနာကို ခံစားလာရတတ်ပါတယ်။ ဆီးထဲမှာ အချိုဓာတ်တွေပါလာတဲ့အတွက် ဆီးကို ပုရွက်ဆိတ်တွေအုံနေတာမျိုးလဲ တွေ့ရတတ်ပါတယ်။

သွေးထဲမှာ ဂလူးကို့စ်အချိုဓာတ်တွေ ရေရှည်မြင့်တက်နေရင် သွေးလွှတ်ကြောလေးတွေရဲ့နံရံတွေကို မာတောင့်လာစေပါတယ်။ ဒါကြောင့် ဆီးချိုသွေးချိုရောဂါရေရှည်ဖြစ်လာရင် သွေးတိုးရောဂါပါ ဖြစ်လာတတ်ပါတယ်။ ဒါ့အပြင် ရေရှည်မှာ အာရုံကြောတွေကိုပါ ထိခိုက်လာတဲ့အတွက် ခြေတွေလက်တွေထုံကျဉ်နေတတ်ပါတယ်။ ထိခိုက်ဒဏ်ရာတစ်ခုခုရလာရင်လဲ ပျောက်ဖို့ခဲယဉ်းလာတတ်ပါတယ်။

မျက်စိအမြင်အာရုံတွေဝေဝါးတာ၊ မျက်စိကွယ်သွားတာမျိုးလဲ ဖြစ်သွားတတ်ပါတယ်။ ဒါကြောင့် ဆီးချိုသွေးချိုရောဂါဝေဒနာရှင်တွေက မျက်စိကို ၆ လကတစ်ခါ စစ်ဆေးစမ်းသပ်ခံသင့်ပါတယ်။

နောက်ထပ်ဆေးပညာဆိုင်ရာအရေးပေါ်အခြေအနေတစ်ခုဖြစ်တဲ့ သွေးတွင်းအက်စစ်ဓာတ်မြင့်တက်သောအရေးပေါ်အခြေအနေဖြစ်ခြင်း (Diabetic Ketoacidosis - DKA)လဲ ဖြစ်လာနိုင်ပါတယ်။ အသည်းကနေ အဆီဓာတ်တွေကို လောင်စာအဖြစ် မြန်မြန်ဆန်ဆန်ဖြိုခွဲလိုက်တဲ့အတွက် သွေးထဲမှာ ကီတုန်း (Ketone) အက်စစ်ဓာတ်တွေ အများကြီးဖြစ်လာတဲ့ အရေးပေါ်အခြေအနေတစ်ရပ်ပါ။ အဲဒီလိုဖြစ်ရင် သတိထားမိလွယ်တာကတော့ အသက်ရှူမြန်တာနဲ့အတူ သစ်သီးနံ့နဲ့တူတဲ့ ကီတုန်းရနံ့ (Ketone Smell)ကို ရတာပါပဲ။ အချိန်မီမကုသရင် သေတတ်တာကြောင့် မပေါ့ဆသင့်တဲ့အခြေအနေတစ်ရပ်ဖြစ်ပါတယ်။

**ဆီးချိုသွေးချိုရောဂါရှိ၊ မရှိ ဘယ်လိုစစ်ဆေးသတ်မှတ်သလဲ။**

ည ၁၀ နာရီကနေ နံနက် ၆ နာရီအတွင်း (အနည်းဆုံး ၈ နာရီ)ဘာအစာမှ စားမထားသေးဘဲ စစ်ဆေးရတဲ့သွေးတွင်းဂလူးကို့စ်ဓာတ်စစ်ဆေးမှု Fasting Blood Sugar (FBS) ရလဒ်က 126 mg/dL (7 mmol/L) ကျော်နေရင် ဆီးချိုသွေးချိုရောဂါရှိနေပြီလို့ ဆိုနိုင်ပါတယ်။ ပုံမှန် FBS ရလဒ်က 100 mg/dL (5.6 mmol/L)ဖြစ်ပြီး 100 – 125 mg/dL (5.6 - 6.9 mmol/L)ဆိုရင်တော့ ဆီးချိုသွေးချိုဖြစ်ခါနီးအခြေအနေ (Prediabetes)လို့ သတ်မှတ်ပါတယ်။

ဘယ်အချိန်ပဲဖြစ်ဖြစ် စစ်ချင်တဲ့အချိန် စစ်ဆေးတဲ့သွေးတွင်းဂလူးကို့စ်ဓာတ်စစ်ဆေးမှု Random Blood Sugar (RBS) ရလဒ်က 200 mg/dL (11.1 mmol/L)ကျော်နေရင် ဆီးချိုသွေးချိုရောဂါရှိနေပြီလို့ ဆိုနိုင်ပါတယ်။ ပုံမှန် RBS ရလဒ်က 80 – 140 mg/dL (4.4 – 7.8 mmol/L)ဖြစ်ပြီး 140 – 200 mg/dL (7.8 – 11.1 mmol/L) ဆိုရင်တော့ ဆီးချိုသွေးချိုဖြစ်ခါနီးအခြေအနေလို့ သတ်မှတ်ပါတယ်။

အစာစားပြီး ၂ နာရီအကြာမှာ စစ်ဆေးတဲ့ သွေးတွင်းဂလူးကို့စ်ဓာတ်စစ်ဆေးမှု Two-Hour Postprandial (2hrPP) ရလဒ်က 200 mg/dL (11.1 mmol/L) ထက်ကျော်နေရင် ဆီးချိုသွေးချိုရောဂါရှိနေပြီလို့ ဆိုနိုင်ပါတယ်။

နောက်တစ်ခုကတော့ Oral Glucose Tolerance Test (OGTT) လို့ ခေါ်ပါတယ်။ ဒီစစ်ဆေးမှုကိုပြုလုပ်ဖို့အတွက် မစစ်ဆေးခင် ၈ နာရီမှ ၁၂ နာရီအတွင်း ဘယ်လိုအစားအစာ၊ ရေ၊ အရည်ကိုမှသောက်မထားဖို့ လိုပါတယ်။ စစ်ဆေးမယ်ဆိုရင် ဂလူးကို့စ် ၇၅ ဂရမ်ကို ရေနဲ့ဖျော်ပြီး သောက်ရပါမယ်။ အဲဒီလိုဖျော်သောက်ပြီး ၂ နာရီအကြာမှာတော့ သွေးတွင်းဂလူးကို့စ်ဓာတ်ကို တိုင်းတာတဲ့အခါ ရလဒ်က 200 mg/dL (11.1 mmol/L) ထက်ကျော်နေရင် ဆီးချိုသွေးချိုရောဂါရှိနေပြီလို့ ဆိုနိုင်ပါတယ်။

နောက်ပြီး HbA1c လို့ အများသိကြတဲ့ Hemoglobin A1c ဆိုတဲ့ စစ်ဆေးမှုရလဒ် 6.5 ရာခိုင်နှုန်းထက်ကျော်နေရင် လွန်ခဲ့တဲ့ သုံးလ၊ လေးလမှာကတည်းက ဆီးချိုသွေးချိုရှိနေပြီလို့သိနိုင်ပါတယ်။ ပုံမှန် HbA1c ရလဒ်က 6 ရာခိုင်နှုန်းအောက်ဖြစ်ပြီး 6 – 6.4 ရာခိုင်နှုန်းဆိုရင်တော့ ဆီးချိုသွေးချိုဖြစ်လာတော့မဲ့ အရိပ်အယောင်ပဲဖြစ်ပါတယ်။

**ဆီးချိုသွေးချိုရောဂါရဲ့နောက်ဆက်တွဲဆိုးကျိုးတွေက ဘာတွေဖြစ်နိုင်လဲ။**

ဆီးချိုသွေးချိုရောဂါကို သေချာကုသမှုမခံယူဘဲ နေချင်သလိုနေ၊ စားချင်သလိုစားနေရင် နောက်ဆက်တွဲဆိုးကျိုးတွေဖြစ်လာပြီး အသက်အန္တရာယ်ထိခိုက်သွားတတ်ပါတယ်။ ဆီးချိုသွေးချိုရောဂါရဲ့ နောက်ဆက်တွဲဆိုးကျိုးတွေကတော့ –

(၁) သွေးတိုးရောဂါ၊ နှလုံးရောဂါနှင့် နှလုံးသွေးကြောဆိုင်ရာရောဂါများ၊
(၂) အာရုံကြောထိခိုက်မှုကြောင့် ထုံကျဉ်ခြင်း၊
(၃) ကျောက်ကပ်ရောဂါဖြစ်ခြင်း၊ ကျောက်ကပ်ပျက်စီးခြင်း၊
(၄) မျက်စိမှုန်၊ မျက်စိကွယ်ခြင်း၊
(၅) အနာဖြစ်လာလျှင် မပျောက်လွယ်ခြင်း၊ ခြေထောက်တွင်အနာဖြစ်ခြင်း၊ ပုပ်ခြင်း၊
(၆) ကိုယ်ခံအားနည်းခြင်းကြောင့် ရောဂါပိုးများ အလွယ်တကူကူးစက်ခံရနိုင်ခြင်း၊
(၇) ဦးနှောက်ထိခိုက်၍ လေဖြန်း၊ လေဖြတ်ခြင်းများ၊
(၈) သွေးတွင်းအက်စစ်ဓာတ်မြင့်တက်သော အရေးပေါ်အခြေအနေဖြစ်ခြင်း (Diabetic Ketoacidosis - DKA)
(၉) သတိပြန်မလည်နိုင်အောင်မေ့မြောနေခြင်း (Coma) တွေဖြစ်နိုင်ပါတယ်။

**ဆီးချိုသွေးချိုရောဂါက ပျောက်ကင်းနိုင်ပါသလား။**

ဆီးချိုသွေးချိုရောဂါကို ပျောက်ကင်းအောင်ကုသနိုင်တဲ့ဆေး (အင်္ဂလိပ်ဆေး၊ မြန်မာဆေး) မပေါ်သေးပါဘူး။ ပျောက်တယ်လို့ ကြေညာတဲ့ဆေးတွေကလဲ အစစ်အမှန်မဟုတ်တဲ့ အလိမ်အညာဆေးတွေပါပဲ။ ဒါကြောင့်မို့ ရေလိုက်မလွဲမိကြဖို့ လိုပါတယ်။

ဆီးချိုသွေးချိုရောဂါဖြစ်လာပြီဆိုရင် လိုအပ်တဲ့ဆေးဝါးကုသမှုအပြင် အစားအသောက်၊ အနေအထိုင်ပါဆင်ခြင်ဖို့ အထူးလိုအပ်ပါတယ်။ ဆေးသောက်နေတာပဲဆိုပြီး နေချင်သလိုနေ၊ စားချင်သလိုစားမယ်ဆိုရင် ဆီးချိုသွေးချိုမထိန်းချုပ်နိုင်ဘဲ နောက်ဆက်တွဲဆိုးကျိုးတွေကိုခံစားရမှာဖြစ်ပါတယ်။

**ဆီးချိုသွေးချိုရောဂါကုသခြင်းနှင့် ဆောင်ရန်၊ ရှောင်ရန်များ**

ဆီးချိုသွေးချိုရောဂါကို ကုသပေးတဲ့နေရာမှာ အင်ဆူလင်ဟော်မုန်းဓာတ်ကို လိုအပ်သလို ချိန်ညှိပြီး ထိုးနှံတာမျိုးလဲရှိသလို သွေးတွင်းမှာမြင့်တက်နေတဲ့ ဂလူးကို့စ်အချိုဓာတ်တွေလျော့နည်းသွားအောင်ပြုလုပ်ပေးတဲ့ဆေးဝါးတွေနဲ့လဲ ကုသပေးနိုင်ပါတယ်။ အဲဒီလို သွေးကွင်းအချိုဓာတ်ကို ထိန်းညှိပေးတဲ့ဆေးဝါးတွေကို ဆရာဝန်ညွှန်ကြားတဲ့အတိုင်း အချိန်မှန်မှန်သောက်ဖို့၊ မပျက်မကွက်သောက်ဖို့ လိုအပ်ပါတယ်။

နောက်ပြီး ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း ပုံမှန်လုပ်တာ၊ အထိုင်များတဲ့လူနေမှုပုံစံကို ရှောင်ကြဉ်တာ၊ စားသင့်တဲ့အစားအစာကိုပဲ စားသုံးတာ၊ မစားသင့်တဲ့အစားအစာကို ရှောင်ကြဉ်တာမျိုးကိုပါလုပ်ပေးရပါမယ်။

ဆီးချိုသွေးချိုရောဂါဝေဒနာရှင်တွေအတွက် စားသင့်တဲ့အစားအစာတွေကတော့ ထမင်း(တစ်နပ်လျှင် လက်ဖက်ရည်ပန်းကန်တစ်လုံးစာ၊ တစ်နေ့ ၃ ကြိမ်)၊ အချိုမပါတဲ့ပေါင်မုန့်ကြမ်း၊ မချိုတဲ့သစ်ဥသစ်ဖု၊ အစိမ်းရောင်ရှိတဲ့ဟင်းသီးဟင်းရွက်တွေကို စားပေးလို့ ရပါတယ်။ ရှောင်ကြဉ်သင့်တဲ့အစားအစာတွေကတော့ အချိုရည်တွေ၊ ရင်မ်တွေ၊ အဆီအဆိမ့်တွေ၊ ဆီကြော်တွေ၊ ချိုတဲ့သစ်ဥသစ်ဖုတွေ၊ ချိုတဲ့မုန့်တွေ၊ သကြား၊ နို့ဆီ၊ ထောပတ်၊ ထန်းလျက်၊ ကြံသကာ၊ ထိုးမုန့်၊ လမုန့်၊ ကောက်ညှင်း၊ ဆန်ဖြူ ပေါင်မုန့်ဖြူနု၊ ဝက်ဆီ၊ ဝမ်းတွင်းသား၊ ကလီစာတွေ၊ ငါးဥ၊ ငါးခြောက်၊ ငံပြာရည်၊ ဟင်းချိုမှုန့်၊ ကြက်သားမှုန့်၊ ဆေးလိပ်၊ အရက်နဲ့ဘီယာတွေကို ရှောင်ကြဉ်သင့်ပါတယ်။

နိဂုံးချုပ်အနေနဲ့ပြောရရင် ဆီးချိုသွေးချိုရောဂါဟာ မပျောက်ကင်းနိုင်တဲ့နာတာရှည်ရောဂါတစ်ခုဖြစ်ပြီး နားလည်တတ်ကျွမ်းသူနဲ့ စနစ်တကျကုသသင့်တဲ့အပြင် ဆောင်ရန်၊ ရှောင်ရန်တွေကိုပါ တိတိကျကျ လိုက်နာကျင့်သုံးသင့်တဲ့ရောဂါတစ်ခုဖြစ်တာမို့ 'ဆီးချိုသွေးချို မပေါ့စေလို့'ကြောင်း ရေးသားအသိပေးလိုက်ရပါတယ်ဗျ။ ။

**ဒေါက်တာနေလင်းအောင်(ပျော်ဘွယ်)**

**ယခင်လမှအဆက် –**

**ဖြစ်စဉ်(၂)**

ယွန်းစလင်းချောင်းတိုက်ပွဲတစ်ဖက်ကမ်းတွင် ရန်သူတွေ တုန့်ဆိုင်းတည်နှင့်ရှိနေ၍ ချောင်းအကိုင်း မြောက်ဘက်ကို ကျွန်တော်တို့တက်ခဲ့ပါသည်။ အမှတ် (–)ခြေလျင်တပ်ရင်း စစ်ကြောင်း(၂)နှင့်ကျွန်တော်တို့ ဟန်ချက်ညီလှုပ်ရှားရန် လမ်းစခွဲခဲ့ပါသည်။ ဖြ ညမြောက်တွင် အမှတ်(–)ခြေလျင်တပ်ရင်း စစ်ကြောင်း(၂)မှူး ဗိုလ်မှူးကိုလေးက ရိက္ခာတစ်ပတ်စာ



ဗိုလ်ဘခင်

# ဂူသောစစ်ဆင်ရေးအဆင့် (၂)

ကျွန်တော်တို့ရှိရာသို့လာပို့ပါသည်။ ဗိုလ်မှူးကိုလေးတို့လာရောက်ရိက္ခာပို့စဉ်မှာ ကျွန်တော်တို့ သွားမည့်ဘက်လမ်းကြောင်း၏ထင်းရှူးကုန်းတွင် ရန်သူအချို့လှုပ်ရှားသည်ကိုတွေ့ခဲ့ကြောင်း ပြောကြားပါသည်။

စစ်ကြောင်းမှူးက လျှို့ထဲမှနေပြီး စစ်ကြောင်းငယ်(၂)မှူး ဗိုလ်ကြီးစိန်လှိုင်ဦးစီး အမှတ်(၄)တပ်ခွဲ ရုံးနှင့်တပ်စု ၂ စု တက်ရှင်းရန် စီစဉ်ပါသည်။ ယင်းအချိန်မှာ ဗိုလ်စိုးမြိုင် ဦးစီး စစ်ကြောင်းငယ်(၁)က တပ်စု ၁ စုနှင့် ရန်သူ၏ဘယ်ဘက်ကြောမှ ယောင်ပြတိုက်မည် ဖြစ်ကြောင်း၊ ရန်သူက ဗိုလ်စိုးမြိုင်ဘက်သို့အာရုံရောက်နေစဉ် ဗိုလ်ကြီးစိန်လှိုင်အဖွဲ့က

ဆက်တိုက်ရန်၊ ယင်းအချိန်မှာ ဗိုလ်ဘခင်တပ်စုက ရန်သူကို သက်နက်ကြီး၊ စက်လတ်တို့နှင့် ပစ်ပေးရန်ကိုကို စီစဉ်ပါသည်။

ကိုလ်ကြီးစိန်လှိုင်နှင့် ကပ်ရ ၂ စုကို လှျိုကဲဆင်းသည်ကို ရန်သူကရိပ်မိပြီး စတင်ပစ်ခတ်ရာဗိုလ်ကြီးစိန်လှိုင်တို့လည်း ရှေ့မတိုးနိုင်၊ နောက်မဆုတ်နိုင်ဖြစ်နေပါတော့သည်။ ထိုအချိန်တွင် ဗိုလ်စိုးမြိုင်ဘက်က ပစ်ခတ်သံများကြားပြီး ရန်သူမှျော်လင့်ရာလမ်းကြောင်းဖြစ်၍ ရန်သူ၏ပစ်ကွင်း၊ သတ်ကွင်းထဲသို့ ကျသွားပါသည်။ ဗိုလ်စိုးမြိုင်က နောက်မှတပ်စိတ်အား စစ်ကြောင်းကို ပစ်ကူအမြန်ပေးရန်ပြောခိုင်းပါသည်။

စစ်ကြောင်းမှူးလည်း "ဗိုလ်ဘခင် စက်လတ်၊ ၃ ဒသမ ၅ လောင်ချာပစ်"ဟု အမိန့်ပေးပါသည်။ ကျွန်တော်လည်း ရန်သူ့တောင်ကုန်းထင်းရှူးပင်တွေမြင်နေရသည်။ ကျွန်တော့်စက်လတ်အဖွဲ့ တပ်သားကျော်ခင်တို့ကို ပစ်မှတ်နေရာကိုပြသည်။ လောင်ချာကိုလည်း ၎င်းထင်းရှူးကုန်းကိုပစ်ရန်ပြောခဲ့သည်။ ထို့နောက် ၃ ဒသမ ၅ လောင်ချာကိုင်သော တပ်သားမှုလေးကို ကိုက် ၉၀၀ အပြည့်ချိန်ပြီး တပ်သားခင်မောင်မြင့်ကို ဒုံးသီးထည့်စေကာ အသင့်ဖြစ်သည်နှင့် စက်လတ်တပ်သားကျော်ခင်ကို ပစ်မိန့်ပေးလိုက်သည်။

တပ်သားကျော်ခင် စက်လတ်စပစ်သည်နှင့် သူ့နေရာကို ရန်သူမှ တန်ပြန်ပစ်ကြပါသည်။ ၎င်းအချိန်မှာပင် မိမိတို့က ၃ ဒသမ ၅ လောင်ချာပစ်လိုက်ရာ ထင်းရှူးတောင်ကုန်းရှိထင်းရှူးပင်ကြီးများ ထိမှန်ပြတ်ကျသွားသည်ကို မျက်ဝါးထင်ထင်မြင်လိုက်ရသည်။ ရန်သူ၏ပစ်အားများစေ့ရှုပ်ဆိုင်းသွားသည်။ နောက်မကြာပါ။ ကျွန်တော်တို့လောင်ချာပစ်သည့်နေရာကို ရန်သူကချက်ချင်းတန်ပြန်ပစ်ရာ ကျွန်တော်၊ တပ်သားပုလေးနှင့် တပ်သားခင်မောင်မြင့်တို့က တောင်စောင်းအောက်သို့လိမ့်ဆင်းကာ နေရာယူရပါသည်။

ထိုအချိန်ရိုက္ခာလာပို့သော အမှတ်(-)ခြေလျင်တပ်ရင်း စစ်ကြောင်း(၂)၊ စစ်ကြောင်းမှူး ဗိုလ်မှူးကိုလေးရောက်လာပြီး "ဟော့ကောင်ဘခင် ၂ လက်မစိန်ပြောင်း ၃ လက်ရှာပေး"ဟု ပြောပါသည်။ ကျွန်တော်လည်း တပ်စုများမှ ၂ လက်မစိန်ပြောင်း ၃ လက်စုပေးလိုက်ရာ ဗိုလ်မှူးကိုလေးက ၃ ယောက်စလုံးကို ၄၅ ဒီဂရီထောင်ရန်နှင့် ရှေ့သစ်ကိုင်းလွတ်၊ မလွတ်ကြည့်ပြီး တစ်လက်ကို ဗုံးသီး ၃ လုံးစီပင်ဖြုတ်ခိုင်းသည်။

ဗိုလ်မှူးက "ပစ်ဆိုတာနဲ့ ၃ လုံးစလုံး တစ်ပြိုင်တည်းပစ်၊ ပြီးတာနဲ့ နောက်ထပ် ၃ လုံးထည့်ထပ်ပစ်၊ အားလုံး ၃ ကြိမ်ပစ်မယ်"ဟု ညွှန်ကြားပါသည်။

ကျွန်တော်ကလည်း ဗိုလ်မှူးအမိန့်ရသည်နှင့် စက်လတ်တပ်သားကျော်ခင်ကို စက်လတ်စတင်ပစ်ခိုင်းပြီး ၂လက်မစိန်ပြောင်း ၃ လက်ကို တစ်လုံးပြီးတစ်လုံးပစ်ရန်အမိန့်ပေးလိုက်ရာ ရန်သူ့ထင်းရှူးတောင်ကုန်းပေါ် တကျိုင်းကျိုင်းကျပြီး ကွဲပါတော့သည်။ ရန်သူလည်း တန်ပြန်ပစ်ခြင်းမရှိတော့သည့်အချိန်တွင် ဗိုလ်စိုးမြိုင်ဘက်မှ ပစ်တက်တက်လာကြပါသည်။ ဗိုလ်ကြီးစိန်လှိုင်လည်း လျှိုအတိုင်းလှန်မတက်ဘဲ ကျွန်တော်တို့ရှိရာကုန်းသို့လာပေါင်း၍ ဗိုလ်စိုးမြိုင်ရှိရာနောက်သို့ဆက်လိုက်သွားကာ ရန်သူ့စခန်းကုန်းကို ဆက်ရှင်းပါသည်။

ရန်သူ့နေရာမှာ ပစ်ကျင်းများကို ရင်စို့ရောက်အောင်တူးထားသည်။ ထင်းရှူးတုံးများဖြင့် အကာအကွယ်ယူပြီး အသေအချာစောင့်တိုက်ရန်လုပ်ထားသည်။ သေဒင်းကျန်းသူ ၅၀ အထက်ရှိနိုင်သည်။ နောက်ဘက်ကုန်းတွေပေါ်မှာလည်းရှိနေသည်။ ရန်သူ့နေရာမှာတော့ Blue Cross နို့ဆီဘူးခွံနှင့် ထမင်းနှင့် နို့ဆီနယ်စားကားသော ဖက်ရွက်များ၊ သောက်ရေဝါးဘူးများကိုတွေ့ရသည်။ ကျွန်တော်တို့ကို ထမင်းနှင့်နို့ဆီနယ်စားပြီး ရေသောက်ကာ စောင့်နေခြင်းဖြစ်သည်။

**ဖြစ်စဉ်(၃)**

ထင်းရှူးတောင်ကုန်းတိုက်ပွဲအပြီး နယ်မြေရှင်းကာ ဗျူဟာပုစခန်းပြန်ဝင်ရန် အမိန့်ရသည်။ လွန်စွာမှပျော်ပါသည်။ ကျွန်တော်တို့အနေဖြင့် ထင်းရှူးတောင်ကုန်းမှာ အလောင်းလက်နက်မရသော်လည်း အထက်ဌာနမှရရှိသတင်းများအရ ကျွန်တော်တို့ လက်နက်ကြီးပစ်ခတ်တိုက်ခိုက်မှုများကြောင့် ရန်သူ အထိနာသွားကြောင်းသိရသည်။

ကျွန်တော်တို့ဗျူဟာပုစခန်းကို အမှတ်(၁) ခြေလျင်တပ်ရင်း စစ်ကြောင်း(၂)နှင့် ရိက္ခာလိုက်ပို့သော အမှတ်(၁)ခြေလျင်တပ်ရင်းမှ ဗိုလ်မှူးကိုလေးဦးစီး စစ်ကြောင်း(၂)တို့ပူးပေါင်းပြီး ပြန်ဝင်ကြပါသည်။ ကျွန်တော်တို့ဗျူဟာပုစခန်းရောက်စဉ် အမှတ်(၁) ခြေလျင်တပ်ရင်း စစ်ကြောင်း(၂)လည်း ပြန်ရောက်နေပါသည်။ နောက်မကြာပါ။ ညွှန်ကြားချက်ကြေးနန်းများလာပါသည်။ မနက်ဖြန်မှစပြီး လေကြောင်းဖြင့် ရိက္ခာများချပေးမည်ဖြစ်၍ ရိက္ခာလေယာဉ်လုံခြုံရေး ယူရန်ဖြစ်သည်။ စစ်ကြောင်းမှူးမပါ အမှတ်(၂)တပ်ခွဲ တစ်ခွဲလုံး၊ အမှတ်(၄)တပ်ခွဲ တစ်ခွဲလုံးလုံခြုံရေးယူရ မည့်နေရာ မြေပုံညွှန်းများပါသည်။

ညွှန်ကြားချက်မှာ မနက် ၀၇၀၀ အချိန်အပြီး လုံခြုံရေးယူရန်ဖြစ်သည်။ ညမှာ မြေပုံကြည့်၊ လမ်းကြောင်းရှာ၊ ထမင်း၊ ရိက္ခာစသည်တို့ကို ပြင်ဆင်စစ်ဆေးခဲ့သည်။ မနက် ၀၄၀၀ အချိန်တွင် အိပ်ရာထပြီး ၀၅၀၀ အချိန်တွင် ဗျူဟာပုစခန်း၏တောင်ဘက်တောင်ကြောသို့သွားရပါသည်။ တစ်နာရီခန့်အကြာတွင် သတ်မှတ်နယ်မြေသို့ရောက်ရှိပြီး အမြင့်ဆုံးတောင်ကုန်းတွင် ဒုတိယအရာခံဗိုလ်အုန်းမြင့်၏တပ်စု၊ အလယ်တောင်ကုန်းတွင် ကျွန်တော်နှင့်တပ်စု(၁)၊ ကောင်းအောက်ခြေတွင် ဗိုလ်စိုးမြိုင်ဦးစီးတပ်ခွဲရုံးနှင့် တပ်ကြပ်ကြီးသက်ဝေဦးစီးတပ်စု(၃)တို့ နေရာယူပါသည်။

အားလုံး ကင်းချ၊ နေရာပေး၊ တဲဆောက်နှင့် မတ်ဝန်းကျင်ထောက်လှမ်းမှုများ ပြုလုပ်ခဲ့ကြပါသည်။ မနက် ၀၉၀၀ နာရီခန့်မှာ လေယာဉ်ပျံများလာသည်။ ဗျူဟာပုစခန်းရှေ့ကွက်လပ်တွင် ရိက္ခာထုပ်များကို လေထီးဖြင့်ချပေးပါတော့သည်။ နေ့စဉ်လေယာဉ်များ ၃၊ ၄ ခေါက်လာပြီး ၄ ရက်မြောက်သောနေ့၊ နေ့လယ် ၁၂ နာရီလောက်တွင် ဗိုလ်စိုးမြိုင် တပ်ခွဲရုံးနှင့် တပ်စု (၃) နေရာကို ရန်သူ ၁၀ ဦးခန့်က လာရောက်ပစ်ခတ်တိုက်ခိုက်ပါသည်။

ဗိုလ်စိုးမြိုင်လည်း လက်နက်ငယ်သံ စတင်ကြားသည်နှင့် တဲထဲရှိအိပ်စင်ပေါ်မှ အောက်သို့လိမ့်ချလိုက်စဉ် လောင်ချာဖုံးသီးက တဲကိုလာမှန်ပါသည်။ ကျွန်တော်နှင့် ဒုတိယအရာခံဗိုလ်အုန်းမြင့် တပ်စုများက အပေါ်စီးမှနေပြီး ဂျီ-၄၊ ၂ လက်မစိန်ပြောင်းများဖြင့်ပစ်ခတ်တိုက်ခိုက်ရာ ရန်သူများပြန်ထွက်ပြေးသွားပါသည်။

ဗိုလ်စိုးမြိုင်၏တဲမှာ လောင်ချာဖုံးသီးကွဲသော အစများက သစ်ပင်နှင့်သစ်ကိုင်းများတွင် စိုက်နေသည်ကို အသည်းယားစရာတွေ့ရပါသည်။ ၎င်းအချိန်မှာပင် လေယာဉ်ပျံတစ်စင်းက ရိက္ခာများချပေးနေပါသည်။ နောက်မကြာပါ။ လေယာဉ်ဖြင့် ရိက္ခာချသောက်စ္စပြီး၍ ဗျူဟာပုစခန်းကိုပြန်ဝင်ရန် ညွှန်ကြားချက်ရ၍ လုံခြုံရေးယူထားသောနေရာမှ မိမိတို့အခြေပြုရာနေရာများသို့ ပြန်ဝင်ခဲ့ကြသည်။

ရိက္ခာချလေယာဉ်ပျံလုံခြုံရေးလုပ်နေစဉ် အတိုက်ခံရသည်မှာ ကံကောင်း၍ အသက်မသေဖြစ်ခဲ့ရသည်။ လက်နက်ငယ်သံကြားသည်နှင့် ဗိုလ်စိုးမြိုင်သာ ဝါးတဲအိပ်စင်ပေါ်မှလိမ့်မချဘဲနေလျှင် လောင်ချာစမှန်မှာ သေချာပါသည်။

**ဖြစ်စဉ်(၄)**

ကျွန်တော်တို့ ရိက္ခာချလေယာဉ်လုံခြုံရေးအပြီး နယ်မြေလှုပ်ရှားသွားရန်အတွက် ရိက္ခာတစ်ပတ်စာ သွားရောက်ထုတ်စဉ် ကျွန်တော်တို့ အမှတ်(၁)ခြေလျင် တပ်ရင်းစစ်ကြောင်း(၂)နှင့် အမှတ်(၁)ခြေလျင်တပ်ရင်း

စစ်ကြောင်း(၂)တို့ မနက်ဖြန်နယ်မြေရှင်းလင်းထွက်ရန် မရှိကြောင်း၊ အမှတ်(—)ခြေလျင်တပ်ရင်းစစ်ကြောင်း(၁)မှ တပ်ရင်းမှူးနှင့်အတူ စစ်ကြောင်းနှစ်ခုစလုံးမှ စစ်ကြောင်းမှူး ၂ ဦး၊ ပေါင်း ၃ ဦးသည် စစ်ဗျူဟာမှူးနှင့်တွေ့ရန် ဗျကောပုမှ မူသဲတပ်စခန်းသို့ မနက်ဖြန်နေ့ချင်းပြန်သွားရမည်ဖြစ်ကြောင်း သတင်းရခဲ့ပါသည်။

ကျွန်တော်တို့စစ်ကြောင်းတစ်ခုလုံးအတွက် ရိက္ခာထုတ်ပြီးပြန်လာစဉ် စစ်ကြောင်းမှူး ဗိုလ်မှူးတွဲဒိုးလ်ဒါးလ်မှာ တပ်ခွဲမှူး ၂ ဦးနှင့် တီးတိုးတီးတိုး စကားပြောနေသည်ကိုတွေ့ရသည်။ ကျွန်တော်တို့လည်း ပါလာသည့်ရိက္ခာကို စစ်ကြောင်း(၂)၊ အမှတ်(၂)တပ်ခွဲ၊ အမှတ်(၄)တပ်ခွဲ စသည်ဖြင့် ခွဲဝေကြပါသည်။ ထို့နောက် တပ်စုလိုက်၊ တပ်စိတ်လိုက် အသီးသီးပြန်ခွဲဝေပြီးနောက် ရေချိုးဆင်းကြပါသည်။

ညစာကို စစ်ကြောင်း(၂)ရုံးတွင် အရာရှိ ၅ ဦး စုပြီး ထမင်းစားကြပါသည်။ ထမင်းစားပြီးနောက် ဗိုလ်မှူးတွဲဒိုးလ်ဒါးလ်က မနက် ဝ၄ဝဝ အချိန်တွင် တပ်ရင်းမှူးနှင့်အတူ စစ်ကြောင်းမှူး ၂ ဦး ဗျကောပုမှ မူသဲ ၂၁ မိုင်ခရီးကို နေ့ချင်းပြန်သွားရမည်ဖြစ်၍ အုပ်ချုပ်မှုလျော့ရဲကိစ္စမဖြစ်ရေး မှာကြားပါသည်။ ထို့နောက် စောစောအိပ်ရာဝင်ခဲ့ကြပါသည်။

နံနက် ဝ၆ဝဝ အချိန်အိပ်ရာထစဉ်၌ စစ်ကြောင်းမှူးက မနက် ဝ၄ဝဝ အချိန်တွင် တပ်သားမြဆောင် တစ်ဦးတည်းကိုခေါ်ပြီးသွားကြောင်း သိရပါသည်။ နေ့လယ်တွင်လည်း အုပ်ချုပ်မှုကိစ္စများလုပ်ရင်း တစ်နေကုန်မှန်းမသိ ကုန်သွားသည်။ ညနေစောင်းတော့ စစ်ကြောင်းမှူးကို မျှော်ရပါသည်။ ဘယ်နေရာရောက်နေသည်ကိုလည်း မမေးရဲပါ။

ည ၁၉ဝဝ အချိန်မှာ အရာရှိ ၄ ဦးစုပြီး ထမင်းစားခဲ့ပါသည်။ ဗိုလ်စိုးမြိုင်က ခွဲတပ်ကြပ်ကြီးအောင်ခင်ကို ထောက်ပို့ဌာနမှ ရေစည်ပိုင်းပြတ်တစ်ခုငှား၍ စစ်ကြောင်းမှူးအပြန် ရေချိုးနိုင်ရန်စီစဉ်ခဲ့ပါသည်။ ည ၂၁ဝဝ အချိန်မှာ စစ်ကြောင်းမှူးတို့အဖွဲ့ပြန်ရောက်လာပါသည်။ အနီးကပ်မှာ အမှတ်(—) ခြေလျင် တပ်ရင်း၊ အောင်လံမှ လားရိက္ခာသယ်လုံခြုံရေးအတွက်ထားသော ဗိုလ်တင်အောင်ဦးစီးတပ်ခွဲတစ်ခွဲနှင့် သွားကြောင်းသိရပါသည်။

**ဖြစ်စဉ်(၅)**

ကျွန်တော်တို့ ဗျကောပုစခန်းမှာ တစ်ပတ်ခန့်နားပြီး ဗျကောပုစခန်း၏မြောက်ဘက် လွယ်မူပလော—စောမူပလောနယ်မြေရှင်းရန် ညွှန်ကြားချက်ရသည်။ အကြောင်းမှာ KNU တပ်ဖွဲ့များသည် တောင်ပေါ်ဒေသသို့တက်၍ တပ်မတော်စစ်ကြောင်းများကို နှောင့်ယှက်တိုက်ခိုက်နေချိန် အချို့အင်အားများမှာ တောင်ခြေကွင်းစပ်သို့ဆင်းပြီး တိုက်ကွက်ဖော်ကာ တောင်ပေါ်ဒေသသို့ ပြန်တက်သွားကြသည်။ ယင်းတောင်ခြေကွင်းစပ်မှတက်လာသောသောင်းကျန်းသူများကို တောင်ပေါ်ဒေသမှ ပိတ်ဆို့တိုက်ခိုက်ရန်ဖြစ်သည်။

ကျွန်တော်တို့ စောမူပလောရောက်ပြီးဆက်ထွက်လာရာ လွယ်မူပလောမှ ပေါင်မုန့်တောင်တောင်ခြေအရောက် နံနက် ၁ဝ၃ဝ အချိန်မှာ စစ်ကြောင်းရပ်၍ နေ့လယ်စာစားပြီး ညစာချက်ရန်အတွက် ပြင်ဆင်နေပါသည်။ ကျွန်တော်တို့ထမင်းစားနေချိန်မှာ ကျွန်တော်ကင်းရှည်ထုတ်ထားသောတပ်ကြပ်မောင်သန်းအဖွဲ့မှ အရပ်သားတစ်ဦးကိုဖမ်းမိ၍ လာအပ်သည်။

ယင်းအရပ်သားကို စစ်ဆေးချက်အရ KNU အဖွဲ့မှ တပ်ရင်း ၂ဝ၊ တပ်ရင်းမှူးနော်တော၊ နှင်းဆီ စစ်ကြောင်းမှူးမိုးဟိန်း၊ အမည်မသိခေါင်းဆောင်တစ်ဦးပါသောအဖွဲ့ ၃ စု ပေါင်း ၃ဝဝ ကျော်တို့မှာ တောင်ခြေကွင်းစပ်မှ ဂိုဒေါင်များဖောက်လာပြီးပစ္စည်းတွေပါကြောင်း၊ ယခုလည်း တက်လာသောစစ်ကြောင်းကိုတိုက်ရန်အတွက် လူစုခွဲပိုင်းရန်စီစဉ်နေကြောင်း၊ ယခုအရပ်သားမှာ အဘမ်းများဖြင့် တောင်ခြေကွင်းစပ်ကပါလာပြီး တိုက်ပွဲဖြစ်မည်ကိုကြောက်၍ ထွက်ပြေးလာခြင်းဖြစ်ကြောင်းပြောပါသည်။ စစ်ကြောင်းမှူး

လည်း ထမင်းအမြန်စားရန်နှင့် ထမင်းမချက်ရန် မှာကြားပြီး ယခုရောက်နေသည့်လွယ်မှုပလော ပေါင်မုန့်တောင်ကြီးကိုဖက်တက်ပြီး အမြင့်စီးရယူခိုင်းပါသည်။ ကျွန်တော်ကိုလည်း စားလက်စထမင်းကို မြန်မြန်လက်စသတ်ပြီး တောင်တက်ရန် လမ်းရှာရပါတော့သည်။

ကျွန်တော့်တပ်စု(၁)လည်း ကျွန်တော့်ဦးဆောင်မှုဖြင့် တပ်ကြပ်မောင်သန်းတပ်စိတ် Point ဖြင့် ပေါင်မုန့်တောင်ကို ဖက်တက်ခဲ့ပါသည်။ ရန်သူရှိသည် ဆိုသည်နှင့် မည်သူ့ဆော်ဩမှုမပါဘဲ တောင်စွယ်များကိုကိုင်ဖက်ပြီး တက်ကြပါတော့သည်။

ပေါင်မုန့်တောင်ပေါ်သို့ရောက်ချိန်မှာ ပေါင်မုန့်ပုံစံအတိုင်းပါပဲ။ အပေါ်မှာ ပြန့်ပြူးနေပါသည်။ ကျွန်တော်လည်း ပေါင်မုန့်တောင်ပေါ်မှ လွယ်မှုပလောရွာနှင့် လယ်ကွင်းပြင်ကိုကြည့်ရာ ငြိမ်သက်နေသည်။ ထို့နောက် ဗိုလ်စိုးမြင့်ရောက်လာပြီး ကျွန်တော်တို့ စစ်ကြောင်းငယ်(၁)၊ အမှတ်(၂)တပ်ခွဲ၊ တပ်စု ၂ စု လယ်ကွင်းဘက်ကို တပ်ဖြန့်ထားပါသည်။ နောက်မကြာပါ၊ စစ်ကြောင်းငယ်(၂)မှူး ဗိုလ်ကြီးစိန်လှိုင်၏ အမှတ်(၄)တပ်ခွဲနှင့် တပ်စု ၂ စု၊ စစ်ကြောင်းငယ် (၃) ဗိုလ်မောင်မောင်လင်းနှင့် တပ်စု ၂ စု အထမ်းများဖြင့် တောင်ပေါ်ကိုရောက်လာပါသည်။

ဗိုလ်မှူးတွဲဒိုးလ်ဒါးလ်က အားလုံးပတ်လည်နေရာယူစေပြီး အခြေအနေကြည့်ကြပါသည်။ အချိန်မှာ နေ့လယ် ၁၂၀၀ ခန့်ရှိပါသည်။ ထမင်းစားပြီး ပြန်ချက်ရန် ရေမရှိ၍ ဘာမှမချက်ဘဲ ရန်သူ့လှုပ်ရှားမှုကိုပဲ ကင်းဆောက်နေပါသည်။

နေ့လယ် ၁၄၃၀ အချိန်လောက်မှာ လွယ်မှုပလောလယ်ကွင်းဇပ်မှ သောင်းကျန်းသူကော အထမ်းသမားတွေပါ လယ်ကွင်းတစ်ဖက် တောင်ကြောတွေပေါ်ပြေးတက်နေသည်ကိုတွေ့ရပါသည်။ ကျွန်တော်တို့လည်း တောင်ပေါ်ကနေပြီး ဂျီဖိုးသေနတ်၊စက်လတ်၊ ၂ လက်မစိန်ပြောင်း ဗုံးသီးများဖြင့် ပစ်ခတ်တိုက်ခိုက်ရာ ရန်သူများကစခွဲကလျားထွက်ပြေးကြပါသည်။ လူများဖြန့်ခွဲပြေးနေသည်မှာ ၃၀၀ ကျော်မည်ဟုယူဆရပါသည်။

ရန်သူမှပြန်လည်ပစ်ခတ်သောကျည်နှင့် လောင်ချာတို့မှာ တောင်ပေါ်မရောက်ဘဲ လမ်းတစ်ဝက်မှာပင် ကွဲကုန်ပါသည်။ ကျွန်တော်တို့၏ ၂ လက်မစိန်ပြောင်းဗုံးသီးများပစ်ရာတွင် လယ်ကွင်းအတွင်းကျကွဲပြီး အချို့လယ်တဲများမီးလောင်သည်ကိုတွေ့ရပါသည်။

တိုက်ပွဲအပြီး ညနေမှာ ဗိုလ်မောင်မောင်လင်းအဖွဲ့ရေသွားရှာရာ ရေမတွေ့သဖြင့် တောင်ကုန်းပေါ်မှာ ညစာမစားရဘဲ အိပ်ခဲ့ရပါသည်။ ဗိုလ်စိုးမြင့်က ရေကိုချွေတာသုံးရန်နှင့် မလိုဘဲမသုံးရန် ပြောပါသည်။ နံနက်မိုးလင်းသောအခါ မျက်နှာသစ်၊ သွားတိုက်မလုပ်တော့ဘဲ ညက ရေဘူးထဲကျန်သောရေကို နို့ဆီနှင့်ဖျော်ပြီး နို့အေးသောက်ကြပါသည်။

နောက် စစ်ကြောင်းမှူးလည်း တပ်ခွဲမှူးများနှင့် တိုင်ပင်ပြီး တောင်အောက်ကိုပြန်ဆင်းကာ ထမင်းချက်ရန်နှင့် နယ်မြေဆက်ရှင်းရန်ပြောပါသည်။ ထို့နောက် စစ်ကြောင်းငယ်(၂)သည် အမှတ်(၄)တပ်ခွဲဗိုလ်ဖြင့် ပေါင်မုန့်တောင်ပေါ်မှ ဆင်းပါသည်။ ကျွန်တော်တို့ ပေါင်မုန့်တောင်ကို အနောက်ဘက်ကတက်လာပြီး ယခုပြန်ဆင်းရာ အရှေ့မြောက်ဘက်စွယ်ကုန်းကို စပြီးဆင်းပါသည်။

ပေါင်မုန့်တောင်ကို တစ်နာရီခန့်တွယ်ကပ်ပြီး တဖြည်းဖြည်းချင်းဆင်းလာရာ ပေါင်မုန့်တောင်၊ တောင်ခြေလယ်ကွင်းများထဲသို့ ရောက်ပါသည်။ စစ်ကြောင်းမှူးက လယ်ကွင်းထဲကြာကြာမနေဘဲ အမြန်ဖြတ်ပြီး ရှေ့က တောင်စွယ်တောလျှိုထဲဝင်ရန် ညွှန်ကြားပါသည်။ ကျွန်တော်တို့စစ်ကြောင်းတစ်ခုလုံး လယ်ကွင်းကိုဖြတ်ပြီး လျှိုထဲနှင့် တောင်စွယ်ပေါ်သို့ ဖြန့်ခွဲနားစဉ် စစ်ကြောင်း(၂)မှူးသည် ခွဲ(၄)မှူးနှင့် နှစ်ဦးတည်းတိုင်ပင် နေသည်ကိုတွေ့ရသည်။ ကျွန်တော်

နှင့်ဗိုလ်စိုးမြိုင်က သူတို့နှစ်ဦးကိုလှမ်းကြည့်ပြီး ကိုယ့်တပ်နှင့်ကိုယ်နေကြပါသည်။

စစ်ကြောင်း(၂)မှူးက အယ်အက်တောင်စွယ်မှနေပြီး စစ်ကြောင်းငယ်(၂) ဗိုလ်ကြီးစိန်လှိုင်ဦးစီး အမှတ်(၄)တပ်ခွဲ ခွဲရုံးနှင့် တပ်စု ၂ စုတို့ကို တောင်ပေါ်တက်ရန်၊ ညာအက်တောင်စွယ်ကနေပြီး စစ်ကြောင်းငယ်(၁)ဗိုလ်စိုးမြိုင်ဦးစီး အမှတ်(၂)တပ်ခွဲ ခွဲရုံးနှင့် တပ်စု ၂ စုတက်ရန်၊ ဗိုလ်မောင်မောင်လင်းဦးစီး စစ်ကြောင်းငယ်(၃)၊ တပ်စု ၂ စုက ဗိုလ်စိုးမြိုင်အက်မှ လိုက်သွားရန်ပြောပါသည်။ တောင်ကြောပေါ်မှာ တပ်တွေပြန်ပေါင်းမိသည်နှင့် ရေရှာ၊ ထမင်းချက်ရန် ညွှန်ကြားပါသည်။

ကျွန်တော်တို့လည်း လက်ရှိရောက်နေသည့် စွယ်ကနေပြီး လျှိုထဲဆင်းကာ ညာအက်တောင်စွယ်ကို တက်ပါတော့သည်။ ကျွန်တော်တို့စစ်ကြောင်း ၂ ခု ခွဲလိုက်ရာ ကျွန်တော်တို့စစ်ကြောင်းငယ်(၁) အမှတ်(၂) တပ်ခွဲ၏ဗိုလ်ငှင်က ကျွန်တော်ဖြစ်သွားပါသည်။

ကျွန်တော်တို့လည်း တောင်ကုန်းပေါ်ရောက်သည်နှင့် ရေရှာ၊ ထမင်းချက်မည်ဆိုသည့်စကားက အလွန်ချိုမြိန်လှသည်။ မနေ့က နံနက် ၁၀၃၀ ခန့်မှာ ထမင်းစားပြီး ယခုအချိန်ထိဘာမှမစားရဘဲ မနက်က ရေကျန်နှင့်နို့ဆီဖျော်သောက်ထားသည်မှအပ ဘာမှ မစားရသေးပါ။ ယခုနာရီမှာ ၁၂း၀၀ ခန့်ရှိနေပါသည်။ ထမင်းမစားရသည်မှာ ၂၄ နာရီကျော်သွားပါသည်။ ဖြတ်ခဲ့သောချောင်းမှာလည်း ဘာရေမှမရှိပါ။ ကျွန်တော်လည်း ရဲဘော်များကို ရှေ့သတိထားတက်ရန်၊ မနေ့က ရန်သူဘယ်မှာရှိသည်ကိုမသိ၍



သေသေချာချာသတိထားသွားရန် ပြောခဲ့ပါသည်။ ကျွန်တော်တို့လည်း၊ တောင်စွယ်အတိုင်း တောင်မကြီးကို တအိအိတက်နေပါသည်။ ကျွန်တော်တို့ ရှင်းလိုက်၊ နားလိုက်တက်ခဲ့ရာ လူများလည်း ရေပြတ်၊ အစာပြတ်ဖြင့် ချွေးထွက်ကာ တော်တော်နုံးနေပါသည်။

တက်ရင်းတက်ရင်း တောင်ထိပ်ကိုသွားနေစဉ် ၂ နာရီခန့်အကြာ ရှေ့တွင်တောင်ကြောတန်းကြီးကို မြင်ရပါသည်။ တောင်ပေါ်ရောက်တော့မည့်သင်္ကေတဖြစ်ပါသည်။ တောက ထင်းရှူးတောဆိုတော့ ထင်းရှူးရနံ့လေးက တသင်းသင်းဖြင့် ထမင်းဆာသောစိတ်ကို အာရုံပြောင်းကာ တောင်ကြောပေါ်သို့ တက်နေကြပါသည်။

ကျွန်တော့်ရှေ့ပြေးဗိုဟ်တပ်စိတ်မှာ အမှတ်(၃) တပ်ခွဲမှတွဲဖက်ပေးထားသော တပ်ကြပ်မောင်လုံး၊ ဒုတိယတပ်ကြပ်တင်ငွေနှင့် ၈ ယောက်ပါသော တပ်စိတ်ဖြစ်သည်။ ကျွန်တော်လည်း တပ်ကြပ်မောင်လုံးကိုကျော်တက်ပြီးနောက် ရှေ့မှ တပ်သားမောင်မြင့်၊ တပ်သားခင်ညို၊ ဒုတိယတပ်ကြပ်တင်ငွေ အနားထိရောက်သွားသည်။

ကျွန်တော်တို့ ရှေ့ကုန်းမို့မို့လေးကိုမြင်ရစဉ် တပ်သားမောင်မြင့်က "ဗိုလ်ကြီး – ဗိုလ်ကြီး၊ ရှေ့မှာ မီးသတ်တွေ့ပြီ"ဟု အော်ပါသည်။ ကျွန်တော်က သောင်းကျန်းသူယူနီဖောင်းကို အစိမ်းရောင်မဟုတ်ဘဲ အပြာရောင်မြင်၍ မီးသတ်တွေဟုအော်ခြင်းဖြစ်မည်ဆိုသည်ကို ချက်ချင်းသုံးသပ်လိုက်ပါသည်။ ထို့ကြောင့် ကျွန်တော်က ချက်ချင်းပင် "အဲဒါရန်သူ ပစ်"ဟု အမိန့်ပေးစဉ် နေရာယူထားသော သောင်းကျန်းသူများက မိမိတို့အက်ကို တရစပ်အတွဲလိုက် ဆောလုံးညံသွားအောင်ပစ်ပါတော့သည်။ ကျွန်တော်တို့လည်း ချက်ချင်းမှောက်ချလိုက်ရာ ကျည်ဆန်မှာ ခေါင်းပေါ်မှတဂီဂီဖြတ်နေပါတော့သည်။ ရန်သူက ထင်းရှူးပင်များကိုမှန်၍ ကိုင်းများပြုတ်ကျသည်အထိ ၅ မိနစ်ခန့် စိတ်ကြိုက်ပစ်တော့သည်။

ကျွန်တော်လည်း သေနတ်မှန်ပြီး အသေကောင်လိုငြိမ်နေ၍ ခေါင်းလေးစောင်းကာ ဘေးဘယ်၊ ညာကိုကြည့်ခဲ့သည်။ ကျွန်တော့်ဘယ်ဘက်ရှိ ထင်းရှူးပင်ဆီသို့ ကျွန်တော့်တစ်ကိုယ်တာလှိမ့်လိုက်သည်နှင့်ရောက်နိုင်သည်။ ၎င်းထင်းရှူးပင်၏ဘယ်ဘက်တွင်ရှိသောထင်းရှူးပင်မှာတော့ ဒုတိယတပ်ကြပ်တင်ဌေးတွယ်ကပ်ပြီးငြိမ်နေသည်။

သေနတ်သံစဲ၍ ကျွန်တော် ဘယ်ဘက်ထင်းရှူးပင်သို့လှိမ့်ပြီးကပ်လိုက်ရာ အကာအကွယ်ယူထားသောထင်းရှူးပင်ကို ရန်သူက တရစပ်ပစ်ပါတော့သည်။

နောက်မကြာပါ။ တပ်သားမောင်မြင့်၏ အော်ဆဲသံများကိုကြားရသည်။ ကျွန်တော်လည်း ထင်းရှူးပင်နားကပ်ပြီး ရှေ့တောင်ကုန်းငယ်ကိုချိန်ကာ အကာအကွယ်ဖြင့် မိမိကိုင်ထားသောကာဘိုင်သေနတ်နှင့်ပစ်ပါတော့သည်။ တစ်ချိန်တည်းမှာပဲ ဒုတိယတပ်ကြပ်တင်ဌေး၊ တပ်သားခင်ညိုတို့ကလည်း စပစ်ပါတော့သည်။ ကျွန်တော်တို့စပစ်ချိန်မှာ အမှတ်(၄) တပ်ခွဲစွယ်မှာလည်း တိုက်ပွဲစဖြစ်ပါတော့သည်။ ကျွန်တော်တို့ဘက်ပစ်ခတ်သံထက် ပိုပြီးများသည်။ ဤအသံအတိုင်းဆို အမှတ်(၄)တပ်ခွဲလည်း မသက်မသာဖြစ်မည်။ အမှတ်(၄)တပ်ခွဲမှ ပစ်ခတ်နေစဉ် တပ်သားမောင်မြင့် ကျွန်တော့်ညာဘက်ရှိ ထင်းရှူးပင်မှ နောက်ညာဘက်ထင်းရှူးပင်အကူးတွင် ညာဘက်ရင်အုံသေနတ်မှန်ပြီး လဲကျသွားသည်ကိုမြင်လိုက်ရသည်။ ထိုအချိန်မှာ တပ်ကြပ်မောင်လုံးနှင့်ကျန်သည့်အဖွဲ့က ကျွန်တော့်ညာဘက်ကနေ ရင်ပေါင်တန်းနိုင်အောင် ပစ်လိုက်၊ ရွေ့လျားလိုက်ဖြင့် တပ်သားမောင်မြင့်နေရာအထိတက်ခဲ့သည်။

ယင်းအချိန်မှာပင် တပ်သားတင်အေးက ကျွန်တော့်ကိုစိုးရိမ်ပြီး "ဗိုလ်ကြီး–မတက်နဲ့၊ ကျွန်တော်လာပြီ"ဟုအော်သည်။ ကျွန်တော်က "တင်အေး မလာနဲ့" ဟုပြောနေချိန် တင်အေး ထင်းရှူးပင်နှစ်ပင်ခန့်အကူးတွင် ဘယ်ဘက်လက်မောင်းသေနတ်မှန်ပြီး လဲကျသွားပြန်ပါသည်။ အားကိုးရသည်ကတော့ တပ်သားခင်ညို၏ ကျိုဖိုးသေနတ်ပါပဲ။ သူ့ပစ်အားနှင့် သေနတ်သံများက ရန်သူ့အတွက် အခက်ကြုံစေပါသည်။ ယင်းသို့ဖြစ်စဉ် လောင်ချာများပါလာပြီး လောင်ချာပစ်ခတ်မှုများက ကျွန်တော်တို့ကိုကျော်ကာ အနောက်ကိုသွားကျပြီး ကွဲပါသည်။ အမှတ်(၄)တပ်ခွဲမှ စက်လတ်သံများထွက်လာပြီး တိုက်ပွဲအရှိန်ပြင်းထန်နေပါသည်။

ကျွန်တော်တို့ကတော့ Pin Down ဖြစ်ပြီး မလှုပ်သာအောင်ဖြစ်နေသည်ကို မည်သူမျှမကယ်နိုင်ပါ။ ထင်းရှူးတောများရှုပ်နေ၍ မော်တာလည်းပစ်မရ၊ ၃ ဒသမ ၅ လောင်ချာလည်းပစ်မရ။ စက်လတ်ကလည်း ရှေ့ကပစ်နေ၍ တက်မလာနိုင်ဘဲ တော်တော်ခံရသည်။ နောက် ဗိုလ်စိုးမြင့်က စစ်ကြောင်းတက်လာခဲ့သည့် နောက်ကကွက်လပ်ကိုနေရာပြန်ယူပြီး ၂ လက်မစိန်ပြောင်းစုံးသီးတွေ ပစ်ပါတော့သည်။

ကျွန်တော်တို့ဘက်ထက် နောက်ဆုံး အမှတ်(၄) တပ်ခွဲဘက်ကို ပိုပြီးပစ်ခတ်ခဲ့သည်။ မကြာမီ ဗိုလ်စိုးမြင့်နှင့်စက်လတ်သမားရောက်လာပြီး စက်လတ်ဖြင့် ကျွန်တော့်နေရာကနေရင်ဆိုင်ထားသော ရန်သူ့ကုန်းကို တရစပ်ပစ်ပါသည်။ ကျွန်တော်တို့တပ်ခွဲကိုပစ်နေသောတောင်ကုန်းပေါ်မှရန်သူ့ပစ်အားလည်း ရပ်သွားပါသည်။ အမှတ်(၄)တပ်ခွဲဘက်ကို ပစ်နေသောရန်သူ့ပစ်အားကတော့ မလျော့ပါ။

ဗိုလ်စိုးမြင့်လည်း စက်လတ်ဖြင့် အမှတ်(၄) တပ်ခွဲကုန်းဘက်ကိုပစ်နေသော ရန်သူ့တောင်ကုန်းကို ပစ်ကူပေးတိုက်ခိုက်ပါတော့သည်။ ၎င်းအချိန်မှာပင် အမှတ်(၄)တပ်ခွဲဘက်ကိုပစ်နေသော ရန်သူ့ပစ်အားလည်း လျော့ကျသွားပါတော့သည်။ ဗိုလ်စိုးမြင့်လည်း ကျွန်တော်ပစ်ထားသောကျည်ခွံများကိုကြည့်ပြီး "ဗိုးခင် တော်တော်ပစ်ထားတာပဲ"ဟု ပြောပါသည်။

ကျွန်တော်၊ တပ်ကြပ်မောင်လုံးနှင့် ဒုတိယတပ်ကြပ်တင်ဌေးတို့ ရှေ့ဆက်တိုးပြီး ပစ်တက်တက်

သွားရာ တောင်ကြောပေါ်တွင် ရန်သူ၏ပစ်ကျင်းများကိုတွေ့ရပါသည်။ ရန်သူပစ်သွားသောကျည်ခွံများကိုလည်း များစွာတွေ့ရသည်။

တောင်ကြောအဆုံး တောင်ကုန်းပေါ်သို့ ကျွန်တော်တို့အရောက်တွင် "အမှတ်(၄)တပ်ခွဲလာတယ်၊ အမှတ်(၄)တပ်ခွဲလာတယ်"ဆိုပြီး အော်တက်လာပါသည်။ နောက် စစ်ကြောင်းမှူးလည်းရောက်လာသည်။ အချိန်မှာ ညနေစောင်းနေပြီဖြစ်သည်။

စစ်ကြောင်း(၂)မှူးက ထိုတောင်ကြောပေါ်မှာ မနေဘဲ နောက်တောင်ကြောတစ်ခုရောက်မှရပ်ပြီး စခန်းချရန်၊ အမှတ်(၄)တပ်ခွဲဆက်သွားရန်၊ ဗိုလ်ဘခင်က ရောက်ရှိတောင်ကြောဘယ်ဘက်ထိပ်နေရာကို တပ်စုတစ်စုနှင့်သွားရှင်းရန် အမိန့်ပေးပါသည်။ ထို့နောက် ဗိုလ်ကြီးစိန်လှိုင်နှင့် ဗိုလ်စိုးမြိုင်တို့အား ကျဆုံးစစ်သည်များကိုသင်္ဂြိုဟ်ရန် အမိန့်ပေးပါသည်။ ကျွန်တော်လည်း စစ်ကြောင်းမှူး၏အမိန့်ပြီးဆုံးသည်နှင့် အမြင့်ဆုံးတောင်ကုန်းကို တပ်စုတစ်စုလုံးဖြန့်ပြီး သတိကြီးစွာဖြင့် ဆက်ရှင်းခဲ့သည်။ ၎င်းတောင်ကုန်းပေါ်မှာ ပစ်ကျင်းမရှိပါ။ ပစ်ထားသော ၄၀ မမ လောင်ချာဗုံးသီးခွံအလုံး ၅၀ ခန့်တွေ့ရပါသည်။

ကျွန်တော်တို့လည်း ပြန်ဆင်းလာပြီးနောက် စစ်ကြောင်း(၂)နှင့် ပြန်ပေါင်းခဲ့ပါသည်။ ယင်းအချိန်မှာ ကျဆုံးစစ်သည်များသင်္ဂြိုဟ်ခြင်း ပြီးစီးပြီဖြစ်ပါသည်။

ကျွန်တော်က ကျဆုံးစစ်သည်များကိုမေးရာ အမှတ်(၂)တပ်ခွဲ ကျွန်တော့်တပ်စုမှ တပ်သားမောင်မြင့်၊ တပ်စု(၃)စိန်ပြောင်းကိုင် တပ်သားမြင့်စိုးနှင့် အမှတ်(၄)တပ်ခွဲမှ စက်လတ်စစ်သည် ၂ ဦး၊ စုစုပေါင်း ၄ ဦးကျဆုံးကြောင်းသိရသည်။ ဒဏ်ရာရကတော့ ကျွန်တော့်တပ်စုမှ တပ်သားတင်အေးနှင့် အမှတ်(၄)တပ်ခွဲမှ တပ်သားနှစ်ဦးရှိကြောင်းသိရပါသည်။

ကျွန်တော်တို့ တိုက်ပွဲနေရာမှ နောက်တောင်ကုန်းတစ်ခုတက်ရာ နေဝင်သွားခဲ့ပါပြီ။ ကျွန်တော်တို့စခန်းချပြီး တပ်နေရာများချနေစဉ် အုပ်ချုပ်မှုစစ်ကြောင်းငယ်(၃)မှ ဗိုလ်မောင်မောင်လင်းနှင့် ထမင်းချက်အဖွဲ့တို့ ရေရှာရန်နှင့်ထမင်းချက်ရန်အတွက် စခန်းချကုန်းမှ ထွက်သွားကြပါသည်။ ကျွန်တော်တို့ ကျန်သည့်အဖွဲ့ဖြင့် ကင်းချ၊ တဲထိုး၊ ကျည်သုံးစစ်၊ ကျည်ကပ်များကျည်ပြန်ဖြည့်၊ သေနတ်တိုက်ခြင်းတို့ကို အထက်အမိန့်မလိုဘဲ အလိုလို ကိုယ့်တာဝန်ကိုယ်ကိုယ်စီလုပ်နေကြသည်။

ကျွန်တော်လည်း မနေ့ကတစ်နေ့ကုန်ဝတ်ခဲ့သည့်ယူနီဖောင်းကိုလဲပြီး တပ်သားဝင်းကြည်အား ထင်းရှူးပင်နှစ်ပင်ကြားကြိုးတန်းပြီး အခြောက်ခံလှန်းစေခဲ့ပါသည်။ တပ်သားဝင်းကြည်က ယူနီဖောင်းများယူသွားစဉ် ဘောင်းဘီကို ပြောင်းပြန်လှန်လိုက်ရာ တင်ပါးနေရာရှိ ဘောင်းဘီပိတ်စမှာ အပေါက် ၄ ပေါက်တွေ့၍ တပ်သားဝင်းကြည်က "ဗိုလ်ကြီး ဒီမှာ အပေါက် ၄ ပေါက်"ဟုပြော၍ လာပြပါသည်။

ကျွန်တော်နှင့်ဗိုလ်စိုးမြိုင်တို့ ၎င်းအပေါက်လေးပေါက်ကိုစစ်ရာ လူက မြေပြင်တွင်ဝပ်နေစဉ် ဘောင်းဘီဖင်ပိုင်းက ဘောင်းဘီပိတ်စထောင်နေသည်ကို ကျည်ဆန် ၂ တောင့်က တင်ပါးပေါ်မှကပ်ပြီး ဖြတ်ဖောက်သွား၍ အဝင် ၂ ပေါက်၊ အထွက် ၂ ပေါက်၊ ပေါင်း ၄ ပေါက်ဖြစ်မည်ဟုသုံးသပ်ကြပါသည်။

'ယင်းကျည်ဆန် ၂ တောင့် တင်ပါးမှန်လို့ကတော့ အခုဆို မှောက်လျက်သားအိပ်နေရမှာလား၊ ဒါမှမဟုတ် မြေကြီးထဲအိပ်ရမှာလား၊ တစ်ခုခုတော့ သေချာသည်'ဟု တွေးမိသည်။ ကံကြီးပေလို့သာပေါ့။ ကျွန်တော်လည်း အိတ်ကပ်ထဲတွင်ရှိသည့် သရက်တစ်ပင်တိုက်နယ်သူကြီးဦးမြဟန်ပေးခဲ့သော ဆင်မှာန်စွယ်နှင့် ချိုးအမတောကို သတိရမိသည်။

ယင်းနောက် ဗိုလ်စိုးမြိုင်၊ ဒုတိယအရာခံဗိုလ်အုန်းမြင့်၊ တပ်ခွဲတပ်ကြပ်ကြီးအောင်ခင်နှင့် တပ်ကြပ်ကြီးသက်ဝေတို့သည် ကျည်ဆန်ကိစ္စ၊ ကျဆုံး၊ ဒဏ်ရာရစစ်သည်ကိစ္စများဆောင်ရွက်ကြသည်။

## ထမင်းတော်တာ ၃၃ နာရီ ၊ ၅၀ မိနစ်ကြာ

ကျွန်တော်တို့စာရင်းဇယားတွေလုပ်နေစဉ်မှာပဲ ထမင်းချက်အဖွဲ့များတက်လာကြသည်။ ထမင်းချက်ရာမှပြန်လာသော ကပ်ကြပ်ကြီးအောင်ကွန်းဖြူနှင့် တပ်သားအုန်းရွှေက ကျွန်တော့်ကို ထမင်းပြင်ပေးသည်။ တပ်သားမောင်သောင်းနှင့်တပ်သားဝင်းကြည်တို့က တပ်ခွဲရုံးအတွက်ချက်လာသောထမင်းဟင်းကို ဗိုလ်စိုးမြိုင်အတွက် ပြင်ပေးရင်းအတူတူစားသည်။ စားရသည်မှာ အဆင်ပြေပါသည်။ အမဲဘူး၊ ငါးပိကြော်၊ သရက်သီးသနပ်များ၊ ဝါးရောင်းချဉ်ချဉ်ရည်ဟင်းနှင့် ထမင်းပူပူကို အားရပါးရစားကြပါသည်။ ထမင်းစစားချိန်နာရီကိုကြည့်လိုက်ရာ ည ၈ နာရီ၊ ၂၀ မိနစ်ရှိနေပါပြီ။

ကျွန်တော်တို့ထမင်းစားပြီးပြီးချင်းပဲ စစ်ကြောင်းမှူးခေါ်၍ သွားခဲ့ပါသည်။ ကျွန်တော့်အထင်မှာ စစ်ကြောင်းမှူးမှာ တိုက်ပွဲဖြစ်စဉ်တွေအားလုံး သူကိုယ်တိုင်မျက်ဝါးထင်ထင်ဖြစ်တော့ ဒိုင်ခံရေးပြီးအထက်ဌာနကိုတင်ပြကာ အလုပ်များရှုပ်နေသည်။

ထမင်းမစားရသေးတော့ မည်သူ့ကိုမျှမခေါ်ဘဲ ကိုယ့်ကိစ္စကိုယ် ရှင်းနေကြခြင်းသာဖြစ်သည်။ ယခုအားလုံးလည်း ထမင်းစားပြီးပြီ။ အထက်တင်ပြစာတွေလည်း ပို့ပြီးဖြစ်၍ခေါ်ခြင်းဖြစ်သည်။

စစ်ကြောင်းမှူးက တိုက်ပွဲဖြစ်စဉ်၊ တိုက်ပွဲကျဆုံးစစ်သည်၊ ဒဏ်ရာရစစ်သည် စသည်တို့ကိုတင်ပြပြီးကြောင်းပြောပါသည်။ နောက် ညမှာမပေါ့ရန်နှင့် သူတိုက်ကိုယ်တိုက်၊ သူပစ်ကိုယ်ပစ်ဆိုတော့ သူတို့ဘက်လည်း ဒဏ်ရာရကြမှာပဲဟု သုံးသပ်ပြောသည်။

ထို့နောက် စစ်ကြောင်းမှူးက ရိက္ခာ၊ ကျည်ဆန်၊ ဆေးဝါးကိစ္စများတင်ပြကြရန် ပြောပါတော့သည်။ ကျွန်တော်တို့ကလည်း ပြုရပြီးကြောင်းနှင့် လိုအပ်သည်များဆက်တင်ပြရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း တင်ပြပါသည်။ ဗိုလ်စိုးမြိုင်က ပြောလက်စစကားကို ဖောက်ပြီး စစ်ကြောင်းမှူးအား ကျွန်တော်တို့နယ်မြေကို ဟန်ချက်ညီရှင်းနေသည့် အမှတ်(၁)ခြေလျင်တပ်ရင်းစစ်ကြောင်း(၂) ဘယ်ရောက်နေလဲဟုမေးလိုက်ရာ ၎င်းစစ်ကြောင်းနှင့် မိမိတို့တပ် သိပ်မဝေးကြောင်း၊ မနက်က တိုက်ပွဲဖြစ်ဖြစ်ချင်း ရှေ့တန်းစစ်ဗျူဟာနှင့် မိမိတို့ဆက်သွယ်တော့ သူတို့နှင့်လည်း အဆက်အသွယ်ရ၍ ကျွန်တော်တို့နောက်ကိုလိုက်ပေါင်းဖို့ ညွှန်ကြားထားကြောင်း၊ သို့သော် ယခုချိန်အထိ ရောက်မလာကြသေးကြောင်း၊ ဖီ၂ ဆက်သွယ်ရေးစက်ကြီးဖြင့် ခေါ်သော်လည်းမရကြောင်းနှင့် ရှေ့တန်းစစ်ဗျူဟာကို တင်ပြထားကြောင်းပြောပါသည်။

ကျွန်တော်စိတ်မကောင်းပါ။ ထီးဖနိုတိုက်ပွဲဖြစ်စဉ်မှာလည်း တပ်ခွဲ ၁ ခွဲတည်းအတူ၊ တပ်စု (၁) တိုက်ပွဲဖြစ်သည်ကို တပ်စု(၂)က ညာဘက်က ပန်းတိုက်ရမည်ကို လျှို့ခံနေ၍ဆိုပြီး နောက်ကြောင်းပြန်ပြီး ကျွန်တော်တို့တပ်စု(၁)နောက်မှနေခဲ့သည်ကို ခံစားရပြီးဖြစ်သည်။ ယခုလည်း ရန်သူ ၃၀၀ ခန့်နှင့် တိုက်ပွဲဖြစ်ချိန် ၂ နာရီနီးနီး ပစ်ကြ၊ ခတ်ကြ၊ လက်နက်ကြီးသံများဆူပွက်နေသည်ကို ဟန်ချက်ညီလှုပ်ရှားသည့် တပ်က လာမပေါင်းသည်ကို ထပ်မံတွေ့ရပြန်သည်။

ကျွန်တော်တို့လည်း စစ်ကြောင်းမှူးထံမှ ပြန်လာပြီး ယာယီပလတ်စတစ်တဲသို့ ဗိုလ်စိုးမြိုင်ပြန်ပါသည်။ မအိပ်ခင်မှာတော့ ပုံမှန်ဘုရားရှိခိုးကာ ၂၄ ပစ္စည်းဖြင့် စည်းချခြင်းတို့ပြုလုပ်ပြီး အိပ်ရာဝင်ခဲ့သည်။

ယနေ့ ထမင်းကို ၃၃ နာရီ ၅၀မိနစ် ထမင်းစားရသည်နှင့် ရန်သူ့အင်အား ၃၀၀ ခန့်၏အပေါ်စီးက လက်နက်ကြီး၊ လက်နက်ငယ်တို့ဖြင့် ၂ နာရီခန့် အမှန့်ကြိတ်ခဲ့သည့်ဖြစ်စဉ်၊ မိမိရဲဘော်များကျဆုံး၊ ဒဏ်ရာရမှုတို့အပြင် ဘေးနံစစ်ကူတပ် အချိန်မီမရောက်မှု၊ နောက်ဆုံး မိမိစစ်ဘောင်းဘီ၏တင်ပါးပိုင်းရှိ ကျည်ပေါက် ၄ ပေါက်တို့ကို ပြန်လည်မြင်ယောင်သတိရကာ အိပ်ခဲ့ပါတော့သည်။ ။

**ဗိုလ်ဘခင်**

အက်ဒရီယာနာလီမာဟာ ဘရာဇီးနိုင်ငံရဲ့ မော်ဒယ်နဲ့ သရုပ်ဆောင်တစ်ယောက်အဖြစ် ထင်ရှားကျော်ကြားသူဖြစ်ပြီး Victoria Secret နတ်မိမယ်လို့ လူသိများပါတယ်။ သူမဟာ ယနေ့ထိတိုင် မော်ဒယ်လောကမှာ ဈေးအကြီးဆုံးထိပ်တန်းစာရင်းဝင်သူတစ်ယောက်ဖြစ်နေပြီး Maybelline အလှကုန်ရဲ့ ကြော်ငြာရေးဆိုခွင့်မော်ဒယ်တစ်ဦးအဖြစ်လဲ ရပ်တည်နေဆဲဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်တုန်းက

# ဘရာဇီးနိုင်ငံရဲ့ အလှဆုံးနတ်မိမယ် အက်ဒရီယာနာလီမာ


အိုကြွင်ရာ



တစ်နှစ်ဝင်ငွေ အမေရိကန် ဒေါ်လာ ၇ ဒသမ ၃ သန်း၊ ၂၀၁၃ ခုနှစ်မှာ တစ်နှစ်ဝင်ငွေ အမေရိကန်ဒေါ်လာ ၈ သန်းဖြစ်လာပါတယ်။ ၂၀၁၅ ခုနှစ်ရောက်တော့ မော်ဒယ်လောကရဲ့ဒုတိယဝင်ငွေအကောင်းဆုံးဖြစ်လာခဲ့ပြီး တစ်နှစ်ဝင်ငွေ အမေရိကန် ဒေါ်လာ ၉ သန်းဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်မှာ ဒုတိယနေရာမှာပဲ ဆက်လက်ရပ်တည်နေပြီး ဝင်ငွေအားဖြင့် အမေရိကန် ဒေါ်လာ ၁၀ ဒသမ ၅သန်းဖြစ်လာပါတယ်။

လီမာကို ၁၉၈၁ ခုနှစ်၊ ဇွန်လ ၁၂ ရက်မှာ ဘရာဇီးနိုင်ငံ၊ ဆယ်ဗေးဒိုးမြို့မှာမွေးဖြင်ပါတယ်။ သူမရဲ့ဖခင်က လက်သမားဆရာ နယ်လ်ဆင်တော် ရက်စ်ဖြစ်ပြီး မိခင်က မာရီယာဒက်စ်ဂရာ ကာ့စ်လီမာ







ဖြစ်ပါတယ်။ သူမ ၆ လသမီးအရွယ်မှာ ဖခင်က မိသားစုကိုစွန့်ခွာသွားတာကြောင့် မိခင်နဲ့ပဲ နေထိုင်ကြီးပြင်းခဲ့ရပါတယ်။ သူမငယ်ရွယ်စဉ်က ကလေးအထူးကုဆရာဝန်တစ်ယောက်ဖြစ်ချင်ခဲ့ပြီး ပေါ်တူဂီ၊ အင်္ဂလိပ်၊ စပိန်နဲ့အီတလီဘာသာစကား ၄ မျိုးကို ကျွမ်းကျင်စွာပြောဆိုတတ်ပါတယ်။

လီမာရဲ့ဘဝမှာ ဘယ်တုန်းကမှ မော်ဒယ်တစ်ယောက်ဖြစ်လာဖို့စိတ်မကူးမိခဲ့ပေမဲ့ ကျောင်းသူဘဝမှာကတည်းက အလှအပဆုတွေ မကြာခဏရရှိခဲ့ပါတယ်။ ဒါနဲ့ အသက် ၁၅ နှစ်ရောက်တော့ ဘရာဇီးနိုင်ငံရဲ့စူပါမော်ဒယ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာ ပထမဆုရရှိခဲ့ပါတယ်။ ၁၉၉၆ ခုနှစ် ကမ္ဘာ့စူပါမော်ဒယ်ပြိုင်ပွဲမှာတော့ ဒုတိယဆုချိတ်ခဲ့ပြီး သုံးနှစ်အကြာမှာ နယူးယောက်ကိုရောက်ရှိလာခဲ့ပါတယ်။ ဖက်ရှင်ရှိုးပွဲတွေမှာ မော်ဒယ်အဖြစ်ပါဝင်လျှောက်လှမ်းခဲ့တာ နာမည်ကြီးဖက်ရှင်ဒီဇိုင်းအများအပြားနဲ့ လက်တွဲခဲ့ရပါတယ်။ Vogue, Harper's Bazaar, ELLE, Grazia, Cosm opolitan, Interview, GQ, W, Are na, V, Esquire, Garage and French Revue de Modes မဂ္ဂဇင်းတွေမှာ သူမရဲ့အကြောင်းတွေကို စေ့စေ့ဆားဆားဖော်ပြပေးကြပါတယ်။ ၂၀၀၈ ခုနှစ်က အီတလီတယ်လီကွန်းကုမ္ပဏီရဲ့ဆဲလ်ဖုန်းကို ကြော်ငြာပေးခဲ့တာမှာ အီတလီနိုင်ငံရဲ့ကက်သရင်းဇီတာဂျုန်းလို့ သူမကို တင်စားခေါ်ဝေါ်ခဲ့ကြပါတယ်။

၂၀၀၉ ခုနှစ်မှာ တူရကီနိုင်ငံကို အလည်အပတ်သွားရင်း ဒေါ်ရီတိုကုမ္ပဏီနဲ့ ရုပ်သံကြော်ငြာရိုက်ကူးဖို့ စာချုပ်ချုပ်ဆိုဖြစ်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်ရောက်တော့ တူရကီအဝတ်အစားကုမ္ပဏီ Mavi Jeans နဲ့ ကြော်ငြာရိုက်ခဲ့ပြီး အရောင်းမြှင့်တင်တာကြောင့် ၂၀ ရာခိုင်နှုန်းအထိ ရောင်းအားတိုးတက်သွားပါတယ်။ သူမရဲ့ရုပ်သံကြော်ငြာကို ကြည့်ရှုသူ ၂၈ သန်းရှိခဲ့ပြီး Mavi ကုမ္ပဏီရဲ့ ဖေ့စ်ဘွတ်ခ်မ်နဲ့ဖွစ်ဟာအမကောင့်တွေမှာပဲ Follower အများအပြားရရှိခဲ့ပါတယ်။

၂၀၁၃ ခုနှစ်မှာတော့ စပိန်နိုင်ငံက ကမ္ဘာကျော်ဖက်ရှင်ကုမ္ပဏီဖြစ်တဲ့ Desigual ရဲ့ပထမဦးဆုံး Brand Ambassador အဖြစ်ရွေးချယ်ခံရပြီး ရုပ်သံကြော်ငြာတွေရိုက်ကူးလို့ စပိန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ သြစတြီးယားနဲ့ ဘယ်လ်ဂျီယံနိုင်ငံတွေရဲ့ တီဗီမှာ ထုတ်လွှင့်ပြသခဲ့ပါတယ်။

လီမာဟာ ၂၀၁၄ ခုနှစ်မှာ အမေရိကန်နိုင်ငံ၊ နယူးယောက်က Maybelline ကုမ္ပဏီရဲ့ပြောရေးဆိုခွင့် မော်ဒယ်ဖြစ်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်မှာ ဘရာဇီးနိုင်ငံ၊ ပူးမားကုမ္ပဏီရဲ့ Brand Ambassador ဖြစ်ခဲ့ရပြီး ဖိနပ်နဲ့လက်ဝတ်တန်ဆာတွေ အရောင်းမြှင့်တင်ပေးရပါတယ်။ ဒီလိုတွေကျင်လည်ရပေမဲ့ ၁၉၉၉ ခုနှစ်



လီမာ အသက် ၁၇ နှစ်ကတည်းက Victoria Secret နဲ့လက်တွဲခဲ့တာက ဂုဏ်ထူးဆောင်ပါတယ်။ ၂၀၀၃ ခုနှစ်၊ ၂၀၀၇ ခုနှစ်၊ ၂၀၀၈ ခုနှစ်၊ ၂၀၁၀ ပြည့်နှစ်နဲ့ ၂၀၁၂ ခုနှစ် Victoria ရှိုးပွဲတွေမှာ သူမ ပါဝင်ခဲ့ပါ တယ်။

ရုပ်ရှင်အနေနဲ့ The Follow (2001) ဇာတ်ကားမှာ မစ်ကီရော့ခ်၊ ဖောရက်စ်ဝှစ်တိတ်ကာတို့နဲ့ တွဲဖက်သရုပ်ဆောင်ခဲ့ပါတယ်။ နောက် ဇာတ်လမ်းတိုဖြစ်တဲ့ The Hire ဇာတ်ကားမှာ ကလစ်ဗ်အိုဝင်နဲ့ တွဲဖက်သရုပ်ဆောင်ခဲ့ပါတယ်။ CBS ရုပ်သံစီးရီးရဲ့ ဟာသဇာတ်လမ်းတွဲဖြစ်တဲ့ How I Met Your Mother မှာ ဧည့်သည်သရုပ်ဆောင်အဖြစ်ပါဝင်ခဲ့ပြီး The Yips ဇာတ်လမ်းတွဲမှာလဲ သရုပ်ဆောင်ခဲ့ပါတယ်။ အမေရိကန်ရုပ်သံဇာတ်လမ်းတွဲ Ugly Betty မှာ Betty Suarez အဖြစ် ပါဝင်ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်တွင်ကျင်းပတဲ့ အမေရိကန် Beauty Show ပြိုင်ပွဲကို လီမာက အကုန်အကျခံဆောင်ရွက်ခဲ့ပါတယ်။

သူမရဲ့ကိုယ်ရေးကိုယ်တာအကြောင်းနဲ့ ပတ်သက်လို့ပြောရရင် အမေရိကန်အဆိုတော် Lenny Kravitz နဲ့ ၂၀၀၁ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ တွဲခဲ့ပါတယ်။ နောက်တော့ စေ့စပ်တဲ့အဆင့် အထိရောက်ခဲ့ကြပြီး Lenny Kravitzရဲ့ ၂၀၀၂ ခုနှစ်ထုတ် Yesterday Is Gone ဗွီဒီယိုမှာ ပါဝင်သရုပ်ဆောင်ခဲ့ပါတယ်။

ဒါပေမဲ့ တရားဝင်လက်ထပ်တာကတော့ ဆားဗီးယန်းဂီတသမား မာကိုဂျယ်ရီဖြစ်ပြီး ၂၀၀၉ ခုနှစ် ဇယ်လင်ကိုင်းနေ့မှာ ဝိုင်ယိုးမင်းပြည်နယ်၊ ဂျက်ဆင်ဟိုးမြို့မှာ လက်ထပ်ခဲ့ပါတယ်။ အိမ်ထောင်ပြုပြီး ဆားဘီးယားနိုင်ငံသား အဖြစ်လျှောက်ထားခဲ့ပေမဲ့ မရခဲ့ပါဘူး။



ဂျယ်ရီနဲ့ သမီးလေးနှစ်ယောက်ရရှိခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်၊ မေလ ၂ ရက်မှာတော့ ဂျယ်ရီနဲ့လီမာတို့ပြတ်စဲပြီးဖြစ်ကြောင်း နှစ်ဦးစလုံးကကြေညာခဲ့ပြီး ၂၀၁၆ ခုနှစ်၊ မေလမှာ တရားဝင်ကွာရှင်းခဲ့ကြပါတယ်။

လီမာက ရိုမန်ကက်သလစ်ဘာသာဝင်ဖြစ်ပြီး တနင်္ဂနွေနေ့တိုင်း ဘုရားကျောင်းမှန်မှန်တက်သူဖြစ်ပါတယ်။ ဘာသာတရားရဲ့သွန်သင်မှုအားဖြင့် ကိုယ်ဝန်ဖျက်ချခြင်းဟာ ရာဇဝတ်မှုဆိုတာကို လက်ခံသူလဲဖြစ်ပါတယ်။ ပွဲတွေမှာ ဖျော်ဖြေမှုမတင်ဆက်ခင် သမ္မာကျမ်းစာကို ဖတ်လေ့ရှိပါတယ်။ အကယ်၍သာ သူမအနေနဲ့ Victoria Secret နဲ့ မလုပ်ဖြစ်ခဲ့ရင် သီလရှင်တစ်ယောက်ဖြစ်သွားနိုင်တယ်။ သူမရဲ့ရင်ထဲမှာ ဘုရားက အမြဲတမ်းကိန်းဝပ်နေတယ်လို့ ပြောလေ့ရှိပါတယ်။



ကျွန်မဟာ သဘာဝတရားကြီးကို ယုံကြည်တယ်။ စွမ်းအားတွေကိုယုံကြည်တယ်။ ပြီးတော့ သန့်ရှင်းတဲ့ ဂီတဂုဏ်ကျက်ကိုလဲယုံကြည်တယ်လို့ ပြောပါတယ်။

အောင်မြင်ပြီး ဘာသာတရားကိုင်းရှိုင်းသူဖြစ်တာကြောင့် ပရဟိတဆောင်ရွက်မှုအနေနဲ့ မိဘမဲ့ကလေးသူငယ်တွေအတွက် ဆယ်ဗေးဒိုးမြို့မှာ Paths of Light ဆိုတဲ့ အဖွဲ့အစည်းတစ်ခုတည်ထောင်ပြီး အကူအညီပေးနေသူဖြစ်ပါတယ်။ မိဘမဲ့ကလေးတွေနေထိုင်ဖို့ အဆောက်အအုံတွေတည်ဆောက်ပေးပါတယ်။ ဆယ်ဗေးဒိုးနဲ့ဘာဟီးယားမြို့က ဆင်းရဲတဲ့ကလေးတွေအတွက် အဝတ်အစားတွေဝယ်ယူလှူဒါန်းပါတယ်။ ၂၀၀၉ ခုနှစ်က Deal or No Deal ပြိုင်ပွဲအစီအစဉ်တစ်ခုပြုလုပ်ခဲ့ပြီး ရရှိလာတဲ့ငွေကြေးတွေကို အစ္စတန်ဘူမြို့ဆေးရုံက သွေးကင်ဆာခံစားနေရတဲ့ ကလေးတွေအတွက် လှူဒါန်းခဲ့ပါတယ်။

၂၀၀၅ ခုနှစ် Forbes မဂ္ဂဇင်းရဲ့ထုတ်ပြန်ချက်အရ လီမာဟာ အသက် ၂၅ နှစ်အောက် ဝင်ငွေအကောင်းဆုံး Celebrity အဖြစ် အယောက် ၁၀၀ စာရင်းထဲဖော်ပြခံရပါတယ်။ ၂၀၁၂ ခုနှစ်မှာတော့ အမေရိကန်ဒေါ်လာ ၇ သန်းအထက်ဝင်ငွေရှိသူစာရင်းထဲ နံပါတ် ၈ ဖြစ်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်မှာတော့ လီမာတစ်ယောက် အမေရိကန်နိုင်ငံ မဒမ်တူးဆော့ပြတိုက်မှာ ဖယောင်းရုပ်တုအဖြစ် ထုလုပ်ပြသခံရတာကြောင့် ဘရာဇီးအကျော်အမော်ဘောလုံးသမားပီလီရဲ့ရုပ်တုပြီးရင် သူမက ဘရာဇီးနိုင်ငံရဲ့ဒုတိယမြောက်ဂုဏ်ဆောင်သူဖြစ်လာပါတော့တယ်။ ။

အိုကြင်ရာ

Ref; https://en.wikipedia.org/wiki Adriana_Lima.
http://www.adrianalima.com/

"ဖေဖေ ဖေဖေ"
"ဘယ်မှာလဲ ဖေဖေ၊ သားရဲ့ဖေဖေက ဘယ်မှာလဲ"
မိုးခြိမ်းသံတွေကြားရတိုင်း
ကျွန်တော်ကိုက်လန့်ပါတယ်ဖေဖေ။
ကျွန်တော့်ရဲ့နာမည်က မိုးချစ်ဆိုပေမဲ့
အဲဒီမိုးကြီးကို သားကြောက်တယ်ဖေဖေ။
နောက်ပြီး ကျွန်တော်သိပ်မုန်းတဲ့ကိစ္စတစ်ခု
ရှိသေးတယ်။ အဲဒါကြီးကိုလဲ သားလေ
မုန်းမှမုန်းပဲ။ ဖေဖေလို့ရင်ထဲကအော်မြည်လိုက်တိုင်း
ကျွန်တော့် မွေးစာရင်းထဲက
ကျွန်တော့်အဖေမဟုတ်တဲ့အမည်တစ်ခုကို
ကျွန်တော်သိပ်မုန်းတာပဲဖေဖေ။
မေမေက ကျွန်တော့်ကို လိမ်ထားတယ်။
ကျွန်တော့်အဖေနာမည် ဦးနေဝင်းတဲ့။
ဘာထူးလဲ ဖေဖေကလဲ ပရိသတ်ကို
လိမ်ထားတယ်။ အင်တာဗျူးတွေထဲ
မှာ "ကျွန်တော်ဟာ
လူပျိုစာတ်မင်းသားလေးပါ"တဲ့။
မေမေက ဖေဖေ့ကို နာကြည်းမုန်းတီးလွန်းလို့
ကျွန်တော့်မွေးစာရင်းထဲမှာ ဘယ်ကမှန်း၊
ဘယ်သူမှန်းမသိတဲ့လူကြီးကို
ကျွန်တော့်အဖေဆိုပြီးထည့်ခဲ့တယ်။





မေမေ မှန်လား၊ မှားလား၊ ကျွန်တော်မသိပါဘူးဖေဖေ။ ဒါပေမဲ့ အတန်းထဲမှာ အတန်းပိုင်ဆရာမက 'မောင်မိုးချစ်၊ အဖအမည် ဦးနေဝင်း၊ စတုတ္ထတန်း' လို့ရွက်ဆိုလိုက်တိုင်း ကျွန်တော် အရမ်းဝမ်းနည်းမိပါတယ်ဖေဖေ။ ဖေဖေက အများအကျိုးပရဟိတတွေလဲ လုပ်တယ်နော်။ ရုပ်သံလိုင်းတွေက ထုတ်လွှင့်တဲ့ အနုပညာသတင်းတွေမှာ ဖေဖေပရဟိတလုပ်နေတဲ့ သတင်းတွေ ခဏခဏကြည့်ရပါတယ်ဖေဖေ။ ပရဟိတစိတ်နဲ့ အများအကျိုးဆောင်တဲ့ဖေဖေကသားအကျိုးကျမှ ဘာလို့ ခေါင်းရှောင်မျက်ကွယ်ပြုရတာလဲဖေဖေရယ်။ ဖေဖေတို့ပရိသတ်ကိုလိမ်လို့ ရချင်ရမယ်။ သားရဲ့သွေးကိုတော့ လိမ်ညာလို့မရပါဘူး။

သားကလေး တီဗီလိုင်းတွေကနေ ဇာတ်သဘင်ကဏ္ဍတွေတင်ဆက်တိုင်း ထမင်းမေ့ဟင်းမေ့ကြည့်တတ်တယ်ဖေဖေ။ သားကလေး အိုးစည်၊ ဒိုးပတ်ဆိုင်းသံတွေကြားရင် ကချင်ခုန်ချင်နဲ့ အလိုလိုပျော်ရွှင်တတ်တယ်ဖေဖေ။ ဖေဖေ့ကို သားဖေဖေလို့မသိခင် ငယ်စဉ်ကတည်းက ဖေဖေ့ရဲ့ဇာတ်သဘင်ဖျော်ဖြေမှုတွေ ရုပ်မြင်သံကြားကလာရင် သားက တခြားဇာတ်မင်းသားတွေထက် ပိုသဘောကျတယ်ဖေဖေ။ သားလေ ဖေဖေ့ရဲ့နှစ်ပါးသွားတွေ၊ အော်ပရာတွေ၊ ပြဇာတ်တွေကို ကြည့်ပြီး အရူးအမူးကြိုက်ခဲ့ပေမဲ့ မေမေနဲ့ဖွားမေက ဖုံးကွယ်ထားကြတော့ ဖေဖေ့ကို သားဖေဖေလို့ မသိခဲ့ရပါဘူးဖေဖေရယ်။

မေမေဟာ ငယ်စဉ်ကတည်းက မိဘတွေမရှိလို့ သူ့အဒေါ်ဖွားမေနဲ့အတူနေထိုင်ခဲ့ရတယ်ဆိုတာ ဖေဖေသိရဲ့လားဟင်။ အိမ်ထောင်မရှိတဲ့အပျိုကြီးဖွားမေကလဲ ငယ်စဉ်ကတည်းက ကျွေးမွေးစောင့်ရှောက်ခဲ့ရတဲ့မေမေ့ကို သမီးအရင်းလေးလိုချစ်တယ်ဆိုတာ ဖေဖေသိရဲ့လားဟင်။ သားရဲ့မေမေ မိဘမဲ့မိန်းကလေးက လင်ကောင်မပေါ်တဲ့၊ ဖခင်အမည်မှန်တပ်ခွင့်မရတဲ့ ကျွန်တော့်ကိုမွေးခဲ့တာ မျိုးရိုးလိုက်တဲ့ဝဋ်ကြွေးတွေလို့ ဆိုရမှာလားဟင် ဖေဖေ။

ကျွန်တော့်ကံက အဆိုးထဲကအကောင်းလို့ဆိုရလေမလား။ ကျွန်တော်ဟာ ဖေဖေ့သားလို့ လူအသိမခံဘဲ ဖုံးကွယ်ထားတဲ့ကြားက ကျွန်တော်သိခွင့်ရခဲ့ပါတယ်ဖေဖေ။

ကျွန်တော်တို့ကျောင်းမှာ ကျွန်တော်နဲ့တစ်ခန်းတည်းတက်တဲ့ ပြုံးချိုဆိုတာရှိတယ်ဖေဖေ။ ပြုံးချိုက ကျွန်တော်နဲ့တစ်ရပ်ကွက်တည်းသားပါ။ ကျွန်တော်တို့နဲ့ တစ်လမ်းကျော်ကပေါ့။ သူ့အဖေက ကျွန်တော်တို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးပါဖေဖေ။ တစ်နေ့မှာ သူတို့အိမ်ကို သတင်းထောက်တစ်ယောက်ရောက်လာခဲ့သတဲ့ဖေဖေ။ ဒီရပ်ကွက်ထဲမှာ နာမည်ကြီးဇာတ်မင်းသားတစ်ယောက်နဲ့ငြိစွန်းပြီး မိန်းကလေးတစ်ယောက်ဟာ ကလေးတစ်ယောက်ရခဲ့တယ်။ အဲဒီဇာတ်မင်းသားက ကလေးကို အဖေအမည်အဖော်မခံဘူး၊ တာဝန်မယူဘူးလို့ကြားရလို့ လာစုံစမ်းတာပါတဲ့ဖေဖေ။

ပြုံးချိုရဲ့အဖေ ရပ်ကွက်လူကြီးကလဲ သတင်းထောက်ကို လိမ်လိုက်ပြန်သတဲ့ဖေဖေရယ်။ "အဲဒီလိုအဖြစ်မျိုးမဖြစ်ခဲ့ပါဘူး၊ မရှိပါဘူး၊ ဖြစ်ခဲ့ရင်တောင် ဒါဟာ ရပ်ကွက်တွင်းကိစ္စ၊ ရုံးကိစ္စဖြစ်လို့ ဘယ်သူ့ကိုမှ ပြောခွင့်မရှိပါဘူး"လို့ ပြောလိုက်ပါသတဲ့ဖေဖေ။ ဒါကို ပြုံးချိုကသိတော့ အဲဒီကလေးဟာ ဘယ်သူလဲ၊ ဘယ်ကလဲဆိုပြီး သူ့အမေကိုပြန်မေးခဲ့သတဲ့။ ပြုံးချိုရဲ့အမေက ပါးစပ်ပွာတယ်ဖေဖေ။ ပြုံးချိုက အကျင့်မကောင်းဘူးဖေဖေ။ သူ့အမေပြောပြလိုက်တဲ့ ကျွန်တော့်အကြောင်းကို လှောင်စရာ၊ သရော်စရာအဖြစ် ကျောင်းခန်းထဲမှာ ရက်ရက်စက်စက်အသုံးချခဲ့ပါတယ်ဖေဖေရယ်။

"အဖေမှားတဲ့သား ပလို့ဂျိုဘောထိ . . .
ဇာတ်သမားရဲ့သား ပလို့ဂျိုဘောထိ . . .
ဖက်ခွက်စားရဲ့သား . . . ဘူးဗွား . . . ဟား
. . . ဟား . . . ဟား"

ပြုံးချိုရဲ့ကဗျာလိုလို၊ သီချင်းလိုလို ရွတ်ဆိုမှု

ကြီးနဲ့ ပါးစပ်ဆိုင်းသံကြီးကို အစကတော့ ကျွန်တော် ဘာလို့ပြောမှန်းမသိခဲ့ပါဘူးဖေဖေ။ အဲဒီနေ့က သားကျောင်းကိုမရောက်ခင် ပြုံးချိုကအရင်ရောက်ပြီး လူသိမခံဂုဏ်ကဲ့သားကို့အကြောင်းကို တစ်တန်းလုံးသိအောင်ပြောထားခဲ့ပုံပါပဲ။ ပြုံးချိုရဲ့ပါးစပ်ဆိုင်း၊ သရော်သီချင်းသံနဲ့အတူ တစ်တန်းလုံးက လက်ခုပ်တီးပြီး သားကိုလှောင်ပြောင်ခဲ့ကြပါတယ်ဖေဖေရယ်။ အဲဒီနေ့က သားကျောင်းမတက်တော့ဘဲ အိမ်ကိုပြန်ပြေးခဲ့ရတယ်ဖေဖေ။ ဘာမှန်းမသိပေမဲ့ အတန်းဖော်တွေရဲ့ လှောင်ပြောင်မှုကိုခံရတဲ့ ကလေးတစ်ယောက်ရဲ့အဖြစ်ဟာ တော်တော်ရှက်စရာကောင်းပါတယ်ဖေဖေ။

သားသိတတ်စကတည်းက မေမေနဲ့အတူမနေခဲ့ရပါဘူး။ မေမေက အဝေးတစ်နေရာမှာ ဝန်ထမ်းလုပ်နေပြီး သားကို အဆက်အသွယ်လဲမလုပ်ခဲ့ပါဘူးဖေဖေ။ သားဟာ ဖေဖေနဲ့မေမေ့သားဆိုပေမဲ့ အဖေ့သားလို့လဲ မခံယူရ၊ မေမေ့မေတ္တာကိုလဲ မရခဲ့ပါဘူး။ အိမ်မှာ ဖွားမေနဲ့သားနှစ်ယောက်တည်း နေကြတာပါ။ ကျောင်းမတက်ဘဲ ငိုပြီးအိမ်ကိုပြန်လာတဲ့သားကို ဖွားမေက စိုးရိမ်တကြီးနဲ့ မျာမျာသလဲမေးခဲ့ပါတယ်။ သားကလဲ သားကျောင်းမှာ အလှောင်ခံရတဲ့အကြောင်း၊ သူတို့ဘာလို့ အဲဒီလိုလှောင်ကြမှန်း သားလဲမသိကြောင်း၊ အားလုံးကဝိုင်းလှောင်ကြလို့ ရှက်ရှက်နဲ့အိမ်ပြန်ပြေးလာရကြောင်းတွေ ဖွားမေကိုပြောပြလိုက်တယ်ဖေဖေ။

"ဘူးတစ်ရာအပေါက်သာ ပိတ်လို့ရမယ်၊ ပါးစပ်တစ်ပေါက်ကို ပိတ်ဖို့မလွယ်ပါ့လား၊ လူကြီးတွေရဲ့ အရှက်သိက္ခာအတွက်ဆိုတဲ့အတ္တနဲ့ အဖြစ်မှန်ကို ဖုံးကွယ်ထားခဲ့ကြတာ၊ ငါ့မြေးလေးရဲ့အနာဂတ်ကို ထည့်မတွက်သလိုဖြစ်သွားခဲ့ရပြီ၊ ငါ့မြေးလေးမျာ အဖေအမည်မှားကြီးနဲ့ တစ်သက်လုံးရှင်သန်ရတော့မှာကို ဖွားမေကို့မစဉ်းစားခဲ့မိကြဘူး၊ အကြောင်းစုံကို ဖွားမေပြောပြပါ့မယ်မြေးလေးရယ်"လို့ပြောပြီး ဖွားမေငိုတယ်ဖေဖေ။

မေမေက ဆယ့်ခြောက်နှစ်အရွယ် ဆယ်တန်းကျောင်းသူလေးပေါ့။ ဖေဖေ့ရဲ့နိုင်ငံကျော်ဇာတ်အဖွဲ့ကြီးက နယုန်ပွဲတော်ကြီးမှာ လာကသတဲ့။ မေမေက ဖေဖေ့ပွဲကို သူငယ်ချင်းတွေနဲ့အတူသွားကြည့်ကြသကဲ့။ ရှေးရေစက်လား၊ အကိုက်ဝင်လို့ကြွေးလား။ ပြဇာတ်အစီအစဉ်အပြီးမှာ မေမေ့သူငယ်ချင်းတွေက ဇာတ်ရုံနောက်ထဲဝင်ပြီး ဖေဖေ့ကို မိတ်ဆက်ကြသတဲ့။

ဖေဖေဟာ ဇာတ်စင်ပေါ်ကနေ ဖျော်ဖြေစဉ် တစ်လျှောက်လုံး မေမေ့ကိုမျက်စိကျပြီး သားကောင်အဖြစ် သတ်မှတ်ခဲ့ပုံရပါတယ်လို့ ဖွားမေကပြောပါတယ်။ မေမေတို့အဖွဲ့ ဖေဖေမိတ်ကပ်လိမ်းတဲ့အခန်းထဲရောက်တာနဲ့ ကျန်တဲ့သူငယ်ချင်းတွေကို လူရွှင်တော်တစ်ဦးက ခေါ်ထုတ်သွားတယ်။ မေမေကလိုက်မလို့ပြင်တော့ ဖေဖေက မေမေ့လက်ကိုဆွဲထားပြီး လိုက်မသွားဖို့တားသတဲ့။ မနူးမနပ်အရွယ်၊ အသက်တောင်မပြည့်သေးတဲ့ဆယ်တန်းကျောင်းသူလေးဟာ ဖေဖေ့လိုတောကျွမ်းတဲ့မနဿမှဆိုးကြီးရဲ့ကျော့ကွင်းမှာ လုလုပပကြီးမိသွားခဲ့ရတာပေါ့လို့ ဖွားမေက ကဗျာသံ၊ စာသံနဲ့ပြောပြပါတယ်။ တကယ်တော့ မေမေဟာ ဖေဖေ့ကိုပရိသတ်တစ်ယောက်လိုပဲ အားပေးခဲ့တာပါ။ ဖေဖေ့အပေါ် လုံးဝမတိမ်းညွှတ်ခဲ့ပါဘူးတဲ့။ ဖေဖေကသာ မေမေ့ကို တဒင်္ဂဖြစ်ပေါ်လာတဲ့စိတ်ကြောင့်

**ပြုံးချိုရဲ့ပါးစပ်ဆိုင်း၊**
**သရော်သီချင်းသံနဲ့အတူ တစ်တန်းလုံးက**
**လက်ခုပ်တီးပြီး သားကိုလှောင်ပြောင်ခဲ့**
**ကြပါတယ်ဖေဖေရယ်။**
**အဲဒီနေ့က သားကျောင်းမတက်တော့ဘဲ**
**အိမ်ကိုပြန်ပြေးခဲ့ရတယ်ဖေဖေ။**
**ဘာမှန်းမသိပေမဲ့ အတန်းဖော်တွေရဲ့**
**လှောင်ပြောင်မှုကိုခံရတဲ့**
**ကလေးတစ်ယောက်ရဲ့အဖြစ်ဟာ . . .**

ဗလက္ကာရပြုကျင့်ခဲ့တာလို့ ဖွားမေကပြောတယ် မေမေ။

နယုန်ပွဲကြီးပြီးတော့ ဖေဖေတို့စာတတ်အဖွဲ့ကြီး ပြန်သွားတယ်။ တစ်ကြိမ်ဆို ဆိုသလောက် မေမေ့ကာဝ ရေတိမ်နစ်ခဲ့ရတယ်။ ပန်းကောင်းအညွန့်ကျိုးခဲ့ရတယ်လို့ ဖွားမေက နာကြည်းသံနဲ့ပြောပါတယ်။ ဒီလိုနဲ့ အချိန်တန်လာတော့ မေမေဟာ ဖေဖေ့ရင်သွေးလေး သူ့ဆီမှာ ကျန်ခဲ့မှန်းသိလာတယ်။ ဖွားမေတို့ကတော့ မသိခဲ့ကြပါဘူး။ မေမေက အပျိုစိုက်လဲဖြစ်ပြန်၊ လူကလဲ အနည်းငယ်ပြည့်တော့ ဖွားမေနဲ့ အရပ်ထဲကလူတွေက မေမေ့မှာ ကိုယ်ဝန်ရှိနေတာကိုမရိပ်မိကြဘူးပေါ့။

**သားကိုမွေးပြီးတဲ့အခါ**
**မေမေက အိမ်ကိုလည်းမပြန်၊**
**ဆေးခန်းတွေ၊ ဘာတွေလည်းမသွားဘဲ**
**အရပ်လက်သည်အဘွားကြီးရဲ့အိမ်မှာ**
**တရှုပ်ရှုပ်နဲ့ ငိုနေပါသတဲ့။**
**အဲဒီအချိန် မိုးကလည်း . . .**



မေမေက သိပ်သတ္တိကောင်းတယ်မေမေ။ လစေ့လို့မွေးဖွားချိန်တန်တော့ အရပ်လက်သည်အိမ်ကို သူ့ဘာသာသွားခဲ့သတဲ့။ သားကိုမွေးပြီးတဲ့အခါ မေမေက အိမ်ကိုလဲမပြန်၊ ဆေးခန်းတွေ၊ ဘာတွေလဲမသွားဘဲ အရပ်လက်သည်အဘွားကြီးရဲ့အိမ်မှာ တရှုပ်ရှုပ်နဲ့ငိုနေပါသတဲ့။ အဲဒီအချိန်မှာ မိုးကလဲ သဲကြီးမဲကြီးရွာနေပါတယ်တဲ့။ မေမေဟာ သူ့ဘဝအတွက်ရော၊ သားအတွက်ရော အငြိုးကြီးတဲ့မိုးကြီးနဲ့အပြိုင် ငိုလို့မဆုံးနိုင်တော့ဘူး။ ဖေဖေ အဲဒီမျက်ရည်တွေကို မမြင်နိုင်ခဲ့ဘူးနော်။ မေမေ့ရဲ့အခြေအနေကို သဘောပေါက်တဲ့ အဘွားကြီးက မေမေ့ကိုသနားပြီး –

"ညည်း ကိုယ့်အိမ်ကိုယ် ဟန်မပျက်ပြန်နေ၊ ဒီကိစ္စ ငါကြည့်ရှင်းလိုက်မယ်"ဆိုပြီး ပြောပါသတဲ့။ အဘွားကြီးစကားဆုံးတော့ စိတ်ညို့ခံထားရသူတစ်ယောက်လို မေမေအိမ်ပြန်သွားခဲ့တယ်လို့ဆိုပါတယ်။ အဲဒီအချိန်မှာ မေမေက ကျွန်တော့်ကို အရပ်လက်သည်အဘွားကြီးဆီ ဓနအပ်ထားခဲ့တာလား၊ ပြီးရင်ပြန်လာခေါ်မှာလား၊ အပြီးထားခဲ့တာလားဆိုတာ ကျွန်တော်မသိပါဘူးဖေဖေ။

မေမေက သားကို အရပ်လက်သည်ဆီမှာ တောင်းဆိုး၊ ပလုံးဆိုးလို ပစ်ထားခဲ့ပေမဲ့ ကံတရားက မေမေ့ဆီ၊ ဒါမှမဟုတ် ဖွားမေရဲ့မေတ္တာရိပ်ဆီပြန်ပို့ပေးခဲ့ပါတယ်ဖေဖေ။ အရပ်လက်သည် အဘွားကြီးကလဲ မေမေ့ကို သနားလို့သာထားခဲ့လို့ပြောလိုက်ပေမဲ့ သူကိုယ်တိုင်လဲ ကျွန်တော့်ကို ဘယ်လိုလုပ်ရမှန်းမသိခဲ့ပါဘူးတဲ့။ မွေးကင်းစကျွန်တော်ကလဲ နို့ဆာလို့ တအားငိုတယ်တဲ့။ အဘွားအိုကြီးတစ်ယောက်တည်းနေတဲ့အရပ်လက်သည်အိမ်ထဲက ကလေးငိုသံတွေ အဆက်မပြတ်ထွက်လာတဲ့အခါ အရပ်က မသင်္ကာလို့ ဝိုင်းဖမ်းကြသတဲ့။ အဲဒီအချိန်က ရပ်ကွက်လူကြီးက ပြုံးချိုရဲ့အဒေါ်ကြီးကြီးမော်ပါ။ ကြီးကြီးမော်က သိပ်ထက်မြက်တော့ ဘယ်သူ့ကလေးလဲဆိုတာကို ပေါ်အောင်စစ်နိုင်ခဲ့ပါတယ်။ ဒီလိုနဲ့ ကျွန်တော်လဲ

မေမေနဲ့ဖွားမေတို့ဆီပြန်ရောက်ခဲ့ရပါတယ်ဖေဖေ။ ကြီးကြီးမော်က ဖြစ်ကြောင်းကုန်စင်သိတဲ့အခါ "ငါ့ ရပ်ကွက်ထဲကမိန်းကလေးကို ဒီလိုလုပ်တာငါမခံဘူး" ဆိုပြီး ဖေဖေ့ဆောက် ဘယ်မှာကနေလဲ စုံစမ်းပြီးလိုက် သွားခဲ့ကြတယ်။

ဟိုရောက်တော့ ဖေဖေက ငွေသာလျော်နိုင်မယ်။ မေမေနဲ့ကျွန်တော့်ကို တာဝန်မယူနိုင်ဘူးလို့ ငြင်းခဲ့ သလို၊ မေမေကလဲ သူ့အလိုမပါဘဲ သူ့ဘဝကိုနင်းချိုး ဖျက်ဆီးခဲ့တဲ့ဖေဖေ့ကို မယူနိုင်ဘူးလို့ ငြင်းသတဲ့။ နောက်ဆုံးတော့ သားရဲ့အနာဂတ်ကို ကြားကလူကြီး တွေက သိန်းနှစ်ဆယ်နဲ့ တန်ဖိုးဖြတ်ခဲ့ကြသတဲ့လေ။ အဲဒါမေမေ့သဘောထားတစ်ခုမှ မပါပါဘူးဖေဖေ။ မေမေဘာမှမပြောခဲ့ပါဘူး။

ကြေကွဲနာကျင်ရလွန်းတဲ့ရင်ဟာ ဘယ်လိုငွေ စကားပြောနိုင်မှာတဲ့လဲ။ သူ့အလိုမတူဘဲ အဓမ္မပြုကျင့် ခဲ့တဲ့ဖေဖေ့ကိုလဲ အရမ်းနာကြည်းမုန်းတီးနေတယ် လို့ဆိုပါတယ်။ အဲ့ကိုတင်းတင်းကြိတ်ရင်း မျက်ရည် တွေသာကျနေခဲ့ရတယ်လို့ ဖွားမေက ပြောပါတယ်။ ဖွားမေကိုယ်တိုင်လဲ ဒီအတိတ်အကြောင်းတွေကို နာကြည်းမှု၊ ခံပြင်းမှု၊ ဝမ်းနည်းမှုတွေကြားကနေ မျက်ရည်တွေတလိမ့်လိမ့်ကျရင်း သားကိုပြောပြခဲ့တာ ပါဖေဖေ။

"ဝဋ်နာကံနာ၊ နလုံးသားတွေနာလို့ မေမေနဲ့ ဖေဖေတို့ မပေါင်းချင်လဲနေပါ၊ ဖေဖေက သားကို တာဝန်မယူချင်ရင်လဲ သားအပြစ်မတင်ပါဘူးဖွားမေ ရယ်၊ ဦးနေဝင်းဆိုတဲ့ ဘယ်သူမှန်း၊ ဘယ်ကမှန်းမသိ တဲ့လူကြီးကို အဖေမဟုတ်ဘဲ အဖေတော်ထားရတဲ့ သားအဖြစ်ကိုတော့ ရပ်တန့်ပေးပါဖွားမေရယ်၊ သား ဘဝကို ဖခင်အမည်မှန်နဲ့ပဲနေချင်ပါတယ်ခင်ဗျာ"

သားစကားဆုံးတော့ ဖွားမေက သားလက်ကို ဆွဲပြီး ပြုံးချိုတို့အိမ်ကိုသွားခဲ့တယ်။ ပြုံးချိုအဖေ ရပ်ကွက်လူကြီးဆီကနေ သတင်းထောက်ဦးဦးကြီးရဲ့ ဖုန်းနံပါတ်ကိုတောင်းခဲ့တယ်။ ပြီးတော့ ဖွားမေက သူကိုယ်တိုင် သတင်းထောက်ဦးဦးကြီးဆီဖုန်းဆက် ပြီး အဖြစ်အပျက်အမှန်တွေကို အကုန်ပြောပြမှ အကြောင်းပြောခဲ့တယ်။

မနက်ဖြန်ဆိုရင် သတင်းထောက်ဦးဦးကြီး သားတို့အိမ်ကိုလာတော့မယ်ဖေဖေ။ သူက လူကြီး တွေကို သူသိချင်တာတွေမေးပြီးတဲ့အခါ သားကိုလဲ မေးချင်မေးမယ်ထင်ပါရဲ့။ သားရင်တွေခုန်လိုက်တာ။ သတင်းထောက်ဦးဦးကြီးမေးရင် သားဘယ်လိုဖြေရ မလဲဟင်။ သားအဖြစ်က မေမေ့ဆီက မေတ္တာကိုမရ တဲ့အပြင် ဖခင်အမည်မှန်တောင်သုံးခွင့်မရှိပါဘူးလို့ လူတွေသနားအောင်အမှန်အတိုင်းဖြေရမှာလား။ ဒါမှ မဟုတ် မေမေကသားကို အရမ်းချစ်တာ။ ဖေဖေနဲ့မေမေ အတူမနေပေမဲ့ ဖေဖေကလဲ သားကိုစောင့်ရှောက်ပါ တယ်။ တာဝန်ယူပါတယ်။ ဦးဦးတို့ထင်သလိုမဟုတ် ပါဘူးလို့ လိမ်ညာဖြေရမှာလား။ ဒီလိုဖြေရင်တော့ သားကလိမ်တယ်ဆိုပေမဲ့ မိဘတွေရဲ့မျွေးကျေးဇူးကို ဆပ်သလိုဖြစ်နိုင်လားဟင်ဖေဖေ။

မရဏတွေလုပ်၊ အများအမြင်မှာ ပရိသတ် အချစ်တော် ဓာတ်မင်းသားလေး။ မီးရောင်စုံတွေ အောက်မှာ ပရိသတ်ရဲ့လက်ခုပ်သံတွေနဲ့ မြို့မေတ္တာ ခံယူနေတဲ့ဖေဖေ့ခမျာသတင်းတွေမှာ သားအကြောင်း ပါလာမှ ဂုဏ်သိက္ခာကျဆင်းပြီး၊ အသက်မပြည့်သေး တဲ့ မိန်းကလေးတစ်ယောက်ကို အလိုမတူဘဲ အတင်း အဓမ္မပြုခဲ့တဲ့လူဆိုးကြီးဖြစ်သွားရတော့မှာလား။ ဖေဖေ့ သိက္ခာကျသွားရင် သားငရဲကြီးတော့မှာလားဟင်။ သားကြောက်တယ်ဖေဖေ။ ဖခင်အမည်မှန်မဖြစ်ချင် လဲနေပါစေတော့။ သားထိုက်နဲ့သားကံပဲရှိပါစေတော့။ မနက်ဖြန်ကျရင် သတင်းထောက်ဦးဦးကြီး စိတ်ပြောင်း ပြီးမလာပါစေနဲ့လို့ ဆုတောင်းနေမိပြန်ပါပြီဖေဖေ ရယ်။ ။

**ဇော်သစ်**

# အနှင်းခံပန်းကလေး၏ ဒိုင်ယာရီ

မဂေါ်ဇီ

(၁)

မြနွယ်သည့် ဇယ်စက်သလို
လှုပ်ရှားအလုပ်လုပ်နေသည့်
သူ့လက်လေးများကိုကြည့်ရင်း
မီးခိုးမဆုံး၊ မိုးမဆုံး အတွေးပင်လယ်ထဲ
နစ်မျောနေသည်။
သူ့လက်လေးများက ရုတ်တရက်ကြည့်လျှင်
သွယ်လျလျထင်ရသော်လည်း
လက်ဖဝါးမှာ နူးညံ့ခြင်းကင်းကာ
သူ့ဘဝလို ကြမ်းတမ်းရုတနေ၏။
မှုတ်မှုတ်ရရ ငါးတန်းနှစ်ဖွင့်
ကျောင်းထွက်ခဲ့ရပြီး
မုန်တိုင်းထန်သည့်ဘဝထဲ
မျက်ရည်စက်လက်ဖြင့် တိုးဝင်ခဲ့ရသည်။
အလုပ်ကြမ်းမျိုးစုံကိုလုပ်ကိုင်ခဲ့ရသည့်
နောက်ပိုင်း နုနယ်သောလက်လေးမှာ
အသားမာတက်ခဲ့၏။
ကျောင်းတက်ချင်လွန်း၍
အမေ့ကို ငိုယိုတောင်းပန်ခဲ့ပေမဲ့
ကံတရားက မျက်နှာသာမပေးခဲ့။



သူ့အကြောင်း
အစ်ကိုနှစ်ယောက်မှာလည်း
အတန်းပညာမတောက်တခေါက်ဖြင့်
ကြုံရာကျပန်းဝင်ရောက်လုပ်ကိုင်ခဲ့ကော့
ကျောင်းတက်ခွင့်မရခြင်းအတွက်
သူ ထူးပြီးဝမ်းနည်းကြေကွဲမနေတော့။
အဖေနှင့်အမေတို့ကလည်း
အလုပ်ကြမ်းသမားများ။
ချိုကုတ်ရှိရာ ချိုထောင်လာဖို့ခဲယဉ်းလှ၏။
ဘဝက ဖြစ်ချင်သည်ထက်
မဖြစ်ချင်သည်များကိုလည်း
ငြင်းပယ်နိုင်စွမ်းမရှိ
လက်ခံလိုက်ရသည်ကို ငယ်စဉ်ကပင်
နားလည်သဘောပေါက်ခဲ့ပြီ။
သူက ငယ်စဉ်ကတည်းက
ကျောင်းဆရာမရှုး ရှုးခဲ့သူ။
အဖေ့ပုဆိုးစုတ်ကို ခေါင်းပေါ်ပတ်ပြီး
လိမ်လိုက်လျှင် ဆံထုံးဖြစ်သွားပြီး
အနီးအနား တမာပန်းလေးများ ချိုးပန်၊
အဘွား၏ တဘက်စောင်အနွမ်းလေးကိုခြုံ၊
ဝါးခြမ်းပြားလေး
လက်ထဲကိုင်လိုက်လျှင်တော့
တကယ့်ပီဘိဆရာမကြီးစတိုင်။



တပည့်များက ခေးခေးလံလံမရှာရ။ ညီမငယ် အေးလှနှင့် ဝိုင်းစိန်။

သူတို့တွေက သူ့ကို အသာတကြည်ဆရာလုပ် ခွင့်ပေးခြင်းတော့မဟုတ်။ သူ့မုန့်ဖိုးငါးဆယ်ကျပ်ကို လာဘ်ထိုးထား၍ စိတ်မပါတပါ သင်ခွင့်ရခဲ့ခြင်းမျိုး။ သူ့အနေနှင့်ကတော့ သူအော်ချင်ရာအော်ပြီး နောက်က သူတို့လိုက်ဆိုလျှင် ပြီးစတမ်း။

တစ်ခါတလေတော့ သူနှစ်သက်သည့် 'ပန်း ကလေးများပွင့်တော့မည်၊ ဖူးတံဝင့်လို့ချီ၊ နေခြည်မှာ ရွှေရည်လောင်း၊ ငါတို့စာသင်ကျောင်း'ကဗျာလေးကို စိတ်လိုလက်ရလိုက်ဆိုကြပေသီ ဗျည်းအက္ခရာတွေ ရေးနိုင်းလျှင်တော့ အင်တင်တင်။

သည်အခါမျိုးမှာ သူက ဆရာမကြီးလေသံ အပြည့်ဖြင့် "မင်းတို့ စာကြိုးစားကြပါ၊ စာမတတ်ရင် အကာန်းနဲ့ တူတယ်၊ စာတတ်မှ ငါ့လို ဆရာမကြီးဖြစ် မှာ"ဟုပြောတော့ စွာကျယ်ဝိုင်းစိန်မက "ဟင် ဒါဆို ကိုကိုနီတွတ်နဲ့ချက်စုတို့ ခြောက်တန်းစာတတ်ရက် သားနဲ့ ဘာလို့ကုန်ဝင်ထမ်းနေတာလဲ"ဟုမေး၏။ သူမှာ သည်စကားကိုပြန်ချေပဖို့ ရုတ်တရက်တွေးမရ။ သို့နှင့် "တော်တော်လျှာရှည်တဲ့ကောင်မ၊ ရေးမှာသာ ရေးတာမဟုတ်ဘူး"ဟုပြောပြီး ခေါင်းကိုပိတ်ခေါက် မိရာ စာသင်ဝိုင်းမှ ခြေဆောင့်ထွက်သွားလေ၏။

စဉ်းစားကြည့်တော့ သူတို့ဘဝတွေက ကျောင်း စရိတ်အသာထား၊ စားဖို့တောင် အနိုင်နိုင်ရယ်။ ကျောင်းသွားဖော်သူငယ်ချင်းများနှင့် တန်းတူဝတ်၊ တန်းတူစား၊ တန်းတူသွားနိုင်ဖို့ဆိုသည်က လွယ်သည့် ကိစ္စမဟုတ်။ သည်တော့လည်း အတန်းတူသူငယ် ချင်းများလမ်းမှာတွေ့လျှင် မှန်းအောင်းပြီး သူတို့ကို ရှောင်းရသည်က အလုပ်တစ်ခု။

"အား"

သူ့အတွေးတို့သည် ဖယောင်းတိုင်မီးစွယ် လက် ကိုလာဟပ်မှ ရပ်တန့်သွားသည်။ ပဲကြော်ထုပ်ပိတ်ရန် ထွန်းထားသည့်မီး။

"ဟဲ့ မိန္နယ် အလုပ်ကိုအာရုံစိုက်လုပ်မှပေါ့၊ ကတ်ကြေးကိုင် ကတ်ကြေးပြတ်၊ ဓားကိုင် ဓားရှ၊ မီးကိုင် အပူလောင်နဲ့၊ သိပ်မတွေးစမ်းပါနဲ့အေ"

ပဲကြော်ဖိုဝိုင်ရှင် ဒေါ်ကြည်ပြောလည်း ပြော စရာ။ ဖြစ်လိုက်ရင် အရာရာအကြောင်းကြောင်းနဲ့။ ဒါပေသိ သူက ပါးစပ်ပေါက်သာဆိုးတာ စိတ်ရင်းလေး က မဆိုး။ မှန်မှန်ပြော ရဲရဲလုပ်သည်။ သူတို့အိမ် ကျပ်တည်းမှန်းသိ၍ ညနေအိမ်ပြန်လျှင် ထမင်းပို၊ ဟင်းပိုလေးများထည့်ပေးတတ်စမြဲ။

ဒေါ်ကြည့်ကိုလှမ်းလိုက်မှ ရဲထက်ရောက်နေ မှန်းသိ၏။ သူက ဒေါ်ကြည်၏တောက်တိုမည်ရအလုပ် သမား။ သူ့ကို ဘယ်အချိန်ကတည်းက ခိုးကြည့်နေမှန်း မသိလိုက်။ သူ့ကို ရဲထက်က ပြုံးပြသည်။ သူပြန်ပြုံး ရမလားစဉ်းစားရင်းက လက်တွေ့တွင် မဲ့ပြုံးပြုံးပြမိ သွား၏။

(၂)

ရဲထက် သည်အလုပ်ကိုရဖို့ အဘွားကကူညီပေး ခဲ့၏။ ဒေါ်ကြည့်အမေနှင့်အဘွားက ရပ်ဆွေရပ်မျိုး တွေ။ အလုပ်ဝင်သည်က တစ်နှစ်သာရှိသေးပေမဲ့ ရိုးရိုးသားသားကြိုးစားခဲ့၍ ဒေါ်ကြည်၏လက်သုံး တောင်ဝှေးဖြစ်ခဲ့သည်။

ရွာတွင် အဘွားနှင့်နေစဉ် စိုက်ပျိုးချိန် ထွန်ရှင်း လိုက်ခြင်း၊ အစကြေးငွေနှင့် နွားကျောင်းလိုက်ခြင်း၊ ထင်းခုတ်ရောင်းခြင်းတို့နှင့် အတတ်ပညာမျိုးစုံကို မြင်ဆရာနှင့် တတ်ကျွမ်းခဲ့သည်။ ဗိုခင်ကြီးမှာ သူ ငယ်စဉ်ကပင် ယာထဲ ပိုးထိကွယ်လွန်ခဲ့ပြီး ဖခင်ကြီး မှာ ရွာက ချက်အရက်စွဲပြီး သက်ဆိုးမရှည်ခဲ့။

အတန်းပညာမှာ ၈ တန်းအောင်ပေမဲ့ ကျောင်း နှင့်ဝေးကွာခဲ့သည်။ အဘွားနှင့်ဒေါ်ကြီးတို့က သူ့ကို ကျောင်းဆက်ထားချင်ပေမဲ့ ကိုယ့်ဝမ်းနာကိုယ်သာသိ ဆိုသလိုပင်။ ဒေါ်ကြီးမှာ အရင်ကဈေးရောင်းပြီး ကျောင်းထားပေးနိုင်ပေမဲ့ နောက်ပိုင်း ကျန်းမာရေး ချို့တဲ့၍ ဈေးမရောင်းနိုင်တော့။

လယ်အနည်းငယ်ရှိသော်ငြား ရာသီဥတုဖောက်ပြန်မှုကြောင့် ဝမ်းစာပင်မရတော့။ လယ်နိုက်ခ၊ ပေါင်းနုတ်ခ၊ လယ်ရိုက်ခနှင့် ပိုးသတ်ဆေးအရင်းအနှီးများကလည်း တဖြည်းဖြည်းမြင့်တက်လာတော့ စပါးပေါ်ချိန် ပေးဆပ်စရာရှိသည်များပေးပြီးလျှင် ပုတ်ထဲစပါးထည့်နိုင်သည်မပြာရရုံသာ။

အစ်မဖြစ်သူမှာလည်း အိမ်ထောင်ကျပြီး ခင်ပွန်းရှိရာလိုက်ပါသွား၏။ အိမ်ထောင်ကျစငွေကြေးအနည်းငယ်လွှဲပေးနိုင်ခဲ့သော်ငြား နောက်ပိုင်း သားသမီး ၃ ဦးနှင့် ချာလပတ်ရမ်းကာ ငွေလည်းမပေးနိုင်ခဲ့တော့။

နောက်တော့ အဘွားနှင့်ဒေါ်ကြီးက သူ့ကိုမြို့သွားရန်တိုက်တွန်းခဲ့သည်။ ရွာကိုချစ်ပေသိ ဘဝအခက်အခဲများကြောင့် ရွာကိုကျောခိုင်းခဲ့ရ၏။

(၃)

မမြနွယ်က ဘယ်အချိန်ကြည့်ကြည့် ထူးဆန်းနေသည်။ လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းများနှင့်လည်း ရောရောနှောနှောမနေ။ ကြည့်လိုက်တိုင်း အတွေးထဲနစ်ပြီး ငူငူငေါင်ငေါင်နှင့်။ ဆီနှင့်ဝေးနေသည့် ဆံပင်နီကြင်ကြင်လေးကို သားရေပင်လေးဖြင့် ခပ်မြင့်မြင့်စည်းနှောင်ထားကာ နဖူးကို အပြောင်သိမ်းထား၏။

တစ်ခါတစ်ရံ ပါးကွက်ကျားလေးနှင့်။ များသောအားဖြင့်တော့ မျက်နှာပြောင်။ မျက်ခုံးမွေးက ထူထူတိုတို။ နှာခေါင်းက သေးသေးချွန်ချွန်။ ဆွဲဆောင်မှုအရှိဆုံးက နှုတ်ခမ်းထူထူပြည့်ပြည့်လေးဖြစ်သည်။ မျက်လုံးလေးလှပေမဲ့ အမြဲတမ်းရီဝေဝေ။ သဘောကျစရာတွေ့လျှင်တော့ မျက်လုံးများက ချက်ချင်းတောက်ပအသက်ဝင်လာသည်။ ခက်သည်က သည်မျက်လုံးမျိုးတစ်လနေ၍ တစ်ခါတွေ့ဖို့ရာ ခဲယဉ်းနေပြန်၏။

"မနွယ် ခင်ဗျားမျက်နှာက အမြဲတမ်းအလိုမကျတဲ့ရုပ် စူပုပ်ပုပ်နဲ့ မရယ်တတ်၊ မပြုံးတတ်သူလားကျလို့"

"ငါက ဘာကိစ္စ နေရင်းထိုင်ရင်း ရယ်နေပြုံးနေရမှာလဲ၊ ငါဟာငါ နေတတ်သလိုနေမှာပေါ့၊ မင်းကမနေ့တစ်နေ့ကမှရောက်လာပြီး ဆရာကြီးလုပ်တာလွန်လို့"

"အစ်မကလဲဗျာ၊ ကျွန်တော်က အချင်းချင်းတွေပျော်ပျော်ရွှင်ရွှင်နေစေချင်လို့ပါ၊ အစ်မက ရယ်နေ၊ ပြုံးနေရင် အရမ်းလှလို့"

"မင်းက ပြောလေကဲလေဖြစ်နေပေါ့၊ ငါဟာငါ အေးဆေးနေပါရစေ၊ ခင်းပျော်ပျော်နေချင်ရင် မအေးသိန်းတို့အဖွဲ့နဲ့သွားပေါင်း"

သည်စကားမျိုးပြောလာလျှင် သူ မမြနွယ်နားဆက်မနေရဲတော့။ မကြာမီ ရန်စကားပြောတော့မှာမို့ အမြန်ထွက်ခဲ့ရစမြဲ။

(၄)

ရုံထက်ရင်တွေ တဒုန်းဒုန်းဖြစ်နေ၏။ ယနေ့ မမြနွယ် အိမ်ပြန်နောက်ကျသည်ကို အခွင့်ကောင်းယူ၍ ချစ်ခွင့်ပန်မည်။ အလုပ်သိမ်းပေသိ သူက အိမ်ချက်ချင်းပြန်ရသည်မဟုတ်။

ဒေါ်ကြည်ခိုင်းသည့်အလုပ်ကို အနည်းငယ်လုပ်ပြီး ထမင်းကျန်ဟင်းကျန်လေးများ စောင့်ယူရသည်။

လမ်းဘေးမီးတိုင်လေးများ မီးအားမပြည့်၍ ခပ်မှိန်မှိန်သာဖြစ်နေခြင်းကို ကျေးဇူးတင်ရမလိုလို။ မနီးမဝေးဘုန်းကြီးကျောင်းဝင်းထဲက ညမွှေးပန်းရနံ့ ရျှိအီအီလေးကပင် သူ့ရင်ကို ပိုနှစ်စေ၏။

သည်ပန်းလေးက အမြင်မလှပေသိ ညချမ်းချိန်ရောက်လျှင်ဖြင့် ပဥ္စလက်အတတ်ပညာပြကာ ထုံအီအီရနံ့လေးပေး၍ အနီးနားဖြတ်သွားသူတို့ကို ဆွဲဆောင်နိုင်စွမ်းရှိသည်။

သူချစ်သောမနွယ်ကလည်း သည်ပန်းလေးနှင့်တူလိုက်တာများ။ အဆင်းမလှပေမဲ့ အချင်းလှသည်။ အပြင်ပန်းကြည့်လျှင် အသားညိုညိုစူပုပ်ပုပ်အပြောကြမ်းပေသိ မျက်လုံးလေးများ၊ နှုတ်ခမ်းလေးများက သူ့စိတ်ထားကို လှစ်ဟဖော်ပြနိုင်စွမ်းရှိ၏။

သူ့အတွေးတို့မဆုံးခင် ထမင်းချိုင့်လေးဆွဲကာ

ခပ်သုတ်သုတ်လျှောက်လာသည်ကို တွေ့လိုက်ရ၏။ မျောက်ဆိပ်ပင်ကြီးအကွယ် သူ့ကို အွားခနဲတွေ့လိုက်တော့ ရုတ်တရက်လန့်သွားသော်ငြား မျက်နှာထားက ကင်းခနဲဖြစ်သွားသည်။

"မနွယ် ပြန်လာပြီလား"

"ပြန်လာတာတွေ့ရက်နဲ့ အပိုလုပ်မေးမနေနဲ့"

သူ့ကို အဖက်လုပ်စကားမပြော။ သူ့လမ်းသူ နှုန်းတင်လျှောက်နေ၏။ အမြန်လိုက်နေသည့် သူ့ခြေလှမ်းပင် နောက်ကျကျန်ခဲ့သည်။ မထူးဇာတ်ခင်းရမည်မို့ မဗိုတမီ မနွယ်လက်ကိုလှမ်းဆွဲလိုက်၏။

"ဖြန်း"

ထင်မှတ်မထား၍ သူလန့်သွားသည်။ လက်ကိုဆွဲလိုက်စဉ် မျက်နှာချင်းဆိုင်နောက်ကိုလှည့်ပြီး တစ်ဆက်တည်းမှာပင် သူ့ဘယ်ဘက်ပါးကို အားနှင့်ရိုက်လိုက်ရာ ထူထူပူပူခံစားလိုက်ရ၏။ ရှက်စိတ်က ငယ်ထိပ်တက်ဆောင့်သည်။

"နာလိုက်တာအစ်မရာ"

"မင်း ငါ့ကို ဘာသဘောနဲ့ လက်ကိုဆွဲတာလဲ၊ ပြောချင်ရင် ပါးစပ်ကပြော"

ရှက်စိတ်အပြင် ဝမ်းနည်းစိတ်က ဝင်လာပြန်၏။

"အစ်မနောက်လိုက်တာမမီလို့ လှမ်းဆွဲမိသွားတာပါ"

"မင်း ငါ့ကို ဘယ်လိုမိန်းမစားမျိုးမှတ်နေလဲဟင်၊ မင်းတို့ယောကျ်ားတွေကို ငါကြောက်လွန်းလို့"

"အစ်မက အဓိပ္ပာယ်မရှိကြောက်နေတာ"

"ဘာ"

မမြနွယ်၏စူးစူးဝါးဝါးအော်သံကြောင့် သူလန့်ဖျပ်ကာ နောက်တစ်လှမ်းဆုတ်မိသွား၏။

"ငါ့ကို စိတ်တိုအောင်လာမဆွနဲ့နော်၊ မင်း ငါ့ကို ဘာပြောချင်တာလဲ၊ ပြော . . . ပြော မြန်မြန်ပြော"

မမြနွယ်က ပြောဆိုပြန်တော့လည်း အထိတ်ထိတ်အလန့်လန့်ဖြစ်နေသောသူ့မှာ ဘာကစပြောရမည်မသိ။ သူစိတ်ကူးထားသည်ကတစ်မျိုး၊ ဖြစ်လာသည်ကတစ်ဖုံ။ အချစ်နှတ်ဖမ်းစားလိုက်၍ သူ၏နာကျင်မှု၊ ဝမ်းနည်းမှုနှင့် ရှက်စိတ်တို့သည် ချက်ချင်းအစိုးအငွေ့ဖြစ်ကုန်၏။ သူ့စိတ်ကို အနုးညွှတ်ဆုံးပြင်ဆင်လိုက်သည်။

"ကျွန်တော် အစ်မကိုချစ်တယ်၊ အဲဒါ . . . "

"မင်းပြောချင်တာ ဒါပဲလား"

သူ့စကားကို ဆုံးအောင်ပင်မစောင့်။ ရင်တထိတ်ထိတ်ဖြင့် သူနားစိုက်ထောင်လိုက်၏။

"အဟင်း . . . မင်း ငါ့အကြောင်းကိုမသိသေးတဲ့သူစိမ်းသက်သက်မို့ ဒီစကားပြောတာ၊ ငါ့အကြောင်းသိချင်ရင် ဒေါ်ကြည်တို့၊ မအေးသိန်းတို့ကို သေချာမေးကြည့်လိုက်အုံး၊ ငါ့နောက်ဆက်မလိုက်ခဲ့နဲ့၊ ဒီကပြန်"

သူမှာ တောမိမင်းသားလို နှုတ်ဆွံ့ကျန်ရစ်ခဲ့၏။

(၅)

"မင်း သူ့ကိုတကယ်ချစ်တာလား၊ တကယ့်မေတ္တာစစ်မေတ္တာမှန်ဖြစ်မှ အဆင်ပြေမှာ"

ဒေါ်ကြည်က သူ့မျက်နှာကို စူးစူးစိုက်စိုက်ကြည့်ရင်း မေးခွန်းထုတ်သည်။ ဒေါ်ကြည့်စကားက သူ့အတွက် ပဟေဠိဖြစ်နေ၏။

"အင်း . . . မင်း ဒီကိုရောက်တာမကြာသေးလို့မသိတာ၊ သူက . . ."

ဒေါ်ကြည်က စကားကို ရှေ့ဆက်မပြောဘဲ ရပ်ထားပြန်၏။ သိချင်စိတ်ပြင်းပြနေသောသူ့မှာ ဆန့်တငင်ငင်။ ရှေ့ဆက်မည့်စကားအတွက် သူရင်ထိတ်သွားသည်။

"သူ့အဖြစ်ကဟာယ် ငါဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး"

ဒေါ်ကြည့်စကားက သူ့ရင်ကို ဝိုကိုက်စေပြန်၏။ ဘာတွေလဲ။ ဘာတွေဖြစ်ခဲ့တာလဲ။ သူ့ရင်မှာ တဒိတ်ဒိတ်ခုန်နေသည်။

"သူက အပျိုမဟုတ်ဘူးကွဲ့"

"ဗျာ"

"ဟိုလေ ဒီလိုပါ၊ သူတို့အိမ်က ဆင်းရဲကျပ်တည်းလွန်းလို့ သူ့အသက် ၁၁ နှစ်သမီးအရွယ်ကတည်းက ဘီယာဘူးခွံ၊ အချိုရည်ဘူးခွံ၊ ရေသန့်ဘူးခွံတို့ကောက်ခဲ့ရတယ်၊ သူ့အသက် ၁၃ နှစ်အရွယ်မှာတော့ လူယုတ်မာတစ်ယောက်ရဲ့ နိုင်ထက်စီးနင်းဖျက်ဆီးခံလိုက်ရတယ်"

ဖျော့်လင့်မထားသည့်အကြောင်းအရာက သူ့ရင်ကိုနာကျင်စေပြီး အသက်ရှူကျပ်သလို ခံစားလိုက်ရ၏။

"အဲဒီလူက ဘယ်သူလဲဟင်ဒေါ်ကြီး"

"အင်း . . . သူ့မေမျာ ကံဆိုးရှာပါတယ်ကွယ်၊ ပစ္စည်းကောက်ဖို့ မနက်စောကြီးထသွားရတဲ့နေ့မှာ အဲဒီလူယုတ်မာက စားထောက်ပြီး မှောင်ရိပ်ခိုဖျက်ဆီးသွားလို့ ဘယ်သူဘယ်ဝါမှန်း မသိလိုက်ရဘူးကွ"

"ဟာဗျာ – တောက်"

"အင်း . . . သူတို့မိဘတွေလဲ ရှုးမတတ်ခံစားရတာပေါ့၊ ဆင်းရဲလို့သာ ဒီအလုပ်လုပ်ခိုင်းခဲ့ရတာ၊ ဖြစ်သွားတော့လဲ မချိအောင်ခံစားရတာ၊ သူ့အမေဆို သူ့ကြောင့် အရက်သမားကြီးလုံးလုံးဖြစ်သွားတယ်၊ ပိုဆိုးတာက သူ့မှာ ကိုယ်ဝန်ရှိသွားတာပဲ"

သူ့ရင်မှာ အဆမတန်နာကျင်လွန်း၍မျက်ရည်များ လည်လာသည်။ မနွယ်တစ်ယောက် လူများနှင့်ဝေးစိမ်းစိမ်းနေခြင်း၊ ဂရုမစိုက်သလို လျစ်လျူရှုခြင်း၊

**ဒေါ်ကြီးက မနွယ်၏အဖြစ်ကို**
**ကိုယ်ချင်းစာသနားမိပေမဲ့**
**သဘောတူသည့်အဆင့်ထိရောက်မလာခဲ့။**
**သူ့ကိုလည်း အပြစ်မဆိုသာ။**
**သူသူ့ကိုယ်ကိုယ် ကိုယ့်တူ၊ ကိုယ့်သား**
**လူပျိုလူလွတ်လေးကို . . .**

ဝေးမောတွေဝေခြင်းအကြောင်းအရင်းကို သူနားလည်သဘောပေါက်သွား၏။

"နောက် ဘာတွေဆက်ဖြစ်လဲ၊ သူ့ကလေးကော ဆက်ပြောလေ ဒေါ်ကြီး"

"ကံကောင်းတယ်ပြောရမလား၊ ကံဆိုးတယ်ပြောရမလားတောင် မပြောတတ်တော့ပါဘူး၊ ကလေးက သားယောကျ်ားလေး၊ မွေးခါစက ဖွံ့ဖွံ့ထွားထွားလေးနဲ့ ချစ်စရာလေး၊ သူ့ကိုမွေးပေးတဲ့ဆရာမတွေက တောင်းပေမဲ့ သူရော၊ သူ့မိဘတွေကရော ဘယ်ပေးရက်ပါ့မလဲ၊ ဒါပေမဲ့ အဲဒီကလေး တစ်လသားအရွယ်မှာ အသားအရေတွေပြာနှမ်းနှမ်းနဲ့ အတွင်းကြောတွေ တက်ပြီး ဆုံးသွားတယ်၊ တို့ဒေသအခေါ်ကတော့ 'ကျဇဟုံး'ခေါ်တယ်၊ အခု ဒီရောက်တာ ၃ နှစ်လောက်ပဲ ရှိသေးတယ်၊ သူတို့ မိသားစုရဲ့စိတ်ထားလေးတွေ ကောင်းပေမဲ့ ဆင်းရဲခြင်းက အပြစ်တစ်ခုလိုဖြစ်နေတာ၊ မင်း သေချာစဉ်းစားဆုံးဖြတ်ပေါ့၊ ရေရှည်မှာ ဒီဂယက်ကို ကြံ့ကြံ့ခံနိုင်စွမ်းရှိနိုင်ပါ့မလား၊ မင်း ဒေါ်ကြီးနဲ့အဘွားကိုလဲ တိုင်ပင်ကြည့်အုံး"

## (၆)

ဒေါ်ကြီးက မနွယ်၏အဖြစ်ကို ကိုယ်ချင်းစာသနားမိပေမဲ့ သဘောတူသည့်အဆင့်ထိရောက်မလာခဲ့။ သူ့ကိုလည်း အပြစ်မဆိုသာ။ သူသူ့ကိုယ်ကိုယ် ကိုယ့်တူ၊ ကိုယ့်သား လူပျိုလူလွတ်လေးကို သည်လိုအဖြစ်မျိုးနှင့်မိန်းကလေးကို ဘယ်ယူစေချင်ပါမည်နည်း။ လွတ်လပ်သောအပျိုစင်တွေပေါ်မှပေါ့။

"မင်းအနေနဲ့ ရေရှည်မှာ သူ့ပြဿနာကိုသည်းခံခွင့်လွှတ်စိတ်ထားဖို့က လွယ်တဲ့ကိစ္စမဟုတ်ဘူး၊ နောက်ဆက်တွဲပြဿနာတွေ ရင်ဆိုင်ဖို့ပါထည့်စဉ်းစားရမှာ"

ဒေါ်ကြီးစကားကလည်း စဉ်းစားစရာပင်။ 'အိမ်ကောင်မှု၊ ဘုရားတည်၊ ဆေးမင်ရည်စုတ်တိုး၊ ဤသုံးချက်မပိုင်လျှင်၊ နောင်ပြင်ရန်ခက်သည့်အမျိုး'ဟုဆိုထား၏။ သူ့စိတ်ကို သူသေချာဆန်းစစ်တော့ သူ့မှာ

မန္တယ်ကို ၁၅၀၀ အချစ်အပြင် သနားကရုဏာစိတ် ၅၂၈ နှင့်ပါပေါင်းပြီး ၂၀၂၈ ဖြစ်နေသည်ကို အတိ အကျသိလိုက်ရပြန်သည်။

"ဒေါ်ကြီး ကျွန်တော့်ကိုနားလည်ပေးပါ၊ ကျွန်တော် သူ့အတွက် ဘာမဆိုရင်ဆိုင်မယ်လို့ဆုံးဖြတ်ပြီးပြီ၊ အခုဖြစ်တဲ့ကိစ္စကလဲ သူ့အနေအထိုင်မတတ်လို့ဖြစ်ရတာမျိုးမှမဟုတ်တာ၊ ဆင်းရဲခြင်းနဲ့ လူသားအချင်းချင်းရက်စက်ယုတ်မာမှုကြောင့် ဖြစ်ခဲ့ရတဲ့ဒုက္ခတွေပါ"

နောက်ဆုံးတော့ သူ့ကို သံယောဇဉ်မပြတ်နိုင်သော ဒေါ်ကြီးက အလျှော့ပေးလိုက်ရသည်။ အဘွားကတော့ သူ့မြေးချစ်လျှင် သူချစ်သည်ဆို၏။ ဆင်းရဲခြင်းဆိုသည့်ဒုက္ခကို သူငယ်စဉ်ကပင် တွေ့ကြုံခံစားဖူးခဲ့သည်မို့ မန္တယ်ဘဝကို စာနာနားလည်သည်။ အတတ်နိုင်ဆုံး ကာကွယ်စောင့်ရှောက်ပေးချင်သည်။

(၇)

"လှည်းကောင်းပေါ့ တစ်ပုံကြီးရှိနေရက်နဲ့ လှည်းကျိုးလှည်းပဲ့ကိုမှ ထမ်းချင်တဲ့သူကရှိသေးတယ်ပေါ့ မိုးမိုးရေ"

"ဟုတ်ပ၊ လူ့စွမ်းကောင်းကြီးဖြစ်ချင်နေတာ"

မအေးသိန်းတို့အဖွဲ့နားဖြတ်အသွားတွင် သူတို့အဖွဲ့အတိုင်အဖောက်ညီစွာ တမင်စောင်းပြောသည်။



ရုတ်တရက်မို့ ရဲဆက်ဒေါ်သထောင်းခနဲထသွား၏။ ဘေးနားရှိ မန္တယ်က သူတို့စကားကြားသော်ငြား အလုပ်ကိုသာ ဖိလုပ်သည်။ စိတ်ထဲ ရှက်ရွံ့စိတ်အနည်းငယ်ဝင်သွားပြီး ခေါင်းလေးပိုငုံ့သွား၏။ သူပြန်ပြောချင်ပေမဲ့ ပြဿနာတွေပိုကြီး၍ အရှက်ပိုရမည်စွေးပြီး နှုတ်ခမ်းကို တင်းနေအောင်စေ့ထားလိုက်သည့်ကြားမှ –

"ခင်ဗျားတို့ ရိုင်းလှချေလား၊ သူတစ်ဖက်သားရဲ့ အားနည်းချက်ကို ဖိနှင်းပြောတာက လူကောင်းတွေရဲ့ အလုပ်မဟုတ်ဘူးနော်"ဟုပြောဖြစ်အောင် ပြောလိုက်မိသည်။

"အမယ် သူ့ဟာမထိတော့ နာနေလိုက်တာ၊ ငါတို့ဟာငါတို့ တခြားကိစ္စပြောနေတာ၊ အနာရှိလို့ စပ်တာတော့ မတတ်နိုင်ဘူးပေါ့"

မထင်မှတ်ဘဲ ရန်ပွဲက အကျယ်အကျယ်ဖြစ်သွား၏။ နောက်တော့ ဒေါ်ကြည်သိသွားပြီး မအေးသိန်းတို့အဖွဲ့ကို သူ့အခန်းထဲခေါ်ဆောင်သွားသည်။

"ညည်းတို့ကောင်မတွေရဲ့စိတ်ထားက ဘယ်လိုတွေလဲ၊ မိန်းမသားချင်းကိုယ်ချင်းမစာမနာ၊ ဘယ်သူကဒီဘဝမျိုးရောက်ချင်ပါ့မလဲ၊ ဘယ်မိဘကရော ကိုယ့်သားသမီးကို ဒီလိုအဖြစ်မျိုးကြုံချင်ရှာမလဲ၊ အခု သူ့ကိုတန်ဖိုးထားချစ်တဲ့သူရှိလာတာကို ညည်းတို့ဝမ်းသာရမဲ့အစား မစ္ဆရိယစိတ်နဲ့မနာလိုဖြစ်ပြီး မညာမတာပြောရက်လိုက်ကြတာအေ"

"မြန္တယ်က သူ့အားနည်းချက်နဲ့သူ အလုပ်ကိုပဲအာရုံစိုက်ပြီး မစိုမကတ်ဘဲ သူ့ဟာသူ အေးအေးဆေးဆေးနေနေတာကို၊ ညည်းတို့တွေအုပ်စုဖွဲ့အနိုင်ကျင့်တာကောင်းလား၊ ဒီအသက်အရွယ်ရောက်နေတာတောင် မနေတတ်၊ မထိုင်တတ်တွေ"

"အေး . . . နောက်တစ်ခါ ဒီလိုမျိုးပြောဆိုဆက်ဆံရင်တော့ ညည်းတို့အားလုံးအေးဆေးအလုပ်ထွက်လိုက်ကြတော့၊ ညည်းတို့စိတ်ဓာတ်တွေပြင်ထားကြ၊ နောက်မှ ငါ့အဆိုးမဆိုနဲ့"

(၈)

ပြဿနာတက်ပြီးနောက်ပိုင်း အခြေအနေ တည်ငြိမ်သွားသည်။ ရဲထက်တွင် ဒေါ်ကြီးသဘောကျ နှစ်သက်သည့် လိမ္မာယဉ်ကျေးသောငယ်သူငယ်ချင်း ညီပြာညက်လေး ရှာမှာကျန်ခဲ့၏။ သို့ပေသိ သူလေး အပေါ်ထားသည့်သံယောဇဉ်ထက် သူ့ကို ခေါက်ဆတ် ဆတ်မာကျော့ကျော့ပြုမူဆက်ဆံတတ်သည့်မြနှယ် ဘက်အလေးသာနေသည့် သူ၏အချစ်ကိုဆန်းကြယ် လှသည် မခံစားမိ။ အချစ်တွင် တိကျနိုင်လုံသော သက်သေပြချက်မလိုအပ်။ အသည်းနှလုံး၏ခံစား ချက်ကသာ အဓိကသက်သေ။

တစ်ပတ်ခန့်အကြာ မြနှယ်အိမ်ပြန်လမ်းကို စောင့်သည်။ သူ့ကိုမြင်သည်နှင့် ရန်သူသဖွယ်ပြောဆို ဆက်ဆံ၏။

"မင်း လူမဟုတ်ဘူးလား၊ ငါ့ကို မနှောင့်ယှက်ဖို့ ဘယ်နှခါပြောရမှာလဲ"

"ကျွန်တော့်ကို ဘာလို့မချစ်နိုင်တာလဲဆိုတာ သိချင်လို့"

"အေး . . . သိချင်ရင်ပြောပြမယ်၊ မင်းက ငါ ထက်ငယ်တယ်၊ နောင်တစ်ချိန် မင်းနဲ့သက်တူရွယ်တူ ချစ်ရမဲ့သူတွေ့လာရင်၊ ဒါမှမဟုတ် ငါ့ရဲ့ဆိုးဝါးတဲ့ အရိပ်မည်းကြီးကြောင့် မင်းစိတ်ပြောင်းခဲ့ရင် ပြဿနာ တွေအားလုံးရှုပ်ကုန်လိမ့်မယ်၊ ငါလေ ခဲမှန်ဖူးတဲ့ စာသငယ်လို အရာရာတွေးပြီး ကြောက်လွန်းလို့ ငါ ရင်ထဲ ဘာအချစ်မှ ခံစားမရတော့ဘူးသိလား"

"အစ်မရယ် ကျွန်တော့်အချစ်ကို အထင်သေး လိုက်တာ"

"အလုပ်ထဲမှာ ငါ့ထက်သာတဲ့သူတွေအများ ကြီးပါ၊ အတိုက်အခိုက်တွေကြားက မင်းကို ငါမစဉ်း စားချင်ဘူး"

"မကောင်းတဲ့သူတွေနဲ့ပြိုင်ရင် ကိုယ်ပါ မကောင်းသူဖြစ်သွားမှာ၊ သူတို့ကို ဘာမှထည့်တွက် စရာမလိုဘူးအစ်မ"

"ငါ့ဘာခနဲ့ငါ ရှိပါစေတော့၊ မင်းလဲ ရှာမှာဆင်းရဲ ဒုက္ခတွေကြုံခဲ့ပြီး ခုမှအဆင်ပြေစရှိသေးတာ၊ မင်းမှာ တက်လမ်းတွေအများကြီးပါ၊ ကြိုးစားပေါ့"

"အစ်မရယ် အစ်မဘဝကို စောင့်ရှောက်ခွင့်ပြုပါ၊ ကျွန်တော့်ကို သနားပါအုံး"

"အခုတော့ ငါဘယ်သူ့ကိုမှ မသနားချင်ဘူး၊ ငါကိုယ်ငါပဲသနားတယ်၊ မင်း ငါ့ကိုသနားရင် ငါ့ကို အေးအေးဆေးဆေးနေခွင့်ပေးပါ"

ထိုစဉ်က ရဲထက်အသက်က ၁၉ နှစ်။ မြနှယ် က ၂၁ နှစ်။

(၉)

တစ်နေ့ အိမ်ပြန်ချိန် မိုးမှောင်ကျနေသည်။ သူငယ်ငယ်ကတည်းက အမှောင်ကိုကြောက်ခဲ့သည်။ သည်လိုမိုးမှောင်ကြီးထဲမှာ သူ့ဘဝက တကယ့်အမှောင် မိုက်ဆုံး ချောက်ထဲကျခဲ့သည်မဟုတ်လား။

အိမ်ကရပ်ကွက်အစွန်အဖျားမို့ သူခပ်သုတ် သုတ်လျှောက်သည်။ ပဲဖိုနှင့်သူ့အိမ်က နာရီဝက်ကျော် လျှောက်ရသည်။ သည်လိုမိုးမှောင်လျှင် မောင်လေး လာကြိုမည်ထင်သည်။ သူအမှောင်ကြောက်တတ်မှန်း အိမ်ကသိသည်။

ဖျောက်ဆိပ်ပင်ကြီးနားဖြတ်သွားစဉ် မည်းမည်း သဏ္ဌာန် ၂ ခုကို မသဲမကွဲမြင်လိုက်ရ၍ သူ့တစ်ကိုယ် လုံး တုန်ယင်သွား၏။ သူ့အပြန်ကိုစောင့်နေသော လူသားစား မနုဿမုဆိုးများ။ သူ့ခြေလှမ်းတို့မှာ ကြောက်စိတ်နှင့် ဒယီးဒယိုင်။

"ဟေး နှယ်လေးပြန်လာတာ နောက်ကျလှချေ လားကွ"

မြနှယ်လက်ကိုလှမ်းဆွဲ၍ နောက်ကသိုင်းဖက် လိုက်၏။ ချဉ်စူးစူးအရက်နံ့ထောင်းခနဲရသည်။ ကြောက်စိတ်ဝင်မိသော်ငြား သူ့ခန္ဓာကိုယ်သည် ခက် ထန်နေပြီး အားအင်အသစ်များဝင်ရောက်လာ၏။ သူ့ ပုံစံက ဒဏ်ရာရထားသည့်ကျားသစ်ပျိုမလေးအလား။ မသိစိတ်ကနိုးထလာသောဒေါသက အင်အားအဖြစ်

ပြောင်းလဲသွား၏။ သူတံခါးပေါက်နှင့်တွက်ပြီး အားအင်နှင့်ရုန်းထွက်လိုက်သည်။

"အား"

ထိုသူမှာ ထင်မှတ်မထား၍ အထိနာသွား၏။ သည်တွင် ဒုတိယလူက "အမယ် ကောင်မက မှုရာမာယာများနေပြန်ပြီ" ဟုပြောကာ သူ့လက်ကြမ်းကြီးဖြင့်ပါးရိုက်လိုက်ရာ မြနွယ်မျက်လုံးများ မီးပွင့်မတတ်ခံစားလိုက်ရ၏။ သတိမလွတ်အောင် အားစိုက်ထားလိုက်သည်။

မြေနိမ့်ရာလှံစိုက်၊ ရေနစ်သူဝါးကူထိုးချင်ကြသည့် လူသားတို့၏ ကြောက်မက်ဖွယ်အကျင့်ဆိုး၊ စရိုက်ဆိုးများ။ မြနွယ်၏ အကြောက်တရားတို့သည် ခွန်အားသတ္တိများအဖြစ် တစ်မုဟုတ်ချင်းပြောင်းလဲသွား၏။

သူ့ကို အတင်းတွန်းလှဲနေသူ၏ ဆံပင်ကိုဆောင့်ဆွဲ၍ နားရွက်ကို မလွတ်တမ်းကိုက်ဆွဲလိုက်၏။ သည်တွင် ပထမလူက သူမဆံပင်ကိုဆောင့်ဆွဲ၍ အင်္ကျီကို ဆွဲဖြဲသည်။ ဖျင်အင်္ကျီထူမို့ အလွယ်တကူစုတ်ပြဲမသွားပေ။

သည်လိုနှင့် သူအရှုံးပေးရတော့မည်လား။ သူကြောက်သည့်ချောက်ကြီးထဲ နောက်ထပ်ကျတော့မည်လား။ သူ၏သွေးတို့သည် ပွက်ပွက်ဆူပြီး အခိုးအငွေ့ဖြစ်ကုန်၏။ သူသေမှသာ သူတို့အလိုဆန္ဒပြည့်စေရမည်။ သည်စိတ်များဖြင့် သူ၏သတ္တိတို့သည် မိုးမြေအနှံ့ပျံ့လွင့်ကုန်၏။

(၁၀)

သည်အဖိုက်အတန့်အတွင်းမှာပင် လူတစ်ဦးရောက်လာပြီး မြနွယ်အား ဆံပင်ဆောင့်ဆွဲထားသူကို တရစပ်ဝင်ရောက်ထိုးကြိတ်၏။ သိပ်မကြာလိုက်။ ထိုအမှုးသမားမှောက်လဲသွားသည်။ သူ့လက်ထဲရစ်ပတ်ရှုပ်ထွေးနေသောမြနွယ်၏ ဆံပင်တို့မှာ အတော်ပြေပျောက်ရ၏။

ဒုတိယလူမှာ အခွင့်ကောင်းယူ၍ အမှောင်ထဲပြေးဝင်ပျောက်ကွယ်သွား၏။ မြနွယ်က မှောက်လဲနေသူ၏ မျက်နှာကိုဆွဲကြည့်မိတော့ ဟိုဘက်ရပ်ကွက်က အရက်သမားဖိုးထောင်။

"ကံကြီးပေလို့ပဲ အစ်မရယ်၊ အစ်မပြန်ချိန် ကျွန်တော် ပဲမိုးတွေသွားရှင်းနေရတာ၊ ပြန်ရောက်ရောက်ချင်း မိုးမှောင်မှောင်ထဲ အစ်မကိုစိတ်မချတာ အပြင် ပြောစရာလေးလဲရှိတာနဲ့ ကန်းလိုက်လာခဲ့တာ"

မြနွယ်၏ ဒေါသစိတ်မှာ တော်တော်နှင့် ပြန်ကျမသွား။ သူတစ်ကိုယ်လုံး နတ်ဝင်သည်လို တုန်ယင်နေ၏။ ဆံပင်တို့မှာ ဖိုးရိုးဖားရား။ မျက်နှာတစ်ခုလုံးမှာလည်း ဒဏ်ရာဒဏ်ချက်များနှင့်။ မကောင်းဆိုးဝါးတစ်ကောင်အလား။

"အစ်မ မနက်ဖြန်ကျရင် အလုပ်ကိစ္စနဲ့ကျွန်တော် ရန်ကုန်သွားရမှာ၊ အစ်မကို ကျွန်တော်စိတ်မချဘူးဗျာ၊ ကျွန်တော်မရှိတုန်း အစ်မအလုပ်မဆင်းပါနဲ့နော်"

သူ့စကားသံတို့ကို မြနွယ်မကြားတစ်ချက်ကြားတစ်ချက်ဖြင့်။ သူ့စိတ်နှင့် သူ့ခန္ဓာကိုယ်မှာ လေထဲလွင့်နေသလိုလို မြောက်နေသလိုလို။

အမေ့စကားသံတို့ကို သူ့နားထဲ ရုတ်ခြည်းကြားယောင်ပြန်၏။

"သမီးလေး မောင်တစ်ကျိပ်ပင်ရှိလင့်ကစား လင်မရှိသောမိန်းမဟာ မတင့်တယ်ဘူးတဲ့၊ အမေတို့က ဆင်းရဲတော့ ပိုပြီးမတင့်တယ်သလိုဖြစ်နေတယ်၊ သမီးဖြစ်ခဲ့တဲ့ကိစ္စမှာ သမီးအပြစ်မရှိပေမဲ့ လူတွေက ဒါကိုအကြောင်းပြုပြီး ပိုနင်းချင်၊ ပိုဖိချင်ကြတယ်၊ ငါ့သမီးကို တကယ့်မေတ္တာစစ်မေတ္တာမှန်နဲ့ ချစ်တဲ့သူရှိခဲ့ရင်တော့ သေချာဝေဖန်ဆုံးဖြတ်ပြီး ယူစေချင်တယ်ကွယ်"

(၁၁)

သူသတိပြန်ဝင်လာချိန်တွင်တော့ ရဲထက်၏ ရင်ခွင်ထဲ၌ သူ့ရှိုက်ကြီးတငင်ငိုကြွေးနေသည်ကို သိလိုက်ရ၏။ ။

မဂေါ်ဒီ

# ဒီတစ်လ ဖတ်စရာစာအုပ်တွေ

မောင်ပေါ်လု




## ကလေးကဗျာပန်းဥယျာဉ်သတ်ပုံကဗျာများ

ဖရေးသူ - ဓာမဏီ(ပုဂံ)

ကဗျာဆရာ ဓာမဏီ(ပုဂံ)ရေးသားသည့် 'ကလေးကဗျာပန်းဥယျာဉ် သတ်ပုံကဗျာများ' စာအုပ်ထွက်ရှိပြီသည်။ ကလေးများဖတ်ရှုရန်၊ ရွတ်ဆိုရန်၊ မှတ်သားရန် ကလေးကဗျာစုစုပေါင်းအပုဒ် ၁၀၀ ပါဝင်သည်။ မြတ်နိုးဖွယ်ရာမိတ်ဆွေလေးများ၊ ယဉ်ကျေးလိမ္မာသိမှတ်စရာ၊ ဖတ်ရှုမှတ်သားသတ်ပုံကဗျာများဟူ၍ ကဏ္ဍ ၃ ခု ခွဲခြားရေးဖွဲ့ထားသည်။ ဆရာဓာမဏီ(ပုဂံ)သည် ပညာရေးနယ်ပယ်မှ ကျောင်းဆရာတစ်ဦးဖြစ်သည့်အားလျော်စွာ ကလေးများနှင့် အမြဲတစေထိတွေ့နေရသူဖြစ်သည့်အတွက် သူ့ကလေးကဗျာများသည် ကလေးများနှင့်လိုက်ဖက်ဆီလျော်လှသည်ကို တွေ့ရှိရသည်။

အမှာစာများကို အမျိုးသားစာပေဆုရကဗျာဆရာကန့်ဘလူခင်မောင်ဆွေ၊ ဆရာတင်လင်းဇော်နှင့် ဆရာကောင်းနွံ့တို့က ရေးသားပေးထားသည်။ ဆရာကန့်ဘလူခင်မောင်ဆွေ၏ အမှာစာစာပိုဒ်နေရာတွင် "သူ့ကဗျာတွေကို သုတရော၊ ရသပါ ရောစွက်ထားတာမြင်ရပါတယ်၊ ကလေးတွေနှစ်သက်စေမဲ့ ကဗျာအများစုပါ၊ 'လက်သည်းညှပ်၊ ဖိနပ်၊ မီးပွ၊ ခေါင်းဘီး၊ စာတိုက်ပုံး၊ ကိုတီဗီ၊ ဆပ်ပြာ၊ ဘောလုံး၊ မိတ်ဆွေစက်ဘီးလေး၊




တို့ကျောင်းတော်၊ ချိုးကလေး'စတဲ့ကဗျာတွေက ကလေးတို့စွဲမက်စရာပါ။ အကြောင်းအရာစုံစေ့စေဆာလှပါတယ်၊ သတ်ပုံကဗျာတွေမှာလဲ ကလောင်စွမ်းပြထားတာတွေ့ရပါတယ်။ ပြိုးခနဲ၊ ပြက်ခနဲမြင်ရုံနဲ့ မှတ်မိအောင် ခြယ်မှုန်းထားပါတယ်"ဟု မုဒိတာအညွှန်းပြုထားသည်။ ဆရာကောင်းနွဲ့၏အမှာစာတွင်မူ "လူကြီးကိုယ်နှင့်ကလေးစိတ်ရေးဖွဲ့ရသောကလေးကဗျာများမှာ အမြင်လွယ်သလောက်၊ အရေးခက်သောကဗျာအမျိုးအစားဖြစ်သည်။ ဤသည်ကို ဓာမဏီ(ပုဂံ)က လှလှပပရေးဖွဲ့ပြလိုက်ခြင်းကပင် ကလေးများအပေါ်တွင်ထားသော သူ့စေတနာနှင့်ကဗျာရေးခြင်းအတတ်ပညာကို ခန့်မှန်းနိုင်ပေသည်"ဟု ဖော်ပြထားသည်။


ဤစာအုပ်ကို မျက်နှာဖုံးသရုပ်ဖော် သီဟ(စခန်းသစ်)လက်ရာဖြင့် နဂါးစာပေက ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လတွင် ပထမအကြိမ်ထုတ်ဝေထားပြီး တစ်အုပ်တန်ဖိုး ၂၀၀၀ ကျပ်ဖြင့် စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

## အနာဂတ်အတွက်ခေါ်စာ ဝတ္ထုတိုစုစည်းမှု

ရေးသူ - မင်းစိုးသစ်

လူငယ်စာရေးသူတစ်ဦးဖြစ်သူ ဆရာမင်းစိုးသစ် ရေးသားသော 'အနာဂတ်အတွက်ခေါ်စာ ဝတ္ထုတိုစုစည်းမှု'စာအုပ်ထွက်ရှိလာသည်။ စာရေးသူရေးသားခဲ့သော ပင်ကိုရေးဝတ္ထုတိုများကို စုစည်းထုတ်ဝေခြင်းဖြစ်သည်။ စာအုပ်တွင် 'တစ်သိန်းတန်သောကျွန်တော့်အဖေ'ဝတ္ထုတိုမှ 'လူရှင်မသာ'ဝတ္ထုတိုအထိ စုစုပေါင်း ဝတ္ထုတို ၁၇ ပုဒ်တိတိပါဝင်သည်။ အများစုမှာ ကျေးလက်ဆရာဝန်တစ်ဦး၏ အတွေ့အကြုံများကို အခြေခံထားသည်။ ဆရာမင်းဆွေနှစ်နှင့် ဆရာမြေလတ်မောင်မြင့်သူတို့က အမှာစာရေးသားပေးထားသည်။ ဆရာမင်းဆွေနှစ်က သူ၏အမှာစာတွင် "ဆရာရဲ့ဝတ္ထုလေးတွေဟာ ကျွန်တော်တို့နိုင်ငံရဲ့လူနေမှုဂရုပ်မျဉ်းတွေကို ဆရာ့ဘဝအတွေ့အကြုံထဲက ဆွဲပြလိုက်တာတွေပါ။ ဒါတွေဟာ တကယ့်ကိုအဖိုးမဖြတ်နိုင်တဲ့သက်ရှိရုပ်ပုံကားချပ်တွေပါပဲ"ဟုရေးသားထားသည်ကိုတွေ့ရှိရသည်။

ဆရာမြေလတ်မောင်မြင့်သူ၏အမှာစာတွင်မူ




"သူသည် သူ့ဝတ္ထုများကိုရေးဖွဲ့ရာ၌ အခါခပ်သိမ်း ဆရာဝန်စိတ်၏လွှမ်းမိုးမှုကို အလိုလိုက်ခြင်းမဟုတ်မူ ဘဲ စာရေးဆရာစိတ်ဖြင့်သာဖုံးဖွဲ့သွားသည်ကိုသတိ ပြုမိသည်။ ကိုသို့သော လွှက်လပ်စွာ ဖုံးဖွဲ့သွားသည့် ဝတ္ထုထဲ၌သာ ရုံဖါဆရာဝန်စိတ်ကို ဖျက်ခနဲတွေ့ရ သလို ရုံဖါလူသားဆန်သောစိတ်ကို ထင်းခနဲတွေ့ရ၏။ လူသားဆန်သောစိတ်က ပို၍များလေသလား ထင်မိ၏"ဟု အညွှန်းပြုထားသည်။

ဤစာအုပ်ကို မျက်နှာဖုံးဒီဇိုင်း ဇဂျီလင်းဝဏ္ဏ လက်ရာဖြင့် စာပေအနုပညာစာအုပ်တိုက်က ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လတွင် ပထမအကြိမ်ထုတ်ဝေထားပြီး ဆီပ်ကမ်းသာစာပေအနုပညာဖြန့်ချီရေး ဖုန်း – ၀၉၇၈၆၈၃၇၃၀၅ နှင့် စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

## တတိယလူ

ရေးသူ–သျှင်နှောင်း

ဆရာမသျှင်နှောင်းရေးသားသည့် 'တတိယလူ'အမည်ရှိ လုံးချင်းစာအုပ်ထွက်ရှိလာသည်။ ဝတ္ထုဟန်ဖြင့်ရေးဖွဲ့ထားပြီး အတ္ထုပ္ပတ္တိဆန်သော ရသစာအုပ်တစ်မျိုးဟု သတ်မှတ်နိုင်သည့်စာပေအမျိုးအစားဖြစ်သည်။ ပညာရေးနယ်ပယ်မှကျောင်းဆရာမတစ်ဦးဖြစ်သော စာရေးသူ၏ပညာရေးလောကဘဝအတွေ့အကြုံများကို အခြေခံရေးဖွဲ့ထားသည်။ စာရေးသူ၏ကိုယ်တွေ့အဖြစ်အပျက် ကိုအခြေခံ၍ 'မှိုးဖြူ'ဟူသော ဇာတ်ကောင်ကိုမွေးဖွား၍ ရေးဖွဲ့ထားသည်။ စာအုပ်နောက်ဆုံးတွင် စာရေးသူ၏ဝန်ခံချက်ကိုထည့်သွင်းထားသည်။ ဝန်ခံချက်တစ်နေရာတွင် "ကျွန်မလူမှန်းသိစအရွယ်ကနေပြတ်သန်းခဲ့ရတဲ့ နှစ်လေးဆယ်အတွင်းမှာ ဖြစ်ချင်တဲ့ဆန္ဒတွေ၊ လိုချင်တောင့်တမှုအလိုရမ္မက်ကြောင့် ဝမ်းနည်းကြေကွဲရခြင်းတွေအများကြီးကြုံတွေ့ခဲ့ရပါတယ်၊ မျက်ရည်တွေအများကြီးပေးဆပ်ခဲ့ရပြီးမှ ဘဝရဲ့အဓိပ္ပာယ်ကို သိခွင့်ရခဲ့ပါတယ်၊ ဒီအရာတွေကိုလဲ မှိုးဖြူရဲ့ဇာတ်ကောင်စရိုက်ထဲမှာ သွတ်သွင်းခဲ့




ပါတယ်၊ အဲဒီမှိုးဖြူနဲ့ ဖြူသွယ်မြင့်ဆိုတဲ့ မသိစိတ်နဲ့ သိစိတ်ကြားမှာ အရှုံးတစ်ယောက်လို ယောက်ယက်ခတ်နေခဲ့ရတဲ့အမျိုးသမီးဟာ ဒီဇာတ်လမ်းထဲမှာ တတိယလူဖြစ်တဲ့ကျွန်မပါပဲ"ဟု ရေးသားထားသည်ကိုဖတ်ရသည်။

ဤစာအုပ်ကို မျက်နှာဖုံးပန်းချီ မှတ်သုံ့လက်ရာဖြင့် အလင်းအိမ်မီဒီယာဂရုက ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လတွင် ပထမအကြိမ်ထုတ်ဝေထားပြီး တစ်အုပ်တန်ဖိုး ၃၀၀၀ ကျပ်ဖြင့် စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။ ။

မောင်ပေါက်လှ

**(စာရေးသူများအနေဖြင့် မိမိတို့ရေးသားထားသောစာအုပ်များကို ဤစာအုပ်စင်ကဏ္ဍတွင် ထည့်သွင်းဖော်ပြစေလိုပါက တာဝန်ခံစာတည်း၊ မြဝတီမဂ္ဂဇင်း(စာအုပ်စင်ကဏ္ဍ)၊ မြဝတီစာပေတိုက်၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ (၁၅) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရန်ကုန်ရုံးခွဲ၊ အမှတ်(၁၈၁)၊ ၃၂ လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့လိပ်မူ၍ စာအုပ် ၃ အုပ်ပေးပို့နိုင်ပါသည်။)**



"အီကြာကွေးတော့
ရလာတယ်အဘ၊ ပိုက်ဆံတော့
မပေးရသေးဘူး"
မနက်စာအတွက်
အီကြာကွေးဝယ်ခိုင်းလိုက်သော
'ဖကလေး'သည်
ပလတ်စတစ်အိတ်ဖြင့်ထည့်ထားသော
အီကြာကွေးနှစ်ချောင်းကိုကိုင်လျက်
ပြန်ရောက်လာသည်။
ကိုကလေးသည် 'ဂ'လူမျိုးဖြစ်ပြီး
မြန်မာစကားကို
ပီပီသသမပြောတတ်သေး။



**အမေ့ကိုမြင်ယောင်နေသည့်**

**သူ့မျက်ဝန်းအိမ်သည်**

**မျက်ရည်တို့ဖြင့်ပြည့်နေသည်။**

**သို့သော် သူ့ပျော်ရွှင်မှုသည် မကြာလိုက်။**

**သူ့မျက်နှာသည် တစ်ခဏအတွင်း**

**ညှိုးကျသွားသည်။**

စာရွက်အလွတ်တစ်ခုတွင် 'အီကြာကွေးနှစ်ချောင်း ရောင်းပါ' ဟုရေး၍ ပိုက်ဆံနှစ်ရာနှင့်အတူ အီကြာကွေး ဝယ်ခိုင်းလိုက်ခြင်းဖြစ်သည်။

"မင်းကိုပေးလိုက်တဲ့ပိုက်ဆံကော"

"ဆိုင်ရောက်တော့ ပိုက်ဆံဘယ်ရောက်သွားမှန်းမသိတော့ဘူး၊ စာရွက်ပဲရှိတော့တယ်"

ဧကန္တ လမ်းမှာ ပိုက်ဆံထွက်ကျလေပြီ။

"ဒါနဲ့ မင်းဘယ်လိုလုပ်ပြီး ဝယ်လာတာလဲ"

"စာရွက်ပြပြီး ဝယ်လာတာအဘ"

ဆိုင်ကလည်း အီကြာကွေးနှစ်ချောင်းရောင်းပါ ဆိုသည့်စာရွက်ကိုကြည့်ပြီး ပိုက်ဆံမပါသော်လည်း ကလေးမို့ ပေးလိုက်ဟန်တူသည်။ ကျွန်တော့်အိမ်မှ

ကလေးဖြစ်မှန်းသိသောကြောင့် ပေးလိုက်သည်လည်း ဖြစ်နိုင်သည်။ စာရွက်ကိုပြ၍ ပိုက်ဆံမပါဘဲ အီကြာကွေး ရအောင်ဝယ်လာသော 'ဝကလေး'ကို ပြုံး၍ကြည့်နေမိသည်။

ကျွန်တော့်အိမ်တွင် ကျွန်တော်ရယ်၊ ကျွန်တော့်ဇနီးရယ်၊ ကျွန်တော့်ယောက္ခမနှစ်ယောက်ရယ်ရှိသည်။ ခြံက အနည်းငယ်ကျယ်သည်။ အိမ်ကတော့ သာမန်အိမ်ကလေးမျှသာ။ ဈေးဝယ်ခြင်းအတွက်မူ ကျွန်တော်နှင့်ကျွန်တော့်ဇနီးအလုပ်မှအပြန် သူတစ်လှည့်၊ ကိုယ်တစ်လှည့်ဝယ်နေကျဖြစ်၍ အဆင်ပြေသည်။ ချက်တုန်းပြုတ်တုန်းလည်း ယောက္ခမများရှိနေ၍ မခက်ခဲလှ။ သို့သော် ခြံနှင့်ဝင်းနှင့်မို့ ခြံတံခါးအဖွင့်အပိတ်လုပ်ရသည့်ကိစ္စက နိစ္စဓူဝရှိသည်။ ယောက္ခမများမှာလည်း အသက်ကြီးပိုင်းရောက်လာပြီဖြစ်၍ အိမ်၏ဗာဟီရကိစ္စများဆောင်ရွက်ရသောအခါ အကူအညီလိုလာသည်။

ဤလိုအပ်ချက်ကြောင့် အဆက်အသွယ်တစ်ခုဖြင့် 'ဝကလေး'ကျွန်တော့်အိမ်သို့ရောက်လာခြင်းဖြစ်သည်။ ကျောင်းထားပေးလျှင် ရပါပြီ။ အခကြေးငွေပေးရန်မလို။ လိုအပ်သလို ခိုင်းပါ။ 'စာတတ်ဖို့၊ လူရည်လည်ဖို့သာ အဓိက'ဟု လာပို့သူ သူ့ဦးလေးကပြောသည်။ သူ့ဦးလေးက ကျွန်တော့်သူငယ်ချင်းအိမ်တွင် တက္ကစီမောင်းသည်။ သူလည်း 'ဝ'လူမျိုးပင်ဖြစ်ပြီး ငယ်စဉ်ကပင် ရန်ကုန်မြို့ရှိ အိမ်တစ်အိမ်တွင် နေခဲ့ဖူးသည်ဟုသိရ၏။

"ရွာမှာဆိုတော့ ကျောင်းမနေကြတာက များတယ်၊ တချို့ကတော့ ကျောင်းမရှိလို့၊ ရှိပြန်တော့လဲ အမည်ခံရုံသက်သက် မပြည့်မစုံ၊ ဗမာစကားလဲ သေသေချာချာမပြောတတ်တော့ ကျောင်းတက်ရတာ အခက်အခဲရှိတယ်၊ ကျွန်တော် ရန်ကုန်မှာထားပေးတဲ့ကလေးတွေ မနည်းတော့ဘူး၊ ရွာမှာကျန်ခဲ့တဲ့ကလေးတွေနဲ့တော့ အများကြီးကွာသွားတယ်၊ တချို့ ငါးတန်း၊ ခြောက်တန်းလောက်နဲ့ ပြန်သွားတာတွေလဲရှိပါတယ်၊ အနည်းဆုံးဗမာစကားပြောတတ်သွားတယ်၊ လူရည်လည်သွားတယ်ဆိုတော့ အလုပ်ရှာရတာလဲလွယ်သွားတယ်လေ၊ စေတနာကောင်းတဲ့အိမ်ရှင်တွေနဲ့တွေ့ပြီး နိုင်ငံခြားအလုပ်လုပ်ခွင့်ရသွားကဲ့သူတွေတောင်ရှိတယ်၊ ကျွန်တော်လဲ ကိုရီးယားအလုပ်စာမေးပွဲဖြေထားတယ်၊ နိုင်ငံခြားသွားမလို့"

ပြုံးစိစိဖြင့် သူ့ဘဝအကြောင်းပြောပြသည်။ ယခုလည်း သူ့တူကို ဘဝတိုးတက်စေလို၍ ကျွန်တော့်အိမ်သို့ခေါ်ယူလာခြင်းဖြစ်နိုင်သည်။ သူတို့နေရပ်မှာ လားရှိုးမြို့မှ ၃ နာရီခန့်ကားဖြင့်သွားရပြီး တန့်ယန်းမြို့မှတစ်ဆင့် ဆိုင်ကယ်ဖြင့် မိုင် ၂၀ ခန့် ခရီးဆက်သွားရသည်ဟုသိရသည်။

'ဝကလေး'၏အမည်ရင်းမှာ 'ငို့ရှိုင်း'ဖြစ်၏။ ခေါ်ရခက်သဖြင့် 'ဝကလေး'ဟုပင် လွယ်လွယ်ကူကူ ခေါ်လိုက်ကြပါသည်။ သူ့အသက်က ၅ နှစ်သာရှိသေးသည်။ လာပို့သည့်နေ့က မျက်ရည်စို့စို့ဖြင့် တစ်ချိန်လုံး တအီအီငိုနေသည်။ ဗမာစကားမပြောတတ်တော့ ပို၍ခက်၏။ ရေသောက်မလားမေးတော့လည်း ဘာမှပြန်မပြော။ ထမင်းစားမလားမေးတော့လည်း မျက်လုံးလှန်၍ကြည့်ရုံသာ။

ရေပုလင်းပြတော့မှ ရေသောက်သည်။ အကြိတော့ ရသွားသည်။ ထမင်းစားချိန်ရောက်သောအခါ ထမင်းပန်းကန်ပြ၍ ထမင်းကျွေးရသည်။

တောက်တိုမည်ရရှိုင်းရမည်က ဘယ်ဆီနေသည်မသိ။ ခုတော့ ဗမာစကားမတတ်၍ ကျောင်းမည်သို့အပ်မည်ကိုတွေးရင်း သက်ပြင်းချနေမိသည်။

× × ×

တချို့ကိစ္စတွေကတော့ လက်ဟန်ခြေဟန်ဖြင့် အဆင်ပြေပါသည်။ ရက်ကြာလာသည်နှင့်အမျှ 'ဝကလေး'လည်း နေသားကျလာသည်။ မူလက အခန်းပိုတစ်ခုကွင်ထားမည်ဟု စိတ်ကူးထားသော်လည်း အရွယ်က ငယ်သေးသဖြင့် မထားရက်။ ကျွန်တော့်စာရေးစားပွဲရှိရာ ဘုရားခန်းဘေးတွင် နေရာပေးထား

သည်။ တော်တော်ကံကောင်းတဲ့ 'ဝကလေး'။ ကောင်းကောင်းစား၊ ကောင်းကောင်းနေ၍ ဘုရားခန်းမှာပင် အိပ်ခွင့်ရနေသည်။

ကျောင်းဖွင့်ရန် နှစ်လခန့်လိုသေးသဖြင့် အိမ်မှာ နိုင်သလောက်စာသင်ပေးပြီး ကျောင်းအပ်ရန် ရည်ရွယ်ထားသည်။ စာသင်ပေးရန်အမိကဟုပြောထားသဖြင့် ကျောင်းအပ်ရန် ကျွန်တော့်တွင် တာဝန်ရှိနေသည်။ သူဦးလေးလာပို့စဉ်က "ကကြီး၊ ခခွေး တော့ရတယ်လို့ သူ့အဖေကမှာလိုက်တယ်ဦးလေး" ဟုပြောခဲ့သည်ကို အမှတ်ရနေသည်။

"ဝကလေး – မင်း ကကြီး၊ ခခွေးရတယ်ဆို"

ဘာမှပြန်မပြော။ စာအုပ်လှန်၍ ကကြီး၊ ခခွေးကို လက်ညှိုးထောက်ပြတော့မှ လိုက်ဆိုသည်။

"ကကြီး၊ ခခွေး၊ ဂငယ်၊ ဃကြီး၊ င"ဟု ဆိုပြီး ရှေ့ဆက်မဆိုတော့။

"ဆက်ဆိုလေကွာ"

နားလည်ဟန်မတူ။ မျက်လုံးကလေး ကလယ်ကလယ်ဖြင့် ပြန်ကြည့်နေသည်။

"မင်းကို ဆက်ဆိုလို့ပြောနေတယ်လေကွာ"

အသံမာမာဖြင့်ပြောသောအခါ မျက်ရည်တွေသာ တပေါက်ပေါက်ကျလာသည်။ အသံက မထွက်။ သိပြီ။ သူ့အဖေပြောလိုက်သော ကကြီး၊ ခခွေးရသည်ဆိုသည်မှာ 'ကကြီး၊ ခခွေး၊ ဂငယ်၊ ဃကြီး၊ င' ဤငါးလုံးသာ။

တစ်လခန့်သင်ပေးပြီးနောက် ကကြီး၊ ခခွေးကို 'ကကြီးမှအ'အထိ ရသွားသည်။ ဉာဏ်တော့ကောင်းသား။ ကျောင်းအပ်မည်ပြုသောအခါ စကားအပြန်အလှန်ပြော၍မရသေး။ နားလည်ဟန်ရှိသော်လည်း ချက်ချင်းပြန်မပြောတတ်။ နောက်တော့ စဉ်းစားမိသည်။ တစ်နှစ်နောက်ကျလည်း ဘာမှမဖြစ်လောက်ပါဘူးလေးဟု မိမိကိုယ်ကိုနှစ်သိမ့်လျက် ကိုနှစ်က ကျောင်းမအပ်ဖြစ်လိုက်ပါ။

× × ×

နောက်တစ်နှစ်ကျောင်းအပ်သောအခါ 'ဝကလေး'ခြောက်နှစ်ပြည့်လေပြီ။ ကျောင်းအပ်သောနေ့တွင် ဆရာမများကပြောသည်။

"ခြောက်နှစ်ပြည့်ပြီလား၊ ခြောက်နှစ်ပြည့်ရင် Grade I (ပထမတန်းနှင့်ညီသောအတန်း)တက်လို့ရတယ်"

'ဝကလေး'ကံကောင်းပြန်သည်။ Grade I က စပြီး တက်ခွင့်ရလေသည်။ အိမ်မှာ Grade I စာအချို့ပင် သင်ကြားပေးထားပြီးဖြစ်သဖြင့် သူ့အတွက် ပို၍အဆင်ပြေနေသည်။ အရတော်လေစွ။ ကျောင်းစတက်သည်နှင့် Grade I ကျောင်းသားကြီးတောင် ဖြစ်နေပြီ။

× × ×

ဗမာစကားပြောတတ်သည်ဆိုသော်လည်း မရေလည်သေး။ ပိုက်ဆံကိုမူ လုံးဝမသိ။ တစ်ရာတန်၊ နှစ်ရာတန် သူမသိ။ တစ်ခါတစ်ရံ ကြက်ဥ၊ ဘဲဥဝယ်နိုင်းလျှင် စာရေးပေး၍ ဝယ်နိုင်းရသည်။ စာရွက်အလွတ်တစ်ခုတွင် '၁၅ဝ ကျပ်တန် ကြက်ဥ ၁ဝ လုံး ရောင်းပါ'ဟုရေးလျက် ပိုက်ဆံ ၁၅ဝဝ ကျပ်ပေး၍ ဝယ်နိုင်းရသည်။ ဆိုင်ကိုတော့ ကြိုတင်ပြထားရသည်။ ကြက်ဥ၊ ဘဲဥဝယ်လိုလျှင်တော့ ဤနည်းဖြင့် အဆင်ပြေသည်။

တစ်နေ့သောအခါ 'ဝကလေး'ကိုခေါ်၍ ဈေးသို့သွားဖြစ်သည်။ ကြက်ဥ၊ ဘဲဥရောင်းသော ဆိုင်ရှေ့ရောက်လျှင် ဆိုင်ရှင်ကောင်လေးက ကျွန်တော့်ကို နှုတ်ဆက်သည်။

"ဦးလေး . . . ဒီကလေးလေး စကားမတတ်ဘူးလား၊ သနားစရာနော်"

"ဟေ . . . ဘာဖြစ်လို့လဲကွ"

ဆိုင်ရှင်ကောင်လေးကို ကျွန်တော်က တအံ့တသြပြန်မေးမိသည်။

"ဒီကလေး မကြာခဏ စာရွက်ကလေးနဲ့ ကြက်ဥ၊ ဘဲဥလာဝယ်တယ်လေ"

သည့်တော့မှ စကားမတတ်သောကလေးဟု သူ့ဘာကြောင့်ပြောမှန်း ကျွန်တော် သဘောပေါက်သွားသည်။

'ဂကလေး'ကတော့ပြုံးလျက် အလွန်ရှက်သောမျက်နှာဖြင့် ခေါင်းငုံ့နေသည်။

"စကားမတတ်တာ မဟုတ်ပါဘူးကွာ၊ သူက 'ဝ'လူမျိုးလေ၊ ဗမာစကားကောင်းကောင်းမပြောတတ်သေးဘူး"

ကျွန်တော်ရှင်းပြလိုက်မှ ဆိုင်ရှင်ကောင်လေးက အဖြစ်မှန်ကို သိသွားသည်။

"မသိလို့ပါဦးလေးရယ်၊ စာရွက်ကလေးနဲ့ပဲဈေးလာဝယ်နေကျဆိုတော့ ကျွန်တော်က စကားမပြောတတ်ဘူးအောက်မေ့လို့"

တိုနေ့ အိမ်ပြန်ရောက်သည်မှစ၍ စာရွက်ဖြင့်ကြိုက်ဥ၊ ဘဲဥဝယ်နိုင်းလျှင် အင်တင်တင်လုပ်နေတတ်သည်။ နောက်ရက်အနည်းငယ်ကြာသောအခါ စာရွက်မလိုတော့ဘဲ ပိုက်ဆံဖြင့် ဈေးဝယ်တတ်လာသည်။

× × ×

နိုင်ငံခြားရှိ သားချင်းများထံမှ တယ်လီဖုန်းလာ၍ အိမ်ပြင်ထွက်ကာ အသံကျယ်ကျယ်ဖြင့် စကားပြောဖြစ်သည်။

"အဘ နိုင်ငံခြားဆိုတာ အဝေးကြီးလား"

'ဝကလေး'က နိုင်ငံခြားမှလာသော ဖုန်းမှန်းတော့ သိသည်။ နိုင်ငံခြားဆိုသောဝေါဟာရကိုတော့ ကောင်းကောင်းနားလည်ဟန်မတူ။

"နိုင်ငံခြားက သားတို့ရွာထက် ပိုဝေးလား"

"အများကြီးပိုဝေးတာပေါ့ကွ၊ ဘာဖြစ်လို့လဲ"

'ဝကလေး'တစ်ခုခုတော့ စဉ်းစားနေပုံရသည်။ ပြီးတော့မှ အတော်လေး အားယူ၍ပြောရှာသည်။

"သားလဲ အမေနဲ့ တစ်ခါလောက်ဖုန်းပြောချင်လိုက်တာ"

သူ့ကိုကြည့်၍ သနားမိသွားသည်။ အမေကိုလွမ်းရမည့်အရွယ်ကိုး။

"ပြောရမှာပေါ့ကွာ၊ မင်းဦးလေးလာရင် ဖုန်းနံပါတ်မေးပြီး ပြောလေ"

'ဝကလေး'က ပျော်ရွှင်စွာဖြင့် ဝမ်းသာအားရပြုံးလိုက်သည်။ အမေ့ကိုမြင်ယောင်နေသည့် သူ့မျက်ဝန်းအိမ်သည် မျက်ရည်တို့ဖြင့်ပြည့်နေသည်။ သို့သော် သူ့ပျော်ရွှင်မှုသည် မကြာလိုက်။ သူ့မျက်နှာသည် တစ်ခဏအတွင်း ညှိုးကျသွားသည်။ သူ့အမူအရာကိုအကဲခတ်၍ မေးမိသည်။

"မင်းကလဲ ဖုန်းပြောရမယ်ဆိုမှ ဘယ်လိုဖြစ်ရပြန်တာလဲ"

"ဟိုလေ . . . ဟိုလေ"

ပြောဖို့စကား တစ်ဆို့နေသည်။

"ပြောလေ – ဘာဖြစ်လို့လဲ"

"ဟိုလေ အဘ၊ သားက 'ဝ'စကားမပြောတတ်တော့ဘူး၊ မေ့နေပြီ၊ ဗမာလိုပဲ ပြောတတ်တော့တာ၊ အမေက ဗမာစကားကောင်းကောင်းနားမလည်ဘူး၊ 'ဝ'လိုပြောမှ နားလည်တယ်"

"ဟေ . . . အဲဒါမှဒုက္ခ"

မမျှော်လင့်သောစကားကို ရုတ်ခြည်းကြားလိုက်ရ၍ အံ့သြမှင်တက်မိသွားပါတော့သည်။ 'ဝကလေး'၏ခေါင်းကို ပွတ်သပ်လျက် 'ဖြစ်ရလေ ဝကလေးရယ်'ဟု ကရုဏာစကားဆိုမိရင်း ရင်ထဲမှာလှိုက်ခနဲတစ်ချက်ဖြစ်သွား၏။

ကျွန်တော်တို့နိုင်ငံတွင် 'ဝကလေး'လို ဘဝမျိုးတွေ ဘယ်လောက်တောင် ရှိနေပြီလဲ။

အိမ်ပြတင်းမှ အဝေးဆီ အငေးလွှင့်လိုက်တော့ မှတ်သုံ့ရာသီဝင်နေ၍လားမသိ၊ တိမ်တွေက တောင်မှမြောက်ဆီသို့ လေနှင်ရာရွေ့နေသည်။ 'ဝကလေး' တစ်ယောက် သူ့အမေကို သတိရလွမ်းဆွတ်နေသည့်အကြောင်း တိမ်တွေက ကိုယ်စားပြောပေးနိုင်လျှင် ဘယ်လောက်ကောင်းလေမလဲဟုတွေးရင်း ဘယ်ဆီလွှမ်းမိ တတ်မသိတော့ပါပေ . . .။ ။

**ကိုထွန်းရင်(အဏ္ဏဝါ)**

# ဖျံ-၅-ကောင်

အမှတ်တံဆိပ်



## သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို

ရန်ကုန်မြို့ မန္တလေးမြို့နှင့် တောင်ကြီးမြို့ရှိ

မြန်မာဆေးအရောင်းဆိုင်ကြီးများမှတစ်ဆင့်

တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဓက(တနယ်ငင်း) ၂၁၄/၀၆၁၈

**ပင်ရင်း - သဟာတော် တရေးဆရာ ဒေါက်တာစိုးမြင့်အောင်(ဓါးခယ်မ) Ph.D (Alternative Medicines)**

ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၃၇၊ မြေညီထပ်(ယာ)၊ ၄၂လမ်း(ကုန်သည်လမ်းနှင့်မဟာဗန္ဓုလလမ်းကြား)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၁-၅၃၉၀၁၇၅၊ ၃၉၂၅၉၄၊ ၀၉၄၂၁၀၀၇၆၆၉



# ခရူသင်း၊ သမင်ဖြူ

ခရူသင်း၊ သမင်ဖြူ အနာကြီးရောဂါ၊ Fungus-Psoriasis မှိုစွဲရောဂါများ၊
ဖြူ-နီ-နက်ကွက်များ၊ ကာလသားရောဂါ၊ ဆီးပူညောင်းညာကျ၊ ဂနိုရီးယား၊
ဆစ်ဖလစ်၊ ရှန်ကရွိုက်၊ ရေယုန်၊ ရိုဖြူ-ရိုနီဆင်းရောဂါ၊ အသားမည်းခြောက်ခြင်း၊
ပူခြင်း၊ ယားယံခြင်းရောဂါ၊ ပွေး-ဝဲ-နှင်းခူ-ညှင်း၊ ယားနာအမျိုးမျိုးကို
အာမခံနှင့်ကုပေးသည်။

CHISHTI MISSION ကျွန်းကလေးဆရာကြီးဆေးတိုက်
ဒေါ်သောင်းသောင်းဝေ (တဆ-၄၃၁၄)
အမှတ်(၂၅၁)၊ ၂၈ လမ်း၊ ၈၁ × ၈၂ ကြား၊ ဈေးချိုအနီး၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၄၉၂ ၇၀၉၅၁၊ ၀၉ ၄၀ ၂၅၄၃၆၂၉
ပင်ရင်း-အမှတ်(၇၀၆)၊ ကျွန်းကလေး၊
လှည်းကူး၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၆၂၉၅၄၈၊ ၀၉ ၄၂၁၀၀၆၅၄၅

နေခြည်(ကြီးနီ)

# ချက်မသိလေကဲ့နှင့်

နေက တိမ်ကြားမှတိုးထွက်ကာ ပူနေသည်။ အိုက်စပ်စပ်နှင့် ချွေးတဒီးဒီးကျနေပါပြီ။ ငါးတန်းဖြုတ်နေသော ကိုသာအိုကိုမြင်၍ လှေဖြင့်အပြန်လိုက်ရန် စောင့်နေမိသည်။ ရေသည် ကျရိုပ်မပြင်သေးမ။ ပေယ်ပယာကြည့်မြင်းဖြစ်သည်။ မျှစ်ပေါ့ပင် ပါးဖြစ်နေချေပြီ။ စပါးက ဆန်ဖြစ်မည့်အချိန်ကိုမျှော်ရသည်။ လှေမရှိ၍ အကြိုစောင့်ရသည်က ဒုက္ခတစ်ခု။ ကျွဲအုပ်တွေအနားတွင် တကောက်ကောက်လိုက်နေသော ဗောဆက်ရက်ငယ်တွေကိုသာ ငေးနေမိသည်။ အမေက ကျောင်းပိတ်ရက် လှေကြုံရှိ၍ နံနက်စောစော စပါးခင်းကြည့်ရန် ထည့်လိုက်သည်၊ ထွက်မလာရသေး၊ နေက ပူအိုက်ကြီးဖို့ စပါးခင်းကြည့်ပြီး ပြန်ရန်ပြင်နေခြင်းဖြစ်သည်။

"ကောင်လေး ပြန်လိုက်မှာမဟုတ်လားဟေ့"

ကိုသာအိုက သူ့ရှိရာသို့လှော်ခတ်လာရင်း ခမောက်ချွတ်လိုက်ကာ မေးသည်။ စောင့်လိုက်ရသည့်အချိန်က နာရီဝက်ခန့်ရှိမည်ထင်သည်။ မြက်ရိုင်းပင်တွေက ယားသလို ရေယားက ကိုက်သေးသည်။ လည်ရှည်ဖိနပ်စီးထားပါစေ၊ ကျွတ်က ခင်တွယ်နေတတ်သည်။ အကြောများမိပြီဆိုလျှင် သွေးမင်ဝေါ့ပန်းသည်။

"ပြန်ချင်လို့စောင့်နေတာ နှစ်နာရီလောက်ရှိပြီ"

ဂိုဂိုသာသာလေး ပြောလိုက်သော်လည်း အပြုံးတစ်ခုသာပြန်ပေးသည်။ တက်ဖြင့်ထောက်ကာ လှေကို ကမ်းကပ်လာသည်။







"နေကြီးကလဲကျွာ မူလိုက်တာ"

"ဟုတ်တယ်ဗျ၊ မဖြူတဲ့အသားတောင်မည်းနေပြီ"

နှစ်ယောက်တည်းမို့ဦးပိုင်းက တိုင်လိုက်သည်။ လှေဝမ်းထဲတွင် ငါးတန်းမိထားသောငါးများကိုတွေ့ရသည်။ ခပ်ကြီးကြီးငါးဖြင့် မတွေ့။ လက်သုံးသစ်ခန့် ငါးလေး နှစ်ကောင်၊ သုံးကောင်သာမြင်သည်။ နေမူသည်ဟုပြောသော်လည်း ကိုသာအို ခမောက်ပြန်မဆောင်းတာ သတိထားမိသည်။ ရိုးရိုးအေးအေးနေတတ်သူကြီးဖြစ်သည်။ မုံကြီးရွာကလေးတွင်သာနေသည်။ အထက်ပိုင်းတက်ပြီး သူများတွေနည်းတူ အလုပ်လုပ်ခြင်းလည်းမရှိ။ အသီးအရွက်ကလေးစိုက်ပြီး တောင်သူအလုပ်ကိုသာ တစိုက်မတ်မတ်လုပ်၍ ရွာပျော်ကြီးဖြစ်လေသည်။ မခေါ်လျှင် မပြောသလို၊ တစ်ယောက်တည်းလုပ်စရာရှိသည်များကိုသာ မိမိအိမ်ဝင်းထဲတွင် ကုပ်လုပ်နေတတ်သည်။

တစ်နှစ်သား စပါးဈေးမကောင်း၍ မိန်းမကချဲအရောင်းခိုင်းသည်ဆို၏။ ဝင်ငွေမရှိ အတူတူမိုးခါးရေသောက်ကြည့်မည် စိတ်ကူးခြင်းဖြစ်မည်။ သို့သော် မည်သည့်အိမ်ကိုမှ "ချဲထိုးအုံးမလား"ဟု မမေးဘဲ ရွာပတ်လျှောက်ကာ ပြန်လာခဲ့တော့သည်ဆို၏။ ကိုသာအိုက ထိုသို့စကားနည်းသူဖြစ်လေသည်။ စပါးကလေး၊ ကွဲလေးပွား၍ အဆင်ပြေလာပြန်လျှင်လည်း မကြွားဝါတတ်။ လုပ်ရိုးလုပ်စဉ်သူ့အလုပ်များကိုသာ ဂရုစိုက်လုပ်နေသောသူဖြစ်သည်။

"ရေကျခါနီးပြီလားဗျ ကိုကြီးသာအို"

ရေကျမှစိုက်ရမည်ဖြစ်သော လယ်များအတွက် မျိုးထောင်ထားသည်ရှိ၍ မေးဖြစ်သည်။ နှမ်းလည်းလာဦးမည်ဖြစ်လေသည်။

"မကျနိုင်သေးဘူးကွ၊ ရေ့လူကြီးတွေအပြောအရဆိုရင် ငါးပတ်ပေါက်တွေ ငါးကျပ်သားရှိမှလို့ပြောတာပဲ"

"ဟာ ခါဆိုရင်တော့ အခုမှ ငါးပတ်ပေါက်တွေက မီးခြစ်ဆံခေါင်းလောက်ရှိသေးတယ်"

သူက ဟာသပြန်ပြောလိုက်သည်။ ကိုသာအိုက လှေကိုသာ ဖြည်းဖြည်းမှန်မှန်လှော်ခတ်လာသည်။ ရေဆင်းတံတားလေးတွေပင် ရေမြုပ်နေကြဆဲ။ တိုင်တွေ ထိုးထိုးထောင်ထောင်သာမြင်ရသည်။ တစ်ချက်တစ်ချက် ထထပွက်နေသောငါးကလေးများကိုငေးလာမိသည်။ ညောင်ပင်တန်းကိုဖြတ်လာကာ ရွာခြေကိုလှမ်းမြင်နေရပြီ။ ဖားပျံအင်းစပ်တွင် ကွန်ပစ်နေသော ကိုတိုးမောင်တို့တံငါလင်မယားကိုလည်း တွေ့ရသည်။ အင်းသဖွယ်ဖြစ်သွားသောနေရာများကို လေလံဆွဲသူရှိပါက ငါးမဖမ်းရပါ။ လေလံယူသူမရှိမှသာရဲရဲဝံ့ဝံ့ ငါးရှာစားရကြသည်။

အဘယ်ကြောင့်ဆိုသော် လေလံသမားကသူဆွဲထားသည့်ကြေးနှုန်းအတိုင်း ခြောက်သိန်းဆိုခြောက်သိန်းမိုးပစ်သည်ကိုမိပါက တိုင်တန်းကာ အလျော်တောင်းသောကြောင့်ဖြစ်လေသည်။ သို့မှမဟုတ်လျှင် ငါးပိုက်ချမ်ပါက ပိုက်ကိုဖြတ်သိမ်းသွားခြင်းမျိုးဖြစ်သည်။ သည်နှစ်တော့ လေလံယူနေကျသူများ နားထား၍ ကြိုက်သည့်နေရာကွန်ပစ်ခွင့်ရနေလေသည်။

မြစ်ရေတက်သည်နှင့် ချောင်းများရေလျှံကာ မြေနိမ့်ပိုင်းလယ်များ ရေမြုပ်ကုန်သည်။ နှစ်ခြားဆိုသလို ရွာတွေထဲအထိပင် ရေရောက်တတ်သည်။ ထိုအခါ မည်သည့်နေရာကြည့်ကြည့် ရေပြင်ဖွေးဖွေးကြီးကိုသာမြင်ရလေသည်။ ထိုအချိန်များတွင် ငါးမျိုးစုံသားပေါက်ရန် ချောင်းအတိုင်းလိုက်လာခဲ့သည့်အရောက် ငါးအလွှန်ပေါချိန်လည်းဖြစ်သည်။ ငါးရစ်တက်ချိန်ဟုလည်း ခေါ်ကြပါသည်။ မြစ်ရေပြန်ကျသွားလျှင် ငါးကြီးများပေါ်နေတတ်၍ မှိန်းဖြင့်ထိုးကာ ငါးရကြသည်။ ငါးသားပေါက်ကလေးများမှာ အုံလိုက်ကျင်းလိုက်ကျန်နေခဲ့ကြသည်။

"ငါတို့လင်မယားလဲ ရွာဘက်ကူးချင်လို့ဟေ့"

ကိုတိုးမောင်မိန်းမက လက်မြှောက်ကာ လှမ်းအော်သည်။ ပလိုင်းကိုလွယ်ထားကာ ရွှင်ရွှင်လန်းလန်းဖြစ်နေပုံထောက်လျှင် ငါးရထားပြီဖြစ်ကြောင်း သိနိုင်ပါသည်။ ကိုကိုးမောင်က ကွန်ကို လှုပ်ကာလှုပ်ကာ ရေဆေးနေသည်။ ဈိုင်းတစ်အုပ် တောင်ခြေလယ်ကွင်းအစပ်တွင် ဖွေးဖွေးကြီးမြင်ရသည်။ ကမ်းကပ်မိသည်နှင့် ငါးပေါက်စလေးများ ရေနက်ရာကူးပြေးကြသည်ကို မြင်နေရပြန်သည်။ လှေဝမ်းထဲတွင် အသင့်တွေ့သည့်စိုက်တုတ်ဖြင့်ထောက်ကာ ကမ်းကပ်ပေးလိုက်ရင်း ကိုတိုးမောင်တို့လင်မယားကို စလိုက်သည်။ ကိုသာအိုကမူ အေးဆေးတည်ငြိမ်စွာအပြုံးအရယ်မရှိ။ ရေပြင်ကျယ်ကိုသာ အဓိပ္ပာယ်မဲ့ငေးနေသည်။

"ကူးတို့ခကတော့ ရတဲ့ငါးတစ်ဝက်ပဲ"

သူတို့လင်မယားတွင်လှေပါသော်လည်း အဖြစ်လုပ်ထားသောလှေကလေးဖြစ်သည်။ သစ်လုံးကိုထွင်းပြီး လုပ်ထားခြင်းဖြစ်သည်။ ငါးတန်းဖြတ်ရာတွင် အသုံးပြုကြလေသည်။ ကိုသာအို၏လှေကဟွန်ဒါစက်လှေအခွံမို့ လမ်းကြုံလိုက်ကြခြင်းဖြစ်သည်။ ရောင်းချိန်အမီ ပြန်လိုကြပေမည်။

"ယူစမ်းပါကွာ၊ ငါးပေါက်စလေးတစ်ခါချက်ကောင်းလေးကိုပေးလိုက်စမ်း မိန်းမ"

"ယူစမ်းပါကွာ"ပြောသော်လည်း မျက်နှာကကွက်ခနဲပျက်သွားသည်ကို မြင်မိသည်။ အခွဲ့တိုက်ကာ ယူလိုက်လျှင်ကောင်းမည်ဟု စဉ်းစားသေးသည်။ သူက ရယ်ရင်း "စကားပါ"ဟုပြောကာ နေရာရွှေ့ပေးလိုက်သည်။ ဝိတ်ညီစေရန် ကိုတိုးမောင်တို့လင်မယားက ရှေ့မှာထိုင်၍ သူနှင့်ကိုသာအိုက နောက်မှာထိုင်သည်။ လှေကလေးကို ကိုတိုးမောင်က စိုက်တုတ်ဖြင့်ထောက်တွန်းပေးသည်။ မြင်နေရသည်က တစ်ပြင်သာဖြစ်သော်လည်း ရေလမ်းမို့ လှော်အားဖြင့် လှေကလေးရွေ့လျားသည်။ ရေပိုးကောင်လေးများစက်ဝိုင်းသဏ္ဍာန်ပတ်ပြေးနေကြသည်။ သူ့စိတ်ကမူ ရေလယ်ကောင်ရောက်နေသည့်တိုင် ဖြတ်တွေကိုက်သည်ဟုထင်နေသည်။ ဟိုနေရာက ယားလိုက်၊ သည်နေရာက ယားလိုက်ဖြစ်နေသည်။ "အကျီအနက်ဝတ်မသွားနဲ့"ဟု အမေကပြောသည်ကို ဝတ်လာခဲ့၍များလားဟု တွေးကြည့်သေးသည်။

"ငါးကရရဲ့လား သာအို"



**ဈိုင်းတစ်အုပ်**
**တောင်ခြေလယ်ကွင်းအစပ်တွင်**
**ဖွေးဖွေးကြီးမြင်ရသည်။**
**ကမ်းကပ်မိသည်နှင့်**
**ငါးပေါက်စလေးများ**
**ရေနက်ရာကူးပြေးကြသည်ကို**
**မြင်နေရပြန်သည်။ လှေဝမ်းထဲတွင် . . .**



ကိုတိုးမောင်မိန်းမက မေးသည်။ ရလာသည့် ငါးများကို မာန်ရေးတပြုပြုဖြင့်ဖြစ်သည်။ နေသည် တိမ်ကြားမှ ကျဲကျဲကြီးထွက်လာ၍ ခမောက်ကို ပြင်ဆောင်းလေသည်။ သူ့ယောက်ျားကို လက်ကိုပြီး ကိုသာအိုအားမေးတိုးကာ မဲ့ပြုံးလေးပြုံးပြလိုက်သည်ကိုတွေ့ရသည်။ ယင်းနောက် ဂံတောင်နှင့်ချွေးသုတ်သလိုလိုလုပ်ပြီးမှ မျက်နှာကိုပြန်တည်သည်။

"ဟင်းစားပေါ့ဗျာ၊ အိမ်ချက်ဖို့လေးရရင် အဆင်ပြေတာပါပဲ"

ငါးတန်းချသည်ဆိုသည်မှာ ကြိုးကိုခေတ်ခဲဆွဲ၍ တန်းထိုးကာ ငါးစာချိတ်အများအပြားတပ်ထားကြခြင်းဖြစ်သည်။ တန်းပိုက်နှင့်မတူပါ။ တချို့က ငါးစာချိတ် တစ်ရာ၊ နှစ်ရာစသည်ဖြင့် ဆန္ဒရှိသည့်အလျောက်တပ်ကြသည်။ ခက်ခဲသောအလုပ်မဟုတ်လေရကာ ဟင်းစားဖြင့်ရရ ထွက်၍လုပ်ကြသည်သာပင်။

ကိုသာအိုက သူ့လှော်တက်ကိုသာကြည့်ရင်း လှော်နေသည်။ တက်သိ ပလွတ်၊ ပလွတ်နှင့်တက်မှ ရေကျသွားသံကလေးကိုပင် နားထောင်၍ကောင်းသလိုလို ထင်မိလေသည်။ 'ကိုသာအိုတို့မိသားစုတွေက တစ်အိမ်လုံး အေးအေးဆေးဆေးကြီးတွေ' ဟုတွေးနေမိသည်။ သူက ဘာမဆိုင်ညာမဆိုင် "ကိုတိုးမောင်မိန်းမလို အလေးမခိုးဘူး"ဟု ပေါက်ပေါက်ရှာရှာ မိန်းမချင်း နှိုင်းယှဉ်ကြည့်နေမိပြန်သည်။ ဟိုတစ်ရက်က အမေသည် ငါးပတ်ငါးဆယ်သားစွဲလာပြီး အိမ်ရောက်၍ပြန်ချိန်ကြည့်သောအခါ အလေးမပြည့်ဟု ပြောသည်ကို အမှတ်ရမိလိုက်ခြင်းဖြစ်သည်။ ကိုသာအို၏မိန်းမသည် ဆူးပုပ်ကြီးရွက်နှင့်ရုံးပတီသီးလေးများ ဝိုလျှံပါက အိမ်နီးချင်းများအား ဝေငှပေးတတ်သည်ကို သတိရပြန်သည်။

"ငါးပတ်ငါးဆယ်သားကောင်လောက် နှစ်ကောင်၊ ပိဿာကောင်လောက်က သုံးကောင် တန်းကတိုးခဲ့တာလေ၊ ငါးနုသန်းပေါက်တွေနဲ့ ငါးပေါက်စတွေကတော့ ကွန်ကရခဲ့တာ နှစ်ပိဿာလောက်ရှိမယ်၊ သာဝန်ရွာဘက်သွားရောင်းရလောက်သေးတယ်၊ စောပါသေးတယ်နော်၊ ခုမှ ဆယ်နာရီလောက်ပဲရှိသေးတာ၊ ဟင်းချက်ချိန် အမီပြေးရမှာ"

"မီမှာပါဗျ၊ လယ်တောကပြန်မှ ဟင်းချက်ကြရတဲ့ဟာ"

သူက ဝင်ထောက်ပေးလိုက်သည်။ လက်နှစ်သစ်ခန့် ငါးအလတ်များကို ပလိုင်းထဲမှထုတ်ကာ ရွေးနေကြပြန်သည်။ ငါးတွေမှ မနည်းပါတကား။ ငါးမြင်းပေါက်ဖွေးဖွေးတွေများသည်။ ဂျပန်ငါးရံ့ဟုခေါ်ကြသော ငါးလူးလေးများပါသည်။ ငါးပေါက်စတွေကဖြင့် အစုံ။ ငါးအသေးပစ်သည့်ကွန်စိပ်နှင့် ပစ်ခဲ့ခြင်းဖြစ်လေသည်။

"သာအို ငါးမချက်လောက်ရင် ယူထားလိုက်ကွာ၊ ကျူးတို့ခပေါ့"

"ဟား ဟား၊ ခစ် ခစ်"

"နေပါစေ အိမ်စားရပါတယ်"

ကိုသာအိုက လေးလေးသာဖြေသည်။ ငါးမရ၍ စိတ်ပျက်နေပုံမျိုး မတွေ့ရပါချေ။ သူကမူ ကိုတိုးမောင်တို့လင်မယားရယ်ပုံ၊ နှစ်ယောက်ဆိုင်ကြည့်ကာ မျက်လုံးချင်းစကားပြောကြပုံများသည် လှောင်ရယ်ရိပ်၊ အထင်သေးနှိပ်ကွပ်လိုသည့်အရိပ်အယောင်များ ရောစွက်နေသည်ဟု ထင်လေသည်။

"ဒီရွာထဲမှာတော့ ကိုကြီးတိုးမောင်ကျော်ပြီး ဘယ်သူမှ ငါးရှာမစွမ်းပါဘူးဗျာ"

သူက မြှောက်ပေးသလိုဖြစ်သွားသည်။ အစွမ်းအစရှိပုံတွေ စက်သေနတ်ပစ်သလို အာလုတ်သံကြီးဖြင့် ရွှန်းရွှန်းဝေဝေရန်ပြောလေတော့သည်။

"ဒါပေါ့ကွာ၊ ချောင်းဖျားရေဝင်တုန်းကဆို ပိဿာချိန်တစ်ဆယ်ကျော်တဲ့ ငါးပတ်ကြီးတန်းပိုက်ကရတော့ ငါ့မိန်းမအရွက်နိုင်းတာ မနိုင်ပါဘူးဆို၊ အမြီးကြီးများတည့်တွက်ရင် ငါ့ကစ်ရပ်မကပါဘူးဆိုကွာ၊ ရွာမှာတော့ ငါကစ်ယောက်လောက် စွမ်းဖူးတယ်ထင်တာပဲ"

"ဟာ အဲဒီလောက်အကြီးကြီး ရတာလားဗျာ"

"ဟုတ်တယ်မောင်၊ တစ်ခါသား ငါ့ယောက်ျား ရလာတာ ငါးတွေကြီးမှ စဥ့်အိုးလုံးလောက်ကြီးပါဆို"

"အား လာ လာ၊ တကယ့် ငါးအကြီးကြီးတွေ စွမ်းတာကိုး"

လည်ပင်းတဆောင်ဆောင်နှင့်ဖြစ်လာသည့် ကိုတိုးမောင်တို့လင်မယားကိုကြည့်ကာ အမြင်ကတ်မိသလိုဖြစ်လာသော်လည်း တံငါအလုပ်နှင့် အသက်မွေးသူများမို့ ဖြစ်နိုင်သည်ဟု တွေးမိသည်။ သူ့ဆန္ဒအရ ဆိုပါမူ ကိုသာအိုကို ငါးရစေချင်လေသည်။ စေတနာကောင်းလှသည့် ကိုသာအိုမိန်းမမျက်နှာပြေးမြင်မိ၍ ဖြစ်သည်။ ထို့အပြင် 'သမီးလေးက ချောချောလေး'ဟု ကိုယ့်ဘာသာတွေးကာ ပြုံးလိုက်မိသေးသည်။ သူနှင့် ကိုသာအိုသမီးက အတန်းတူကျောင်းနေဖက်တွေဖြစ်လေသည်။ ဘာဘာညာညာတွေ စိတ်မဝင်စားတတ်သေးသော်ငြား ဆန့်ကျင်ဘက်ကိုဖြင့် အလှရှိသည်ကို ကြည့်တတ်ပြီ။

လှေကလေးသည် ရွာခြေသို့ကပ်လိုက်လေသည်။ အိမ်နောက်အနီးအနားတွင် ငါးတန်းချသူများပင် ဟင်းစားဖြင့်မပြတ်ကြပါ။ ငါးကြီးလိုချင်သူများသာ နေရာရွေးကြခြင်းဖြစ်သည်။

"ငါ့ပိုက်တွေက ကျွဲတောင်တိုးမိရင် ရုန်းမနိုင်ပါဘူးဆို၊ လူကဖြေပေးမှ ထနိုင်တာဟော၊ တုံးစနဲ့နေတာ"

ကိုတိုးမောင်က ငါးကြီးများကိုလက်ကဆွဲရင်း ရယ်ဟဟပြောသည်။ အကြည့်က ကိုသာအို့ထံ၌ ရောက်နေလေသည်။ သဘောက ငါးတန်းချသူများချင်းအတူတူ ငါးမရသောသူကို လှောင်ချင်ခြင်းဖြစ်လေမည်။ ရွံ့ပေနေသည်ကို ရေစပ်တွင်ဆေးပြီး –

"ငါးကလဲ ရှာကိုင်းရတာမဟုတ်ဘူးကွ၊ ငါးနေတဲ့နေရာရွေးတတ်အုံးမှ၊ ရေခံနဲ့ မိုးရေတိုးရင် ရေကြည်၊ ရေနောက် အစပ်ကြားချရတယ်၊ သူများယောင်တိုင်း ယောင်ရုံကတော့ တောင်မှန်း၊ မြောက်မှန်း မသိနေမှာပါကွယ်"ဟု ဝင့်ဝင့်ထည်ထည်ဆိုနေပြန်သည်။

မိန်းမလှုပ်သူကလည်း "ဟုတ်တယ် – ငါး ငါးဆိုကိုင်း လိုက်ငါးလို့ရတာမဟုတ်ဘူး၊ အရွှေးချေးပန်းဖြစ်တတ်တယ်"ဟု နှုတ်ခမ်းကလေးများရှုံ့ကာ ပြောပြန်သည်။

ပလိုင်းထဲရေထည့်ကာ ငါးတွေကိုဆေးကြောပြီး လင်မယားနှစ်ယောက်ပြန်သွားကြလေသည်။ အမှန်ဆိုပါက ကိုတိုးမောင်တို့လင်မယားသည် ကိုသာအို၏လှေဖြင့် လမ်းကြုံလိုက်ခဲ့သူများဖြစ်လေသည်။ ကျေးဇူးတင်စကားမပြော၊ အကျောဖြင့် မလိုလားသောစကားများသာ ပြောသွားကြလေသည်။ တံငါလုပ်စားသူများမို့ သူတို့နည်းတူ ဟင်းစားရှာစားသူကိုမကြိုက်ကြသည်လား စဉ်းစားပေးမိသည်။ ထိုအရာသည်လည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။

သူနှင့်ကိုသာအိုသာ ကျန်တော့သည်။ စိုက်တုတ်ကိုယူကာ စိုက်ပေးပြီး ကြိုးကွင်းချည်လိုက်သည်။ ရေရှင်မဟုတ်၍မလိုသော်လည်း ချည်ထားကြသည်။ ပြန်ရန်လမ်းကတည့်သည်မို့ ကိုသာအိုကို စောင့်နေမိသည်။ နေကလည်း ပူသည်ထက်ပူလာသည်။ မျက်နှာတွေပင် စပ်လာသလိုဖြစ်သည်။ 'တော်သလင်းနေ ပုစွန်သေ'တဲ့။ ဖြစ်နိုင်ပါပေသည်။ လူတွေပင် မခံနိုင်ပေတကား။

ကိုသာအို ငါးတန်းဖြုတ်ပြီးကတည်းက ချွတ်ထားသောဖယောက်ကို ယခုမှ ယူဆောင်းသည်။ ထိုအခါတွင် ခမောက်ချထားသည့်နေရာ လှေဝမ်းထဲတွင်မြင်လိုက်ရသည်က ဝီသသာကျော်ကျော်ရှိမည့်ငါးမတ်ကြီးနှစ်ကောင်ပေတကား။ သူက အံ့အားသင့်နေသော်လည်း ကိုသာအိုက လေကလေးတချွန်ချွန်ဖြင့်ပင် ငါးများယူ၍ ရှေ့ကလျှောက်ပြန်သွားလေပြီ။ ။

**နေခြည်(ကြီးနီ)**

# ခယောင်းလမ်းမှာသာတဲ့လ

ဘုန်းချစ်နော်(ဓေယျာမြေ)

(၁)

"အမေမဆုံးဖြတ်ပြီးပြီ သားကြီး"

ကျုပ်စိတ်ထဲမှာပြောနေမိတယ်။ ဟုတ်တယ် ကျုပ် ဆုံးဖြတ်လိုက်တယ်။ ကျုပ်ဆုံးဖြတ်ချက်ကို မပြင်တော့ဘူးလို့လဲ တွေးထားပြီးသား။ ကျုပ် အနေနဲ့ ဒီလိုဆုံးဖြတ်လိုက်တာက အကောင်းဆုံးဖြစ်မယ်လို့လဲ ကျုပ်ထင်တယ်။ ကျုပ် အများကြီးအာမှ မတွေးချင်တော့ဘူး။ တစ်ခါတလေမှာ ဘာမှမတွေး ဘဲ စိတ်ချမ်းသာသလိုနေပြီး ဘာမှမကြားသလို တမင်နားလေးချင်ယောင်ဆောင်ပြီးနေလိုက်တာက အများကြီး စိတ်သက်သာရာရစေတယ်။ ကျုပ်အသက် အရွယ်ကလဲ မီးစာကုန်ဆီခန်းတဲ့အရွယ်တောင်



ရောက်နေမှပဲ။ အသက်ခြောက်ဆယ်ဆိုတဲ့အရွယ်က ယေိမှမယေိတော့တာ။ ဒါတောင်မှ ကျုပ်ကုသိုလ်ကံကောင်းလို့ ဒီလောက်အသက်ရှည်တာ။ တချို့ ကျုပ်အရွယ်တွေဆို သင်္ချိုင်းကုန်းရောက်နေကြပြီ။ ကျုပ်အသက်အရွယ်ဆိုတာကလဲ ဘုရားတရားလုပ်ရမဲ့အရွယ်ရောက်နေပြီ။ ကျုပ်သားတွေသာ အိမ်ထောင်စောစောကျခဲ့ရင် မြေးတွေတင်မကဘူး၊ မြစ်တွေဘာတွေတောင် ချီနေရလောက်ပြီ။

ကျုပ်ကလဲ စိတ်ကူးကတော့ သိပ်ယဉ်တတ်တာဗျ။ ကျုပ်သားတွေကြီးလာလို့ အိမ်ထောင်ကျရင် အိမ်အခွဲမခံဘူး။ ရုပ်ရှင်တွေထဲကအတိုင်း နှစ်ဆောင်ပြိုင်အိမ်ကြီးထဲမှာ မိသားစုဝင်တွေအများကြီးနဲ့ စုစုစည်းစည်းနေကြမယ်လို့ကို တွေးထားတာ။ အင်း . . . ဒါကလဲ ကျုပ်စိတ်ကူးကိုးဗျ။ ဖြစ်မှမဖြစ်နိုင်တာ။ ရယ်စရာလဲကောင်းသား။ ကျုပ် အဲဒီလိုတွေးတုန်းက ကျုပ်သားအသက် ဘယ်လောက်ရှိသေးလိမ့်မတုန်း။


(၂)

"မောင်ဆွေရေ နှင့်မိန်းမက သားလေးမွေးတယ်ဟေ့၊ အမြွှာမွေးတာဟဲ့၊ နောက်တစ်ယောက်က ထွက်မလာသေးဘူး"

ဝမ်းဆွဲသည်ဒေါ်တင်အေးကြီး အော်ပြောကတည်းက ကျုပ်စိတ်တွေ မရိုးမရွရှိလှပြီ။ ထရဲ ပေါက်ကနေ ချောင်းကြည့်မယ်လုပ်လို့တောင် ကျုပ်ယောက်ဖမြင့်ဟန်ကြီးက တားယူရတယ်။

"မင်းကလဲကွာ၊ ကိုယ့်မိန်းမကလေးမွေးရလွယ်အောင် အင်္ဂလိမာလသုတ်လေးဘာလေးရွတ်နေတာမဟုတ်ဘူး"

မြင့်ဟန်ကြီးက ကျုပ်ကိုကြည့်ပြီး စိတ်မချမ်းသာဘူးထင်ပါ့။ အားပေးရှာပါတယ်။ ဒါပေမဲ့ ကျုပ်ကမှ သူပြောတဲ့အင်္ဂလိမာလသုတ်ဆိုတာကြီးကို အလွတ်မရတာ။ ကျုပ်အလွတ်ရတာဆိုလို့ သြကာသကန်တော့ချီးနဲ့ အနန္တငါးပါးဘုရားရှိခိုးပဲ။ အနန္တငါးပါးဘုရား



ရှိနိုးကောင်း ကျုပ်မိန်းမမိလှက နှုတ်ကိုက်ချပေးတာ လို့။ မဟုတ်လို့ကတော့ ဩကာသကန်တော့ချိုးတစ်ခုပဲ အလွတ်ရမှာ။ စာအုပ်ကြည့်ရွတ်လို့ပြောရင်လဲ မရွတ်တတ်ပါဘူး။ ကျုပ်က သေစာရှင်စာလေး ရေးတတ်ဖတ်တတ်တယ်ဆိုပေမဲ့ ပါဠိတွေ၊ စာလုံးဆင့်တွေကျတော့ မဖတ်တတ်ဘူးရယ်။

နောက်တစ်နာရီလောက်နေတော့ ဒေါ်တင်အေးကြီးထွက်လာတယ်။ မျက်နှာကတော့ မကောင်းဘူး။

"မောင်ဆွေ နင့်ကလေးဝင်ကြည့်လို့ရပြီ၊ နင့်မိန်းမကတော့ မောလို့မှိန်းနေတယ်၊ စိတ်မကောင်းတော့မဖြစ်နဲ့ဟယ်၊ ကလေးတစ်ယောက်ကတော့ အဖတ်မတင်ဘူး"

(၃)

ကျုပ်ကို လောဘကြီးတယ်ပြောချင်ပြောတော့ ဗျို့။ သားနှစ်ယောက်စလုံးကို အသက်ရှင်စေချင်ခဲ့တာပဲ။ သားလေးတစ်ယောက်က အဖတ်မတင်ဘူးလို့ကြားလိုက်ရတော့ ကျုပ်ဖြင့် ရူးမတတ်ကိုဖြစ်သွားခဲ့တာ။

"စိတ်မကောင်းဖြစ်မနေပါနဲ့ကွာ၊ မင်းမှာ သားတစ်ယောက်ကျန်သေးတာပဲ၊ ကလေးတစ်ယောက်နဲ့ မိခင် ဘာမှမဖြစ်တာ တော်သေးတာပေါ့"

မြင့်ဟန် အဲဒီလိုပြောတုန်းကဆို ကျုပ် သိပ်ပြီး စိတ်တိုတာ။ ကျုပ်ယောက်ဖဖြစ်နေလို့သာပေါ့။ မဟုတ်လို့ကတော့ မျက်နှာကိုဆွဲထိုးတယ်။ ဒါပေမဲ့လဲ ကျုပ်တရားနဲ့ဖြေပါတယ်။ "သားငယ်က ငါတို့နဲ့အတူနေဖို့ ကံပါမလာလို့"ဆိုပြီး တွေးရတာပေါ့။ ရင်ထဲတော့ မချိဘူးပေါ့ဗျာ။ တအဲအဲနဲ့အော်ငိုနေတဲ့သားကြီးရယ်၊ ဆန်ကောလေးထဲမှာ မလှုပ်မယှက်ငြိမ်သက်နေတဲ့ သားလေးရယ်ကိုကြည့်ပြီး ကျုပ် မျက်ရည်ကျမိတယ်။

ကျုပ်မိန်းမမိလှကတော့ သားငယ်အသက်မရှိတော့တာ သိရှာဦးမှာမဟုတ်ဘူး။ ကလေးမွေးပြီး ပင်ပန်းလို့ အိပ်နေရှာတယ်။ မိလှနိုးလာလို့ သားငယ်ကို မြင်ရင် စိတ်ထိခိုက်သွားမှာစိုးရိမ်လို့ဆိုပြီး မြင့်ဟန်နဲ့ ဒေါ်တင်အေးက သားငယ်ကို ချက်ချင်းမြေမြှုပ်ဖို့ လုပ်ကြတယ်။ ကျုပ်ဖြင့် အဲဒီတုန်းက ဘာလုပ်လို့ ဘာကိုင်ရမှန်းကိုမသိဘူး။ ပေယာင်ချာချာနဲ့သူများတွေ လုပ်ကိုင်နေတာကိုပဲ ထိုင်ကြည့်နေလိုက်တော့တယ်။

အခုချိန်ထိလဲ ပြန်တွေးလိုက်တိုင်း ကျုပ်ဖြင့် ဝမ်းနည်းနေတုန်းပဲ။ သုံးနှစ်ခွဲ၊ လေးနှစ်လောက်တော့ ရှိရောပေါ့။ အခုဆို သားကြီးတောင် ကစားတတ်တဲ့ အရွယ်ရောက်နေပြီ။ အဖေ၊ အမေကိုကပ်ချွဲတတ်နေပြီ။ ကျန်တော့်နောက်ကို သူ့အမေနဲ့အတူလိုက်ပြီး မြူအိုးကောက်လိုက်နေပြီပဲ။ ကျုပ်က ကျုပ်သားကြီး ဒီလိုလျှောက်လိုက်နေတာကို သဘောတော့မကျဘူးရယ်။ ကျုပ်သားကြီးနေပူမိပြီး တစ်ခုခုဖြစ်မှာကို သိပ်စိုးရိမ်တာ။ ကျုပ်က ထန်းပင် လေး၊ ငါးဆယ်လောက်တက်ရတာဆိုတော့ မနက်ဆို လေးနာရီခွဲလောက်ကစပြီး တက်ရတယ်။ ညနေဆိုလဲ သုံးနာရီလောက်ကတည်းက စရတာ။ မနက်ခင်းကတော့ သားကြီးက အိပ်ပျော်နေလို့ ကိစ္စမရှိဘူး။ ညနေ ကျုပ် ထန်းတက်သွားတော့မယ်ဆို ကျုပ်တို့ နောက်လိုက်ဖို့ ချောင်းနေတော့တာ။

လွန်ခဲ့တဲ့တစ်လလောက်ကစပြီး ကျုပ်သားက အိမ်ကပ်တယ်ဗျ။ သူ့အမေနဲ့ မြူအိုးကောက်မလိုက်ဘူး။ ဒါကလဲ သူစိတ်ဝင်စားတာရှိလို့ပါ။ ထန်းဖိုတွေ စပြင်တုန်းက သားကြီးလိုချင်တယ်ဆိုတဲ့ရုပ်လေးတွေတွေ့လို့ အိမ်ယူလာခဲ့တယ်။ ရုပ်ပေါက်စလေး သုံးကောင်ကို ကျုပ်ကိုယ်တိုင်သွပ်နန်းကြိုးနဲ့လှောင်အိမ်ရက်ပြီး သားကြီးအလှကြည့်ဖို့လုပ်ပေးထားလိုက်တော့ ကျုပ်သားကြီးမှာ ပျော်လို့ပြီးလို့။ မိလှကတော့ သိပ်သဘောမကျဘူး။ ရုပ်လေးတွေကိုသနားလို့ဆိုပြီး ပူညံပူညံလုပ်နေတယ်။ ကျုပ်လဲ နည်းနည်းတော့ သနားပါတယ်။ ထန်းကောက်ပင်ကြီးကိုတက်ကိုင်း ကျုပ်ကိုမြင်ရင် ရုပ်ထီးကြီးက တအားအော်တာကိုး။

'ငါ့မိန်းမကိုသတ်ပြီး ငါ့ကလေးတွေနဲ့ ငါ့ကို ရှင်ကွဲကွဲအောင်လုပ်တဲ့ကောင်'ဆိုပြီး ကျုပ်ကိုကျိန်ဆဲနေတာလဲ ဖြစ်ချင်ဖြစ်မှာပေါ့။

ကျုပ်ကတော့ စိတ်ထဲသိပ်မထားပါဘူး။ အစက က သားကြီးလိုချင်တာရပြီး ပျော်ရွှင်နေတာမြင်ရတော့ ကျုပ်စိတ်ချမ်းသာတယ်။ ရှဉ့်သုံးကောင်ရဲ့အမေ ရှဉ့်မကြီးဆိုရင် ကျုပ်လက်ချက်နဲ့သေသွားခဲ့တာပဲ။ အိမ်ယူလာပြီးကြော်ကျွေးတော့ သားကြီးက စားလိုက်တာ ကျုပ်စားဖို့တောင်မကျန်ဘူး။ ချင်းနဲ့ကြက်သွန်ဖြူထောင်းထည့်ပြီး မွှေးမွှေးလေးကြော်ထားတော့ ကြိုက်ရှာတယ်ထင်ပါ့။ ကျုပ်လဲ အဲဒီနောက်ပိုင်း ထန်းတက်ရင်း ရှဉ့်ကလေး၊ ချိုးကလေး ပစ်တတ်၊ ခတ်တတ်လာတယ်။ ရွာဦးကျောင်း ဦးပဥ္စင်းဦးသုမန ဟောတဲ့တရားထဲက ‘သူများအသက်ကိုသတ်တာ မကောင်းဘူး’ဆိုတာကို ကျုပ်သိပါတယ်။ ဒါပေမဲ့လဲ ‘ငါ့ဝမ်းပူဆာ မနေသာ’ဆိုတဲ့စကားအတိုင်း ကျုပ်သားစားဖို့၊ ပြီးတော့ ကျုပ်မယားစားဖို့ ကျုပ်လုပ်နေရဦးမှာပဲ။

(၄)

ကံတရားကလဲ မျက်နှာသာပေးချင်ရင်တအားကိုပေးတာပဲဗျ။ ကျုပ်တို့အိမ်ထောင်သက်ခုနစ်နှစ်၊ ရှစ်နှစ်အတွင်းမှာ ကျုပ်တို့မိသားစုစီးပွားရေးတော်တော်တက်လာတယ်။ ကျုပ်တက်တဲ့ထန်းပင်ကြီးတွေကလဲ နှစ်ချို့ထန်းပင်ကြီးတွေဆိုတော့ ထန်းရည်ထွက်ကကောင်း၊ ထန်းလျက်ဈေးက တရိပ်ရိပ်တက်ဆိုတော့ နှစ်စ၊ နှစ်ဆုံးဆို ကျုပ်တို့ငွေတွေတော်တော်စုမိတယ်။ ဒီကြားထဲ အိမ်မှာ ကြက်ကလေး၊ ဘဲကလေးကလဲ မွေးထားသေး။ နွားမသုံးကောင်ကလဲ တစ်နှစ်တစ်သား မှန်မှန်ကျနေတော့ ကျုပ်တို့အဆင်ပြေတာပေါ့။

ကျုပ်ကတော့ နားရတယ်လို့ဘယ်ရှိမလဲ။ မနက်ကိုအစောကြီးက ထန်းတက်ရတယ်။ ထန်းပင်လေး၊ ငါးဆယ်ဆိုတော့လဲ ဆွမ်းခံပြန်ချိန်လောက်မှ ပြီးတာပေါ့။ ပြန်ရောက်လာတော့ ထန်းရည်ကို သေသေချာချာစစ်ပြီး ထန်းလျက်ချက်ဖို့ ပြင်ရပြန်တယ်။ မြေအောက်လှိုက်ကျင်းဖိုကြီးတွေပေါ်မှာ ဒယ်လေး၊ ငါးလုံးနဲ့ ဓီတန်းထည့်ပြီး မီးထိုးထားတဲ့အချိန်ကျမှ ကျုပ်ခဏနားရတယ်။ အဲဒီအချိန်လေးမှာပဲ ရေချိုး၊ ထမင်းစားပြီးအောင်လုပ်ရတယ်။ ပြီးရင် နေ့ခင်းကျတော့ ထန်းလျက်အိုးကြည့်ရ၊ ထန်းလျက်လုံးရနဲ့ မနားရတော့ဘူး။ ဒါတောင် ရွာထဲကနေ ထန်းလျက်လုံးဖို့ လူနှစ်ယောက်လောက် နေ့စားပေးပြီး ခေါ်ထားသေးတာ။ ကျုပ် ယောက်ဖမြင့်ဟန်က လယ်တောက အပြန်မှာ လာကူပေးသေးတာ။ မဟုတ်ရင် ကျုပ်တို့လင်မယားနှစ်ယောက်တည်းနဲ့ မလွယ်ဘူး။

ထန်းလျက်လုံးပြီးရင်လဲ မနားရတော့ပါဘူး။ ရေလေးဘာလေးသောက်ပြီး အမောဖြေရင်း ဓားသွေးရတယ်။ ပြီးရင် ထမင်းကြမ်းခဲလေးရယ်၊ တင်လဲရည်တို့၊ ထန်းလျက်ခဲလေးတို့နဲ့ အစာပြေစားပြီး ညနေသုံးနာရီလောက်ကျတော့ ထန်းတက်ထွက်ရတော့တာပဲ။ ညနေထန်းတက်ပြီးချိန်ကျတော့ မှောင်ရိုတောင်သန်းပြီ။

တကယ်ပါ…။ ညအိပ်ရာဝင်မှပဲ နားရတော့တာ။ ဒါပေမဲ့ ကျုပ်ဖြင့် ပင်ပန်းတယ်မထင်ပါဘူး။ ကျုပ်ဒီလိုကြိုးစားမှလဲ သားနဲ့မယားအဆင်ပြေပြေနေနိုင်မှာ မဟုတ်လား။ အိမ်ထောင်ကျခါစကဆို ကျုပ်ကိုအဖေက သီးနှံစိုက်မရတဲ့ယာနှစ်ကွက်နဲ့ ထန်းအပင်သုံးဆယ်ပဲလက်ဖွဲ့ခဲ့တာ။ ယောက္ခမဘက်ကတော့ နွားပိန်မလေးတစ်ကောင် လက်ဖွဲ့တယ်။ အဲဒီလိုနဲ့ပဲ ဘဝကို ရုန်းကန်ရတာပဲလေ။ အခုဆို ကျုပ်မှာ အပင်ငါးဆယ်ကျော်ရှိတဲ့ထန်းတောက တစ်တော၊ လယ်နဲ့ယာက ဆယ်ဧကလောက်၊ ရွာထဲမှာလဲ နှစ်ထပ်မျဉ်ထောင်အိမ်နဲ့၊ ရွှေတိုရွှေစလေးနဲ့ပါဖြစ်နေပြီ။ အင်း…ဒီလိုကြိုးစားခဲ့ရတာလဲ ခုနစ်နှစ်ကျော်လို့ ရှစ်နှစ်ထဲတောင်ရှိနေပြီကိုး။ ကျုပ်အိမ်ထောင်ကျတုန်းက အသက်သုံးဆယ်ဆိုတော့ အခုဆို ကျုပ်အသက်ကလဲ သုံးဆယ့်ရှစ်နှစ်ရှိပြီပေါ့။ ကျုပ်ကောင် မိလှနဲ့ တိုင်ပင်ထားသေးတယ်။ နောက်နှစ်ဆိုရင် သားကြီး အသက်ငါးနှစ်ပြည့်ပြီဆိုတော့ ကျောင်းထားရတော့မယ်။

ကျောင်းမဖွင့်ခင်လေး အလှူပေးပြီး သားကြီးကို ရှင်ပြုပေးရအောင်ပေါ့။

(၅)

"× × × စာပုလွေ × × × ရင်မှာပိုက်ပါလို့ × × × စာပုလွေရင်မှာပိုက်ပါလို့ × × × ကျောင်းတော်ကိုတဲ့ လိုက်မဲ့ပြွင် × × ×"

ဟော . . . ။ ရွာဦးကျောင်းသွားဖို့ အသံချဲ့စက်တောင်ဖွင့်နေပြီ။ ကျုပ်လဲ သံဃာစင်ပေါ်က သပိတ်ကို လှမ်းယူလိုက်တယ်။ အဲဒီအချိန်မှာပဲ မြင့်ဟန်ကြီးက သက်နိုးကို ကောက်ရွက်တယ်။ တိုင်ပင်မထားပါဘဲ ကျုပ်တို့နှစ်ယောက်သားကြီးရဲ့ ထမ်းစင်ဘေးကိုလျှောက်သွားတော့ အမယ်လေးဗျာ အမယ်လေး . . . အမယ်လေး သားကြီးက ငိုနေတယ်။ ကျုပ်သားလေးကို သနားလိုက်တာ။ ကျုပ်သားကို ကျုပ်အပြစ်မဆိုရက်ပါဘူး။ ကျုပ်တောင်မှ စိတ်ကို မနည်းတင်းထားပေမဲ့ မျက်ရည်ဝဲမိသေးတာပဲ။ ကျုပ်သားကြီးလဲ သတိရရှာမှာပေါ့။ သူ့ရဲ့ ရှင်ပြုအလှူပွဲမှာ အမေ၊ အမေစုံစုံလင်လင်နဲ့ရှိချင်ရှာမှာပေါ့။ ကျုပ်ယောက်ဖမြင့်ဟန်ကလဲ သူ့အစ်မကို သတိရလို့ထင်ပါ့၊ သက်နိုးကြီးကိုရွက်ပြီး ကျုပ်ဘေးမှာ ငှူငှူကြီးရပ်လို့။

ကျုပ်လုပ်ချင်တဲ့ရှင်ပြုပွဲကြီး လုပ်ခွင့်ရခဲ့တယ်။ ရွာလုံးကျွတ် ပုစွန်ခြောက်ထောင်းနဲ့ ပဲချဉ်နဲ့ ထောပတ်ပဲနှပ်နဲ့ ထမင်းကျွေးနိုင်တယ်။ ရွာဦးကျောင်းကိုလဲ အတန်အသင့်လှူနိုင်တယ်။ တစ်ခုပဲ။ ကျုပ်နဲ့မိလှက ဖြို့ဆိုင်းတစ်ခုငှားပြီးတော့ကို ကြီးကြီးကျယ်ကျယ် အလှူလုပ်မယ်ဆိုပြီး မှန်းထားတာ။ ဒါပေမဲ့ အခုတော့ တောရှင်ပြုအလှူပေါ့ဗျာ။ အသံချဲ့စက်လေး တီတီတောင်တောင်တော့ ဖွင့်ထားရတာပေါ့။ ဒါပေမဲ့ ကျုပ်လုပ်ချင်ခဲ့တဲ့အတိုင်း အပြည့်အဝတော့မဟုတ်ဘူးပေါ့။ အဆိုးဆုံးကတော့ ဒီအလှူပွဲမှာ မိလှရှိမနေတာကိုပဲ။

ကျွမ်းလိုမ့်ငိုချင်လောက်အောင်ခံစားနေရပေမဲ့ ကျုပ်မပျော့ညံ့ပါဘူး။ ကျုပ်အားတင်းထားပါတယ်။ ကျုပ်သားကြီးမှာ ဆွေမျိုးအရင်းအချာဆိုလို့ သူ့ဦးလေးနဲ့ သူ့အမေပဲရှိတာ။ သူ့အဘိုးအဘွားတွေကလဲ တစ်ယောက်မှ သက်ရှိထင်ရှားရှိကြတော့တာမဟုတ်ဘူး။ သူ့အမေဖြစ်တဲ့ ကျုပ်ကိုယ်တိုင်က အားလျှော့လိုက်လို့မဖြစ်သေး။ ကျုပ်စိတ်လျှော့ပြလိုက်တာနဲ့ ကျုပ်ယောက်ဖနဲ့ ကျုပ်သားကြီးခံစားနိုင်ကြမှာမဟုတ်ဘူး။ ပြီးတော့လဲ တစ်ရွာလုံးကျွေးမွေးပြီး ကျုပ်သားကြီးကို ရှင်ပြုအလှူလုပ်ပေးမယ်။ လူလားမြောက်အောင်ပြုစုစောင့်ရှောက်ပြီး ပညာတတ်ကြီးဖြစ်အောင်ထားပေးမယ်ဆိုပြီး မိလှကို ကျုပ်ကတိပေးထားခဲ့တာ။

မဟုတ်လို့ကတော့ မိလှဆုံးကတည်းက ကျုပ်ကိုယ့်ကိုယ်ကိုယ်သတ်သေလိုက်တယ်။ ဒါပေမဲ့လဲ ကျုပ်အားတင်းပါတယ်။ ကျုပ်ရှိမှ ကျုပ်သားဘဝက အဆင်ပြေမှာမဟုတ်လား။ မိလှပိုးထိတုန်းကဆိုရင် ကျုပ်မှာရှိတဲ့လယ်တွေယာတွေ ကုန်ချင်ကုန်ပါစေ ကျုပ်ရအောင်ကုမယ်ဆိုပြီး ဆုံးဖြတ်ခဲ့တာ။ ဒါပေမဲ့ မရပါဘူး။ ငန်းဆောင်းလဲဖြစ်၊ ပိုးထိတဲ့အချိန်ကလဲ ညနေဖြစ်နေတော့ ကြာကြာမခံပါဘူး။ ပိုးထိပြီး သုံးနာရီ၊ လေးနာရီလောက်မှာ ကျုပ်ကို စကား လေး၊ ငါးခွန်းပြောပြီး မိလှဆုံးတာပေါ့။

တမလွန်ကနေ မိလှသာခုခေါ်နိုင်အောင်ကြိုးစားမယ်ဆိုပြီး အဲဒီတုန်းကတည်းက ကျုပ် ဆုံးဖြတ်ခဲ့တာ။ သူ့မျှားမိသားစုကို သေကွဲတွေ၊ ရှင်ကွဲတွေကွဲအောင်လုပ်ခဲ့မိတဲ့အတွက် ဝဋ်လည်မှာကိုလဲ ကျုပ်စိုးရိမ်မိတာပေါ့။ အဲဒါနဲ့ပဲ အိမ်ကလှောင်အိမ်ထဲက ရှဉ့်လေးတစ်ကောင်ကို သူတို့ကိုယူလာခဲ့တဲ့ ထန်းတောက်ပင်ကြီးအောက်မှာ ပြန်လွှတ်ပေးလိုက်တယ်။

"ခင်ဗျားမိန်းမကိုသတ်ခဲ့တဲ့အတွက်ရော၊ ခင်ဗျားကလေးတွေကို မစောင့်ရှောက်နိုင်ခဲ့တဲ့အတွက်ပါ ကျုပ်ကိုခွင့်လွှတ်ပါဗျာ"

လှောင်အိမ်ထဲမှာ နေသွားခဲ့တဲ့ရှဉ့်လေးနှစ်ကောင်အတွက် ရှဉ့်အမေကြီးကို တောင်းပန်လိုက်တယ်။

(၆)

ကျုပ်သားကြီးက ကျုပ်မှန်းထားတာထက်ကို ပိုတော်ခဲ့တယ်။ တစ်နှစ်တစ်တန်းမှန်မှန်အောင်တဲ့ အပြင် ဆုတွေကလဲ နှစ်စဉ်ရသေးတယ်။ ဆယ်တန်းအောင်တော့ ဂုဏ်ထူးက သုံးခုပါတယ်။ ကျုပ်ဖြင့်ပျော်လို့ မဆုံးဘူး။ ကျုပ်ကြိုးစားရကျိုးနပ်တာပေါ့။ အဲ . . . တစ်ခုတော့ ရှိတယ်ဗျို့။ ကျုပ်ကတော့ အရင်ကထက် ပိုပြီး နှစ်ဆအလုပ်ကြိုးစားရတယ်။ ပညာဆိုတာလဲ ငွေနဲ့စပ်ပြီးဝယ်ရတဲ့ခေတ်ကိုးဗျ။ ပြီးတော့ ကျုပ်သားတက်ရတဲ့တက္ကသိုလ်က နည်းပညာတက္ကသိုလ်တဲ့။ ငွေကုန်တယ်လို့တော့ ကျုပ်သားကြီးကပြောသားပဲ။ ဒါပေမဲ့ ငွေဘယ်လောက်ကုန်ကုန် ကျုပ် ကြိုးစားပြီး ထားမှာပဲ။ ကျုပ်သားကြီးအမြင့်ရောက်ဖို့အတွက် ပခုံးထမ်းတင်လို့မမီသေးဘူးဆိုရင်တောင် ခေါင်းနဲ့ရွက်ပြီး တင်သင့်ရင်တင်ဖို့ ကျုပ်ဆုံးဖြတ်ထားပြီးသား။

တစ်လတစ်လ သားကြီးငွေမှာရင် မပို့ပေးနိုင်မှာစိုးလို့ ကျုပ်လဲ တော်တော်လုံးပန်းရတယ်။ တစ်ခါ ငွေမှာလိုက်၊ စုထားတာလေးပို့လိုက်၊ နောက်တစ်ခါ ငွေမှာလိုက် ရှိတာလေးရောင်းပို့လိုက်၊ နောက်တစ်ကြိမ် ငွေမှာတော့ မရှိရှိတာရှာပေးလိုက်နဲ့ အခု ကျုပ်သားကြီးလဲဘွဲ့ရရော ကျုပ်မှာရှိတဲ့စည်းစိမ်တွေလဲ ပရုတ်လုံးများလိုပဲ ကြာလေပါးလေနဲ့ကုန်ပြီ။ ကျုပ်ကတော့ စည်းစိမ်ကုန်တာ ဖနှမြောပါဘူး။ လွန်ခဲ့တဲ့ နှစ်ဖွေ့ရာသီမှာ မြင့်ဟန်က ဦးနှောက်သွေးကြောပြတ်ပြီးဆုံးသွားတော့ ကျုပ်သားကြီးရဲ့ဆွေမျိုးသားချင်းဆိုလို့ ကျုပ်တစ်ယောက်ပဲရှိတော့တာမဟုတ်လား။ ကျုပ်သားကြီး လူပုံအလယ် မျက်နှာမငယ်ရအောင်လို့ ပိုပြီးတော့ကို ကြိုးစားခဲ့သေးတာ။

အခုလဲ သားကြီးက ကျုပ်ကိုပူဆာတယ်။ မိန်းမတောင်းပေးရမယ်တဲ့။ လက်ဖွဲ့တွေ၊ ဘာတွေ တော့ ပေးစရာမလိုဘူး။ မြို့ပေါ်ကခန်းမကြီးတစ်ခုမှာ တူတူတန်တန်မင်္ဂလာပွဲတစ်ခုလုပ်ပေးပါဆိုပဲ။ သတို့သမီးဘက်က သတို့သားကို သူတို့တိုက်ပေါ်ခေါ်တင်ထားမယ်တဲ့ဗျ။ ကျုပ်အနေနဲ့ ဘာမှလုပ်မပေးလို့ သတို့သားတစ်ယောက်အနေနဲ့ သားကြီးမျက်နှာမငယ်ချင်ဘူးဆိုတာ ကျုပ်နားလည်ပါတယ်။ ကျုပ်အတွက်ကတော့ လည်ပင်းကို ဆင်နင်းခံလိုက်ရတဲ့အတိုင်းပဲ။ ကျုပ်ဖြင့် "ငါ့သားကြီး ကျောင်းပြီးသွားရင်တော့ သားအဖနှစ်ယောက် တဝကြီးတွေ့ရတော့မယ်" ဆိုတဲ့စိတ်ကူးနဲ့ ရှုးခဲ့လိုက်ရတာ။ အခုတော့ ကျုပ်သားက ကျုပ်နဲ့မနေတော့ဘဲ မင်္ဂလာဆောင်ပြီးတာနဲ့ မိန်းမအိမ်ကို တစ်ခါတည်းလိုက်သွားမယ်တဲ့လေ။ ကဲ ကျုပ်ဘာလုပ်ရမှာလဲ။

"အဖေ သားနဲ့အတူလိုက်နေချင်တယ်သားရယ်"

ကျုပ်တဝမှာပထမဦးဆုံးအကြိမ်အဖြစ်သားကြီးကို တောင်းဆိုလိုက်မိတယ်။ ကျုပ်ချွေးမလောင်းက 'ကျုပ်ကို အကဲပိုလိုက်တာ'ဆိုတဲ့အကြည့်မျိုးနဲ့ ကျုပ် ကိုကြည့်နေလေရဲ့။ ကျုပ်လဲ မသိချင်ယောင်ဆောင်နေလိုက်တယ်။ သူ့ဘာသာ ဘယ်လိုကြည့်ကြည့်၊ ဘယ်လိုတွေးတွေး ကျုပ်သားနဲ့အတူနေရဖို့က အဓိကပဲမဟုတ်လား။ ပြီးတော့ ကျုပ်သားခေါ်ချင်တယ်ဆိုရင် သူတို့လဲ ငြင်းနိုင်မှာမှမဟုတ်တာ။

"အဖေကလဲ သားက ယောက္ခမနဲ့အတူနေရမှာ၊ ကိုယ့်အိမ်နဲ့ကိုယ်မှမဟုတ်တာ၊ နောက်တော့မှ . . ."

အမယ်လေး . . . အမယ်လေး ကျုပ်နားတွေ အူထွက်သွားတယ်။ ကိုယ့်နားကိုယ်တောင် မယုံချင်ဘူး။ ကျုပ်သားက ဒီလိုစကားမျိုးပြောထွက်လိမ့်မယ်ဆိုတာ အိပ်မက်ထဲမှာတောင် စဉ်းစားဖူးခဲ့တာမှ မဟုတ်တာပဲ။ ကျုပ်မှာတော့ ကျုပ်သားကြီး ပညာတတ်ဘွဲ့ရဖြစ်အောင် ကြိုးစားခဲ့လိုက်ရတာ။ အများကြီးမျှော်မှန်းထားတာမဟုတ်ပေမဲ့ မီးစာကုန်ဆီခန်းအရွယ်မှာ သားတစ်ယောက်ရဲ့အလိုက်သိမှုလေးကို စကားနဲ့ဖြစ်ဖြစ်ခံယူချင်မိတာပေါ့။ အခုတော့ဗျာ . . . အခုတော့ . . .။

"အဖေနားလည်ပါပြီသားရယ်၊ အဖေ နားလည်ပါပြီ၊ ငါ့သားကြီးမျက်နှာမငယ်ရအောင် သားတို့ဖြစ်

ချင်တဲ့မင်္ဂလာပွဲကြီး အဖေလုပ်ပေးပါ့မယ်၊ အဖေကတော့ သားတို့နဲ့လိုက်မနေတော့ပါဘူး၊ လိုက်နေဖို့မသင့်ဘူးဆိုတာကိုလဲ အဖေသိခဲ့ပါပြီသားရယ်"

သူ့ကိုယ်သူ ကာကွယ်ပြောဆိုမှဲ့ ကျုပ်သားရဲ့ဆင်ခြေတွေကို ထပ်ပြီးမကြားချင်တော့ဘူး။ ဆက်ပြောဖို့ပြင်နေတဲ့ကျုပ်သားကို လက်ကာပြလိုက်တယ်။ ပြီးတော့ ကျုပ်သားမျက်နှာကိုကြည့်၊ မျက်စိစုံမှိတ်ပြီး တစ်လုံးချင်း ပီသစွာပြောလိုက်ပါတယ်။

(၇)

မြစ်စဉ်ဝန်ထောက်မင်းစေတီတော်ကြီးက ဆည်းလဲသံလေးတွေတချွင်ချွင်နဲ့ ဘုရားရှိပ်၊ တရားရှိပ်ကိုရောက်နေကြောင်း ကျုပ်ကို သတိပေးနေတယ်။ နှစ်တစ်ရာလောက်သက်တမ်းရှိပြီဖြစ်တဲ့ ချရားပင်ကြီးကလဲ သူ့ရဲ့ရွက်ဝါတွေကို ကျုပ်အပေါ် တဖြော့ဖြော့ခြွေချရင်း မမြဲတဲ့အနိစ္စသဘောကို မြင်အောင်ပြနေတယ်။ တစ်မျှော်တစ်ခေါ် ကျယ်ပြန့်လှတဲ့လယ်ကွင်းတွေဆီက တိုက်ခတ်လာတဲ့လေနုအေးတွေကလဲ တွေဝေနေတဲ့ကျုပ်ကို 'တရားမှတ်တော့လေ'လို့ ပြောနေတဲ့အတိုင်း ပွတ်တိုက်ကျီစယ်နေပြန်တယ်။

ခပ်ကိုင်းကိုင်းဖြစ်နေတဲ့ခါးကိုမတ်လိုက်ပြီး ဆရာတော်ဦးသုမနလမ်းညွှန်ထားတဲ့အတိုင်း ဝင်လေ၊ ထွက်လေကို ကျုပ်နှလုံးသွင်းကြည့်တယ်။

"နှာသီးဖျားကဝင်တယ်၊ ဝမ်းဗိုက်ပိန်သွားတယ်၊ ဝမ်းဗိုက်ဖောင်းသွားတယ်၊ နှာသီးဖျားကပြန်ထွက်သွားတယ်၊ ပြီးတော့ နှာသီးဖျားကဝင်တယ်၊ ဝမ်းဗိုက် . . ."

ဝင်လေ၊ ထွက်လေ မှတ်ရင်းမှတ်ရင်းနဲ့ ကျုပ်သားကြီးရဲ့ပုံရိပ်တွေက ကျုပ်မျက်လုံးထဲ မြင်ယောင်လာပြန်တယ်။

သားကြီးငယ်ငယ်က ကျုပ်တန်းတက်သွားရာကို သူ့အမေနဲ့အတူ မြူးအိုးကောက်လိုက်လာပုံတွေ၊ သားကြီးနဲ့ ရှဉ့်ပေါက်စလေးတွေ၊ အဲဒီနောက်မှာတော့ သားကြီးကို ရှင်ပြုပေးတာတွေ၊ သားကြီးဆယ်တန်းအောင်လို့ ပျော်ရွှင်နေပုံတွေကလဲ ပီပြင်လာလိုက်၊ တဖြည်းဖြည်းဝေဝါးသွားလိုက်နဲ့ ရုပ်ရှင်ပိတ်ကားပေါ်မှာ ပြကွက်တွေကို အနေးအမြန်ကြည့်နေရသလိုပါ။ ကျုပ်စိတ်ကို တည်ငြိမ်အောင်ပြန်ထားကြည့်တယ်။ ပြီးတော့ ဝင်လေထွက်လေ ပြန်ရှုတယ်။ အဲဒီအချိန်မှာပဲ =

"အဖေ"

"အဖေ"

ကျုပ်ဘေးနားက ပြိုင်တူထွက်လာတဲ့အသံကြောင့် လှည့်ကြည့်လိုက်တယ်။ ကျုပ်မြင်ရတာက ကျုပ်သားကြီးရဲ့ငယ်ဘဝမဟုတ်တော့ဘူး။ ကျုပ်ဘေးနားရောက်နေတာက အသက်နှစ်ဆယ်ကျော်အစိတ်အရွယ် ကျုပ်သားနဲ့ကျုပ်ချွေးမ။ သူတို့ကိုတွေ့ရတော့ တည်ငြိမ်နေပြီထင်ရတာတောင် ကျုပ်သိမ့်ခနဲစိတ်လှုပ်ရှားသွားမိလေရဲ့။

"ဩော် . . . သားတို့ ဘယ်ကလှည့်လာတာလဲ"

"အဖေ့ဆီကို တမင်လာတာပါ၊ အဖေ့ကို ကျွန်တော်တို့နဲ့အတူလိုက်နေဖို့ လာခေါ်တာ၊ ပြီးတော့ ဟိုသားတစ်ယောက်လုံးရှိနေရဲ့ သားနဲ့ အဖေလုပ်တဲ့သူ နေစရာထိုင်စရာမရှိလို့ ကပ္ပိယလုပ်ပြီး ဘုန်းကြီးကျောင်းမှာကပ်နေရတယ်ဆိုတော့လဲ လူကြားလို့တောင် မကောင်းဘူးအဖေရာ"

ကျုပ်တစ်ကိုယ်လုံး တဆတ်ဆတ်တုန်သွားတယ်။ ကျုပ်ဖြင့် သားနဲ့ချွေးမကိုမြင်တော့ 'ငါ့သားကြီးနဲ့ချွေးမ အမြင်မှန်ရသွားကြပြီ'ဆိုပြီး အပျော်လွန်ဝမ်းသာနဲ့ သိမ့်ခနဲစိတ်တွေလှုပ်ရှားသွားခဲ့လိုက်ရတာ။ အခုတော့ 'လူကြားလို့တောင် မကောင်းဘူး" တဲ့လား။

အမှန်ဆို ကျုပ်ကလဲ မင်္ဂလာစရိတ်အတွက် ကျုပ်အိမ်ကိုရောင်းပစ်လိုက်ကတည်းက 'တစ်နေ့သားကြီးက အမြင်မှန်ရပြီး ငါ့ကိုပြန်လာခေါ်ရင်'ဆိုတဲ့ အတွေးမျိုးတွေးပြီးသားပေါ့။ ကိုယ်ကချစ်လို့၊ မခွဲနိုင်လို့ ကိုယ့်သားဆီလိုက်နေကာဆိုပေမဲ့ သားက ဖြစ်ဖြစ်၊

ချွေးမကဖြစ်ဖြစ်ငြိငြင်ပြီး ကိုယ့်ကိုတစ်ခုခုပြောမိရင် အလိုလိုနေရင်း သူတို့အပြစ်ဖြစ်မယ်။ ဘကယ်လို့များ ကျုပ်က စိတ်အခန့်မသင့်လို့ ဒိုးခနဲ၊ ဒေါက်ခနဲပြော လိုက်မိပြီး စကားကတောက်ကဆက်များရင် ကျုပ် စိတ်မကောင်းဖြစ်ရမယ်။ အနေနီးပြီး သူစိမ်းဖြစ်နေရ မှာထက်စာရင် အဝေးမှာနေပြီးချစ်နေရတာ၊ လွမ်းနေ ရတာက ကျုပ်အတွက် အဆင်ပြေမယ်ဆိုတာကိုလဲ ကျုပ် စဉ်းစားမိတယ်။ ဒါကြောင့်မို့ ကျုပ်ဘဝမှာ သောကတွေနဲ့ ဘယ်လောက်ထိခက်ခဲကြမ်းတမ်းနေ ပါစေ ကျုပ်သားကြီးဘဝကို လမင်းကြီးလိုအေးမြမှုတွေ ပဲပေးမယ်ဆိုပြီး ဆုံးဖြတ်ထားခဲ့တာ။ အခုတော့ ကျုပ် ဆုံးဖြတ်ချက်က ပိုပြီးခိုင်မာသွားပြီ။

ဝဲတက်လာတဲ့မျက်ရည်စတွေကို သားနဲ့ချွေးမ မမြင်ရအောင် ချွေးသုတ်သလိုလိုနဲ့ ရောယောင်သုတ် ပစ်လိုက်တယ်။ လှုပ်ရှားနေတဲ့စိတ်ကို နည်းနည်း လောက်တည်ငြိမ်အောင်ထိန်းရင်း သားနဲ့ချွေးမတို့ရဲ့ မျက်နှာကိုကြည့်ပြီး ပြတ်သားစွာပြောလိုက်တော့ တယ်။

"ဘယ်သူဘာပြောပြော သားကြီးအပေါ် အဖေ ဘယ်လိုမှမမြင်ပါဘူး၊ ငါ့သားကြီးကို ဥစ္စာအမွေ မပေးနိုင်လို့ ပညာတွေသင်ပေးပြီး ငါ့သားကြီးဘဝ လင်းလက်စေခဲ့ပြီးပြီ၊ ငါ့သားကြီးဘဝမှာ ခယောင်း လမ်းဆိုတာ လွန်မြောက်သွားပြီလို့လဲ အဖေယုံကြည် တယ်၊ ဒါကြောင့်မို့ ငါ့သားကြီးက မိသားစုရှေ့ရေး အတွက် လိမ်လိမ်မာမာနဲ့ကြိုးစားပေါ့၊ အဖေကတော့ အေးမြတဲ့ကျောင်းရိပ်၊ ကန်ရိပ်၊ ဘုရားရိပ်မှာ ဝေယျာ ဝစ္စကုသိုလ်ယူရင်း ကိုယ့်အတွက် သံသရာပါမဲ့ ဘုရား တရားနဲ့ပဲပျော်မွေ့ပြီး သားကြီးအတွက် မေတ္တာတွေပဲ ပို့ပေးနေပါတော့မယ် သားကြီးရယ်"။ ။

**ဘုန်းချစ်နော်(ဖေယျာမြေ)**

## စာမူရှင်များသို့ မေတ္တာရပ်ခံချက်

**မြဝတီစာပေတိုက်ထုတ် မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်းနှင့် သုတအလင်း မဂ္ဂဇင်းများသို့ ကာတွန်း၊ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတို၊ ဝတ္ထုရှည်များ ပေးပို့ကြရာတွင် မိမိတို့၏စာမူအပေါ်၌ ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း၊ မည်သည့်စာပေတိုက်များသို့ ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံချက်များ၊ မိမိတို့၏နေရပ်လိပ်စာအပြည့်အစုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (မိတ္တူ)နှင့်အတူ ဆက်သွယ်ရန်ဖုန်းနံပါတ်များကိုပါ တစ်ပါတည်းပူးတွဲ ပေးပို့ကြပါရန်အပြင် ပေးပို့လာသည့်စာမူများအား မိတ္တူယူထားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။**

**စာတည်းအဖွဲ့**





# ကာဍုဋ္ဌာ

မိုးနဆည်းဆာ

(ပင်ကိုရေးဝတ္ထုရှည် ၈/ဆုံး)

လှိုင်းသံသည် မနီးမဝေးမှ ကျီစယ်နေ၏။

လှိုင်းရှိရာသို့ သူသည် အရောက်မသွားလိုပေ။ လှိုင်းခေါင်းဖြူအလှအပနှင့် နွံစပ်မှစရှုညိုကြီးတို့သည် သူ၏ဟဒယကို ယခင်ကကဲ့သို့ ဆွဲဆောင်ခြင်းငှာ မစွမ်းနိုင်တော့။ လှသောရှုခင်း၊ အေးမြသည့်လေပြည်၊ တင့်တယ်သောရောင်စုံတိမ်တောက်ချိန်တို့ကို ကြိုက်နှစ်သက်ခဲ့သည့် အနီမိန်းကလေး၏ သန္တာနံ့ဝယ် အမြိုက်တရားတို့ ပျောက်ဆုံးခဲ့သည်က နေကွယ်သလို၊ လကွယ်သလိုမို့ ဟင်းလင်းပြင်၏ လေဟာထုထဲဝယ် ဘာဆိုဘာမျှမရှိလေပြီကော။ အရာအားလုံးကား ခြောက်သွေ့တိတ်ဆိတ်၍နေလေပြီ။



သို့တစ်မှုကား လှိုင်းသံဝေးဝေးကိုမှ တွေးတွေးဆဆ သူကြားနေခဲ့ပြန်ပါ၏။ မြစ်ရိုးနှဒီဝယ် အမှောင်ဖုံးသည့်တိုင် လှိုင်းကမူရိုက်ဆဲ။ မိုးနှဆည်းဆာကားတက်သစ်ရန် အားယူနေဆဲဟု သူထင်၏။

အို . . . ဆည်းဆာအလှ၊ ဖြစ်နိုင်ပါလျှင် သင်၏အလှကို တတ်နိုင်စွမ်းသရွေ့ ထိန်းသိမ်းထားပါလေဟု မိန်းကလေးက တောင်းပန်ရှာလေသည်။

× × ×

"တိုး နေမကောင်းဘူးလား"ဟု မေမေက မေးလေသည်။

ယခင်ကကဲ့သို့ ဟုတ်တိပတ်တိဘာမျှမစားဘဲ ငူငူငိုင်ငိုင်ဖြစ်နေသောသူ့သမီးကို အမေသည် အားရပုံမရ။ မိုးတိမ်ဆိုင်တို့နှယ် တစ်နေ့တခြားညို့မှိုင်းလာသည့် အနီးသမီးလေး၏ ရင်တွင်းအခြေအနေကို အမေသည်သာလျှင် အသိဆုံးမဟုတ်ပါလား။

"နေကောင်းပါတယ်မေမေရယ်"ဟု တိုးက တိုးတိုးဖြေရင်း မှောင်ရီသောဝန်းကျင်ကို ငေးနေ၏။ အိမ်ပြင်ဝယ် မှောင်စပြုနေ၏။ အုန်းလက်စိမ်းညို့ညို့တို့သည် လေဝယ်လှုပ်နေ၏။ မကြာခင်က ရွာထားသည့်မိုးသည် လက်ကျန်ရေစက်လေးများကိုခြွေချရင်း မြေပြင်ကို နှစ်သိမ့်နေလေသည်။

"မေမေ"

သူသည် မေမေ့ရင်ခွင်ထဲသို့ တိုးဝင်လိုက်၏။ ဖြစ်နိုင်လျှင် သူငိုချင်၏။ သို့သော် ငို၍မဖြစ်၊ မိုးသည် မကုန်သေး၊ မိုးသည် နှမှစ၏။ ဆည်းဆာသည် မဝင်သေး။ နုနယ်သောအရောင်သည် အားအင်ကို အကုန်သွန်မချသေး။ ကိုးရေ အားတင်းထားဟု ကောင်းကင်ကြီးက ပြောနေသေးသည်ပင်။

သားအမိနှစ်ဦးသား၏ တိတ်ဆိတ်ငြိမ်သက်မှုကပင်လျှင် ညံစာသောအသံလှိုင်းတို့ကိုဖြစ်ထွန်းစေပြန်၏။ ကျယ်သောအသံ၊ ဗိုပြင်သောအသံ၊ တိုးသောအသံ၊ နီးသောအသံ၊ ဝေးသောအသံ စသည်ဖြင့် အသံတို့သည် ဆုတ်ချည်ပေါ်ချည်ရှိ၏။ လင်းချည်မှိန်ချည်ရှိ၏။ မြစ်၏နောက်ကွယ်မှ သစ်ပင်အုပ်များ အောက်သို့ နေလုံးသည် ဝင်စအချိန်တိုင်း နဒီမြစ်ပြင် ပန်းချီကားဝယ် သူ၏အလွမ်းမျက်ရည်တို့ ပေစွန်းနေတတ်၏။

သူသည် ဤပန်းချီကားကို တစ်ခါက နှစ်ဦးအတူကြည့်ခဲ့ဖူး၏။ ပျော်ရွှင်ကြည်နူးစွာ ရယ်မောခဲ့ဖူး၏။ အရုပ်ကလေးများဖြစ်သွားသော တိမ်လိပ်ဖြူဖြူတို့ကို လက်ညှိုးညွှန်ရင်း ဟိုမှာ ဘယ်သူ၊ ဟိုမှာ ဘယ်ဝါဟု သန့်သောနှလုံး၊ ကြည်သောစိတ်ထားတို့ဖြင့် ရယ်ရယ်မောမောပြောခဲ့ကြသည့်အချိန်ကာလသည် အဘယ်မျှ မကြာသေးပါဘဲနှင့် ယခုတော့လည်း အနီကောင်းကင်ကြီးဝယ် အလှတရားတို့ဆိတ်သုဉ်းခဲ့သည်မှာ မျက်လှည့်ပြလိုက်သလိုပါပဲဟု သူက ထင်လေသည်။

"သမီးလေး ထမင်းစားရအောင်နော်"

မေမေ့အသံကြောင့် ပစ္စက္ခကာလသည် အသက်ဝင်လာ၏။

အလင်းမဆိတ်သုဉ်းသေးငြား မေမေသည် မီးကို ထွန်းထား၏။ ရှင်းလင်းသောထမင်းစားခန်းလေးထဲဝယ် သန့်ပြန့်စွာခင်းကျင်းထားသောထမင်းဝိုင်းက တစ်စုံတစ်ဦးကို စူးစူးနစ်နစ်သတိရစေပြန်၏။

"ကိုးက မှုစ်ပြုက်ကြိုက်လို့ မေမေ မှုစ်ဝယ်လာတယ်၊ မနက်က ဈေးမှာ နုနုလေးတွေတွေ့လို့"

အမှုန့်ပင် မှုစ်ချိုချိုနုနုလေးများကို တိုး ကြိုက်ပါသည်။ ငါးခူငါးဆုပ်ဖြင့်ချက်ထားသောချဉ်ပေါင်ဟင်းရည်သည် ပင်စိမ်းရွက်အုပ်ထားသည့်ကြောင့် လှိုင်လှိုင်မွှေးနေ၏။ ပုစွန်ကျော့ဆီပြန်ကို မဆလာနံ့အနည်းငယ်စွက်ထား၏။ ငါးဖယ်အောင်းငါးပိကောင်ကြော်နှင့် ငရုတ်သီးကြော်စပ်စပ်သည် တိုး၏နှာဝကို ကလူနေသည့်တိုင် သူသည် ထမင်းဝိုင်းတွင် မထိုင်ဖြစ်သေးဘဲ ငေး၍သာကြည့်နေ၏။

"ထိုင်လေသမီး"

"ဟုတ်ကဲ့ပါမေမေ၊ တိုးလေ . . ."

မေမေက တိုး၏လက်ကိုဆွဲကာ ထိုင်စေ၏။ ထိုင်လိုက်ပါမှ မျက်နှာရှေ့တည့်တည့်ရောက်လာသည့် ငါးပိရည်မွှေးမွှေးပန်းကန်ကြောင့် သတိရစိတ်က ဆောင့်ဝင်သွားပြန်လေသည်။

"တိုးလေ သူ့ကို သတိရနေတယ်မေမေ၊ သူ တိုးကို မဆက်သွယ်တာကြာပြီ"

ပြောဖြစ်အောင်ပြောမိရင်း မျက်ရည်တို့ကျဆင်းလာ၏။ ထမင်းတစ်လုတ်မျှမဝင်သေးဘဲ သူသည် ရှိုက်ကြီးတငင်ငိုနေလေပြီ။ "သမီးရယ်"ဟူသော မေမေ့အသံကိုကြားရ၏။ လေပြည်သည် ပြတင်းပေါက်မှဝင်လာ၏။ မနီးမဝေးငှက်ပျောရုံမှ ငှက်ပျောရွက်ခတ်သံပြင်းပြင်းသည် တိုးကိုရိုက်နေသည့်နှယ် ခံစားရ၏။ "သူဘာလို့မဆက်သွယ်တာလဲနော်"ဟု တိုး ငိုညည်းရင်း ပြောနေလေသည်။

မေမေသည် တိုးကိုဖက်ပွေ့ထားရင်း မျက်ဝန်းတို့ညို့မှိုင်းလာ၏။ သွက်လက်ရည်မွန်သောဖြူဖြူသန့်သန့်လူရွယ်လေးကို မေမေလည်း သတိတရရှိလှပါသည်။ သမီးလေးတိုး၏ချစ်သူ၊ သမီးလေးကိုလည်း လွန်စွာမြတ်နိုးသည့် အနီလူရွယ်လေးသည် ဘယ်ဝယ်ပုန်းခိုနေပါဘိသနည်း။ မိသားစုနှယ် နွေးထွေးသော ဤရိပ်မြုံတွင် ဤလူငယ်လေးလည်း ပျော်မွေ့ခဲ့သည်မဟုတ်ကုံလော။

"မငိုပါနဲ့သမီးလေးရယ်"ဟုသာ မေမေနှစ်သိမ့်

နိုင်တော့၏။ မည်သို့မည်ပုံပြေလည်အောင်ဖြေရှင်းပေးရမည့်အကြောင်းအရာကို ရှာမရခြင်းကပင် ဓေဒနာ **အစုအဝေးတို့ကိုဖြစ်ပေါ်စေပြန်၏။ လူတိုင်းသည်** လောကဓံအဆိုးအကောင်းတို့နှင့် အချိန်ပြည့် ရင်ဆိုင်နေကြရသည်ဆိုငြား ဘဝကိုရှင်သန်ဖြတ်သန်းနေကြရသည်ဆိုငြား တစ်စုံတစ်ခုသောအဖြေတော့ဖြင့် **ရှိကြပေလိမ့်မည်တည်း။ မိမိ၏သမီးလေးမှာမူကား** ပုစ္ဆာဆန်းဆန်းလေးကိုပင် အဖြေထုတ်၍မရနိုင်ရှာ။ ခေတ်မီတိုးတက်နေသောကာလကြီးပင်ဖြစ်လင့်ကစား နေရောင်ပျောက်နေ၏။ လရောင်ပျောက်နေ၏။ အမှောင်သည်သာ အချိန်ပြည့်ရောက်နေ၏။ ငယ်ရွယ်သည့်သမီးလေးသည် ဤလောကဓံမျှဉ်းမျှဉ်းလေးကို အားတင်းခံနိုင်ပါမည်လောဟု မေမေက သံသယဝင်မိလေပြီ။

ထမင်းဟင်းတို့သည် ပွဲနွေးရာမှ အေးစက်စပြုလာ၏။ သမီးအတွက် ပင်ပန်းရကျိုးမနပ်သည့် မိခင်သည်လည်း ဘာကိုမျှစားချင်စိတ်မရှိတော့။ မေမေသည် ပြတင်းဝမှ အပြင်သို့မျှော်ငေးနေ၏။ ငှက်ပျောရွက်တို့ကိုပင် ထင်ရှားစွာမမြင်ရတော့။ မိုးမှောင်ခြင်းနှင့်မိုးချုပ်ခြင်းတို့သည် စည်းလုံးညီညွတ်စွာဖြင့် အမှောင်ကမ္ဘာကို ဖန်တီးပေးလာ၏။

တိုးသည် မေမေ့ပေါင်ပေါ်ဝယ် ခေါင်းတင်၍ လဲလျောင်းနေရှာ၏။ ဤသမီးလေးမျက်လုံးမှိတ်ထား၍ အိပ်ပျော်နေသည်ဟု မေမေက ထင်ကောင်းထင်မည်၊ တိုးအတွက် နေ့မရှိ၊ ညမရှိတော့သည်ကိုမူ မေမေသိနိုင်အံ့မထင်ပါ။ သို့ပါလျက်နှင့် မသိချင်ယောင်ဆောင်ပေးနေခြင်းလည်း ဖြစ်နိုင်ပါ၏။

လေဖေ့သည်ကြောင့် တံခါးတို့ကို ပိတ်ချင်ငြားမပိတ်မိ။

ထိုနေ့ကမိုးညကို အမေ ပြန်လည်သတိရနေ၏။ တိုးသည်လည်း ပြန်လည်သတိရနေ၏။ အလွန်ကြောက်မက်ဖွယ်ကောင်းသော မိုးနှင့်လေသည် ကိုအချိန်ထိုအခါက မေမေတို့၏မြစ်ဝကျွန်းပေါ်မြို့လေးများကို လွှမ်းစွာမျက်မှန်းကျိုးသည်ကြောင့် သူ၏အမုန်းလက်နက်ဖြင့်အားကုန်သုံးကာ ရိုက်နှက်၊ နှိပ်စက်၊ **သတ်ဖြတ်ခဲ့သည်မဟုတ်ပါလော။**

× × ×

ညနေစောင်းကွင်မှ လေက ပို၍ကန်လာလေပြီ။ မြစ်တွင်းမှ လှိုင်းရိုက်သံများသည် အနားသို့ရောက်နေသည်ပင်ထင်ရ၏။ ချမ်းစိမ့်နေသည်ကြောင့် အင်္ကျီအနွေးထည်များကို ကိုယ်စီဝတ်ဆင်ရင်း သူတို့မိသားတစ်စုသည် ခြံပြင်သို့ငေးကြည့်နေကြ၏။ တိုး၏ဖေဖေသည် ခြံတွင်းသို့ ရေများဝင်လာသည်ကို မြောင်းဘက်သို့ဖောက်ချရန်အလို့ငှာ မိုးကာအင်္ကျီကိုထပ်ဝတ်နေ၏။

"ဘယ်သွားမလို့လဲ ကိုမျိုးခိုင်၊ မိုးက ဒီလောက်သည်းနေတာကို"

"ခြံထဲရေတွေဝင်နေပြီ မလေးရေ၊ ဖောက်ချမှရမယ်၊ တော်ကြာ မလေးရဲ့စံပယ်ပန်းရုံတွေ ရေမြုပ်ကုန်မှာ"

ဖေဖေက မေမေ့အသည်းစွဲ စံပယ်ရုံများကို အကြောင်းပြ၏။ သို့သော် မေမေက လက်မခံချေ။

"မဖြစ်ပါဘူးကိုမျိုးရယ်၊ လေကလဲ ထန်နေတာ၊ တော်ကြာ သစ်ပင်ကိုင်းကျိုးတာတွေဘာတွေဖြစ်မှဖြင့်"

မေမေ့စကားပင် မဆုံးလိုက်၊ ခေါင်းရင်းက သရက်ကိုင်းကြီးက ဝုန်းခနဲပြုတ်ကျလာ၏။ တွေ့လားဟု မေမေကပြောသည်။ တိုးသည်လည်း အနည်းငယ်ကြောက်စပြုလာ၏။ မြစ်ဝကျွန်းပေါ်သူများအတွက် လေကြမ်းဟူသည်က တွေ့ဖူးကြုံဖူးနေကျမို့ကြောက်လှသည်လည်းမဟုတ်၊ စိုးရိမ်လှသည်လည်းမရှိ၊ ခပ်မှန်မှန်သာဖြစ်၏။ ယခုတော့မူ လေသည်ရူးသကဲ့သို့ တောင်မှမြောက်၊ မြောက်မှအနောက်၊ အနောက်မှအရှေ့စသည်ဖြင့် ပက်ကိုက်နေသည်မှာ ချောက်ချားဖွယ်ရာ၊ စိုးကိတ်စရာဖြစ်လာ၏။

ဤအတွင်း ခြံတွင်းသို့ရေဝင်လာမှုက ပို၍

သိသာလာ၏။ မြစ်ရေလျှံပြီလော မသိပါ။ ကမ်းနားပိုင်းအိမ်များ၏အခြေအနေကို သိလိုလှ၏။ အချို့သော အမျိုးမိသားစုများသည် ကမ်းနားပိုင်းတွင်နေထိုင်ကြသည်ကိုး။

တိုးနှင့်မေမေသည် ဘုရားခန်းထဲတွင် ဘုရားဝတ်ပြုရင်း အန္တရာယ်ကင်းဂါထာတော်များကို ရွတ်ဖတ်ပူဇော်နေ၏။ တဝုန်းဝုန်းလေသံများကား အဆက်ပြတ်သွားသည်မရှိ။ အိမ်ရှေ့လမ်းဝယ် ရေတို့ပြည့်ကာ ဝါးလုံးထိုးစီးဆင်းနေကြောင်းမြင်ရ၏။

"မေမေ တိုး ကြောက်တယ်"

"မကြောက်နဲ့သမီး၊ ဖေဖေနဲ့မေမေရှိတာပဲကို"

မေမေသည် တိုးကို ဖက်ထား၏။ လျှပ်စစ်မီးတို့လည်း ပြတ်လေသည်မို့ အမှောင်သည် မင်းမှုချင်တိုင်း မင်းမှုလာ၏။ ဖေဖေက ဓာတ်ခဲရေဒီယိုလေးကို ဖွင့်၍ မိုးလေဝသသတင်းကို နားထောင်၏။ တဂျစ်ဂျစ်အသံသည် သတင်းကြေညာသူ၏အသံကိုဖုံးလွှမ်းနေ၏။ မည်သို့ဆိုစေ ပြင်းထန်သောမုန်တိုင်းသည် အောက်ပြည်အောက်ရွာသို့ဝင်ရောက်ဖြတ်သန်းနေပြီဟု နိုင်မာစွာသိရလေပြီ။

အိမ်အမိုးသွပ်တို့ ဝုန်းခနဲမွင့်ထွက်သွားချိန်တွင်တော့ တိုးသည် ကြောက်ရွံ့စွာငိုကြွေး၍နေခဲ့ပါလေပြီ။ ဒေါ်မာန်ကြီးသောမုန်တိုင်းသည် သူနှင့်အတူ မြစ်ရေကိုပါ မာန်ကြွစေရန် စည်းရုံးလိုက်ချေပြီတကား။

"ကြောက်တယ်၊ ကြောက်တယ်"

တိုး၏အသံသည် လေတွင် လွင့်မျော၍နေ၏။ ယယ်ယယ်ရွယ်ရွယ်မိန်းကလေးဖို့ မုန်တိုင်းအတွေ့အကြုံက မရှိ။ စိုရွှဲနေသောမိုးရေထဲဝယ် ချမ်းစိုက်စိုက်တုန်ရင်းဘာကိုမျှော်လင့်ရမည်မှန်းမသိ၊ အားငယ်၍သာနေကြရလေသည်။ ဤတွင် အိမ်သည် လှုပ်လာ၏။ ကိုင်အရင်းမှ တကျွတ်ကျွတ်မြည်သံကို ရုတ်တရက်သော် ဘာမှန်းမသိပါ။ သားအမိသားအဖသုံးယောက်တို့ အိမ်အမိုးထုပ်တန်းများနှင့် ဝေးရာသို့ပြေး၏။ မြေမှာကို မမြင်ရ၊ ရေထဲသို့ကျသွားကြချေပြီ။

သို့သော် သူတို့သည် တစ်ဦးနှင့်တစ်ဦး ဖက်တွယ်ထား၏။ ရေကူးတတ်ခြင်းသည် ဤနေရာတွင် အားသာချက်ဖြစ်လာ၏။ ရေစီးအကိုင်းမျောရင်း သကီလစ်သလိုလိုဖြစ်ခိုက်ဝယ် ခပ်မည်းမည်းအရာတစ်ခုသည် အနားသို့ရောက်လာသည်ဟု နောက်ဆုံးသိလိုက်ရပြီးချိန်တွင် တိုး သတိလစ်သွား၏။ တိုး၏မေမေသည်လည်း ခေါင်းငိုက်ကျနေချေပြီ။ မီးရောင်ရှူးရှူးကိုရရှိစံစားနေရသော်လည်း ရေသံနှင့်လေသံတဝုန်းဝုန်းကမူ ပျောက်ကွယ်၍ မသွားပေ။ မုန်တိုင်းကား အငြိုးကြီးစွာတိုက်ခတ်နေဆဲပင်ဖြစ်၏။

တိုးသတိရလာချိန်တွင်ကား သူတို့မိသားစုသည် ကြီးမားသောအိမ်ကြီးတစ်လုံးအတွင်းရောက်နေကြောင်း သတိပြုမိ၏။ လေသံများကိုကား ကြားရဆဲ။ မီးခွက်ရောင်မှိန်ပျပျသည် ခန်းမကျယ်ကြီးအတွင်းလုံလောက်သောအလင်းကိုမပေးနိုင်ငြား ကျင့်သားရလာသောမျက်ဝန်းအိမ်က အရာရာကိုသိစပြုလာ၏။

"သမီးလေး"

မေမေ့အသံကို ကြား၏။ တစ်ဖန် ဖေဖေ့ကိုမြင်ရ၏။ ဖေဖေသည် သူနှင့်သက်တူရွယ်တူမျှရှိသည့် လူကြီးတစ်ဦးနှင့် စကားပြောနေ၏။ ခုမှပင် သတိပြုမိသည်၊ တိုး၏အဝတ်အစားတို့နေရာတွင် အခြားအဝတ်များက နေရာယူနေပါပြီကော။ တိုးသည် ရှက်လွန်းသဖြင့် တုန်လှုပ်သွား၏။ ရိပ်မိသောမေမေက မေမေကိုယ်တိုင်လဲပေးထားတာပါသမီးဟု ပြောလေသည်။

ဤမြို့၏နောက်ဘက် တောင်ကုန်းမြင့်မြင့်ပေါ်မှ အိမ်နီကြီးတစ်ဆောင်ကို တိုးသတိထားမိနေသည်မှာကြာပါပြီ။ နှေဦးဝင်စက ဤအိမ်ကြီးကိုဆောက်ပြီး၍လူသစ်များပြောင်းလာကြ၏။ လူချမ်းသာများပေမို့သိုက်မြိုက်သောအလှူကြီးကို ဆရာတော်ကြီးဦး၊ကျွိက ကျောင်းတွင် ပြုလုပ်ခဲ့၏။ အိမ်တက်အလှူလည်းဖြစ်၊ တစ်မြို့လုံးကိုလည်းဖိတ်ကာ ကျွေးမွေးဧည့်ခံခဲ့ကြောင်း ပြန်သတိရလာ၏။ မိမိတို့မိသားစုကို

**ထင်မှတ်မထားသည့်ကြမ္မာဆိုးကြီးသည်ကား**
**မြစ်ဝကျွန်းပေါ်မြို့လေးများကို**
**ကျိန်စာတိုက်သည့်နှယ်**
**ရိုက်နှက်ခွာကျင်စေခဲ့လေပြီ။**
**ရင်းမှန်တိုင်းဆိုး၏**
**မိတ်ဆွေဖြစ်သော**
**မြစ်ရေ၊ ပင်လယ်ရေတို့ကလည်း . . .**

ကယ်တင်လိုက်သောကျေးဇူးရှင်မိသားစုပါတကားဟု အားနာခြင်းနှင့်တကွ ဝမ်းမြောက်ခြင်းလည်းဖြစ်ရပေပြီ။

"သမီးလေးသက်သာလား၊ ဒီဘက်မှာ လာထိုင်မလား"ဟု အိမ်ရှင်ဦးလေးကြီးကဖိတ်ခေါ်၏။ ဤတွင်မှ မေမေနှင့်မနီးမဝေးဝယ် ကြင်နာသောအပြုံးဖြင့် ထိုင်နေသည့်အမျိုးသမီးကြီးတစ်ဦးကိုလည်း သူသတိပြုမိလေ၏။

"ဟုတ်ကဲ့ သက်သာပါတယ်"ဟု တိုးက သိမ်မွေ့စွာပြောလေသည်။

မီးခွက်ကား ငြိမ်းလုငြိမ်းခင်ဖြစ်လာ၏။ လျှပ်စစ်မီးတို့ပြတ်လေပြီမို့ မျက်နှာကြက်မှ မီးချောင်းကြီးငယ်၊ မီးလုံးအသွယ်သွယ်တို့၏အမန်းကဏ္ဍမှာ ပျောက်ဆုံး၍နေချေပြီ။

"သားရေ မင်းအခန်းထဲက မှန်အိမ်လေးယူခဲ့ပါလားကွယ်၊ ဒီမှာ ဧည့်သည်တွေမှောင်နေပြီ"

အမျိုးသမီးကြီးက အတွင်းခန်းသို့လှမ်းပြော၏။ ဤတွင် ဖြူဖွေးသောအလင်းတန်းကြည်ကြည်လေးက အခန်းထဲမှတိုးထွက်လာလေ၏။ မှန်အိမ်ကိုကိုင်ထားသောလူရွယ်သည် ဧည့်ခန်းဘက်သို့ ခပ်မှန်မှန်လျှောက်လှမ်းလာလေ၏။ အမှောင်ထဲမှ လူများက သူ့ကိုမြင်ရခြင်း သူကမူ မှန်အိမ်ကိုသတိကြီးစွာထိန်းကိုင်နေရ၍ အခြားသူများကို မြင်ပုံမပေါ်။ ဖြူဝင်းသောအသားအရောင်နှင့် မြင့်သောအရပ်၊ တောက်ပသောမျက်လုံးအစုံတို့ကမူ အမှောင်ထဲတွင်ပင်ဖြစ်လင့်ကစား ထင်ရှား၍နေလေသည်။

"စားပွဲပေါ်ပဲချလိုက်ပါသား၊ သား အတွင်းခန်းပြတင်းပေါက်ကကြည့်နေတာလား၊ ဘာထူးလဲ"

ဖခင်ဖြစ်သူက မေး၏။

"မြို့အောက်ပိုင်း ရေတွေလွှမ်းသွားပြီဖေဖေ၊ ပြင်စလူဘက်ကတော့ လုံးဝကို မြုပ်သွားပြီထင်တယ်"

"ဟင်း"

သက်ပြင်းချသံများ ပြိုင်တူပေါ်ထွက်လာ၏။ "ရက်စက်လိုက်တာမုန်တိုင်းရယ်"ဟုပြောရင်း အဒေါ်ကြီးသည် ရှိုက်ငင်၍နေ၏။ သူတို့သည် ပင်လယ်ပိုင်းမှလာကြသူများဖြစ်၏။ ပင်လယ်တွင် အမျိုးအဆွေများကျန်ရစ်၏၊ အသိအကျွမ်းများ ကျန်ရစ်၏၊ အရင်းအနှီးများနှင့် လုပ်ငန်းများကိုလည်း ထားခဲ့ရသည်မဟုတ်ပါလော။

ထင်မှတ်မထားသည့် ကြမ္မာဆိုးကြီးသည်ကား မြစ်ဝကျွန်းပေါ်မြို့လေးများကို ကျိန်စာတိုက်သည့်နှယ် ရိုက်နှက်ခွာကျင်စေခဲ့လေပြီ။ ရင်းမှန်တိုင်းဆိုး၏ မိတ်ဆွေဖြစ်သော မြစ်ရေ၊ ပင်လယ်ရေတို့ကလည်း ရက်စက်စွာတိုက်စားသည့်ကြောင့် ရွာငယ်လေးများသည် ရေစီးနှင့်မျောပါ၏။ လူနှင့်တကွသော သက်ရှိသတ္တဝါအပေါင်းတို့၏အသက်နှင့်ဘဝတို့က ကြေမွပျက်သုဉ်းစေခဲ့လေပြီ။

ဤအိမ်နီကြီးကိုသာ တောင်ကုန်းမြင့်မြင့်ပေါ်တွင် ဆောက်လုပ်မထားပါက တိုးတို့မိသားစုကိုလည်း သူတို့မိသားစုက ကယ်တင်နိုင်မည်မထင်ပါ။ ကျန်လူများ၏အသက်ကိုမူ မကယ်တင်နိုင်ကြတော့။ မျောပါသွားနေသည်ကိုမြင်နေပါလျက်နှင့် မတတ်နိုင်ခဲ့လေပြီ။ ကယ်တင်ရှင်တို့၏လောကလေးကလည်း ဝမ်းတိုက်ကွဲကာ တစ်စစီဖြစ်၍နေပါလေပြီ။

မေမေသည် တိုးကိုပွေ့ဖက်ရင်း ရှိုက်ငင်ငိုယိုနေလေသည်။ မေမေ့ညီမဖြစ်သူ တိုး၏အဒေါ်မိသားစု

သည် ကမ်းနားပိုင်းတွင်နေ၏။ မည်သို့ရှိရာပေမည်နည်း။ အသက်ခန္ဓာမှရှိကြပါသေးရဲ့လား။

"ငှန်း"

လှိုင်းလုံးအကြီးကြီးသည် ကောင်ကုန်းမြေကို ရိုက်နှက်၏။ ရေကို မြင့်တက်လာပါပြီ။ သို့သော် ကောင်ကုန်းကိုကား မလွှမ်းနိုင်၍ တော်ပေသေးသည်။

အရုဏ်တက်ချိန်တွင် လေငြိမ်စပြု၏။ ဖရိုဖရဲ အပြိုအပျက်တို့က ရေစီးညစ်ညစ်တွင် မျောပါနေကြသည်ကိုမမြင်လိုဘဲလျက် ကြည့်မိရပြန်ပါပြီ။

"အစ်မကြီးတို့ဆာနေကြရောပေါ့"

မွေးထွေးခြင်းစေတနာသည် နေခြည်နယ် လင်းလက်နေ၏။ အားပေးခြင်းမျက်နှာပြင်ပေါ်ဝယ် အကြင်နာရိပ်တို့ ယှက်ဖြာနေ၏။

မုန့်ကြွပ်လေးများကို ပန်းကန်ပြားထဲထည့်ပေးရာ၏။ ဖေဖေနှင့်အိမ်ရှင်ဦးလေးတို့ စကားပြောနေကြသည်။ မှုန်လုံ့လုံ့ရောင်နီအစဝယ် ကြင်နာမွေးမြူသည့်မျက်ဝန်းတစ်စုံကို တိုးသည်မြင်ရ၏။ သူရဟု အမည်ရသည့်လူရွယ်လေး၏နှလုံးအိမ်ဝယ် တိုး၏ သံစဉ်တို့ဖြည်းညင်းစွာ လှုပ်လှုပ်ရှား ...

မုန့်တိုင်းစဲစ အရုဏ်ချိန်ဝယ် သူတို့နှစ်ဦးသည် အကြည့်ချင်းဆုံ၍နေကြ၏။ ရေစိုနွမ်းရိနေသော ပန်းလေးတစ်ပွင့်နှယ် အင်အားမဲ့ကာဖြူဖျော့နေသော 'တိုး'အမည်ရသည့် မိန်းကလေးသည် 'သူရ'တည်းဟူသော နေခြည်အတွေ့ဝယ် စွမ်းအားတို့ပြန်လည် ထူထောင်ခွင့်ရခဲ့ပါလေပြီ။

'နာဂစ်'ဟုအမည်ရသည့် ဤမုန်တိုင်းဆိုးသည် စိတ်ညစ်ဖွယ်ကိုပေးရာမှတစ်ဖန် နှစ်သက်ဖွယ်ရာ အချစ်ဟူသည့်အရာကိုလည်း နားလည်ရစေကာ လက်ဆောင်ပေးလာပြန်ပါ၏။

× × ×

မုန်တိုင်းပြီးသော် ရေပြည်လာကတ်၏ တကား။ တစ်ဖန် နေခြည်အပွင့်ဝယ် သတ္တလောကသည် လင်း၍လာတတ်သည်တကား။ ဤသည်ကား ဖြစ်မြဲဓမ္မတာပေတို့။ ချုပ်ပျက်ကွယ်ပျောက်ခဲ့သည့် သခင်ရသေဘောတရားဖြစ်ရပ်များကိုမူ မေ့ထားချင်ပါ၏။ သို့တိုင် မမေ့နိုင်ကြ။ ဆွေမျိုးဉာတိတို့ ပျက်သုဉ်းဆုံးပါးရ၏။ လတ်ဆတ်စိမ်းလန်းနေသောကောအုပ်ကို စီးလောင်သည့်ပမာ၊ မိုးကြိုးပစ်ခွင်းသည့်ပမာ မြင်နေတွေ့နေရသမျှ သက်ရှိတို့မှာ ပုံပြင်ဆန်စွာပြိုလဲပျက်စီးခဲ့ရ၏။ သက်မဲ့တို့သည်ကား ဆိုဖွယ်မရှိပြီ။

မြို့ကလေးက ငယ်သည်မို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် လွယ်ကူပိုင်နိုင်သည်မှန်ငြား ပေးအပ်လိုက်ရသည့် အသက်များစွာ၊ ခန္ဓာများစွာတို့ကား ပြန်၍မရနိုင်တော့ပါပြီ။ မိမိတို့အိမ်သားများ၏ အသက်ကိုကယ်တင်ပေးလေသော သူရတို့မိသားစုနှင့် ရင်းနှီးခင်မင်ခွင့်ရသည်မှာလည်း တစ်နည်းဆိုရသော် ဆန်းကြယ်သည့် ကံကြမ္မာသာဖြစ်ဘိ၏။ တစ်ဖန် အလင်းရောင်မီးပွင့်လေးနှစ်ပွင့်တို့ ထူးခြားစွာတွေ့ဆုံ တိုက်ခိုက်မိရင်း မီးပွင့်မီးခိုင်ကြီးအဖြစ် လုပစွာထွန်းလင်းနိုင်ခဲ့ရသည်မှာလည်း ဆန်းပြားဘိခြင်းမို့ တိုးတို့နှစ်ဦးသည် မုန်တိုင်းရိုင်းရိုင်းကြီးကိုပင် ကျေးဇူးတင်ရနိုးနိုးဖြစ်ခဲ့ရပါ၏။

သူရတို့ဇာတိသည် ကျောက်ကလပ်ရွာက ဖြစ်၏။ ပင်လယ်ပိုင်းမှာကြီးမား၍ စည်ပင်ဖွံ့ဖြိုးသော နေရာပင်ဖြစ်၏။ ရေလုပ်ငန်းပေါင်းစုံဖြင့် စီးပွားရေးကောင်းသောသူတို့မိသားစုသည် သားသမီးများ၏ ရှေ့ရေးကို မျှော်တွေးလျက် မြို့ပေါ်သို့တက်လာကြ၏။ အထူးသဖြင့် ဤမြို့လေးတွင် ဆွေမျိုးတို့ရှိကြသည်မို့ အခြေချရန် စိတ်ကူးကြပုံပေါ်၏။

"ပုသိမ်မှာလဲ အိမ်ဝယ်ဖို့ ပြောထားတယ် အစ်မကြီးရေ"

တိုနေ့က စကားဝိုင်းတွင် သူရ၏အမေ ဒေါ်ခင်ခင်သိန်းက ပြော၏။ တိုးကမူ ရင်ထဲတွင် ဒိန်းခနဲဖြစ်သွား၏။ မကြာလှသော်လည်း အတန်ငယ်ကျမ်းသည့် ပုသိမ်မြို့ကိုသာ သူတို့ပြောင်းသွားကြမည်ဆိုပါက . . . ။

"သားကြီးက ကားလုပ်ငန်းလုပ်ချင်တယ်ဆိုလို့ပါ၊ အခေးပြေးလိုင်း ဆောင်ချင်တယ်လေ၊ လူလွှတ်လဲ မဟုတ်တော့ဘူးဆိုတော့ သူလဲ သူ့စီးပွားလေးနဲ့နေချင်မယ်လေ၊ အဲဒါနဲ့ အိမ်ဝယ်ဖို့စိတ်ကူးနေတာပါ"

သူရ၏အစ်ကို ကိုဝဏ္ဏအတွက်ဟု သိလိုက်ရသည်တွင်မှ တိုး သက်ပြင်းချနိုင်၏။ ဤမြို့နယ်လေးတွင် တိုး ကျောင်းဆရာမတာဝန်ထမ်းဆောင်နေသည်မှာ မကြာတတ်သေးပါ။ ဘွဲ့ရပြီးစ ငယ်ရွယ်သေးသည့် အရွယ်မှရသော၊ ထိုက်တန်သော၊ မွန်မြတ်သော၊ သူ၏ရည်ရွယ်ရာလည်းဖြစ်သော ဆရာမအလုပ်သည် ဖေဖေမေမေတို့အတွက် ဂုဏ်ယူဖွယ်ရာလည်း ဖြစ်ခဲ့ပါ၏။ အထူးသဖြင့် ကလေးငယ်များကိုချစ်တတ်သည့်၊ ကရုဏာကြီးသည့်တိုးအတွက် မူလတန်းပြဘဝဟူသည် လရောင်အောက်ကလမ်းဖွေးဖွေးပင်ဖြစ်၏။

လူချမ်းသာများပေမို့လားမသိ၊ မိဘများသည် အစိုးရဝန်ထမ်းအလုပ်ကို အားမပေး။ ငွေရပြီး ရင်းရနေသောကုန်သည်လုပ်ငန်းကိုသာ ချဲ့ထွင်လိုရင်းရှိရကား သူရသည် ကျောင်းဆရာလည်းမဖြစ်ခဲ့၊ ရုံးဝန်ထမ်းလည်းမဖြစ်ခဲ့ပါ။ ဘွဲ့ရပညာတတ်ပီပီ အတွေ့အကြုံရယူလိုငြား မိဘတို့၏ပုံသွင်းရာ၌သာ သူသည် ကျင်လည်ကျက်စားခဲ့ရရှာ၏။

"မေမေတို့ငယ်ငယ်က သိပ်ကိုဆင်းရဲတာလို့ ကိုကို ပြောဖူးတယ်၊ မေမေက ဆင်းရဲမှာကို သိပ်ကို ကြောက်သွားပြီလေ၊ ဒါကြောင့် အရာရာစစ်စစ်စီစီ သုံးရင်း အနာဂတ်အတွက် စုဆောင်းနေတာလို့ ကိုကို ပြောဖူးတယ်၊ မောင်နှမသားချင်းတွေကများပြီး မိဘတွေက မပြည့်စုံလေတော့ သူတို့အများကြီး ဒုက္ခရောက်ခဲ့ရတဲ့အကြောင်းကို မကြာခဏပြောပြရှာတယ်၊ ကိုကိုလဲ သူတို့လိုစီးပွားရေး အမြင်ပွင့်လင်းစေချင်တယ်၊ ကိုကတော့ တိုးရဲ့ပုနီဖောင်းလေးကို သဘောကျပြီး ကျောင်းဆရာဖြစ်ချင်တာနော်"

"ဝန်ထမ်းမဟုတ်လဲ သင်လို့ရတာပဲလေ၊ မေတ္တာနဲ့ အခမဲ့သင်ပေးပေါ့ကိုရယ်"

"မေမေနဲ့မလွယ်ပါဘူးတိုးရာ"

နေခြည်စောင်းစဝယ် မြစ်ကမ်းနားသို့ သူတို့ရောက်၏။ နာဂစ်မုန်တိုင်းလက်ချက်ဖြင့် ပြိုလဲခဲ့သော မြို့ဦးထိပ်မှ ချောင်းကူးတံတားကို ပြန်လည်တည်ဆောက်ရာတွင် သူရတို့က အလှူငွေအများဆုံးထည့်ဝင်လေသည်။ ယခုတော့ တံတားပြီးပါပြီ။ တစ်နေရာမှတစ်နေရာ၊ တစ်ရွာမှတစ်ရွာလည်း လွယ်ကူစွာကူးသန်းသွားလာခွင့်ရခဲ့ပါလေပြီ။

တိုးတို့မိသားစုအသက်ကို ကယ်ခဲ့သော၊ အရာရာတွင် အများအကျိုးအတွက် စေတနာထက်သန်သော သူတို့မိသားစုကို တိုးတို့မိသားစုက လွန်စွာလေးစားပါ၏။ ကျေးဇူးတင်စိတ်လည်း ကြီးစွာဖြစ်ရ၏။ သို့တိုင် သားဖြစ်သူနှင့် နီးစပ်စွာပတ်သက်နေသည့်တိုးကို ယခုတလော အမြင်မကြည်လင်လေသည့်ဒေါ်ခင်ခင်သိန်း၏မျက်လုံးများကိုသတိပြုမိရာ တိုး နေရခက်လှပါ၏။

မေမေနှင့်ကျိုလေတိုင်းလည်း သူတို့သားကို ချမ်းသာကြွယ်ဝသည့်အသိုင်းအဝိုင်းမှမိန်းကလေးနှင့်သာ ပေးစားမည့်အကြောင်းများကို မသိမသာနားသွင်းလာတတ်၏။ ဤတွင် တစ်ယောက်တည်းသောသမီးလေးကို လွန်စွာချစ်သောမေမေသည် မျက်နှာညှိုး၍နေလေ၏။ သူရ၏ သန့်ရှင်းကြည်လင်သောစိတ်ဓာတ်လေးကိုလည်း ဖေဖေနှင့်မေမေက လေးစားစိတ်ဖြင့် ချစ်ခင်ကြသည်မဟုတ်ပါလော။

"တိုး မျက်နှာမကောင်းသလိုပဲ၊ ဘာလို့လဲဟင်"

နှုတ်ခမ်းမှစကားများအား ငေးကြည့်နေသော တိုးကို သူရက မေး၏။ နွမ်းနေသောမျက်နှာလေးက နွမ်းမှုန်းသိသာနေသည်ကိုး။ မဖြစ်ပါဘူးကွယ်ဟု ဆိုလျှင်လည်း တိုးသည် လိမ်ရာကျမည်ဖြစ်၏။ သို့အတွက် သူသည် ဘာမျှမဖြေပေ။

"ဒီညနေ တိုးတို့အိမ်မှာ ထမင်းစားနော်၊ ကိုကြိုက်တဲ့ ချဉ်ပေါင်ဟင်းချက်တယ်၊ မျှစ်နုနုလေး

တွေလဲပြုတ်ထားတယ်၊ ဦးနဲ့ဒေါ်ဒေါ် ခရီးသွားနေတုန်း တိုးတို့အိမ်မှာပဲစားဖို့ မေမေလဲပြောနေတယ်"

တိုး၏စကားအဆုံးတွင် သူရ ရယ်လိုက်၏။ ရယ်လိုက်တိုင်း ပါးချိုင့်ခွက်လေးနှင့်လှပနေတတ်သူကို တိုးသည် ငေးကြည့်နေ၏။ ဤသတို့သားအတွက် ဖြစ်ထိုက်သူ သတို့သမီးသည် မိမိမှဟုတ်ပါလေစ။

"အမြဲကျေးမှာလား တိုး"

သူ ရင်ထဲနင့်သွား၏။ ခေါင်းညိတ်လိုက်သည့်တိုင် ဆို့ဆို့နင့်နင့်ခံစားနေရလေသည်။ ဖေဖေသည် တစ်ချိန်က အရာရှိဖြစ်သော်ငြား ယခုမူ ပင်စင်စားဖြစ်၏။ သားအဖနှစ်ယောက်၏လခလေးနှင့် ဘဝကို ရိုးရှင်းစွာဖြတ်သန်းနေကြရ၏။ မေမေသည် အမျိုးအင်အားတောင့်တင်းသည်ဆိုငြား နေရာဒေသတို့က အလှမ်းကွာလှ၏။ တစ်ခါတစ်ရံမှမြင်ရသော ဦးလေး၊ ဒေါ်ဒေါ်တို့သည် တိုးကိုချစ်သည်မှန်ငြား သူတို့လည်း အချစ်သာပေးနိုင်ကြသူများဖြစ်လေသည်။

တိုးတို့မိသားစုသည် အခြေမချို့ငဲ့သည့်တိုင် သူရ၏မေမေမျှော်လင့်ထားသောခနဥစ္စာကြွယ်ဝသူများတော့ ဖြစ်မလာနိုင်ကြပါချေ။ တိုးတို့တွင် မေတ္တာသည်သာ အသိုက်မြိုက်ဆုံးတည်ရှိ၏။ သူတို့သုံးဦး၏ရင်သည် စင်ကြယ်ခြင်းပြယုဂ်မှတစ်ပါး အခြားအရောင်အသွေးမရှိပါချေ။

တိုး၏ရင်တွင်းအခြေအနေကို သူရ ရိပ်မိငြား ချစ်သူကိုစိတ်ဒုက္ခမပေးလိုပြီ။ ဆက်၍မမေးတော့ပြီ။ သူတို့နှစ်ဦးသည် တိမ်တောက်ချိန်အလှကို ယခုကဲ့သို့ ညနေတိုင်း တနင့်တပိုးကြည့်ရှုခံစားလေ့ရှိကြ၏။ ခရုညိုတို့ပျော်ရာ မြစ်ကမ်းစပ်၊ ခပ်ဝေးဝေးမှ ဓနိပင်တန်း စိမ်းစိမ်းများ၊ တစ်ခါတစ်ရံ ထထပ္ပက်သည့် ငါးပုံလေးများ၏မြူးထူးသံ၊ ညင်းလေပြည် တငြိမ့်ငြိမ့်ကိုဖြင့် တန်ဆာဆင်ထားသောအနီသက်ဝင် ပန်းချီကားချပ်လေးကိုကြည့်လေတိုင်း ရင်မှာသံယောဇဉ်ကြိုးတို့က တိုး၍ခိုင်ကာ မြဲမြဲစေရန်နှောင်ဖွဲ့လာတတ်၏။ အထူးသဖြင့် မိုးဦးနုနု၏ဆည်းဆာရီလှလှကိုတိုးက 'မိုးနုဆည်းဆာ'ပန်းချီကားလေးဟု နာမည်တပ်ထားပါလေ၏။

"ဆာကြရောပေါ့၊ မေမေ ထမင်းအသင့်ပြင်ထားတယ်၊ စားကြရအောင်လေကွယ်၊ သား သူရလာ သား"

အိမ်ဝသို့ရောက်တိုင်း မေမေ၏ပြုံးချိုသောမျက်နှာကိုမြင်ရ၏။ ကြည်လင်အေးချမ်းသောအသံကိုကြားရ၏။

တိမ်တောက်ချိန်၏အရောင်သည် အိမ်ကလေးရှေ့မြေကွက်လပ်သို့ ထိုးကျနေ၏။ မြေကြီးသည် နီရဲနေ၏။ အုန်းလက်များ၊ ရွှန်းရွှန်းစိုစိုတောက်ပမှုသည် သူတို့၏နောက်ခံမှ တဒင်္ဂတိမ်တောက်ချိန်၏ ပုံပိုးမှုကြောင့်ပင် ဖြစ်ပြန်တော့၏။ ကြည့်ပါ့။ အပြာနုတွင် လိမ်မွှာနေ၏။ ရွှေဝါရောင်အဆုပ်အဆုပ်တိမ်စိုင်တို့က ရောင်စဉ်ဖြာဖြာလက်ကာ နေမင်းရှေ့ဝယ် ကပြအသုံးတော်ခံနေကြ၏။ အိပ်ခါနီးနေလုံးနီနီအတွက် အိပ်ရာဝင်ကကြိုးများပေလောဟု တိုးက တွေးလေသည်။

ငါးဖယ်အောင်း ငါးပိကောင်ကြော်ကြီးများက ဆီဝင်နေသဖြင့် အိစက်နေ၏။ ငါး၏ဗိုက်သားကိုကြိုက်သောတိုးအတွက် မေမေက အဆီခဲကို ထွင်ပေး၏။

"ရပါတယ်မေမေ"

ငါးပိရည်မွှေးမွှေးကမူ တိုးကို အစွဲဆောင်နိုင်ဆုံးဖြစ်သလို သူရအတွက်လည်း မက်မောသည့်အရာဖြစ်နေပြန်၏။

မျှစ်နုနုကိုပြုတ်ထား၏။ တညင်းသီးပြုတ်စေးစေးလေးကလည်း ငါးပိရည်စပ်စပ်နှင့်ယှဉ်တွဲသော်အွေမျိုးမေ့ချင်စရာဖြစ်ရ၏။ ငါးခူကို စပါးလင်နှင့်မွှေထားသောဟင်းမှာ ဆီပြန်ကာ သင်းပျံ့နေသကဲ့သို့ ပုစွန်ဆိတ်ထုပ်ဖြင့်ချက်ထားသည့် ချဉ်ပေါင်ဟင်းမှာလည်း ငရုတ်သီးစိမ်းလေးများ ထိုးထိုးထောင်ထောင်ဖြင့် ရှုတိုင်းယဉ်ကာ မွှေးပျံ့နေတော့၏။

"ဒေါ်ဒေါ်က လက်ရာကောင်းလိုက်တာနော်" ဟု သူရက စားရင်းသောက်ရင်း ချီးကျူးနေ၏။ သူသည် မေမေ့ကို မိခင်လိုခင်တွယ်သည်မို့ မေမေကျေးလျှင် မငြင်းပေ။ မေမေကလည်း သားရင်းလိုချစ်သည်မှန်၏။ သို့တိုင် မေမေသည် ကလေးတို့၏အနာဂတ်အရေးကိုကား မတွေးမိစေရန် တမင်တကာပင်ရှောင်ထွက်နေတတ်၏။ မေမေသည် ကိုယ့်စိတ်ကိုကိုယ်ချုပ်တည်းရင်း၊ တစ်ဖန် လိမ်ညာရင်း ရင်နင့်နေလေ၏။

သူရကို နိုင်ငံခြားပို့တော့မှာဟုပြောသွားသည့် သူရမေမေ၏စကားကို ရင်ထဲတွင်သာမျိုချရင်း ပူလောင်နေရ၏။ ပျော်ရွှင်နေကြသည့်ကလေးများကိုကား ပြောမထွက်ပါချေ။ ဒေါ်ခင်ခင်သိန်း၏ ခြိမ်းခြောက်စကားတစ်ရပ်သာဖြစ်ပါစေဟုလည်း သူ့အစဉ်အမြဲဆုတောင်းနေရ၏။ သမီးနာကျင်လျှင် အမေလည်း နာကျင်မည်သာ။ ဤသမီးလေး၏အပြစ်ကင်းသည့်ချစ်ခြင်းဝယ် မည်သည့်ပယောဂမျှ မကပ်ငြိစေလိုပါ။ သူတို့လေးတွေဘဝသာယာကြပါစေဟူသောဆန္ဒသည်သာ အပြင်းထန်ဆုံးဖြစ်တော့၏။

ပညာရှိများပေမို့ အမျက်ကို အပြင်မထုတ်လေသည်လား မသိ။ ခက်ထန်ဟန်၊ ရန်လိုဟန်မပြဘဲနှင့် သမီးလေးသည် သူ့သားအတွက် အဆင့်မမီကြောင်း ဖော်ပြသည့်ဝါကျရပ်များကိုမူ သွယ်ဝိုက်၍ ထုတ်လွှင့်နေတတ်ပါသည်။

အသက်သခင်ဟူသောအသိဖြင့် နဂိုကပင်ရန်မလိုတတ်သောဖခင်ဖြစ်သူသည် သမီးအတွက် ခေါင်းငုံ့ခံနေပါသည်။ မည်သို့မျှ ပြန်လည်မချေပ၊ ခွန်းတုံ့မပြန်သည့်တိုင် ရင်ထဲမှာမူ မှန်တိုင်းတိုက်၍နေပါသည်။ ဤသည်ကို ကလေးတို့သိပါအံ့လော။

အပြစ်ကင်းသည့် နုနုနယ်နယ်အသည်းနှလုံးလေးများကို မပင်ပန်းစေလိုခြင်းကြောင့် မေမေသည် ဟန်ဆောင်ပြုံးရင်းဖြင့် သူတို့ရှေ့က ရပ်တည်ပေး၍နေပါသည်။

× × ×

စုဘော့လည်း ထောင်ကုန်းထိပ်က ထီးထီးမားမားအိမ်နီကြီးဝယ် သူ့တို့မရှိကြတော့ပါပြီ။

တိုနေ့က မြစ်ရေဝယ် လှိုင်းဂယက်တို့က ယခင်လို မမြူး၊ ငြိမ်သက်၍နေ၏။ "မကြာခင်ပြန်လာခဲ့မယ်"ဟုပြောရင်း တိုး၏လက်ကလေးကိုဆုပ်ကိုင်ကာ အားပေးခဲ့သူသည် မော်တော်ပေါ်သို့ရောက်သည့်တိုင် ပြုံးပြနှုတ်ဆက်နေဆဲ။ နှုတ်ခမ်းပါးနှင့်ပါးချိုင့်လေးကို မြင်သာအောင်ပြုံ၍ မနောချင်းတောက်ရိုက်ပြနေဆဲဝယ် နေလုံးနီနီသည် အနောက်ကျွန်းသို့ စောစောဝင်ရှာ၏။ ဆည်းဆာသည် ပီပြင်ရာမှ ပို၍ပြတ်သားကာ၊ ပြတ်သားရာမှ တစ်ဖန်မှိန်ဖျော့ခြင်းကို အားအင်စိုက်ထုတ်ရင်း မဟူရာဝတ်ရုံရှည်ကို မက်မောစွာဖြင့် ခြုံလွှမ်းဆင်မြန်းလျက် ကမ္ဘာကြီးကို ကျောခိုင်းလိုက်တော့၏။

မိုးနနဆည်းဆာရီရီဝယ် အပီအပြင်ပင် မငိုကြွေးဝံ့ရှာသည့်မိန်းမငယ်လေးသည် မြစ်ကမ်းစပ်တွင် ထီးတည်းကျန်ရစ်၏။ ကမ်းနားတစ်လျှောက်တွင် ဖူးပွင့်တတ်သောပိစပ်ပင်က ပန်းဝါဝါလေးများကိုပင် စာဖွဲ့တတ်သည့် မိန်းကလေး၏ရင်ဝယ်ကား ကဗျာတို့၊ စာတို့ ပျောက်ဆုံးခဲ့ပါချေပြီ။

လုပ်ငန်းကိစ္စအတွက် မြို့ကိုသွားခြင်းဟုသာ သူရပြောသွား၏။ မကြာခင် ပြန်လာမည်ဆို၏။ သို့တိုင် သူရကိုယ်တိုင်ပင်မသိသည့်အကြောင်းအရာတစ်ခုကား ကောန်စင်စစ်ရှိနေပြန်ပါ၏။ ထိုအကြောင်းအရာကို တိုး၏မေမေသိ၏။ မျက်ရည်ထဲတွင်မွှက်ထားသောအကြောင်းအရာကို သူ့နှုတ်က ဖွင့်မပြောရက်ပါ။ တိုးသိလျှင် သားဖြစ်သူလည်းသိမည်။ ဤတွင်မိဘကို ကတောက်ကဆတ်လုပ်နိုင်သည်ဟူသောအတွေးဖြင့် ဒေါ်ခင်ခင်သိန်းသည် တိုး၏အမေကို နှုတ်ပိတ်ခဲ့ပါလေသည်။

ထွက်ခွာသွားပြီး တစ်ပတ်ခန့်ကြာသော်မှ တိုးထံသို့ စာလေးတစ်စောင်ရောက်ရှိလာလေသည်။ ကြေကွဲစွာညှိုးချုံးနေသည့် တိုး၏အသွင်သဏ္ဌာန်မှာ

ရေမရသောပန်းပင်လေးနှင့်တူရာမှ တစ်ဖန် ရုတ်ခြည်း မင် မိုးရေရသည့်ပိန်းရွက်ကလေးနယ် အသက်ဝင်၍ လာရှာ၏။ မှော်ဆရာ၏စေစားချက်ဖြင့် အသက်ဝင်လာသည့်မင်းသမီးရုပ်ကလေးပမာ အပြုံးအရယ်ကို ပြန်လည်ဖြစ်ထွန်းလာခဲ့လေသည်။

လက်ကိုင်ဖုန်းတို့ပေါ်ခါစ တတ်နိုင်သူတို့သုံးစွဲနေနိုင်သည့်အချိန်တွင် ဖုန်းကတ်တစ်ကတ်လျှင် ငါးသိန်းကို တိုးကဲ့သို့သောဆရာမလေးက မတတ်နိုင်ရှာပါ။ အိမ်နီးချင်းအိမ်၏ဖုန်းနံပါတ်ကို သူရထံပေးထားခြင်းဖြင့် သူဆက်လျှင် သွားရောက်နားထောင်ရပါသည်။

"မေမေရေ သူရက ပြောတယ်၊ သူ အစုရှန်ကုန်မှာတဲ့"

"မေမေရေ သူရကလေ မေမေ့ကိုမေးတယ်၊ ဖေဖေ့ကိုလဲ မေးတယ်"

"မေမေ သူရကလေ မေမေချက်တဲ့ဟင်းတွေ လွမ်းလို့တဲ့"

"မေမေရေ သူရကလေ သမီးကို ဆရာလုပ်ပုံကကလေးတွေကိုကြင်နာပါနော်တဲ့"



တိုးသည် သူရနှင့်ဖုန်းအဆက်အသွယ်ရပြီးတိုင်း ချစ်မေမေထံသို့ မခြွင်းမချန်ဖွင့်ဟပြောပြတတ်၏။ ပါးမို့မို့တွင် သနပ်ခါးဘီးစင်းကြောင်းလေးဖြင့်၊ ပန်းနုရောင်ပြေပြေဆိုးထားသောနှုတ်ခမ်းငုံလေးဖြင့် သဘောကောင်းသည့်မေ့သမီးငယ်သည် အချစ်ကံလည်းကောင်းပါစေသားဟု မေမေက ဆုတောင်းရှာ၏။

သူသည် ကျောင်းသို့စက်ဘီးလေးဖြင့် သွား၏။ ကျောင်းကပြန်လာလေတိုင်း တပည့်လေးများ၏ လက်ဆောင်ပန်းတို့ကို ဆံထုံးငယ်ငယ်လေးတွင် ဝေနေအောင် ပန်ဆင်ထား၏။ တစ်ခါတစ်ရံဝယ် သူသည် ကျောင်းပြန်နောက်ကျတတ်၏။

"ဘယ်တွေဝင်နေလို့လဲ သမီးရယ်"

တိုးသည် နူးနူးညံ့ညံ့ပြုံးရင်း –

"မေမေ သမီးလေ၊ အိမ်နီကြီးကို သွားကြည့်တာ၊ အဲဒီဘက်က စက်ဘီးစီးပြီးတော့ ပြန်လာတာမေမေ"

"သမီးရယ် ဘယ်သူမှမရှိတာကိုကွယ်"

"သမီးလွမ်းလို့ပါမေမေရယ်"ဟု ပြောရှာလေသည်။ ရုတ်ခြည်းထွက်သွားသည့်မိသားစု၊ အိမ်နီကြီး၏ခြံဝင်းအတွင်းဘက်နှင့် အိမ်တံခါးအပြင်ဘက်ဝယ် ကြီးမားသောသော့ခလောက်ကြီးများက ယက္ခကုမ္ဘဏ်ကဲ့သို့ စောင့်ကြပ်နေကြပုံပါတည်း။

"လူချမ်းသာတွေမို့ ဒီတစ်အိမ်ပိတ်ထားလဲ နေစရာတွေပြည့်လို့ကိုးသမီးရယ်"ဟု မေမေကပြောပါသည်။ ထိုနေ့က ဆည်းဆာရီဝယ် သမီးကိုဖက်ရင်း မေမေသည် မျက်ရည်ကျရှာ၏။ မိုးကြောင့် စွတ်စိုနေသော လမ်းကွေးလမ်းဝိုက်ဝယ် စက်ဘီးနင်းရင်း၊ နံဘေးက စိမ်းရင့်ရင့်ပင်ရှည်ပင်မြင့်များကိုမော့ငေးရင်း အိမ်နီကြီးကိုအာရုံကပ်ကာ လွမ်းဆွတ်နာကျင်နေရှာသည့် သမီးလေးကို အဖေမဲ့နားလှပါသည်။ သို့နှင့် ဖုန်းကတ်တို့ ဈေးသက်သာစွာဝယ်ယူရချိန်တွင်မှ တိုး၏ဖေဖေသည် သမီးအတွက် တန်ဖိုးသင့်ဖုန်းလေး

ဆစ်လုံးကို တိုး၏မွေးနေ့တွင် မှတ်မှတ်ရရဝယ်ပေးခဲ့လေပြီ။

"ဝမ်းသာလိုက်တာမေမေရယ်"

တိုးသည် ကလေးငယ်အသွင် ပျော်ရွှင်၍သွား၏။ မေမေသည် အိမ်တွင် အမြဲအစဉ်မနေ။ မြို့ပေါ်သို့ သွား၏။ အိမ်သို့ပြန်လာ၏။ မိတ်ဆွေနှင့် အစုစပ်ပါထားသောလုပ်ငန်းတစ်ခုမှ တစ်ခါတစ်ရံဝယ် ငွေဝင်လေတိုင်း မိသားစုအတွက် လိုအပ်ချက်ကို ဖြည့်ဆည်းပေးတတ်မြဲသာ။

သည်တော့လည်း ယနေ့ အင်တာနက်ခေတ်၏ အောင်မြင်မှုက တိုးနှင့်တိုးချစ်သူ၏သံယောဇဉ်ကြိုးလေးနှစ်မျှင်ကို ငွေရောင်သုတ်လိမ်းပေး၍ နိုင်မြဲအောင် ခွန်အားဗလသွင်းပေးသည့်နယ်ဖြစ်ပြန်၏။ မမြင်မတွေ့ရရက်ကြာသည့်တိုင် ဤဆက်သွယ်ရေးလမ်းကြောင်းလေးမှတစ်ဆင့် ချစ်သူ၏မျက်နှာကိုမြင်နိုင်၏။ ချစ်သူ၏အသံကိုကြားနိုင်၏။ တစ်ဖန် ချစ်သူရေးသောစာကို ဖတ်နိုင်လေ၏တည်း။

သစ်ရွက်ရင့်တို့သိပ်သည်းထူထပ်သည့် ဆောင်းဦးကာလတစ်ခုမှာမူ သူရသည် မိခင်ဖခင်တို့၏ဆန္ဒသဘောကိုမလွန်ဆန်နိုင်သည့်အလျောက် သူ့အစ်ကိုဝမ်းကွဲတစ်ယောက်ရှိသည့် ထိုင်းနိုင်ငံသို့သွားရောက်ခဲ့ရ၏။ ငွေခင်သည့်မိခင်ကြောင့် သူကြိုးစားရပါဦးမည်။ အမိနိုင်ငံထက် တစ်ဖက်နိုင်ငံကဝင်ငွေပိုကောင်းသည်မို့ ပညာတတ်သည်နှင့်အမျှ အရာရာသွက်လက်ချက်ချာ ဉာဏ်ကောင်းသည့် သူရကဲ့သို့သောလူငယ်လေးသည် ဘယ်ဒေသပင်ရောက်ရောက်အဆင်ပြေ၏။ မသွားလျှင် အိမ်ထောင်ချပေးမည်ဟူသောစီမံချက်ဝယ်သူသည် ရင်နာနာဖြင့်ထွက်ခွာပေးခဲ့ရခြင်းပါ။ မိခင်ဖြစ်သူကလည်း အနီးအညတာရမိန်းကလေးနှင့်ဆေးလျှင်တော်ပါပြီဟု သဘောပိုက်လေသလားမသိ။ သို့သော် သူတို့နှစ်ဦး အဆက်အသွယ်မပြတ်ခဲ့ကြပါ။ အချစ်ဟူသည့်အရာကား နီး၊ ဝေး၊ စိမ်း၊ ကျက်မရှိဟုဆိုလေသည်မဟုတ်ပါလား။

"တိုးကို လွမ်းတယ်၊ တိုးရဲ့မေမေကိုလဲပြောပေးပါ၊ ကို ဒီတစ်ခေါက်ပြန်လာရင် ထမင်းဖိတ်ကျွေးပါအုံးလို့နော်"

ညစဉ် အင်တာနက်လိုင်းတို့ကောင်းချိန် သူတို့ဖုန်းလေးများက မီးစိမ်းလေးကိုယ်စီလင်းကာ တီတီတာတာတွတ်ထိုးလျက် ရယ်ရွှင်မြူးထူးကြရပါလေသည်။ ဓာတ်ပုံလေးများပို့ပေးသဖြင့် တိုးအလွမ်းပြေရပါ၏။ တိုးကမူ အမှတ်တရအနေဖြင့် သူတို့နေခဲ့သည့် အိမ်နီကြီးကို ဓာတ်ပုံရိုက်ပို့၏။

နံဘေးက ရှုက်စိမ်းပင်တို့ အုပ်ဆိုင်းနေသောလမ်းဖြူးဖြူးလေးက ချစ်စဖွယ်ပိုက်၍ငေ့၍နေ၏။ အတက်လမ်းလေးကိုကြိုးစား၍လျှောက်ပါသော် ချစ်သူတို့နေခဲ့ဖူးသော၊ ရေကြီးစဉ် မှန်တိုင်းကာလက မိသားစုခိုလှုံခဲ့ဖူးသောအိမ်နီကြီးကို ရောက်ပါလိမ့်မည်။

ကုန်းထိပ်မို့မို့ဝယ် သူတို့မိသားစု၏အသက်တည်ခဲ့၏။ ရှင်သန်ခဲ့၏။ အသက်သခင်ကျေးဇူးရှင်များ၏သားကိုမှ တိုးက ဘယ်အတွက် မေတ္တာသက်ဝင်ရပါဘိသနည်း။ တွေးလေတိုင်း စိတ်နွမ်းကာ ကိုယ်ခန္ဓာပန်းလျသည့်တိုင် သူသည် မိမိကိုယ်ကိုသာ အပြစ်တင်နေလေ့ရှိ၏။ ကြွယ်ဝိုးကြွယ်ဝမဟုတ်သည့် မိန်းကလေးမို့ မိဘက မကြည်ဖြူနိုင်သည်ကို သူနားလည်ခွင့်လွှတ်နိုင်ငြား ချစ်ခြင်း၏ကြိုးကိုတော့မူ မရစ်ပတ်ပါနှင့်ဟု မတားဆီးနိုင်ခဲ့ပါ။ ဖြတ်တောက်ရန် ကြိုးစားနေဆဲမှာပင် စကြဝဠာတောင်ထုမကတိုင် သံယောဇဉ်ကြိုးတို့က နှောင်ဖွဲ့ပြီး၍နေခဲ့ပါလေပြီ။ ဘဝအဆက်ဆက်က ဆုံခဲ့လေသလား၊ ကြုံလာခဲ့လေသလားမသိ။ မြင်လျှင်မြင်ချင်းပင် သူတို့နှစ်ဦး၏ စိတ်အာရုံက ညီတူညာတူပွင့်လန်းခဲ့သည်မဟုတ်ပါလော။

ခုတော့လည်း ဤမြူအချိန်ကိုလေးအတွင်းမှာပင် တိုး၏ချစ်သူသည် ထိုင်းနိုင်ငံမှတစ်ဖန် တရုတ်နိုင်ငံသို့အလုပ်လုပ်ရန် ရောက်ရှိသွားခဲ့ရပြန်ပါပြီ။ လုပ်ငန်းကြီးသည်နှင့်အမျှ ပင်ပန်းရာမည်ဖြစ်သော

သားဖြစ်သူ၏ကျန်းမာရေးကို သူမမေမေ မတွေးလေသလောမသိပါ။

တိုး၏မေမေနှင့် ပုသိမ်မြို့ပေါ်တွင် တစ်ခေါက်တွေ့သည်ဆို၏။ ရန်ကုန်မှာ နေကိုင်ကြောင်းပြော၏။ သားဖြစ်သူ သူရ၏လိမ္မာသိတတ်ပုံများကိုပြော၏။ ငွေရှာနိုင်စွမ်းကိုကြွား၏။ ပြန်လာလျှင် အိမ်ထောင်ချပေးရန် စီစဉ်ထားကြောင်းများကိုပါပြောသည်မို့ ဤစကားတို့မှာ တိုးဆီသို့ တိုက်ရိုက်ထုတ်လွှင့်ပေးလိုက်ခြင်းပင်ဖြစ်ပါ၏။ ရင်ထဲနှင့်မိပြား သူရ၏အချစ်တွင် ယုံစားနိုင်မာလေသည့်တိုး၏အသည်းနှလုံးကမူ တုန်လှုပ်မှုမရှိပါချေ။ ချစ်သူနှစ်ဦးတို့သည် အချင်းချင်း မပေါင်းဆုံရလျှင်သော်မှ အခြားအခြားသောမည်သူနှင့်မျှ သူတို့မပေါင်းဖက်ပါကြောင်း သစ္စာကတိပြုထားကြသည်ပင်မဟုတ်ပါလော။

တိုညက မိုးကောင်းကင်ကိုမော့အကြည့်တွင် တဖျပ်ဖျပ်တလက်လက်ကြယ်လေးများမှာ ကြေတော့မည်လိုလို မခိုင့်တခိုင် ကယိမ်းကယိုင်ဟု တိုးက ထင်လေသည်။ မှုအိုက်လှသောနွေညသည် လေပြည်နှင့်သာ မိတ်ဖွဲ့မထားပါက ရေခဲန်းသာဖြစ်ချိမ့်မည်တည်း။

ငင်းနွေညတို့သည် တိုး၏ကမ္ဘာကို ထိုးနက်သတ်ဖြတ်မည်မှန်းသာသိပါလျှင် သူသည် ကောင်းကင်ကိုကြည့်မိမည်မဟုတ်ပါ။ လွန်စွာရက်စက်သော အသက်ရှုလမ်းကြောင်းဆိုင်ရာ COVID–19 ရောဂါကြီး တရုတ်နိုင်ငံတွင်ဖြစ်ပြီဟုသိရစဉ်က တဒင်္ဂသာရှိသေး၏။ သူရနှင့်တွဲဖက်အလုပ်လုပ်သောအစ်ကိုဖြစ်သူ ရောဂါကူးစက်ခံနေရပြီဖြစ်ကြောင်း အင်တာနက်မှတစ်ဆင့် သူပြောလေသည်။

တိုး၏အချိန်များတို့သည် ဘုရားခန်းတွင်သာကင်းပြည့်ကျပ်ပြည့်ဖြစ်လာတော့၏။ မိမိကိုမြန်မာပြည်ဝယ် ဤရောဂါရောက်ရှိမလာသေး၍ တော်ပါသေးရဲ့ဟုထင်နေဆဲမှာပင် မထင်မှတ်ဘဲ ပိုးတွေ့သည့်လူနာများပေါ်ပေါက်၍လာလေပြီ။

"အမြန်ပြန်ခဲ့ပါကိုရယ်"ဟု သူ၏ အထပ်ထပ်မှာကြားသံမှာ ဖုန်းလေးထဲဝယ် အပြည့်ဖြစ်နေ၏။ ကျန်းမာရေးကို ဂရုစိုက်ပါဟူသော မှာကြားသံသည်လည်း လျှံကျွက်နေတော့၏။ သို့သော် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကူးသန်းခွင့်မရတော့။ သွားလာခွင့်များ ပိတ်ထားလိုက်ပြီမို့ တိုးသည် ဘာများတတ်နိုင်ပါအံ့နည်း။ တိုးသည် ဆုတောင်းရုံအပြင် မတတ်နိုင်ခဲ့။ သူ၏ကမ္ဘာသည် မှောင်မိုက်၍နေတော့၏။ ဟင်းလင်းပြင် အဇဋာဝယ် ကြယ်စင်မတွေ့၊ လမင်းလည်း မမြင်ပါချေပြီ။

× × ×

"မေမေရေ အိပ်မက်ထဲမှာ သူရပြန်လာတယ် မေမေ၊ သူက တိုးနဲ့မေမေ့ဖို့ လက်ဆောင်တွေဝယ်လာလိုက်တာလဲ တစ်ပွေ့တစ်ပိုက်ပါပဲမေမေရယ်"

ညှိုးချုံးနေသောသမီးလေးက ပြုံး၍ရယ်၍ပြော၏။ သို့သော် ဟန်ဆောင်ပြုံးမှန်း မေမေက သိ၍နေပါ၏။ အိပ်ရေးပျက်ခြင်းဒုက္ခသည် တိုးကို ဖိစီးခဲ့၏။ သူရသည် ဖမ်းကွဲအစ်ကိုဆုံးရှာပြီဟု အကြောင်းကြားခြင်းကို တိုး၏ဖုန်းသို့သတင်းပို့ပြီးနောက် အဆက်အသွယ်ပြတ်တောက်ခဲ့လေသည်။

ညရောက်လေတိုင်း ဖုန်းကိုဖွင့်ကာ သူရ၏အကောင့်မှမီးလင်းလာမည်ကိုစောင့်နေသော တိုးသည် ငြိမ်သက်လျက် သစ်သားရုပ်ကလေးတစ်ရုပ်နှင့်တူလှစွာတော့၏။ သူတို့စကားပြောနေကျအချိန်ရောက်လေတိုင်း ရင်တို့တဒိန်းဒိန်းခုန်ကာ စောင့်မျှော်ပါသော်လည်း မည်သည့်အဆက်အသွယ်မျှဝင်ရောက်လာခြင်းမရှိပါလေပြီ။

ကျောင်းပိတ်ရက်များကြောင့်လည်း ပို၍အထီးကျန်ရ၏။ ချစ်သူ၏အငွေ့အသက်ပျောက်ဆုံးနေခြင်းကလည်း ကမ္ဘာသောကစ်ခုနယ်ဖြစ်ရပြန်လေပြီ။ သူစက်ဘီးလေးကို ပြင်းပြင်းနင်းကာ အိမ်နီးကြီးဘက်သို့ သွားကြည့်၏။ ပြန်ရောက်နေလေသလား၊ ငါ့ကိုအံ့သြအောင်လုပ်ဖို့ ကြံစည်နေတာလားစသည်ဖြင့်တွေး၏။

သို့သော် သေဒ္ဓခလောက်ကြီး၏ မျက်နှာထားတင်းတင်းကိုသာ သူတွေ့ရပါလေသည်။ သူရသာမက သူ၏ အိမ်သူအိမ်သားတို့လည်း တစ်ဦးတစ်ယောက်မျှမလာရောက်ပါလေကော့။

"မေမေ"

အဆက်အသွယ်ပြတ်၍ ဆယ်ရက်ခန့်အကြာတွင်ကား တိုးသည် အိပ်ရာထဲလဲလျောင်းရင်း ငြိမ်သက်လျက်သာရှိနေတော့၏။ တင်းထားသမျှအားအင်တို့လည်း သံပတ်လျော့ကုန်ကြပါပြီ။

ထိုနေ့နံနက်က မေမေဖုန်းပြောနေသည်ကို တိုးအိပ်ရာထဲမှ သဲ့သဲ့ကြားရ၏။ သဲသဲကွဲကွဲကားမဟုတ်။ မေမေက "အင်း"ဟုသာလိုက်နေသဖြင့် ဘာမှန်းမသိ။ "တိုး မသိစေရပါဘူး၊ စိတ်ချပါ"ဟူသော ခပ်တုန်တုန်အသံလေးကိုမူ သူမှတ်မိလိုက်၏။

"မေမေ ဘယ်က ဖုန်းလဲဟင်"

သူသည် အားတင်း၍မေး၏။

"သမီး ဦးလေးပါ၊ မောင်မှန်းအုံ့ဆက်တာ"

"ဦးလေးက ဘာတဲ့လဲမေမေ"

မေမေက ရုတ်တရက်မဖြေပေ။ တိုးကို ကျောခိုင်း၍ ပြတင်းတံခါးနားဝယ်ရပ်၏။ အပြင်ဘက်မှ ကိုင်းထိုးနေသောရှောက်ပင်မှရှောက်ရွက်နုလေးများကို လှမ်းခူးရင်း အလုပ်များနေ၏။

"ရှောက်ရွက်က သမီးနဲ့တည့်တယ်"

"ဦးလေး မှန်းက ဘာတဲ့လဲမေမေ"

"မာကြောင်းသာကြောင်းပါသမီးရယ်၊ သူလဲမအားလို့ မလာနိုင်တာ၊ ကျန်းမာရေးဂရုစိုက်ကြဖို့ပြောတာပါကွယ်"

"တိုးမသိစေရပါဘူး"ဟု မေမေ ကတိခံနေသည့်ကိစ္စကိုမူ တိုးသည် ဇွတ်မမေးရဲပါချေ။ သူ မကြားချင်မကြားရက်သည့်အကြောင်းအရာသာ ဆိုပါက . . .။

မေမေသည် တိုးကိုမျှ့ဖက်၍ ရင်ငွေ့ဖြင့်ထွေးထား၏။

"သမီးလေး ကိုယ်တွေပူနေပါလား"

"မေမေ"

တိုးသည် မေမေ့ကိုမော့ကြည့်၏။ မေမေ့မျက်နှာသည် ညှိုးလျှနေ၏။ သို့သော် မေမေသည်ပြုံးနေ၏။


တိုးရှိုက်၍ရှိုက်၍ ငိုရှာလေသည်။ လေရူးသည်သွပ်ချပ်တို့ကို အသံမြည်အောင်တိုက်၏။ သူ့ကို တိုးကမုန်းပါသည်။ လေပြင်းသည် တိုးကို ချစ်သူနှင့်တွေ့စေ၏။ ယခုတစ်ဖန်လည်း ချစ်သူနှင့်ကွဲစေရန် ဘယ်ပုံဖန်တီးဦးမည်မသိတတ်နိုင်ပါ။

လှိုင်းသံသည် မနီးမဝေးမှကျီစယ်နေ၏။ လှိုင်းရှိရာသို့ သူသည် အရောက်မသွားလိုပေ။ လှိုင်းခေါင်းဖြူအလှအပနှင့် နံ့စပ်မှရေညှိကြီးတို့သည် သူ၏ဟဒယကို ယခင်ကကဲ့သို့ ဆွဲဆောင်ခြင်းငှာမစွမ်းနိုင်တော့။ လှသောရှုခင်း၊ အေးမြသည့်လေပြည်၊ တင့်တယ်သောရောင်စုံတိမ်တောက်ချိန်တို့ကိုကြိုက်နှစ်သက်ခဲ့သည့်အနီမိန်းကလေး၏ သန္တာနံဝယ် အမြိုက်တရားတို့ပျောက်ဆုံးခဲ့သည်က နေကွယ်သလို၊ လကွယ်သလိုမို့ ဟင်းလင်းပြင်၏ လေဟာထုထဲဝယ် ဘာဆိုဘာမျှမရှိလေပြီကော။ အရာအားလုံးကား ခြောက်သွေ့တိတ်ဆိတ်၍နေလေပြီ။

သို့တစ်မူကား လှိုင်းသံဝေးဝေးကိုမူ တွေးတွေးဆဆ သူကြားနေခဲ့ပြန်ပါ၏။ မြစ်ရိုးနဒီဝယ် အမှောင်ဖုံးသည့်တိုင် လှိုင်းကမူ ရိုက်ဆဲ။ မိုးနှဆည်းဆာကားတက်သစ်ရန် အားယူနေဆဲဟု သူထင်၏။

အို . . . ဆည်းဆာအလှ၊ ဖြစ်နိုင်ပါလျှင်သင်၏အလှကိုတတ်နိုင်စွမ်းသရွေ့ထိန်းသိမ်းထားပါလေဟု မိန်းကလေးက တောင်းပန်ရှာလေသည်။ ။

**ကုမုဒြာ**



(၁)

၁၉၇၇ ခုနှစ်၊ နိုဝင်ဘာလနှင်းတို့ဝေနေသော စစ်မြေ၏ နေ့ရက်များဖြစ်ပါသည်။ မြန်မာပြည်အရှေ့မြောက်ဒေသ၊ သံလွင်မြစ်အရှေ့ခြမ်းတွင် ဗကပ (ဗမာပြည်ကွန်မြူနစ်ပါတီ)သည် နယ်မြေသိမ်းတိုက်ပွဲကြီးများ ဆင်နွှဲနေချိန်လည်းဖြစ်သည်။ ထို့ကြောင့် တပ်မတော်သည် မိမိပိုင်နယ်မြေဒေသကို တရားသောစစ်ဖြင့် မဆုတ်မနစ်ကာကွယ်တိုက်ခိုက်နေရသည်။



ရသစုံမဂ္ဂဇင်း
<ဝတ္ထုတို>

အဆိုပါတိုက်ပွဲကြီးများအနက် 'ဝ'နယ်မြေ ဟိုပန်ဒေသ၊ ခြူးရွှေတိုက်ပွဲသည် စစ်သားကောင်းတို့ အမေ၏ သားစစ်သည်တို့ အနိုင်မခံ၊ အရှုံးမပေးသော သတ္တိသွေးကို့ကို ကမ္ဘည်းမှတ်ကမ်းတင်ခဲ့သောတိုက်ပွဲ လည်းဖြစ်ခဲ့ပါ၏။

မှောင်မည်းတိတ်ဆိတ်နေသော ဟိုပန်မြို့အစွန်ရှိ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း တစ်နေရာတွင်ဖြစ် သည်။

"ဒီညမှာ တို့တပ်ရင်းက ဗကပတွေသိမ်းပိုက် ထားတဲ့ ခြူးရွှေစခန်းကို ရအောင်ပြန်တိုက်ရမယ်၊ တပ်ခွဲလိုက် တစ်ခွဲပြီးတစ်ခွဲတက်မယ်၊ အရုဏ်ဦးမှာ တို့နိုင်ငံတော်ရဲ့အလံဝေဟင်မှာ လွှင့်ပျံနေရမယ်၊ တို့ တပ်မတော်ရဲ့ ရဲစွမ်းသတ္တိကိုပြရမယ်၊ ကဲ ဘာမေးရှင်း တာရှိလဲ"

တပ်ရင်းမှူး၏ စစ်ဆင်ရေးနှုတ်မိန့်ညွှန်ကြားချက် နှင့်အတူ ကျွန်တော်တို့တပ်ခွဲများသည် လူ၊ လက်နက် ခဲယမ်းများကအစ အသေးစိတ်စစ်ဆေးပြီးတိုက်ပွဲဝင် ရန် အသင့်ဖြစ်နေကြသည်။

"ရဲသွေး တပ်ရင်းပြန်နားတုန်းက ခွင့်တင်ပြီး မင်းအမေဆီသွားဖြစ်သေးလား"

ကျွန်တော်တို့တပ်စိတ် တိတ်ဆိတ်စွာစစ်ဆင်ရေး ပြင်ဆင်နေစဉ် တပ်စိတ်မှူးဖြစ်သူ တပ်ကြပ်ဝင်းမောင် က ကျွန်တော့်ကို တီးတိုးမေးသည်။

"ဟုတ်ကဲ့ ကျွန်တော့်အမေနေမကောင်းလို့ ခွင့်ယူပြီးပြန်ဖြစ်ပါတယ်ဆရာ"

"မင်းတို့အမေ အစုသက်သာသွားပြီလား၊ မင်း ညီမလေးကော တက္ကသိုလ်တက်ဖြစ်သေးလား"

ဆရာဝင်းမောင်သည် ကျွန်တော့်တပ်စိတ်မှူး ဖြစ်သည်။ ကျွန်တော်နှင့်ပတ်သက်ပြီး မိသားစု အကြောင်းသိနေ၍ မေးလိုက်ခြင်းဖြစ်သည်။

"အမေကတော့ သိပ်နေမကောင်းလှဘူး၊ ညီမ လေးကတော့ ဆယ်တန်းအောင်ပြီး အခု အမေနဲ့ ဈေးကူရောင်းပေးနေရတယ်ဆရာ"

ဆရာဝင်းမောင်သည် အိမ်ထောင်သည်တစ်ဦး ဖြစ်ပြီး ၎င်းတွင် သမီးတစ်ယောက်ရှိသည်။ ဇနီးဖြစ်သူ မှာ ရှမ်းအမျိုးသမီးဖြစ်ပြီး တပ်ထဲတွင် စားသောက်ဆိုင် လေးဖွင့်ထားသည်။ ကျွန်တော်တို့ရှေ့တန်းပြန်ဝင်လျှင် ဆရာဝင်းမောင်၏ဇနီးဒေါ်နန်းအေးဆိုင်တွင် ထမင်းစား ဖြစ်ကြသည်။ ဒေါ်နန်းအေး၏ ဝက်သားမုန်ညင်းချဉ် ကြော်နှင့်ခေါင်ရည်သည် ကျွန်တော်တို့အကြိုက်ဆုံး ရှမ်းအစားအစာများဖြစ်ပါသည်။

"ကဲ . . . ကဲ အိပ်တော့၊ အချိန်သိပ်မရှိတော့ ဘူး၊ တိုက်ပွဲအတွက် အားမွေးထားကြပေါ့"

ဆရာဝင်းမောင်စကားအဆုံး ကျွန်တော့်ကျောပိုး အိတ်အနီးတွင် စစ်စောင်ကျားလေးခြုံပြီး သေနတ်ပိုက် ကာ အိပ်လိုက်တော့သည်။ အိပ်မပျော်သဖြင့် စိတ်က အမေနှင့်ညီမလေးတို့ထံ ရောက်သွားသည်။ ကျွန်တော် တို့အဖေ တပ်မတော်သားကြီးနှင့်အတူ တပ်ထဲနေစဉ် ငယ်ငယ်ကဘဝကို အိပ်မက်ပမာပြန်လည်တမ်းတသတိရ နေမိပါတော့သည်။

(၂)

"ကဲ . . . သားတို့ လာကြ၊ နဝင်းချောင်းမှာ ရေချိုးသွားကြမယ်၊ မြန်မြန်လုပ်၊ ကျောင်းနောက်ကျ နေမယ်"

အမေသည် ကျွန်တော်တို့မောင်နှမနှစ်ယောက် ကို ရေချိုးရန်ခေါ်သည်။ နဝင်းချောင်းဆိုသည်မှာ ကျွန်တော်တို့တပ်အနီးက သဲချောင်းလေးဖြစ်သည်။

"ကဲ . . . သနပ်ခါးလိမ်းကြမယ်၊ ပြီးရင် အဆာပြေစားပြီး ကျောင်းသွားကြတော့၊ သားတို့ ကျောင်းဆင်းလာရင် ရေတော်ခင်းထဲလိုက်ခဲ့ကြ၊ အမေ စောင့်နေမယ်"

ကျွန်တော်တို့ ချဉ်ရည်ဟင်းနှင့် အဆာပြေ စားပြီး တပ်တွင်းမူလတန်းကျောင်းသို့ အချိန်မီသွားကြ သည်။ အမေကတော့ ဧရုတ်ခင်းများတွင် ကစ်နေ့ နှစ်ရာကျပ်ဖြင့် ဧရုတ်သီးခူးရသည်။

အဖေက တပ်မတော်သားတစ်ဦးဖြစ်သည်

နှင့်အညီ ရှေ့တန်းထွက်ရသည်။ ထိုအချိန်တွင် အမေက တပ်အနီးရှိ ဦးလေးတော်စပ်သူထံတွင် ငရုတ်သီးအခစားခူးပြီး အပိုဝင်ငွေရှာရသည်။ အမေ့လစာနှင့် သားသမီးနှစ်ယောက်စားဝတ်နေရေး ခက်ခဲပါသည်။

ကျွန်တော်တို့မောင်နှမကျောင်းဆင်းသည်နှင့် လွယ်အိတ်များအိမ်တိုင်ချိတ်ပြီး အမေရှိရာငရုတ်ခင်းထဲသို့ အပြေးသွားကြသည်။ ကိုင်းထဲတွင် ခရမ်းချဉ်၊ ငရုတ်ပင်၊ ချဉ်ပေါင်ပင်တို့ အစုံရှိသည်။ ကျွန်တော်တို့ ငရုတ်သီးအမှည့်များကိုခူးပြီး အမေ့ကိုကူညီပေးသည်။

အမေသည် ဖွံ့သတ္တိရှိသည်၊ မာနရှိသည်၊ ကိုယ်ချင်းစာတရားရှိသည်။ သားသမီးများနှင့်ပတ်သက်လျှင် ကြက်သားအုပ်မကြီးအလား မည်သည့်ရန်မျိုးမဆိုကာကွယ်ပေးသည်။

"ဟဲ့ – ငရုတ်သီးအမှည့်တွေပဲရွေးခူး၊ အသီးစိမ်းတွေမပါစေနဲ့၊ အကိုင်းတွေလဲ မကျိုးစေနဲ့၊ သူများပစ္စည်းတွေပျက်ကုန်မယ်"

တစ်နေ့တွင်ဖြစ်သည်။ ကျွန်တော်တို့ ငရုတ်သီးခူးနေစဉ် ညီမလေးမသီတာ၏ 'အမေ'ဟုအော်ခေါ်သံကြားသဖြင့် အမေသည် လေ၏လျင်မြန်မှုမျိုးဖြင့် သမီးအနား ရုတ်ခြည်းရောက်သွားသည်။

"ဟဲ့ . . . သမီးလေး ဘာဖြစ်လို့လဲ"

အမေ့အသံနှင့်ဟန်တွင် စိုးရိမ်ပူပန်မှုကို အထင်းသားမြင်နေရသည်။

"ဆီးကိုင်းစူးသွားတယ်၊ နာတယ်အမေ"

ထိုအခါမှ မသီတာ၏ခြေဖဝါးတွင် သွေးစလေးစို့နေသည်ကို တွေ့ရသည်။ အမေသည် ဆူးကိုဆွဲနုတ်သည်။ မရ။ ဆူးငုတ်လေးများ ဖဝါးထဲစူးနစ်နေသည်ကိုတွေ့ရသည်။

အမေသည် ချက်ချင်းဆိုသလို ဆုံးဖြတ်ချက်ချလိုက်ပြီး သမီးလေး၏ခြေဖဝါးကို မျက်နှာနှင့်ဆွဲအပ်ကာ ဆူးကို သွားဖြင့်ကိုက်နုတ်လိုက်တော့သည်။

"ဟင် . . . အမေရယ်"

ကျွန်တော်ရုတ်တရက်အံ့အားသင့်စွာ အမေ့မျက်နှာကို မော့ကြည့်လိုက်သည်။ အမေ့နှုတ်ခမ်းတွင် သွေးစတို့မကျုံနေသည့်ဆီးဆူးလေးကို တွေ့လိုက်ရသည်။

"ကဲ . . . သမီးလေး၊ ဘာမှမဖြစ်တော့ဘူးနော်"

အမေက မသီတာ၏ဆံနွယ်လေးကိုသပ်ပြီး မျက်ရည်စများကို လက်ဖမိုးဖြင့်သုတ်ပေးသည်။

ကျွန်တော်တို့ ငရုတ်ခင်းမှအပြန် ဦးလေး၏ ခွင့်ပြုချက်ဖြင့် ချဉ်ပေါင်ရွက်နှင့် ငရုတ်သီးစိမ်းများ ခူးလာသည်။ သေချာပါသည်။ ယနေ့ညနေစာ အိမ်မှာ ချဉ်ပေါင်ဟင်းကလွဲပြီး ဘာမှမဖြစ်နိုင်ပါ။

ကျွန်တော်တို့ နဝင်းချောင်းသဲကျင်းယက်ပြီး ရေချိုးအပြန် ရေခပ်လာရသည်။ ညီမလေးမသီတာက အမေ့ဟင်းရွက်တောင်းကို ကူသယ်သည်။ ကျွန်တော်နှင့်အမေက တစ်ယောက်တစ်ပုံး ရေခပ်လာသည်။

"ဟဲ့ . . . သားကြီးရဲသွေး၊ ရေပုံးလေးနေရင် အမေ့ကိုပေးလေ၊ အမေဆွဲလာမယ်၊ သားက ညီမလေးတောင်းကို ကူသယ်လာခဲ့နော်"

အမေသည် ပိန်ပိန်ပါးပါးဖြစ်သော်လည်း ကြံ့ခိုင်သန်မာသည်။ သားသမီးတို့အပေါ် ညှာတာသည်။ ကျွန်တော့်ရေပုံးကို ကူသယ်ရန်ပြင်သည်။

"ဟာ . . . အမေကလဲ သားသယ်နိုင်ပါတယ်၊ အမေတစ်နေကုန်ပင်ပန်းနေတာ၊ အိမ်ရောက်ရင်လဲ ထမင်းချက်ရအုံးမယ်"

ကျွန်တော်က ချွေးသီးချွေးပေါက်များကျပြီး ဆံပင်ဖရိုဖရဲဖြစ်နေသောအမေ့ကိုကြည့်ပြီး သနားကြင်နာစွာပြောသည်။

"ရပါတယ်သားရယ်၊ ဒါတွေ အမေလုပ်နေကျပါ၊ သားတို့သမီးတို့အတွက်ဆိုရင် အမေဘာပဲဖြစ်ဖြစ်အားလုံးကို ရင်ဆိုင်ရဲပါတယ်ကွယ်"

အမေ၏ဟန်ပန်နှင့်အသံသည် ကျွန်တော်တို့သားသမီးများအတွက် လုံခြုံနွေးထွေးမှုကိုဖြစ်စေခဲ့ပါသည်။ အဆိုပါမိခင်မျိုး၊ အိမ်ထောင်သည်ရဲမေမျိုးများသည် မိမိတို့ခင်ပွန်းများ ရှေ့တန်းသွားနေခိုက်

ရန်သူလာတိုက်သော်လည်း ရှုပ်ရှုပ်ရှုံ့ရှုံ့ပြန်လည်ခုခံတိုက်ခိုက်တတ်သော အာအာနည်သူရဲကောင်းရဲမေများဖြစ်သည်။ တစ်နည်းအားဖြင့် တပ်၏အရန်တိုက်ခိုက်ရေးအင်အားများလည်းဖြစ်ပါသည်။

(၃)

ကျွန်တော် တပ်တွင်းမူလတန်းကျောင်းမှ လေးတန်းအောင်ပြီး မြို့ပေါ်ရှိ အလယ်တန်းကျောင်းသို့တက်ရသည်။ ညီမလေးကတော့ တပ်တွင်းမူလတန်းမှာပင် ကျောင်းဆက်တက်ရသည်။

ယနေ့ ရှေ့တန်းပြန်ဝင်လာသောနေ့ဖြစ်သည်။ အမေက အလှဆုံးပြင်ထားသည်။ အမေနှင့်ကျွန်တော်တို့မောင်နှမနှစ်ယောက်စလုံး အဖေ့ကိုမျှော်နေကြသည်။ အဖေသည် ယခုစစ်ဆင်ရေးကာလတစ်နှစ်ကျော်ကြာသည်။ ထို့ကြောင့် အမေနှင့်ကျွန်တော်တို့မောင်နှမ အဖေ့ကို သတိတရလွမ်းဆွတ်ခဲ့ကြခြင်းဖြစ်သည်။

တပ်ရင်းတစ်ရင်းလုံး အုတ်အော်သောင်းတင်းဆူညံနေတော့သည်။ တစ်ဦးနှင့်တစ်ဦးခေါ်သံ၊ နှုတ်ဆက်သံတို့ကို ကြားနေရသည်။ သူတို့သည် မိသားစုများနှင့် ခွဲခွာခဲ့ရသည့်အချိန်တို့ကို အတိုးချပျော်ကြရသည်။ သားသမီးတို့က အဖေ့ကိုကြိုကြသလို၊ အမေတို့ကလည်း သူတို့၏ ချစ်လှစွာသောခင်ပွန်းစစ်သည်တော်များကို ဝမ်းသာအားရပွေ့ဖက်ဆီးကြိုနေကြသည်။ ဩော် အမေတို့၏ရင်တွင်းမှဖြစ်သော ချစ်ခြင်းမေတ္တာတွေ၊



ကြင်နာမှုတွေ၊ ခံစားချက်တွေကို ထိုအချိန်ကတည်းက ကျွန်တော်ကိုယ်ချင်းစာနာ နားလည်ခဲ့ပါသည်။

အဖေသည် ကျောပိုးအိတ်ကိုပိုးပြီး သေနတ်ကိုလွယ်ကာ စစ်ကြောင်းနှင့်အတူ ချီတက်လာနေသည်။ အမေသည် သူကိုယ်တိုင်သီကုံးထားသောစံပယ်ပန်းကုံးကို အဖေ့အနီးသို့တိုးကပ်ကာ လည်တွင်ဆွဲပေးလိုက်သည်။ အခြားအမေများကလည်း သူတို့၏စစ်သည်ခင်ပွန်းများကို ပန်းကုံးစွပ်ပေးကြ၊ သပြေပန်းစည်းတွေပေးကြဖြင့် ပျော်ရွှင်စိတ်လှုပ်ရှားဖွယ်ရာမြင်ကွင်းပင်ဖြစ်ပါသည်။

သို့သော် ရှေ့တန်းတွင်တိုက်ပွဲကျပြီး ပြန်မလာသည့်သူများအတွက် အမေတို့သည် သားသမီးများကို ပွေ့ဖက်ပြီး လိုင်းခန်းကျဉ်းလေးထဲတွင် ရှိုက်ကြီးတငင်ငိုကြွေးနေကြပေလိမ့်မည်။

ကျွန်တော်တို့ တပ်ရင်းလိုင်းခန်းလေးများတွင် တိုက်ပွဲကျပြီး ရှေ့တန်းတွင်ကျန်ရစ်သူ စစ်သည်ခင်ပွန်းများအတွက် ကြိတ်မှိတ်ပြီးငိုခဲ့ရသောအမေသူရဲကောင်းတို့ များစွာရှိခဲ့ကြပါသည်။

ယခုညထမင်းဝိုင်းသည် အိမ်မက်ကဲ့သို့ဖြစ်သည်။ ယခင်က သားအမိသုံးယောက် ရက်ပေါင်းများစွာစားခဲ့ရသည်။ ယခု သားအမိသားအဖလေးယောက်တို့ လက်ဆုံစားနေကြပြီဖြစ်သည်။

"စား . . . ကိုမောင်၊ ထပ်ထည့်စားအုံးလေ၊ စားကောင်းရဲ့လား"

အဖေထမင်းစားနေသည်ကို တစိမ့်စိမ့်ကြည့်ပြီး စေတနာရေစီးကမ်းပြိုလိုက်နေသောအမေ့ကိုကြည့်ပြီး ကျွန်တော်ပြုံးမိသည်။ အမေပျော်နေသည့်မျက်နှာတွင် များရည်ဆမ်းထားသကဲ့သို့ မြင်နေရသည်။ 'ဩော် . . . အမေပျော်ပါစေ'ဟု ကျွန်တော့်စိတ်ထဲက တီးတိုးပြောနေမိသည်။ အမေပျော်သည်ကိုမြင်၍ ကျွန်တော်တို့လည်း ပျော်ရွှင်ခဲ့ကြပါ၏။

ကျွန်တော်တို့ နဝင်းချောင်းသို့သွားရာတွင် အဖေလည်းလိုက်ပါလာသည်။ အဖေပါ၍ ကျွန်တော်

တို့ ပိုပြီးပျော်ရွှင်ရသည်။ အပျော်ဆုံးမှာ အမေဖြစ်မည် ထင်ပါသည်။ အပြန်တွင် အမေက ရေနွေးစိမ့်ပုံးကိုဆွဲ၍ လိုက်ပါလာသည်။

ရှေ့တန်းပြန်ဝင်ပြီးနောက် ကစ်လအကွင်း လက်နက်ကြီး၊ လက်နက်ငယ်ကျွမ်းကျင်မှုနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စများဆောင်ရွက်ရင်း အချိန်တို့ကုန်ခဲ့ရသည်။ သည်လိုနှင့် အဖေတို့ရှေ့တန်းပြန်ထွက်ရတော့မည့် အချိန်သို့ တဖြည်းဖြည်းရောက်ရှိ၍လာခဲ့ပြန်ပြီဖြစ်သည်။

တပ်ရင်းဗဟိုကင်းမှ စစ်ခရာမှုတ်ပြီး အလေးပြုသံနှင့်အတူ ရှေ့တန်းသို့ထွက်ခွာတော့မည့်စစ်ကားတန်းကြီးက တပ်ရင်းမှတရွေ့ရွေ့စတင်ထွက်ခွာနေပြီဖြစ်၏။ အမေသည် အဖေ့ကားနားမှလိုက်ကာ တတွတ်တွတ်မှာကြားနေသည်။ အမေ့မျက်ဝန်းမှာ မျက်ရည်စတွေနဲ့ပါလား။

ဩော် . . . စစ်သားမယား နှလုံးသားတို့ကို ကျွန်တော် စာနာထောက်ထားမိပါသည်။

(၄)

ကာလယန္တရားတို့နှင့်အတူ အချိန်တို့တဖြည်းဖြည်းရွေ့လျားကုန်ဆုံးခဲ့ပြီဖြစ်သည်။ ကျွန်တော်တို့နဝင်းချောင်းသို့ဆင်းပြီး ရေချိုးရေခပ်နေဆဲဖြစ်သည်။ ထိုအချိန်များတွင် ကျွန်တော်တို့မောင်နှမနှစ်ယောက်သည် အမေ့မျက်နှာကိုကြည့်ပြီး သနားမိခဲ့သည်။ အမေကျန်းမာရေးသိပ်မကောင်းသဖြင့် တပ်တွင်းဆေးခန်းသို့ အမြဲပြနေရသည်။

ရှေ့တန်းတွင် တိုက်ပွဲများပြင်းထန်နေကြောင်းသတင်းများဝင်လာသည်။ ထိုအချိန်အခါမျိုးတွင် ဘုရားစင်ရှေ့၌ အဖေ့ပုဆိုးလေးကို မနံ့ထက်တင်ပြီး ဘုရားရှိခိုးဆုတောင်းနေသည့်အမေ့အသံကို ညတိုင်း ကျွန်တော်တို့ကြားရသည်။

တစ်နေ့တွင်ဖြစ်သည်။ နံနက်စောစော အမေ ချောင်းဆိုးနေသည်။ မျက်စိမျက်နှာလည်းမကောင်းသဖြင့် ကျွန်တော်မေးကြည့်သည်။

"အမေ ဘာဖြစ်လို့လဲ၊ ချောင်းတွေလဲ ဆိုးလိုက်တာ၊ အမေ့မျက်နှာတစ်မျိုးပဲ"

အမေသည် အဖေ့စစ်ဝတ်စုံဖြင့်ရိုက်ကူးထားသည့် ဓာတ်ပုံလေးကို ကစ်ချက်မော့ကြည့်ပြီးပြောသည်။

"ညက သားတို့အဖေလာသွားတယ်လို့ အိပ်မက်မက်တယ်"

"ဟာ . . . အမေကလဲ မဟုတ်တာ၊ အမေနေမကောင်းလို့ဖြစ်ပါလိမ့်မယ်၊ တခြားဘာမှတွေးမနေပါနဲ့နော် အမေ"

ကျွန်တော်မည်မျှပင် အမေ့ကိုနှစ်သိမ့်စေကာမူ ကံကြမ္မာရိုင်းသည် ကျွန်တော်တို့မိသားစုရှိရာသို့ ဒုန်းစိုင်းပြီး ဝင်ရောက်လာလေတော့သည်။

တပ်ရင်းမှူးဇနီးနှင့် တပ်ရေးဗိုလ်ကြီးတို့လာနေသည်ကို အမေလှမ်းမြင်နေရသည်။ အမေမျက်နှာမကောင်းတော့။ ကိုမောင်ဘာမှမဖြစ်ပါစေနဲ့ဟုအမေတီးတိုးဆုတောင်းနေပါလိမ့်မည်။ သို့သော် အမေ့ဆုတောင်းမပြည့်ခဲ့ပါ။

"ဆရာမောင်မောင် တိုက်ပွဲကျသွားပြီတဲ့"

ကျွန်တော်တို့မကြားချင်ဆုံးသောသတင်းစကားကိုကြားလိုက်ရသဖြင့် အမေ့မျက်နှာဖြူဆုတ်သွားသည်။ ပါးပြင်ထက်သို့ မျက်ရည်စက်တို့ စီးကျလာသည်။ "ဖြစ်မှဖြစ်ရလေ ကိုမောင်ရယ်"ဟု နှုတ်မှတတွတ်တွတ်ရွတ်ဆိုပြီး ကျွန်တော်တို့မောင်နှမနှစ်ဦးကို တင်းကျပ်စွာပွေ့ဖက်ထားသည်။ ထိုနေ့က ကျွန်တော်တို့မိသားစုဘဝ မိုးမှောင်ကျခဲ့လေသည်။

အဖေမရှိတော့သည့်နောက် ကျွန်တော်တို့သားအမိ တပ်ရင်းနှင့်နဝင်းချောင်းလေးကို နှုတ်ဆက်ကျောခိုင်းကာ အမေ့ဇာတိနွယ်ခွေရွာလေးသို့ ပြောင်းရွှေ့သွားခဲ့ကြသည်။ အမေသည် အဖေ့ပင်စင်ငွေလေးဖြင့် ဈေးဆိုင်လေးတည်ထားသည်။

နွယ်ခွေရွာလေးသည် မိတ္ထီလာ – မန္တလေးကားလမ်းနံဘေးတွင်ရှိသည်။ အမေသည် ဈေးဆိုင်လေးပေါ်မှထိုင်ပြီး စစ်ကားများဖြတ်သန်းသွားတိုင်း မျက်စိ

တစ်ဆုံးလိုက်ကြည့်နေတတ်သည်။ ညီမလေးက အမေနှင့်အတူနေပြီး ဈေးကူရောင်းသည်။

ကျွန်တော်ဆယ်တန်းအောင်ပြီးနောက် အမေ့ခွင့်ပြုချက်ဖြင့် တပ်မတော်သို့ဝင်ရောက်ခဲ့ခြင်းဖြစ်ပါသည်။

(၅)

ကျွန်တော်သည် အတိတ်တစ်နေရာမှ အတွေးတွေကို ပြန်လည်စုစည်းလိုက်ပြီး ခေတ္တမှေးခနဲအိပ်ပျော်သွားသည်။ ဆရာဝင်းမောင်လှုပ်နှိုးလိုက်မှ ရုတ်တရက်နိုးလာခဲ့သည်။ ယခု ကျွန်တော်တို့တပ်ရင်း ခြူးရွှေစခန်းသို့ တိုက်ကြတော့မည်ဖြစ်ပါသည်။

ခြူးရွှေစခန်းသည် တပ်မတော်၏မဆုတ်တမ်းခံစစ်စခန်းဖြစ်သော်လည်း ဗကပတို့သည် အင်အားအလုံးအရင်းဖြင့် ပထမအငိုက်၊ လူအငိုက်ယူကာ ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီး ဟိုပန်မြို့ကို ခြိမ်းခြောက်ခဲ့သည်။ ပန်လုံမြို့နှင့်လည်း ဆက်သွယ်ရေးပြတ်တောက်ခဲ့ရသည်။

တပ်မတော်၏တပ်ရင်းများသည် မိမိလက်လွှတ်ခဲ့ရသောခြူးရွှေစခန်းကို စစ်ရေး၊ နိုင်ငံရေးအရ ပြန်လည်တိုက်ခိုက်ရယူကြရမည်ဖြစ်သည်။

ကျွန်တော်တို့တပ်ရင်းသည် မြောက်ဘက်ကုန်းအခြေမှ ကားလမ်းအတိုင်းပတ်၍ အရှေ့ဦးနှင့်အတူ ခြူးရွှေသို့ချဉ်းကပ်ကြသည်။ အခြားတပ်ရင်းများကလည်း တိုက်စစ်စီမံချက်ပါအတိုင်း သူ့နေရာနှင့်သူ ရန်သူကို ရင်ဆိုင်ထိန်းချုပ်ထားလျက်ရှိသည်။

"ဝုန်း . . . ဝုန်း . . . ဝုန်း"

လက်နက်ကြီးပေါက်ကွဲသံတို့ကို ကြားနေရသည်။ သစ်စိမ်းတောင်ပေါ်မှ အတွဲလိုက်ရမ်းပစ်နေသောရန်သူ့ဗြိုင်းဖိုက်စစ်သေနတ်သံတို့ကလည်း ဆူညံနေသည်။ ငရဲပွက်နေသည့်အလား ထင်မှတ်မှားရသည်။ ကျွန်တော်တို့သည် အသက်ကိုဖက်နှင့်ထုပ်ပြီး ရင်မြေကတုတ်လုပ်ကာ ခြူးရွှေစခန်းကို သဲသဲမဲမဲ တစ်ခွဲပြီးတစ်ခွဲ တိုက်ခိုက်ခဲ့ကြပါသည်။

တိုက်ပွဲမည်မျှပြင်းထန်သည်ကို မပြောလိုတော့ပါ။ တပ်မတော်သားတို့၏ စွန့်လွှတ်စွန့်စားသောစိတ်ဓာတ်မှာ ရာဇဝင်စာတင်လောက်သည်။ ကျည်ဆန်ကဖွဲဖွဲ၊ သွေးသံရဲရဲဖြင့် ဒဏ်ရာရနေသော်လည်း နောက်မဆုတ်ဘဲ ဆက်လက်တိုက်နေဆဲဖြစ်သည်။ ပန်းနှင့်ပေါက်နေခြင်းမဟုတ်မှန်းသိပါသည်။ သို့သော် အစဉ်အလာကြီးမားသောတပ်မတော်သည် နောက်တစ်ကြိမ် သူ့ကျွန်မခံရရေးအတွက် အသက်၊ သွေးတို့ကိုစတေးပြီး တိုက်ခိုက်နေရခြင်းဖြစ်ပါသည်။

ကျွန်တော်တို့၏သံမဏိနှလုံးသားများသည် ရန်သူ့ကျည်ထိလိုက်တိုင်း ချွင်ခနဲနာကျင်ခဲ့သော်လည်း၊ သတ္တိသွေးတို့ရဲရဲနီစွာစိုစွတ်နေကြသော်လည်း အမိမြေအတွက် အသက်ကိုစွန့်၊ နောက်မတွန့်ဘဲ စွန့်စွန့်စားစားတိုက်ပွဲဝင်ခဲ့ကြပါသည်။

"ရဲသွေး . . . ဒီဘက်ကိုလာ၊ ငါရှေ့က ဘန်ကာကိုတက်ပြီး လက်ပစ်ဗုံးနဲ့ထုမယ်၊ မင်း ဒီကနေ နေရာယူပြီး လောင်ချာနဲ့ပစ်ထားစမ်း"

ဆရာဝင်းမောင်၏စကားအဆုံးတွင် ကျွန်တော်နေရာယူပြီး အမ် – ၇၉ လောင်ချာဖြင့် ရန်သူ့ဘန်ကာရှိရာသို့ သေသေချာချာချိန်ပစ်ထည့်လိုက်သည်။ အခြားတပ်ဖွဲ့ဝင်များကလည်း လက်နက်အစုံသုံးပြီး တရစပ်ပစ်ခတ်တိုက်ခိုက်နေကြသည်။

**ကျွန်တော်တို့၏**
**သံမဏိနှလုံးသားများသည်**
**ရန်သူ့ကျည်ထိလိုက်တိုင်း**
**ချွင်ခနဲနာကျင်ခဲ့သော်လည်း၊**
**သတ္တိသွေးတို့ ရဲရဲနီစွာ**
**စိုစွတ်နေကြသော်လည်း**
**အမိမြေအတွက် အသက်ကိုစွန့်၊**
**နောက်မတွန့်ဘဲ စွန့်စွန့်စားစား**
**တိုက်ပွဲဝင်ခဲ့ကြပါသည်။**

ထိုအချိန်တွင် ဆရာဝင်းမောင်သည် လက်ပစ်ဗုံးနှစ်လုံးဖြင့် ရန်သူ့ဘန်ကာထဲသို့ အနီးကပ်ပစ်သွင်းလိုက်ရာ ဘန်ကာပြိုလဲသွားပြီး ရန်သူများလွင့်စဉ်သွားကော့၏။

"တက် . . . တက် . . . တက်"

ကျွန်တော်တို့၏ ကျားကုတ်ကျားခဲတိုက်ခိုက်မှုနှင့်အတူ ဆက်သွယ်ရေးမြောင်းများအတွင်း လုံ့ချုပ်ထိုးတိုက်ပွဲများ အနီးကပ်တိုက်ကြသည်။

အရှေ့ဘက်ဆီမှ ရောင်နီအလင်းတို့ဖြာဆင်းနေပြီဖြစ်သည်။

"ရဲသေွး . . . အတင့်မရဲနဲ့၊ ဘန်ကာတွေထဲမှာ ရန်သူတွေရှိနေသေးတယ်၊ ဒီဘက်လာ"

ဆရာဝင်းမောင်က ကျွန်တော့်ကိုစိတ်မချဘဲ သူ့ဆီသို့လှမ်းခေါ်သည်။ ကျွန်တော်သွားရန် ဟန်ပြင်လိုက်သည်။ ဆရာဝင်းမောင်နေရာယူလိုက်စဉ် ခဏမှာပင် –

"ဂျိမ်း"

ပြင်းထန်လှသော မိုင်းပေါက်ကွဲသံကြီးနှင့်အတူ ဆရာဝင်းမောင်မှာ သွေးအိုင်ထဲလဲကျသွား၍ ကျွန်တော် အပြေးသွားပြီး ပွေ့ဖက်လိုက်သည်။

"ဟော့ကောင်ရဲသွေး–အောက်ကိုသတိထား၊ ဒီကောင်တွေ မိုင်းထောင်ထားတယ်"

ဩော် . . . ဆရာရယ်။ သူ့မှာ သွေးအလူးလူးဖြစ်နေသော်လည်း ကျွန်တော့်ကို စိုးရိမ်စိတ်ဖြင့်မှာကြားနေသည်။ ကျွန်တော်သည် ဆေးပတ်တီးကိုထုတ်ပြီး မိုင်းထိသွားသောဆရာဝင်းမောင်၏ ခြေထောက်ကို ပတ်တီးစည်းပေးနေသည်။

"တပည့်ရေ လုပ်မနေနဲ့တော့ ငါကိုယ်ငါသိတယ်၊ မင်း ငါ့မိသားစုကိုသာ စောင့်ရှောက်လိုက်ပါကွာ"ဟု ပြောရင်း နိုင်ငံတော်အတွက် သူ့အသက်ကို ပေးဆပ်ခဲ့ပါသည်။

ကျွန်တော်ဘာမှမမြင်တော့။ မျက်ရည်တို့ပြည့်လျှံနေ၏။

"ကျွန်တော်ကတိပေးပါတယ်ဆရာရယ်"

ဟုပြောပြီး အနီးတွင်ရှိသည့်ဂျီဖိုးသေနတ်ဖြင့် ရန်သူဆုတ်ခွာရာနေရာများသို့ တရစပ်လိုက်လံပစ်ခတ်နေပါတော့သည်။

ကိုစဉ် 'ချောက်'ခနဲအသံကြား၍ လှည့်ကြည့်လိုက်သည်။ ဆက်သွယ်ရေးမြောင်းထဲမှ ဒဏ်ရာရနေသောရန်သူတစ်ယောက်က ကျွန်တော့်ကျောကိုတေ့ပစ်လိုက်ခြင်းဖြစ်သည်။ သို့သော် ကျည်ကမထွက်။ ထိုအခါ ကျွန်တော့်လက်ထဲကသေနတ်ဖြင့် အတွဲလိုက်ပြန်လည်ပစ်ခတ်လိုက်သည်။ ရန်သူသည် ကျည်ဆန်ဗရပွဖြင့် ငြိမ်သက်သွားတော့၏။

အရုဏ်ဦးအလင်းရောင်နှင့်အတူ နိုင်ငံတော်အလံနှင့် ကျွန်တော်တို့တပ်ရင်းအလံသည် ခြူးရွှေစခန်း၏ဝေဟင်ပေါ်တွင် ကြွားကြွားဝင့်ဝင့်လွင့်ပျံလျက်ရှိနေသည်။ ထိုမြင်ကွင်းကို ဆရာဝင်းမောင်တစ်ယောက် မမြင်တွေ့နိုင်တော့ပေ။ သူသည် နိုင်ငံတော်အတွက် သူရဲကောင်းတစ်ဦးအဖြစ် ကျဆုံးသွားခဲ့ပြီဖြစ်ပါသည်။

ကျွန်တော်တို့တပ်ရင်း ခြူးရွှေစခန်းအတွင်း မိုင်းရှင်းလင်းခြင်း၊ ခံစစ်စခန်းများပြင်ဆင်ခြင်းများ ပြန်လည်တည်ဆောက်ရသည်။

ထိုအခိုက် ကျွန်တော့်ယာဘက်လက်မောင်းတွင် တင်းခနဲဖြစ်သွားသဖြင့် စစ်အင်္ကျီကိုချွတ်ကြည့်လိုက်ရာ ယာလက်မောင်းတွင်ချည်နှောင်ထားသောအဆောင်လက်ဖွဲ့လေးကို မြင်လိုက်ရသည်။ ထိုအခါမှ အမေ့ကိုသတိရလိုက်သည်။ ခွင့်ပြန်စဉ်က အမေကိုယ်တိုင်ပတ်ပေးလိုက်သော အမေ့ကိုယ်ပွား၊ အမေ့အံသွားလက်ဖွဲ့လေးပင်ဖြစ်ပါသည်။

"ဩော် . . . ကျေးဇူးတင်ပါတယ်အမေရယ်"

(၆)

အမေကိုယ်တိုင်ပတ်ပေးလိုက်သည့် အမေ့အံသွားအဆောင်လေးနှင့်ပက်သက်၍ကျွေးနေမိပါ၏။ ကျွန်တော်တို့တပ်ရင်း ပြီးခဲ့သည့်စစ်ဆင်ရေးပြန်နားစဉ်ကဖြစ်သည်။ အမေနေမကောင်းဟုသိရသဖြင့် ခွယ်ခွေ

ရွာလေးသို့ ခွင့်ပြန်ခဲ့ခြင်းဖြစ်သည်။ အိမ်ရောက်တော့ ညီမလေးမသီတာက အမေ့အနီးတွင် ပြုစုစောင့်ရှောက်နေသည်ကိုတွေ့ရသည်။ ကျွန်တော်သည် တပ်မှပါလာသောကိုဆီဘူးနှင့်မုန့်များဖြင့် အမေ့ကိုကန်တော့လိုက်သည်။ အမေက ကျွန်တော့်ဦးခေါင်းကိုပွတ်သပ်ပြီး ဆုပေးသည်။

"သားရယ် . . . သားပြန်လာတော့ အမေ ဝမ်းသာလိုက်တာ၊ သား ရှေ့တန်းမှာဂရုစိုက်နော်၊ သားတို့ တပ်မတော်သားအားလုံး ဘေးမသီရန်မခ ပါစေနဲ့လို့ အမေဆုတောင်းပါတယ်သားရယ်"

ကျွန်တော်တို့သားအမိသုံးယောက် တစ်ပတ်အတူ ပျော်ရွှင်စွာနေခဲ့သည်။ ညီမလေးက ကောင်းနိုးရာရာလေးများချက်၍ ထမင်းကျွေးသည်။ အမေနှင့်အတူထမင်းစားရင်း ယခင်တပ်ထဲမှာနေစဉ်က နဝင်းချောင်းသို့သွား၍ရေချိုးပြီး ဇရက်သီး၊ ချဉ်ပေါင်ရွက်များခူးပြန်လာသည်ကို သတိရနေသည်။ အထူးသဖြင့် အမေနှင့် အမေ့လက်ရာချဉ်ရည်ဟင်းလေးကို ပို၍ သတိရသည်။

ပြန်ခါနီးညတွင်ဖြစ်သည်။ အမေသည် ကျွန်တော့်ကိုအနီးသို့ခေါ်ပြီး အဝတ်စလေးနှင့်ကျစ်ထားသော အဆောင်တစ်ခုကို ယာလက်မောင်းတွင် တင်းကျပ်စွာ ချည်နှောင်ပေးလိုက်ခြင်းဖြစ်ပါသည်။

"အဲဒါ အမေ့အံသွားနဲ့ အမေ့လုံချည်စကို ကျစ်ထားတာ၊ သားတစ်သက်လုံးဆောင်ထားနော်၊ လူဆိုတာ လေုတ်ထိမှ အမိတကြတာ၊ သားလေး အန္တရာယ်တွေကင်းရှင်းပါစေကွယ်"

ကျွန်တော် အမေ့ခြေအိပ်နှင့် အမေ့ကိုကန်တော့ပြီး တပ်ရင်းသို့ပြန်လာခဲ့သည်။ အမေနှင့် ညီမလေးတို့ ကားလမ်းပေါ်မှ လက်ပြနှုတ်ဆက်ကျန်ရစ်ခဲ့ကြသည်။

အမေ့အံသွားနှင့် အမေ့လုံချည်စလေးကိုကျစ်ထားသော၊ ကျွန်တော့်ယာလက်မောင်းတွင်ချည်နှောင်ထားသောလက်ဖွဲ့ကြိုးလေးကို ကျွန်တော် တယုတယ ပွတ်သပ်နေမိသည်။

'ခြော် . . . ငါ့အနီးမှာအမေရှိနေလို့ ငါဘာမှ မထိခိုက်တာပါလား'ဟူ၍ အမေ့ကို သတိရစွာပြန်လည် စဉ်းစားနေမိပါသည်။

တစ်ပတ်ခန့်ကြာသော် ခြူးရွေ့စခန်းကို အခြား တပ်ရင်းကလာရောက်ပြီး တာဝန်များလွှဲပြောင်းယူသည်။ ကျွန်တော်တို့တပ်ရင်း နောက်တန်းသို့ပြန်လည် နားခွင့်ရခဲ့ပါသည်။

"ကိုရဲရေ နင်တို့ဆရာကို ဘာလို့ထားခဲ့တာလဲကွယ်၊ ဒီမှာ ငါနဲ့သမီးလေးတို့ မျှော်နေကြတယ်လေ"

တပ်ရင်းသို့ရောက်လျှင်ရောက်ချင်း ဆရာဝင်းမောင်ဇနီး ဒေါ်နန်းအေးနှင့် သမီးနန်းခင်ခင်တို့က ကျွန်တော့်ကိုဆီးကြိုပြီး မျက်ရည်စက်လက်ပြောသည်။ ကျွန်တော်ဘာမှပြန်မပြောနိုင် ရင်ထဲတွင်ဆို့နင့်နေသည်။ ကျွန်တော် နန်းခင်ခင်၏မျက်ရည်စတို့ လိမ်းကျံထားသော သနားစရာမျက်နှာပြင်ကိုကြည့်ပြီး သနားကြင်နာပိုခဲ့မိပါ၏။

(၇)

တပ်ရင်းတွင်တစ်နှစ်ခန့်ကြာပြီးနောက် ကျွန်တော် ဗိုလ်သင်တန်းတက်ရောက်ခွင့်ရသည်။ သင်တန်းဆင်းပြီးနောက် နွယ်ခွေရွာလေးသို့ပြန်ခဲ့သည်။ အမေနှင့် ညီမလေးက ဝမ်းသာအားရဆီးကြိုသည်။ အမေက ကျွန်တော့်ယာဘက်လက်မောင်းကို စမ်းကြည့်ပြီး ကျေနပ်စွာပြုံးနေသည်ကို မြင်တွေ့ရသည်။ အမေ ဘာကြောင့်ပြုံးနေသည်ကို ကျွန်တော်သိပါသည်။

"ကဲ . . . အမေ သားလဲ အရာရှိဖြစ်ပြီ၊ သား တာဝန်ကျတဲ့တပ်ရင်းကိုလိုက်နေပါ၊ အမေ့ကို သား တစ်လှည့်လုပ်ကျွေးပါ့မယ်၊ ညီမလေးကိုလဲ တက္ကသိုလ်ထားပေးမယ်"

အမေက ကျွန်တော့်မျက်နှာကိုကြည့်ပြီး ပြုံးရွှင်နေသည်။ အမေ့အပြုံးသည် ကျွန်တော့်အတွက်ခွန်အားသတ္တိများဖြစ်စေပါသည်။

အမေနှင့်ညီမလေးကိုခေါ်ပြီး ကျွန်တော်တာဝန်ကျရာတပ်ရင်းသို့ ရောက်သွားသည်။ ဘယ်တပ်ရင်း

ဆိုသည်ကိုမူ အမေနှင့်ညီမလေးကိုမပြောဘဲ ချန်ထားသည်။

"ဟင် . . . သား ဒါဟိုအရင်က အမေတို့နေခဲ့တဲ့ ကပ်ရင်းမဟုတ်လား၊ သားဘာဖြစ်လို့မပြောတာလဲ၊ အမေ ဝမ်းနည်းဝမ်းသာဖြစ်ရပါတယ်ကွယ်" ဟု အမေက အဖေ့ကိုသတိရဟန်ဖြင့်ပြောသည်။

"အမေ အုံအားသင့်အောင်လို့ပါအမေ၊ စကာနေရင် ကျွန်တော်တို့ နဝင်းချောင်းမှာ ရေသွားချိုးကြမယ်၊ ပြီးရင် ဦးလေးငရုတ်ခင်းကိုသွားပြီး ချဉ်ပေါင်ရွက်ခူးကြမယ်၊ ပြီးတော့ ချဉ်ပေါင်ချဉ်ရည်ဟင်းလေးချက်စားတာပေါ့အမေရယ်"

အမေသည် အဖေ့ကိုလွမ်းသည်ထင့်။ ဟိုအဝေးသို့ငေးကြည့်နေသည်ကို တွေ့ရသည်။ အမေ့မျက်ဝန်းမှာ မျက်ရည်တို့ကိုလည်း မြင်နေရသည်။ ကျွန်တော် အမေ့ကို စာနာထောက်ထားစွာ ကိုယ်ချင်းစာနာမိပါသည်။

အမေ၏ခွင့်ပြုချက်နှင့်အတူ ဆရာဝင်းမောင်ကို ပေးထားသောကတိစကားအတိုင်း ကျွန်တော်ကလည်း ချစ်မြတ်နိုးသဖြင့် နန်းခင်ခင်ကိုလက်ထပ်ယူပြီး အရာရှိနေအိမ်တွင် အမေတို့နှင့်အတူနေထိုင်ခဲ့ကြပါသည်။

ယနေ့ ရှေ့တန်းထွက်ရမည့်နေ့ဖြစ်သည်။ အမေ၊ နန်းခင်ခင်နှင့် ညီမလေးတို့က ကျွန်တော့်ကို ကားအနီးထိလိုက်ပို့နှုတ်ဆက်သည်။ အဖေရှေ့တန်းထွက်စဉ်က ကျွန်တော်တို့သားအမိတွေ ယခုလိုလိုက်ပို့ခဲ့သည်ကို ပြန်လည်အမှတ်ရနေမိပါသည်။

ကျွန်တော်တို့ ကားတန်းကြီးသည် အောင်လံများတလူလူလွှင့်ထူကာ ရှေ့တန်းစစ်မြေသို့ ထွက်ခွာလာခဲ့သည်။ အမေနှင့်အတူ နန်းခင်ခင်နှင့်ညီမလေး မသီတာတို့က မျက်ရည်စများဖြင့် လက်ပြနှုတ်ဆက်ကျန်ရစ်ခဲ့ကြသည်။

အဖေ့ကိုရှေ့တန်းသို့ထွက်စဉ်ကလည်း အမေနှင့် ကျွန်တော်တို့မောင်နှမနှစ်ယောက် ယခုကဲ့သို့လက်ပြနှုတ်ဆက်ခဲ့ရသည်ကို အမှတ်ရနေမိသည်။

"သားတို့အဘိုးစစ်ထွက်တုန်းကလဲ အမေတို့တွေ လက်ပြနှုတ်ဆက်ခဲ့ရှာခဲ့ရတယ်"

တစ်ချိန်က အမေပြောခဲ့ဖူးသည့်စကားတစ်ခွန်းကိုလည်း အမှတ်တရပြန်လည်ကြားယောင်နေမိပါ၏။ အဘိုးကလည်း တပ်မတော်သားတစ်ဦးပင်ဖြစ်ပါသည်။

ယခု ကျွန်တော်သည် အဘိုးနှင့်အဖေတို့၏ မျိုးဆက်များအဖြစ် သားစဉ်မြေးမြစ်ပြောထုံးဖြစ်အောင် စစ်မြေသို့ထွက်၍ ကျူးကျော်လာသူမှန်သမျှကို တိုက်ထုတ်ကြရမည်ဖြစ်သည်။

ကျွန်တော်နှင့်ဇနီးနန်းခင်ခင်တို့ သားယောကျ်ားလေးမွေးပါကလည်း ကျွန်တော်တို့လို စစ်မှုထမ်းဆောင်ခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ဆက်လက်ထမ်းဆောင်ကြရမည်ဖြစ်ပါသည်။

ထိုအတွေးများဖြင့် ကျွန်တော် ဟိုး . . . အဝေးသို့ မျှော်ငေးကြည့်လိုက်မိသည်။ စစ်မြေပြင်၏ တောင်နိုးဝေဝေ၊ မြူခြေဆိုင်းဆိုင်း မောတို့တိုင်း၏ တောင်တန်းပြာများကို လွမ်းမောဖွယ်ရာမြင်တွေ့နေရပါသည်။

ထိုနေရာများတွင် တပ်မတော်သားတို့သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ဆံဖျားထမ်းဆောင်လျက်ရှိနေကြသည်။ ထိုတပ်မတော်သားစစ်သားကောင်းများကို အမေတို့က မွေးပေးခဲ့သည်။ ဆက်လက်၍လည်း ထိုအမေများသည် စစ်သားကောင်းများ ထောင်သောင်းမကမွေးထုတ်ပေးနေဦးမည်ဖြစ်သည်။ ကျွန်တော်တို့နိုင်ငံတွင် ထိုကဲ့သို့အမေများစွာရှိနေသည်။ ထို့ကြောင့် ထိုအမေများသည် စစ်သားကောင်းတို့ အမေများပင်ဖြစ်ပါသည်။ ။

**ရဲရဲထွန်းတောက်(မွေးလုံး)**

(၁)

ခေါက်ရိုးကျနေပြီဖြစ်တဲ့ အိပ်ရာအောက်က အကျီနဲ့ပုဆိုး ကစ်ကည်ကိုထုက်ဝက်ရင်း အဘစံ တစ်ယောက်တည်းပြုံးနေမိတယ်။ အခုလိုမပြုံးဖြစ်ခဲ့တာတောင်ကြာ ခဲ့ပြီ။ ပြီးတော့ ဒီတစ်ခေါက် ပင်စင် လစာထုတ်သွားရမှာကို အဘစံ စိတ်ထဲ ဘယ်လိုဖြစ်နေမှန်းမသိ။ စိတ်က သူ့အလိုလို တက်ကြွလန်း ဆန်းနေတယ်။ အရင်ရက်တွေက ထိုင်ရာကနေထဖို့ကိုတောင် မနည်း အားယူနေရတဲ့ ဒူးနှစ်ချောင်းက လဲ ဒီမနက်တော့ ဖျတ်လို့လတ် လို့။

ပင်စင်စာအုပ်ကို ပလတ် စတစ်အိတ်တစ်ခုထဲ သေချာထည့် ပတ်ပြီး ထီးခေါက်ကိုဆွဲကာ အိမ် ထဲကထွက်ဖို့ ဟန်ပြင်နေတုန်း မိုး က ဆိုင်းမဆင့်ဗုံမဆင့် ရွာချလိုက် တယ်။ ဒီမိုးအစဲကိုစောင့်ပြီးမှ သွား လို့လဲ မဖြစ်သေးဘူး။ ဘဏ်ကို အချိန်အတော်လင့်မှ ရောက်သွား နိုင်တယ်။ ထီးခေါက်ကိုဖွင့်ပြီး အထွက် –

"ဟင် အဖေ၊ ဒါကဘယ်ကို လဲ"

ဘယ်သူ့မှမသိအောင် တိတ် တိတ်သွားမယ်ဆိုကာမှ ကပ်လျက် ခြေရင်းအိမ်ကနေ အိမ်ရှေ့ဈေးဆိုင် ဖွင့်ဖို့ထွက်လာတဲ့ ချွေးမဖြစ်သူနဲ့ တည့်တည့်တိုးနေပါရော။





"သြော် . . . အေး သမီး၊ ဒီနေ့လကုန်ပြီလေသမီးရဲ့၊ အမေ ပင်စင်သွားထုတ်မလို့"

"ဟာ အမေကလဲ ပင်စင်ကုက်သွားတာ မိုးကိုက်မှတော့ မသွားဘူး၊ နောက်လမှ နှစ်လစာ ပေါင်းထုတ်လိုက်လဲရနေသားနဲ့၊ ဒီလအမေဘာသုံးစရာရှိသေးလို့လဲ၊ လိုရင် သမီးဆီကယူသုံးပေါ့"

"သုံးဖို့လိုလို့မဟုတ်ပါဘူး သမီးရယ်၊ အမေ မြို့ပေါ်မှာ ဝယ်စရာလေးတွေရှိနေလို့ပါ၊ ဟော ဟိုမှာကားလာနေပြီ၊ အမေလိုက်သွားတော့မယ်နော်သမီး"

ဟူး – တော်သေးတာပေါ့။ လိုင်းကားအမြန်လာပေလို့။ မဟုတ်တာလုပ်ဖို့ကျိတ်ပြီးကြံစည်နေတဲ့လူတစ်ယောက်လို အဘစ်ကိုယ့်လိပ်ပြာကိုယ်မလုံချင်။ ဒီကိစ္စမျိုးက အသက်ကြီးမှ ငယ်မူပြန်တယ်လဲ ထင်မှာစိုးရသေးတယ်လေ။ အဘစ်တစ်သက်လုံး ကျောင်းဆရာ သိက္ခာကို တစ်ပြားသားမှမလျှော့ဘဲ နေလာခဲ့တာ။

# သိမ်းသူ
## နှောင်းရက်တွေဆီ

(မြဝတီပွင့်သစ်)

အဘစံကားပေါ်ကဆင်းဆင်းချင်း ခရီးသည်ကြို့နေတဲ့ဆိုက်ကားတစ်စီးပေါ်တက်လိုက်ပြီး –

"မြန်မာ့စီးပွားရေးဘဏ်ကိုသွားမယ်လူလေး"

"ဟုတ်ကဲ့အဘ၊ ဒါနဲ့ အဘက ပင်စင်ထုတ်ဖို့လာတာလား၊ ဒီအချိန်ဆို အဘတော်တော်စောင့်ရအုံးမယ်ထင်တယ်၊ ရုံးက နေမြင့်မှဖွင့်တာလေ"

ဆိုက်ကားနင်းတဲ့လူရွယ်ပြောမှပဲ လက်မှာပတ်ထားတဲ့နာရီအိုလေးကို အဘစံ သတိထားပြီးကြည့်လိုက်မိတယ်။ ဟုတ်သား။ အချိန်က တော်တော်စောနေသေးတာပဲ။ မတတ်နိုင်ဘူးလေ။ ကိုယ့်အကြောင်းနဲ့ကိုယ်။ ကိုယ့်အတွေးနဲ့ကိုယ်ဆိုတော့စောင့်ရတော့မှာပေါ့။

ဘဏ်ဘေးနားက လက်ဖက်ရည်ဆိုင်လေးမှာ ကျဆိမ့်တစ်ခွက်မှာသောက်ရင်း ဘဏ်ဖွင့်ချိန်ကိုအဘစံထိုင်စောင့်နေလိုက်တယ်။ အဲဒီတော့ ဘဏ်ထုတ်ပြီးရင် ဝယ်သွားရမဲ့ပစ္စည်းအမျိုးအမည်တွေကိုစဉ်းစားလိုက်၊ တစ်ယောက်တည်းပြုံးလိုက်နဲ့ ဘေးပတ်ဝန်းကျင်ကိုတောင် မေ့သွားတယ်။

"ဟော ဆရာစံ၊ ဒီလတော့ အစောကြီးရောက်လို့ပါလားဗျ"

အသံလာရာကိုကြည့်လိုက်တော့ ဆိုင်ထဲကိုပြုံးပြုံးကြီးလှမ်းဝင်လာတဲ့ဆရာကျင်နဲ့သူ့အမျိုးသမီး။

"ဟုတ်တယ်ဆရာကျင်ရေ၊ အိမ်မှာနေတော့လဲ တစ်ယောက်တည်းပျင်းတာနဲ့ စောစောပဲထွက်လာလိုက်တာ"

ဆရာကျင်ရဲ့နှုတ်ဆက်စကားကို အလိုက်သင့်ပြန်ပြောရင်း အဘစံစားပွဲဝိုင်းမှာပဲ နှစ်ယောက်စာခုံနေရာပေးလိုက်တယ်။

"ဒါနဲ့ ဆရာစံရဲ့သားက အိမ်ခွဲသွားပြီမို့လို့လား"

"အင်း . . . အခုတော့ ခြံထဲမှာပဲ အိမ်လေးဆောက်ပြီးနေကြတယ်လေ"

"ဪ . . . ဒါကြောင့် အရွယ်ရှိတုန်းကနောက်အိမ်ထောင်လေးထပ်ပြုပါလို့ပြောခဲ့တာကိုဆရာစံက နားမှမထောင်ဘဲကိုးဗျ"

"အဲဒီတက်ပြားဟောင်းကြီးကို ထပ်ပြီးမဖွင့်ပါနဲ့တော့ဆရာကျင်ရာ"

"ကျုပ်က ဆရာစံ အခုလိုအထီးကျန်နေတာကို မကြည့်ရက်လို့ပါဗျာ၊ ဒါပေမဲ့လဲ အခုကတော့ ဒါမျိုးဘဝရနိုင်ဖို့ နှောင်းသွားပြီဆရာစံရေ၊ တစ်ယောက်တည်းနေတတ်အောင်သာ နေပေတော့ဗျ"

ဆရာကျင်ရဲ့စကားအဓိပ္ပာယ်ကို ကောင်းကောင်းနားလည်တဲ့သူ့အမျိုးသမီးက ပြုံးရုံသာပြုံးနေပြီးအဘစံတို့စကားဝိုင်းထဲဝင်မပါ။

ဆရာကျင်နဲ့ ကျောင်းဆရာဘဝက ရှေးဟောင်းနှောင်းဖြစ်တွေပြောမိကြတော့ အဘစံစိတ်က ကျောင်းဆရာအဖြစ်တာဝန်ကျခဲ့စဉ် ရွာလေးဆီကို ဖျတ်ခနဲဖျတ်ခနဲ ရောက်ရောက်သွားတယ်။ ဆရာကျင်တစ်ယောက် စကားတွေဖောင်ဖွဲ့ပြောနေပေမဲ့ အာရုံက ရတစ်ချက်၊ မရတစ်ချက်ပါပဲ။

"ကဲ ဆရာစံ – ဘဏ်ဖွင့်နေပြီဗျ၊ ကျုပ်တို့သွားရအောင်"

အဘစံတို့ဝိုင်းက ကျသင့်ငွေကို ဆရာကျင်ဇနီးကထုတ်ရှင်းပြီး လက်ဖက်ရည်ဆိုင်ထဲကနေသုံးယောက်သားထွက်ခဲ့ကြတယ်။ ဘဏ်ဖွင့်ဖွင့်ချင်းလူကလဲနည်းသေးတဲ့အချိန်မို့ အဘစံတို့ကြာကြာမစောင့်လိုက်ရ။

"မိန်းမက အိမ်အတွက် ဘုရားပန်းလေးဘာလေးဝယ်အုံးမယ်တဲ့၊ ဈေးထဲပတ်တာ နောက်ကလျှောက်လိုက်ရအုံးမယ်ဗျ၊ ကဲ သွားပြီဆရာစံရေ၊ နောက်လကုန်မှ ထပ်တွေ့ကြတာပေါ့ဗျာ"

ဆရာကျင်တို့ဇနီးမောင်နှံကိုနှုတ်ဆက်ပြီး ရွှေ့ရွှေ့ရွှေ့ရွှေ့နဲ့ထွက်သွားတာကို ဘာရယ်မဟုတ် အဘစံလိုက်ငေးနေမိတယ်။ စောစောက လက်ဖက်ရည်ဝိုင်းမှာဆရာကျင်ပြောခဲ့သလိုပဲ ဒါမျိုးဘဝရနိုင်ဖို့က အဘစံအတွက် တကယ်ပဲအချိန်တွေ နှောင်းသွားခဲ့ပြီလား။

လွန်နေတဲ့အတွေးစတွေကိုဖြတ်ပြီး အဘစံ ဒီနေ့ထွက်လာတဲ့ရည်ရွယ်ချက်ကိုအကောင်အထည်ဖော်ဖို့ ဘဏ်ရှေ့က ဆိုက်ကားတစ်စီးပေါ် တက်ထိုင်လိုက်တယ်။

"ရွှေမောင်းမုန့်ကိုက်ရှေ့ကိုပို့ပေးလှူလေး"

(၂)

"ဒီမုန့်တွေ၊ စားစရာသောက်စရာတွေက ဘယ်သူစားဖို့ အဲဒီလောက်ဝယ်လာရတာလဲအဖေရယ်၊ ကြည့်အုံး အသီးတွေကလဲ စုံနေတာပဲ၊ အဖေ့ ခြေးမှာလဲ စားဖို့မုန့်တွေရှိပါတယ်၊ ကိုယ့်လစာလေးကို ကိုယ်လှူဖို့တန်းဖို့နဲ့ ဆေးဖိုးဝါးဖိုးသိမ်းထားတာ မဟုတ်ဘူး၊ ပိုက်ဆံတွေကုန်အောင် အများကြီးလျှောက်ဝယ်လာတယ်"

ချွေးမဖြစ်သူကတော့ အဘစံဝယ်လာတဲ့ ပစ္စည်းတွေကိုကြည့်ပြီး သူ့အထင်နှင့်သူ စွတ်တင်နေလေပြီ။

"မဟုတ်ဘူးသမီးရဲ့၊ အဖေပြောပြမယ်၊ အဲဒါတွေကို အခု အဖေဝယ်လာတယ်ဆိုတာက ဒီလို၊ ဟိုကွာ ခြံရင်းအိမ်က အဘွားကြီးလေ၊ ဒီရောက်ကတည်းက ကျန်းမာရေးသိပ်မကောင်းဘူးမဟုတ်လား၊ အဲဒါ အဖေလဲ ဒါလေးတွေဝယ်လာပြီးပေးရင် ကောင်းမလားလို့ပါ၊ သူလဲ စားချင်မလားလို့လေ၊ အဲဒါပါသမီးရဲ့"

"သြော် . . . သြော် အဖေက အဲဒါကြောင့်ကိုး၊ အဲဒါများအဖေရယ် မနက်ကတည်းက သမီးကို ပွင့်ပွင့်လင်းလင်းပြောပါတော့လား"

"အင်း . . . မနက်ကတော့ ပေးရင်ကောင်းမလား၊ မပေးရင်ကောင်းမလား သေချာမစဉ်းစားရသေးလို့ပါ သမီးရဲ့ ဟဲ ဟဲ"

"ဟင် အဖေ့ဟာကလဲ သေချာမစဉ်းစားရသေးလို့သာပဲနော်"

"အင်းပါ၊ ဟုတ်ပါပြီ ဟုတ်ပါပြီ၊ ဘာမှမပြောတော့ပါဘူး"

ဝယ်လာတဲ့ပစ္စည်းတွေကိုသိမ်းယူရင်း ပြုံးစိစိဖြစ်နေတဲ့ချွေးမမျက်နှာကို အဘစံဘဝင်မကျမေမဲ့လို့ အသာအနားကပ်ကာ -

"သမီး အဘွားကြီးကို အဖေ ဒါတွေဝယ်ပေးတယ်ဆိုတာ ညည်းယောကျ်ားရော တခြားဘယ်သူမှ မသိစေနဲ့အုံးနော်၊ ပြီးတော့ အဘွားကြီးကိုလဲ သေချာပြောအုံး၊ အဖေ့ကို အမြင်ကြည်တာမဟုတ်ဘူး"

"အင်းပါ၊ စိတ်ချပါအဖေရဲ့၊ ဒါဆိုလဲ အခု အဖေ့သားအိမ်မှာမရှိတုန်း သမီးတစ်ခါတည်းယူသွားပြီး ပေးလိုက်တော့မယ်"

"ဒါနဲ့ ညည်းယောကျ်ားက ဘယ်သွားတာလဲ"

"ဆိုင်မှာရောင်းဖို့ ဆန်ပြတ်သွားလို့ ဆန်စက်မှာ ဆန်သွားတင်တယ်အဖေ"

"သြော် . . . အေး အေး"

ပြောသာပြောရတာပါ။ ဒါတွေက အကြာကြီးဖွက်ထားလို့ရတဲ့ ပစ္စည်းတွေလဲမဟုတ်ဘူး။ မကြာခင် အဘစံသားတွေနား ပေါက်ကြားသွားမယ်ဆိုတာ အဘစံကြိုတွေးထားပြီးသားပါ။ ခက်နေတာက အဘစံရဲ့စိတ်ပဲ။ သားတွေ၊ ချွေးမတွေက အဘစံခံစားချက်ကို နားလည်ပေးနိုင်တယ်ထားအုံး။ အဘစံကိုယ်တိုင်က အသက်ကြီးခါမှ ဒီလိုပိုးသလိုပန်းသလိုနဲ့ ပေးရတာကို စိတ်ကရှက်နေတာလေ။ အဘွားကြီးကရော အဘစံကို ဘယ်လိုထင်မလဲ။ စေတနာသန့်သန့်နဲ့စားစေချင်လို့ ကျွေးမိတာတောင် ဒီအဘိုးကြီးက ဘာလဲပေါ့။ အဲဒါကိုတွေးပြီး အဘစံရှက်တာ။

အေး ဒီလိုရှက်နေရင် အစကတည်းကသွားပြီး မပတ်သက်တဲ့ ကင်းကင်းရှင်းရှင်းနေဆိုပြန်တော့လဲ အဘစံစိတ်က မဟုတ်ပြန်ဘူး။ အသက်ကြီးလာလေ လူ့စိတ်က ပိုခက်လေဆိုတာ ဟုတ်မယ်။

ဟော ချွေးမဖြစ်သူ ခြံရင်းအိမ်ဘက်ကူးသွားလို့ သိပ်မကြာပါဘူး။

"မယူချင်ပါဘူးအေ - ပြန်သာပေးလိုက်၊ ဒီလောက်တော့ ကျုပ်ဘာသာကျုပ်လဲ ဝယ်နိုင်စားနိုင်ပါတယ်"

အကာနှစ်စုသာခြားတဲ့ ခြေရင်းအိမ်လေးထဲကနေ မလိုလားတဲ့ပြောသံတစ်သံကို အဘစံအတိုင်း သားကြားလိုက်ရတယ်။ ထင်ထားတဲ့အတိုင်းပါပဲ။ အစကတည်းက မစပ်ခဲ့ရင်ကောင်းသား။ ဆက်ပြီးပြောလာမဲ့စကားတွေကို အဘစံကြားချင် စိတ်မရှိတော့တာနဲ့ အိမ်ရှေ့ဈေးဆိုင်ဘက် ထထွက်ခဲ့လိုက်တယ်။

ဩော် ဒီအဘွားကြီး ဒီအသက်အရွယ်အထိ အတ္တတွေက မလျှော့နိုင်သေးပဲကိုး။ ဒါကြောင့်လဲ အခုချိန်အထိ လင်တစ်ကွဲ၊ သားတစ်ကွဲနဲ့နေနေရတာ။

(၃)

"အဖေ မနက်စာ ထမင်းပူနဲ့ ပဲပြုတ်စားမလား၊ အဖေ့သားနဲ့မြေးမကတော့ ဟိုဘက်လမ်းထိပ်မှာ မုန့်ဟင်းခါးသွားစားကြတယ်"

"အေး . . . ရတယ်လေသမီး"

"ဩော် . . . ညက အစ်ကိုကြီး အဖေ့သားဆီ ဖုန်းဆက်သေးတယ်၊ ဒီမနက်လာခဲ့မယ်တဲ့"

"ဟေ ဟုတ်လား၊ ဒါဆိုရင်တော့ ခဏနေရောက်လာမယ်ထင်တယ်"

အိမ်အဝင် တံခါးပေါက်ကနေရပ်ကာ လှမ်းပြောနေတဲ့ချွေးမဖြစ်သူကို အဘစံ ရေနွေးအိုးထဲ လက်ဖက်ခြောက်ခတ်နေရင်းက ပြန်ပြောလိုက်တယ်။

သားကြီးလာမယ်ဆိုတော့ ဒီမနက် ဝက်သားအချိုချက်လေး ချွေးမဖြစ်သူကို ချက်ခိုင်းအုံးမှပါ။ သားကြီးက အဘစံဟို့နဲ့ မိုင် ၂၀ သာသာမယောက်ပေးဟဲ့တောမြို့လေးမှာ အခြေကျနေတာ။ သားကြီးမိန်းမရဲ့မိဘတွေက ဆန်စက်၊ ဆီစက်ပိုင်တဲ့ တောသူဌေးတွေလို့ပဲဆိုရမယ်။ အခုတော့ သားကြီးကပဲ ဒီလုပ်ငန်းတွေကို ဦးစီးဦးဆောင်ပြုနေရတာလေ။ အလုပ်အကိုင်များတော့လဲ အဘစံတို့ဆီကို လမ်းကြုံမှ ဝင်ဖြစ်တာများပါတယ်။ အခုလို သက်သက်လာတယ်ဆိုတာ တစ်နှစ်တစ်ခေါက်တောင် မရှိသလောက်ပဲ။

အဘစံတို့ တစ်ယောက်နဲ့တစ်ယောက်သဘောထားမတိုက်ဆိုင်တော့လို့ လမ်းခွဲကြတော့ သားကြီးက သိတတ်စအရွယ်ပေါ့။ အဲဒီတုန်းက အမေ့ကောင်ကိုပဲ အဘစံနဲ့အတူ ခေါ်ခွင့်ရခဲ့တာ။ သားကြီးက သူ့အမေလက်ထဲမှာကျန်ခဲ့ပြီး အဲဒီအရွယ်ကတည်းက အဘစံနဲ့ ကွဲခဲ့၊ အနေဝေးခဲ့ရပေမဲ့ အဘစံကတော့ အဘစံသားနှစ်ယောက်စလုံးကို အတူတူချစ်ခဲ့တာပါပဲ။

"ဘိုးဘိုးကြီးရေ ဘိုးဘိုးကြီး၊ ဒီမှာ လေးလေးကြီးရောက်နေပြီ၊ မုန့်တွေလဲ အားကြီးပါလာတယ်"

မြေးမ အသံစာစာနဲ့အော်ပြီးလို့ မကြာခင်ပဲ အဘစံအိမ်လေးထဲကို သားကြီးရောက်လာတယ်။

"အဖေနေကောင်းလား၊ ဒူးကကော နာနေသေးလား"

စားပွဲဝိုင်းရှေ့ကခုံမှာ ဝင်ထိုင်ထိုင်ချင်း သားကြီးက အဘစံကိုကြည့်ပြီးမေးတယ်။

"အင်း . . . တစ်ခါတစ်ခါတော့ နာနေသေးတယ်၊ အခုကတော့ သက်သာနေတာပဲ၊ ဒါနဲ့ အခု သားကြီးတစ်ယောက်တည်းလား"

"ဟုတ်တယ်အဖေ၊ ဒီနေ့ ပဲဆီလာယူမဲ့ကားတွေကရှိသေးတော့ မိန်းမကိုထားခဲ့ပြီး တစ်ယောက်တည်း ခွတ်ထွက်လာခဲ့တာ၊ ဒီလိုမှမလာရင်လဲ ရောက်မှာကိုမဟုတ်တော့ဘူး"

သားကြီးကို အဘစံကြည့်ရတာ အလုပ်တွေနဲ့ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်လာပုံရတယ်။ အဘစံ ဖျက်လုံးထဲ အရင်တစ်ခေါက်လာတုန်းကထက် ပိန်သွားသလိုပဲ။

"ဩော် . . . ဒီမှာ ပျားရည်နဲ့ လိမ်းဆေးအဆီပုလင်း၊ အဖေဒူးနာရင် ဒီလိမ်းဆေးလိမ်းကြည့်၊ သား ညမအိပ်တော့ဘူး၊ ညနေကျပြန်မယ်အဖေ"လို့ပြောပြီး ခြေရင်းအိမ်ဘက် ထထွက်သွားတဲ့ သားကြီးကျောပြင်ကိုကြည့်ပြီး အဘစံစိတ်ထဲတစ်မျိုးပဲ။ တစ်နှစ်လောက်နေမှ တစ်ခါတွေ့ကြတဲ့သားကြီးနဲ့ အဘစံကြားမှာ ပြောစရာစကားတွေက ဒီလောက်ပဲရှိကြတာလား။ ဖြစ်နိုင်ရင် အဘစံရင်ထဲမှာ အခုဖြစ်နေတဲ့ဆန္ဒတွေအားလုံး သားကြီးကိုပြောပြချင်မိတယ်။



အဘစံကျောင်းဆရာအလုပ်နဲ့ တာဝန်ကျတဲ့ ရွာလေးတစ်ရွာမှာ သားကြီးအမေနဲ့ အဘစံအကြောင်း ပါခဲ့တာ။

"ရှင့်ရာထူးတွေ၊ တာဝန်တွေကိုမက်ပြီး ရှင် မြို့ကိုပြောင်းသွားမယ်ဆိုရင်တော့ ကျွန်မဆီ ဘယ်တော့မှပြန်မလာနဲ့တော့ ကိုဘစံ"

ရာထူးတိုးအပြောင်းအရွှေ့နဲ့ အဘစံမြို့ကိုပြောင်းဖို့တာဝန်ကျတဲ့အချိန်မှာ ပြဿနာကတက်တော့တာ။

"အေး . . . ငါကလဲ မိုးလင်းမိုးချုပ် လယ်ထဲ၊ ယာထဲဆင်းပြီး အချိန်ကုန်နေမဲ့ ဒီရွာမျိုးမှာ ငါ့ဘဝကိုတစ်သက်လုံးမနှစ်မြှုပ်နိုင်ဘူး၊ ငါနဲ့မြို့ကို မလိုက်နိုင်ရင်တော့ မင်းသဘောပဲ"

အဲဒီအချိန်ကတည်းက အဘစံတို့ကွဲကွာခဲ့ကြတာ။ အခုချိန်အထိ သားကြီးအမေနဲ့ အဘစံကြားမှာ ပြောစရာရှိတာဆိုလို့ နှစ်ယောက်စလုံး နောက်အိမ်ထောင်ထပ်မပြုခဲ့ကြတာတစ်ခုပဲ။ သြော် ဒါတွေက ကြာခဲ့ပါပြီသားကြီးရယ်။

"ဘိုးဘိုးကြီးရေ ဒီမှာကွေ့လား"

အိမ်ထဲပြေးဝင်လာပြီး လက်ထဲကမုန့်ထုပ်တွေကိုမြှောက်ကာ ခုန်ဆွခုန်ဆွနဲ့ကြွားနေတဲ့မြေးမဖြစ်သူကြောင့် အဘစံ အတွေးပြတ်သွားတယ်။

"မီးငယ်စားဖို့ လေးလေးကြီးဝယ်လာတာ၊ လေးလေးကြီးက ဘိုးဘိုးကြီးလို ဟုတ်ဘူး"

ဟင် – မြေးမဖြစ်သူပြောလာတဲ့စကားကြောင့် အဘစံကိုယ့်ကိုယ်ကိုယ်တောင် မလုံမလဲဖြစ်သွားတယ်။

"အဘစံက ဘာလုပ်မိလို့လဲ ငါ့မြေးရဲ့"

"အမယ် ဘိုးဘိုးကြီးနော်၊ မီးငယ်ကို လာမညာနဲ့၊ ဟိုတစ်နေ့က ဘိုးဘိုးကြီးဝယ်လာတဲ့ မုန့်တွေလေ၊ အဲဒါ မေကြီးကပြောတယ်၊ မီးငယ်စားဖို့မဟုတ်ဘူးတဲ့၊ ဘယ်သူစားဖို့လဲဆိုတာ မီးငယ်သိတယ်နော်"

အဲ – ကလေးကတောင် ရိပ်မိနေပြီဆိုတော့ အဘစံအဖြစ်က တော်တော်လေးရှက်စရာကောင်းနေပြီ။ မတတ်နိုင်တော့ဘူးကွယ်။

(၄)

"အဖေရေ အဖေ၊ ဒီမှာ အဖေ့မြေးမကို ခေါင်းရင်းအိမ်မှာ ခေါ်ထားလိုက်ပါအုံး၊ သမီးတို့ ဆေးရုံသွားရမှာမို့လို့"

ညဦး ဘုရားရှိခိုးပြီးလို့ အိပ်ရာထဲဝင်မယ်ပြင်နေတုန်း ခြေရင်းအိမ်က ဆူဆူညံညံအသံတွေနဲ့ ချွေးမဖြစ်သူလှမ်းအော်သံကြောင့် အဘစံစိတ်ထဲထိတ်ခနဲပဲ။ အရေးပေါ်ကား ဆိုင်ရှေ့မှာရပ်ပြီး အမြန်မောင်းထွက်သွားမှ မြေးမကို ဖြည်းဖြည်းမေးယူရတယ်။ ခြေရင်းအိမ်က အဘွားကြီးလေဖြန်းသွားလို့ဆိုပါလား။

ကိုယ့်ကိုမလိုလားတဲ့သူမှန်ပေမဲ့ အခုလိုဖြစ်သွားတော့လဲ အဘစံစိတ်ထဲမကောင်းဘူး။ အိပ်မရမဲ့ အတူတူ ရေနွေးကြမ်းထိုင်သောက်ရင်း ပုတီးစိပ်ပြီး အဘစံဆုတောင်းပေးနေမိတယ်။

"ဘိုးဘိုးကြီး"

"ဟေ မြေး အိပ်ချင်ပြီလား"

"မအိပ်ချင်သေးပါဘူး ဘိုးဘိုးကြီးရဲ့၊ မီးငယ် မေးစရာရှိလို့"

"ဟောဗျာ၊ ငါ့မြေးက ကြီးကြီးကျယ်ကျယ်နဲ့ ကဲ ဘာမေးမှာလဲမေးပါအုံး"

"ခိုးခိုးကြီးနဲ့အဘွားဘွားကြီးကလေ ဖေကြီးနဲ့ မေကြီးလိုပဲ အမျိုးတော်တာဆို၊ အဲဒါဆို ဘာလို့မခေါ်ကြကာလဲ"

အဲ–ဒီမြေးမကတော့ လုပ်ပြီ။ လူကြီးအဖြေရခက်အောင်။ အဘစံလဲ ဘာမှပြန်မဖြေဘဲ မျက်စိစုံမှိတ်ပြီး လက်ထဲကပုတီးကိုပဲ စိပ်ချင်ယောင်ဆောင်နေလိုက်တယ်။

ဒီတော့မှ မြေးမက မကျေမနပ်နဲ့ အဘစံခြင်ထောင်ထဲဝင်ပြီး အိပ်သွားလေရဲ့။

ညဥ့်တော်တော်ကြီးနက်မှ ဆိုင်ရှေ့လမ်းပေါ်ကားရပ်သံကြားတယ်။ အဘစံ ခေါင်းမီးရှာပြီး ခြံတံခါးဖွင့်ဖို့ ထွက်မယ်ပြင်နေတုန်း –

"နေ နေ ထွက်မလာနဲ့တော့အဖေ၊ ခြံတံခါးကသော့မခတ်ရသေးဘူး"

သားငယ်အသံပေးတော့မှ အဘစံက အိမ်ရှေ့တံခါးဖွင့်ပြီး သားငယ်ဝင်အလာကို စောင့်နေလိုက်တယ်။

"အဘွားကြီး ဘယ်လိုနေသေးလဲသား"

"အင်း . . . ကောင်းပါတယ်၊ လေဖြန်းချင်သလိုဖြစ်သွားတာအဖေ၊ အခုက စကားတော့ ကောင်းကောင်းမပြောနိုင်သေးဘူးပေါ့၊ ဘာမှထပ်မဖြစ်ရင် မနက်ဖြန်တစ်ရက်လောက်နေပြီး ဆေးရုံကဆင်းရမှာပါ"

တော်သေးတာပေါ့အဘွားကြီးရယ်။ ဘုရားကယ်လို့။ မဟုတ်ရင် သင်းတော့ . . .။

နောက်တစ်နေ့ညနေ နေစောင်းတော့ အဘွားကြီး ဆေးရုံက ဆင်းလာတယ်။ ဟိုတစ်နေ့က မာန်အပြည့်နဲ့ပြောနိုင်တဲ့အဘွားကြီးလေသံက အခုတော့ ဗလုံးဗထွေးပဲပြောနိုင်တော့တယ်။ ဘယ်ဘက်လက်တစ်ဖက်လဲ လှုပ်မရချင်ဘူးပြောကာပဲ။ ဒီလိုဆိုတော့လဲ သနားစရာကောင်းပြန်ရော။ အခုနေ အဘစံမှာသာနတ်ဆေးမြစ်ရှိရင် အဘွားကြီးကို အကောင်းပကတိဖြစ်အောင်ကုပေးလိုက်ချင်တယ်။

အဲ–နေအုံး။ အဘစံမှာ ဟိုတစ်နေ့က သားကြီးယူလာပေးတဲ့ လိမ်းဆေးအဆီပုလင်းရှိတာပဲ။ အဘစံဒူးနာတာတော့ အဲဒီလိမ်းဆေးအဆီလိမ်းတာ သက်သာသလိုရှိသား။ ညကျရင်တော့ သွားပေးအုံးမှပါ။

မှောင်စပျိုးချိန်ရောက်တော့ သားနဲ့ချွေးမက အိမ်ရှေ့ဈေးဆိုင်ထဲမှာ အလုပ်ရှုပ်နေကြတုန်း အဘစံခြေရင်းအိမ်လေးဘက် အသာကူးခဲ့လိုက်တယ်။ ပက်လက်ကုလားထိုင်ပေါ်မှာ တစ်ယောက်တည်းမှေးထိုင်နေတဲ့အဘွားကြီးက အဘစံလာတာမြင်ပြီးမှ မမြင်ချင်ယောင်ဆောင်သွားတယ်။ အဘစံလဲ လာသာလာခဲ့ရတယ် ဘာကိုဘယ်လိုက စပြောရမှန်းမသိဘူး။ ပြီးမှ –

"လက်တစ်ဖက် သိပ်မမြှောက်နိုင်ဘူးဆိုလို့ ဒီမှာ လိမ်းဆေးလာပေးတာ"

လိမ်းဆေးပုလင်းကို အဘွားကြီးရှေ့က ခုံပုလေးပေါ်တင်ပေးရင်း အဘစံစကားစလိုက်တယ်။ အဘွားကြီးက အဘစံကိုမကြည့်သလို ဘာမှလဲပြန်မပြော။ ရှေ့က လိမ်းဆေးပုလင်းကိုပဲ တွေတွေကြီးစိုက်ကြည့်နေတယ်။

"ဒီလိမ်းဆေးက ကောင်းတယ်၊ ငါဒူးနာတာတောင် ဒီဆေးလိမ်းတာ တော်တော်သက်သာတယ်"

ဒီတစ်ခါတော့ အဘွားကြီးက အဘစံဘက်ကိုလှည့်ကြည့်တယ်။

"မလိုဘူး၊ ပြန်ယူသွား၊ ကျုပ်မှာလဲ အဲဒီလိမ်းဆေးရှိတယ်"

အဘွားကြီးအသံက ဗလုံးဗထွေးဆိုပေမဲ့လဲ အဘစံနားလည်လောက်အောင်တော့ ပီသေးတယ်။

"ခု ဒီမှာ လာနေတာက ကျုပ်ကျန်းမာရေးမကောင်းသေးလို့၊ ကျုပ်သားက အတင်းခေါ်လို့ ခဏလိုက်နေတာ၊ ဒီခြံထဲမှာ နေချင်လွန်းလို့တော့ မဟုတ်ဘူး၊ နေကောင်းတာနဲ့ ကျုပ်ရွာကျုပ်ပြန်မှာ"

စကားတွေအများကြီး အားယူပြောလိုက်ရလို့

အဘွားကြီးအခေါ်မောသွားပုံရတယ်။ အဘွားကြီး စကားပြတ်မှ အဘစံလဲ သက်ပြင်းတစ်ချက်ချကာ–

"မဟုတ်သေးပါဘူးအဘွားကြီးရယ်၊ အခု အရွယ် အထိ နင့်စိတ်တွေက မလျှော့နိုင်သေးဘူးလား၊ ပြီးခဲ့ တာတွေပြီးပါစေတော့၊ အသက်တွေလဲ ကြီးပါပြီဟာ"

အဘစံ လေသံပျော့လေးနဲ့ပြောကြည့်လိုက် တော့ အဘွားကြီးခဏငြိမ်သွားတယ်။ အမောမပြေ သေးလို့ပဲလားတော့မသိဘူး။ ဒီအခွင့်အရေးကို အဘစံ လက်လွှတ်မခံနိုင်။

"ကဲပါ လာ၊ နင့်လက်ကို ငါတစ်ခါတည်း ဆေးလူးပေးခဲ့မယ်၊ ဒါမှ ညကျ သက်သက်သာသာနဲ့ နင်အိပ်ပျော်မှာ"

အဘွားကြီးလက်ကို အဘစံ ဒူးပေါ်မှာ အသာ မတင်ပြီး ဆေးလူးပေးတော့ အဘွားကြီးက မရုန်းဘူး လေ။ တမင်ပဲ မရုန်းတာလား၊ လေဖြန်းထားလို့ပဲ မရုန်းနိုင်တာလား အဘစံခွဲခြားမနေနိုင်တော့။

ဘယ်လက်ကိုလူးပေးပြီးတော့ ညာလက်၊ ပြီး တော့ ဘယ်ခြေထောက်၊ နောက်ညာခြေထောက်ပါ မကျန် အဘစံ ဆေးတွေလူးပေးလိုက်တယ်။

"ဒီမယ် အဘွားကြီး၊ အရင်က ငါတို့နှစ်ယောက် ရဲ့အတ္တတွေကြောင့် ငါတို့မိသားစု တကွဲတပြားနေခဲ့ ရပြီးပြီ၊ ဒါကို နောင်တမရနိုင်ဘဲ အခုချိန်အထိ အဲဒီ အတ္တတွေကို ဖက်တွယ်နေတုန်းပဲလား၊ ငါတို့အသက် တွေကိုပြန်ကြည့်အုံး၊ ကိုယ့်ကိုယ်ကိုယ်တောင် ကောင်း ကောင်းနိုင်ကြတော့တာမဟုတ်ဘူး၊ မသေခင်မှာ သားတွေ၊ မြေးတွေနဲ့ သိုက်သိုက်ဝန်းဝန်းလေးနေ သွားကြမယ်လေဟာ"

ဆေးလူးပေးနေရင်း အဘွားကြီးကို အဘစံ စကားတွေတတွတ်တွတ်ပြောနေမိတယ်။

အခုချိန်မှာ အဘွားကြီးဆီက ပြန်ပြောလာမဲ့ စကားတစ်ခွန်းလောက်ဖြစ်ဖြစ်တော့ အဘစံကြားချင် မိတာအမှန်ပဲ။ ဒါပေမဲ့ နှုတ်ဆိတ်လွန်းနေတဲ့အဘွား ကြီးကို အဘစံထပ်ပြီး တွန်းအားမပေးချင်တော့။

ဆေးဆက်လူးစရာနေရာလဲကုန်ပြီမို့ လိမ်း ဆေးပုလင်းကိုအဖုံးပြန်ပိတ်ပြီး အဘစံ အိမ်ပေါ် ကလှည့်အထွက် –

"ကျုပ်ကျောတွေလဲ ကောင့်နေသေးတယ် အဘိုးကြီးရဲ့"

အဘွားကြီးဆီက ဗလုံးဗထွေးနဲ့ အသံတစ်သံ ထွက်လာတယ်။ ဒီတစ်ခါပြောလိုက်တဲ့အဘွားကြီး အသံက အဘစံနားထဲမှာ အပီဆုံးပဲ။

အခုလိုအချိန်လေးကို အဘစံပျော်နေမိတယ်။ တကယ်ပါပဲ။ ဟိုအရင်က အချိန်တွေကို အခုမှ အဘစံ ပြန်ရလိုက်သလိုပဲ။ အရေတွန့်ပြီးပျော့တွဲတွဲဖြစ်နေတဲ့ အဘွားကြီးကျောပေါ်မှာ အဘစံလက်ဖဝါးတစ်စုံက နွေးထွေးနေလိမ့်မယ်ဆိုတာ အဘစံ ယုံကြည်တယ်။

"ဖေကြီးနဲ့မေကြီးရေ၊ ဒီမှာ လာကြည့်ပါအုံး၊ ဘိုးဘိုးကြီးက ဘွားဘွားကြီးကို ဆေးတွေလူးပေးနေ တယ် ဟီး . . . ဟီး"

ဘယ်အချိန်ကတည်းက အိမ်ရှေ့ကိုရောက်နေ မှန်းမသိတဲ့ မြေးမအော်သံကြောင့် အဘစံရော အဘွား ကြီးပါ ဆတ်ခနဲတုန်သွားတယ်။

ပြီးမှ တစ်ယောက်မျက်နှာတစ်ယောက်ကြည့် ပြီး ပြုံင်တူပြုံးမိလိုက်ကြတယ်။ ဒီအပြုံးတွေကို အဘစံသားနှစ်ယောက်လဲ နားလည်နိုင်လိမ့်မယ် ထင်ပါတယ်။

(၅)

ဒီလကုန်လို့ ပင်စင်ထုတ်သွားရင်တော့ အဘစံ ဆရာကျင့်ကို ပြောဖြစ်အောင်ပြောပြရမယ်။ အဘစံ အတွက် အချိန်တွေနှောင်းသွားခဲ့ရိုးမှန်ရင်တောင် အရင်လိုအဘစံတစ်ယောက်တည်း အထီးကျန်မနေ တော့ဘူးဆိုတာကိုပေါ့။ ။

ညီမ်းသူ

# ၂၀၂၀ ပြည့်နှစ်၊ တေဇရုပ်စုံစာစောင် စာစီစာကုံးပြိုင်ပွဲအတွက် လအလိုက် ယှဉ်ပြိုင်ရမည့်ခေါင်းစဉ်များ

| စဉ် | လအမည် | ခေါင်းစဉ် | နောက်ဆုံးပေးပို့ရမည့် ရက်၊ အချိန် |
|---|---|---|---|
| ၁ | ဇန်နဝါရီလ | ပုခက်လွှဲသောလက် | ၃၀ ၁၀ ၂၀၁၉ ၊ ၁၆း၀၀ နာရီ |
| ၂ | ဖေဖော်ဝါရီလ | ညီညွတ်ခြင်း၏ အလှ | ၃၀-၁၁-၂၀၁၉ ၊ ၁၆း၀၀ နာရီ |
| ၃ | မတ်လ | နွေဦးပန်းချီ | ၃၁-၁၂-၂၀၁၉ ၊ ၁၆း၀၀ နာရီ |
| ၄ | ဧပြီလ | အားလပ်ရက်ခရီးသွားခြင်း အတွေ့အကြုံများ | ၃၁- ၁-၂၀၂၀ ၊ ၁၆း၀၀ နာရီ |
| ၅ | မေလ | မြန်မာစာပေ တို့အမွေ | ၂၉- ၂-၂၀၂၀ ၊ ၁၆း၀၀ နာရီ |
| ၆ | ဇွန်လ | မိုးရွာသောနေ့တစ်နေ့ | ၃၁- ၃-၂၀၂၀ ၊ ၁၆း၀၀ နာရီ |
| ၇ | ဇူလိုင်လ | သစ်ပင်စိုက်ပျိုးအလှတိုး | ၃၀- ၄-၂၀၂၀ ၊ ၁၆း၀၀ နာရီ |
| ၈ | ဩဂုတ်လ | လူငယ်နှင့် ပရဟိတစိတ် | ၃၁- ၅-၂၀၂၀ ၊ ၁၆း၀၀ နာရီ |
| ၉ | စက်တင်ဘာလ | ပြောင်းလဲတိုးတက်လာသောနည်းပညာနှင့် ခေတ်လူငယ် | ၃၀- ၆-၂၀၂၀ ၊ ၁၆း၀၀ နာရီ |
| ၁၀ | အောက်တိုဘာလ | သီတင်းကျွတ်လပြည့်ည | ၃၁- ၇-၂၀၂၀ ၊ ၁၆း၀၀ နာရီ |
| ၁၁ | နိုဝင်ဘာလ | အဖေ့ကျေးဇူး | ၃၁- ၈-၂၀၂၀ ၊ ၁၆း၀၀ နာရီ |
| ၁၂ | ဒီဇင်ဘာလ | အသင်းအဖွဲ့စိတ်ဓာတ် | ၃၀- ၉-၂၀၂၀ ၊ ၁၆း၀၀ နာရီ |


ပြိုင်ပွဲဝင်စာစီစာကုံးများအား အောက်ပါလိပ်စာအတိုင်း ပေးပို့ရပါမည် -

သို့
မြဝတီစာပေတိုက် (ရုံးခွဲ)
အမှတ်(၁၈၁)၊ (၃၂)လမ်း
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၃၂၄၉၈၇၂၄


သို့
တာဝန်ခံစာတည်း (တေဇရုပ်စုံ)
မြဝတီစာပေတိုက်
အမှတ်(၁၅)၊ မိုးကောင်းလမ်း၊
(၁၅)ရပ်ကွက်၊ ဘောက်ထော်၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း ၀၉-၃၀၃၆၇၅၆၂၊ ၀၉-၄၀၃၂၅၈၄၅၁

# စံ-ဇာတာတို့ ၁၂ လရာသီဟောကိန်း


## ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ



၁ - ၉ - ၂၀၂၀



၁၅ - ၉ - ၂၀၂၀



၃၀ - ၉ - ၂၀၂၀

စက်တင်ဘာလသည် ကန်ရာသီ (Virgo) ၇ ဒီဂရီမှ တူရာသီ (Libra) ၈ ဒီဂရီအတွင်း တည်ရှိသည်။ စက်တင်ဘာလ ၁ ရက်မှ ၂၂ ရက်အထိရက်များသည် ကန်ရာသီအတွင်းတည်ရှိ၍ ဗုဒ္ဓဟူးဂြိုဟ် (Mercury) မှစိုးမိုးသည်။ စက်တင်ဘာလ ၂၃ ရက်မှ လကုန်အထိရက်များသည် တူရာသီအတွင်းတည်ရှိ၍ သောကြာဂြိုဟ် (Venus) မှ စိုးမိုးသည်။ မြန်မာ့ရိုးရာအယူအဆအရ ခေါင်းဆေး၊ ခေါင်းလျှော်ရက်ကောင်းများသည်ကား ၁၉၊ ၂၀၊ ၂၁ ရက်တို့ဖြစ်သည်။ ၎င်းရက်များတွင် ခေါင်းဆေး၊ ခေါင်းလျှော်ပြုက အနာရောဂါကင်းမည်။




**မိဿ ရာသီဖွား**
**(Mar 21 မှ April 20 ကြား)**

သူတစ်ပါးထက်သာအောင်ဆောင်ရွက်နိုင်သော ထက်မြက်သည့်ကိုယ်ပိုင်အရည်အသွေးများပေါ်နေမည်။ ဆုံးဖြတ်ချက်များ၊ ကြိုတင်သုံးသပ်ဆောင်ရွက်မှုများ အထူးမှန်ကန်မည်။ အတူနေအရင်းချင်း စိတ်ဝမ်းကွဲတတ်သည်။ ပူးပေါင်းလုပ်သောလုပ်ငန်းများမှ လမ်းခွဲထွက်လိမ့်မည်။ လုပ်ငန်းခွင်တွင် ကောင်းသောအပြောင်းအလဲများဖြစ်ပေါ်မည်။ အရေးပါသောစကားများ ပြောဆိုရမည်။ ပြောင်းလဲလာသောဝန်းကျင်သစ်နှင့်ဆက်ဆံ၍ အဆင်ပြေမည်။ ခရီးသွားရန်ကြံစည်သူများ လိုရာခရီးရောက်ရှိမည်။ လုပ်ငန်းမရှိသူ လုပ်ငန်းရမည်။ အလုပ်ကိစ္စဆောင်ရွက်သူများ အဆင်ပြေမည်။ စတင်ရင်းနှီးမြှုပ်နှံသောလုပ်ငန်းတို့မှ အကျိုးအမြတ်ကောင်းစွာရရှိမည်။ မှန်းဆရည်ရွယ်ထားသည်တို့ကို စနစ်တကျလက်တွေ့အကောင်အထည်ဖော်နိုင်မည်။

**ယတြာ – အင်္ဂါနေ့တွင် စံပယ်ပန်း ၂၇ ပွင့်ကို ကြေပန်းကန်ပြားၖထည့်၍ အမြင့်တွင်တင်ကာ လိုရာဆုတောင်းပါ။**




**ပြိဿ ရာသီဖွား**
**(April 21 မှ May 21 ကြား)**

အကြံသစ်၊ ရည်ရွယ်ချက်သစ်များနှင့် လုပ်ငန်းသစ်များကိုဆောင်ရွက်ရန်အနေအထားကြုံမည်။ လွယ်လင့်တကူဖြစ်သည်ဟူ၍မရှိ။ အနှောင့်အယှက်များဖြစ်ပေါ်နိုင်သည်။ ငွေကြေးမြောက်မြားစွာအသုံးချ၍ ပစ္စည်းဝယ်ယူခြင်း၊ သုံးစွဲခြင်းမပြုရ။ ကြိုတင်တွက်ချက်မှုမှန်ကန်လင့်ကစား ပစ္စည်းသိုမှီးထားစဉ်ထိန်းသိမ်းသူများညံ့ဖျင်း၍ အလေအလွင့်အပျောက်အရှများကာ ဆုံးရှုံးနစ်နာစရာများကြုံမည်။ စက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းများဝယ်ယူပြီး လက်ဝယ်ရောက်မှ အကြီးစားအပျက်အစီးများကြုံမည်။ ယခုကာလအတွင်း ပစ္စည်းသစ်များဝယ်ယူခြင်းထက် အဟောင်းတို့ကိုပြုပြင်သုံးစွဲသင့်သည်။ အလုပ်ဟောင်းမှထွက်၍ အလုပ်သစ်ရှာဖွေသူများ အလုပ်သစ်ရရှိမည်။

**ယတြာ – သောကြာနေ့တွင် သံဃာတော်တို့ကို ဆပ်ပြာလှူဒါန်းပါ။**



**မေထုန် ရာသီဖွား**
**(May 22 မှ June 21 ကြား)**

မိမိတွင်ငွေပြတ်နေဆဲ သူတစ်ပါးက ငွေကြေးအကူအညီလာတောင်းမည်။ ကြားဝင်အာမခံ၍ ကူညီပေးလိမ့်မည်။ ထိုသူကတိပျက်၍ အာမခံထားသောငွေများ နိုက်လျော်ရတတ်သည်။ အလုပ်ပို၊ ကိစ္စပိုများ တစ်ခုပြီးတစ်ခုကြုံမည်။ မိမိအပြောကြီးထားသောကိစ္စတစ်ခုကို လက်တွေ့တာဝန်ယူရခြင်းကြုံမည်။ မိသားစုတွင် အလုပ်စီးပွားရေးချဲ့ထွင်ရန် လိုအပ်သောငွေကြေးကိစ္စများ မိမိဦးဆောင်ရှာဖွေရမည်။ ပျက်စီးနေသောပစ္စည်းများကိုပြင်ဆင်ရာမှ စတင်ငွေကြေးသုံးစွဲရ

ခြင်းမှသည် အတောမသတ်ငွေကုန်ခြင်းများဖြစ်ပေါ်မည်။ အိမ်ရှိသူများ တစ်ဦးပြီးတစ်ဦး ကျန်းမာရေးချူချာမည်။ အသက်အရွယ်ကြီးသူ၏ကျန်းမာရေးအတွက် စိတ်ပင်ပန်းရမည်။

**ယတြာ – ဗုဒ္ဓဟူးနေ့တွင် နဂါးရုံဘုရားရှေ့၌ ကြာပန်းပွင့်လှူပါ။ ကော်ဖွက်အဟောင်းများ ရှာဖွေစွန့်ပစ်ပါ။**




**ကရကဋ် ရာသီဖွား (June 22 မှ July 22 ကြား)**

လူလွှတ်များအနေဖြင့် အချစ်ရေး၊ အိမ်ထောင်ရေးကိစ္စ ရုတ်တရက်ပေါ်ပေါက်ကိန်းရှိသည်။ လုပ်ငန်းရှာနေသောသူများ ကောင်းသောအလုပ်နှင့် မျှော်လင့်မထားသောလစာကိုရရှိမည်။ လုပ်လိုသောဆန္ဒရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မိမိအရည်အသွေးနှင့်ကိုက်ညီသောအလုပ်ကိစ္စကို ရွေးချယ်ပါ။ အများကိစ္စ၊ အဖွဲ့အစည်းကိစ္စများ တာဝန်ယူဆောင်ရွက်ရမည်။ လုပ်ငန်းခွင်မှ သူများ အလုပ်တာဝန်ပိုများဆောင်ရွက်ရလိမ့်မည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်သူများအဖို့ ရိုးရိုးသားသားဖြင့် အလိုလောဘနည်းစွာဆောင်ရွက်ရင်း အောင်မြင်မှုများအဆင့်ဆင့်ရရှိမည်။ ပညာရှာသူများ ထူးထူးခြားခြားအောင်မြင်မည်။ အဆင့်မြင့်ပညာများ သင်ကြားတတ်မြောက်မည်။ ပညာသင်တန်းနှင့်ကိစ္စများ ဆောင်ရွက်အောင်မြင်မည်။ လုပ်ငန်းခွင်သင်တန်းများတက်ရောက်ရမည်။

**ယတြာ – တနင်္လာနေ့တွင် ကြာပန်းပွင့် ဘုရားပန်းကပ်လှူပါ။ ကော်ခွက်အဟောင်းများရှာဖွေစွန့်ပစ်ပါ။**




**သိဟ် ရာသီဖွား (July 23 မှ Aug 23 ကြား)**

အရှိန်အဟုန်ပြင်းစွာဆောင်ရွက်နေသောကိစ္စများ ရုတ်တရက်ရပ်တန့်ရတတ်သည်။ အကွေးနေါင်ခြင်း၊ လွန်လွန်ကဲကဲစဉ်းစားကက်ခြင်းကြောင့် အခွင့်ကောင်းတစ်ခု လက်လွှတ်ဆုံးရှုံးရမည်။ ကိုယ်တိုင်တွင် အဆင်မပြေသော်လည်း အနီးကပ်လူများအခက်အခဲဖြစ်ခြင်းအပေါ် အထောက်အကူပြုရမည်။ ငွေရေးကြေးရေး၊ လူမှုရေးရှုပ်ထွေး၍ စိတ်အနှောင့်အယှက်များကြုံရမည်။ မောင်နှမသားချင်းများ၏အမှုအခင်းများဖြေရှင်းရမည်။ မြှုပ်နှံထားသောငွေကြေးများပြန်ဖော်ရမည်။ ပစ္စည်းလော့င်ခြင်း၊ ဈေးကစားခြင်းလုံးဝမပြုရ။ ရောင်းမှား၊ ဝယ်မှားပြဿနာများ အထူးပြုဂရုစိုက်ရမည်။ ပညာရပ်ဆိုင်ရာဆောင်ရွက်သူများအတွက် အဆင့်မြင့်အောင်မြင်မှုများရရှိမည်။ လုပ်ငန်းခွင်မှသူများ အောက်လူငြိုငြင်၊ အထက်လူဒုက္ခပေးခြင်းများကြုံတတ်သည်။

**ယတြာ – တနင်္ဂနွေနေ့တွင် ကြေပြား၊ ကျောက်ပြား လှူဒါန်းပါ။ အရှေ့အရပ်ကိုမျက်နှာမူ၍ ဒီန်ချဉ်သောက်သုံးပါ။**




**ကန် ရာသီဖွား**
**(Aug 24 မှ Sept 22 ကြား)**

အပျော်အပါး၊ အသောက်အစား၊ လောင်းကစားနှင့် စီးပွားပျက်သူ မိမိနှင့် ငယ်ပေါင်း၊ စိတ်ဆွေပေါင်း မိမိထံအကူအညီလာတောင်းလိမ့်မည်။ တစ်ကြိမ်တစ်ခါသာ ကူညီပါ။ တစ်ပါးသူမေတ္တာရေး၊ အိမ်ထောင်ရေးကိစ္စပဋိပက္ခဖြစ်နေသူများအား မိမိပါဝင်ကူညီပေးရမည်။ လုပ်ငန်းခွင်၌လည်းကောင်း၊ လူမှုရေးဝန်းကျင်၌လည်းကောင်း အမည်ကောင်းသတင်းကျော်ကြားမည်။ တစ်ပါးသူ၏ကိစ္စရေးရာများကို သေချာစွာမလေ့လာဘဲ လွယ်လင့်တကူ တာဝန်ယူခြင်း၊ အာမခံခြင်းရှောင်ပါ။ ငွေကြေးကိစ္စဆောင်ရွက်မှုများတွင် သတိရှိပါ။ အရင်းအနှီးများသောလုပ်ငန်းများဆောင်ရွက်ရန်မသင့်။ ငွေပြန်ဖော်ရခက်တတ်သည်။ ကျန်းမာရေးအညွှန်ကြားချက်ချင်းဆေးကုသမှုခံယူပါ။

**ယတြာ – ဗုဒ္ဓဟူးနေ့တွင် နို့မှုန့်အလှူဒါနပြုပါ။ အနောက်အရပ်ကို မျက်နှာမူ၍ ဘဲသားဆန်ပြုတ်စားသုံးပါ။**




**တူ ရာသီဖွား**
**(Sept 23 မှ Oct 23 ကြား)**

ရပ်တန့်ထားသောလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်မည်။ တစ်ပြိုင်တည်း တစ်ဒုထက်မကသောလုပ်ငန်းများ ဆောင်ရွက်နိုင်မည်။ တစ်ပါးသူနှင့် မိမိအကြား စိတ်ဝမ်းကွဲခြင်း၊ ရန်ပဋိပက္ခကြုံခြင်းများဖြစ်မည်။ သူတစ်ပါးတွေးမြင်သုံးသပ်ခြင်းမရှိသောရှုထောင့်မှ ရိုးရိုးစင်းစင်းလုပ်၍ အရာရာအဆင်ပြေအောင်မြင်သွားမည်။ လွန်ခဲ့သောရက် ၂၀ အတွင်းက လက်လွှန်ထားသည့်ငွေကြေးကိစ္စများ၊ နှောင့်နှေးနေသောကိစ္စများအဆင်ပြေအောင်ဆောင်ရွက်ရင်း ကောင်းသောအကျိုးဆက်များရရှိမည်။ ပြည်တွင်းခရီးကိစ္စသာမက အရပ်ဝေးခရီးသွားရောက်ရန် စီစဥ်ထားသောကိစ္စများအဆင်ပြေမည်။ သွားရောက်လျှင် အကျိုးရှိမည်။

**ယတြာ – သောကြာနေ့တွင် သော့ပေါင်း၊ သော့ကျိုးများကို ရှာဖွေ စွန့်ပစ်၍ အသစ်အစားထိုးသုံးစွဲပါ။**




**ဗြိစ္ဆာ ရာသီဖွား**
**(Oct 24 မှ Nov 22 ကြား)**

ယှဥ်ပြိုင်မှုများ အောင်မြင်မည်။ ပညာသင်တန်းကိစ္စများ အဆင်ပြေမည်။ ပြည်ပအတတ်ပညာကိစ္စများ ထွန်းထွန်းပေါက်ပေါက်ဆောင်ရွက်နိုင်မည်။ ငွေကြေးမြောက်မြားစွာကုန်ကျမည့်အလုပ်များကိုမှရွေး၍ လုပ်မိမည်။ ကံမကောင်းသော၊ အဆုံးသတ်မလှပသော အချစ်ရေး၊ မေတ္တာရေးကိစ္စများကြုံမည်။ မာယာများသော၊ လှည့်စားတတ်သောသူကို မေတ္တာထားမိ၍ စိတ်အနှောင့်အယှက်များကြုံမည်။ လူမှုရေးအရှုပ်အထွေးများ၊ စိတ်အနှောင့်အယှက်များ မည်မျှရှိစေ အလုပ်

အရည်အသွေးများ ဆက်မြှက်နေမည်။ ငွေကြေးကို စာရင်းဇယားမဲ့ထားခြင်းကြောင့် အပျောက်အရှ၊ အကုန်အကျ ရောထွေးတတ်သည်။ အိမ်ရှိ အသက်အရွယ်ကြီးရင့်သူတို့ ကျန်းမာရေးအညှိုးကြုံက မပေါ့အပ်။

**ယတြာ – အင်္ဂါနေ့တွင် နေအိမ်ဘုရားစင်ကို သန့်ရှင်းရေးပြုပါ။ မီးလုံးအဟောင်းများစွန့်ပစ်ပါ။**




**ဓနု ရာသီဖွား**
**(Nov 23 မှ Dec 21 ကြား)**

အမှန်အမှားအကျိုးအကြောင်းဆက်စပ်၍ ဆင်ခြင်နိုင်စွမ်းရှိလင့်ကစား စိတ်ခံစားချက်ကိုဦးစားပေးခြင်းကြောင့် စိတ်သောကရောက်ရမည်။ အတိတ်ကာလကအလွယ်တကူကတိထားပြီး စိတ်ထဲမှ မေ့ပျောက်ထားသောကိစ္စများပြန်လည်တာဝန်ယူ ဖြေရှင်းရပေါ်သည်။ မိမိကို အကြောင်းပြုပြီး မိသားစုတွင် စိတ်ညစ်စရာအကြောင်းအရာများ ပေါ်ပေါက်တတ်သည်။ တစ်ပါးသူဖြေရှင်းရန် ခက်ခဲသောကိစ္စရပ်များအား မိမိအရည်အချင်းကို အသုံးချ၍ အောင်မြင်စွာအဖြေရှာ ပေးနိုင်လိမ့်မည်။ သူတစ်ပါးအမှုအခင်းများကြားဝင်၍ သက်သေလိုက်ရတတ်သည်။ ဥပဒေနှင့်မကင်းသောကိစ္စရပ်များရှောင်ပါ။ မိုက်ရန်မဖြစ်အောင်နေပါ။ ဖြစ်ပါက ဖြေရှင်းရန်ခက်ခဲတတ်သည်။

**ယတြာ – ကြာသပတေးနေ့တွင် ပဲပလာတာစားသုံး၍ လိုရာဆန္ဒပြုပါ။ ဖန်ကွဲ၊ မှန်ကွဲများစွန့်ပစ်ပါ။**




**မကာရ ရာသီဖွား**
**(Dec 22 မှ Jan 20 ကြား)**

ဈေးကျနေသောအရောင်းထိုင်းပစ္စည်းများဝယ်ယူလိုက ဝယ်ယူပါ။ သိမ်းဆည်းလိုက သိမ်းဆည်းပါ။ ဝယ်ယူမြှုပ်နှံထားလိုက ရင်းနှီးမြှုပ်နှံပါ။ အကျိုးအမြတ်ကောင်းစွာရရှိမည်။ လူမျိုးကွဲ၊ လူမျိုးခြား၊ ဘာသာခြားများ ကောင်းကျိုးပေးမည်။ ငွေကြေးနှင့်ပတ်သက်သောကံ ကောင်းမည်။ ဤကာလအတွင်း သူတစ်ပါးမကြိုက်သည့်ကိစ္စများကို မိမိမလုပ်မိပါစေနှင့်။ ကိုယ်က ကောင်းသည်၊ မှန်သည်ဟုထင်လင့်ကစား သူတစ်ပါးနှင့်ဆန့်ကျင်ပြီး လုပ်ရန်မသင့်ပါ။ ပုံမှန်လမ်းကြောင်းမှခွဲထွက်ပြီး လုပ်ငန်းသစ်များစတင်ပါ။ တစ်ပါးသူတို့အပေါ် ယုံယုံကြည်ကြည်ဖြင့်တိုင်ပင်ခြင်း၊ အလုပ်ကိစ္စမှအစ ကိုယ်ရေးကိုယ်တာအလုံးစုံ ဆွေးနွေးခြင်းမပြုရ။

**ယတြာ – စနေနေ့တွင် ဆင်းရဲနွမ်းပါးသူတို့ကို အဝတ်အထည်ဟောင်းများ စွန့်ကြဲပေးကမ်းပါ။**




## ကုံ ရာသီဖွား
**(Jan 21 မှ Feb 18 ကြား)**

ကြိုးပမ်းဆောင်ရွက်ထားသည်များကြားမှ ကောင်းသောအကျိုးဆက်ကို ရရှိခံစားရမည်။ အရာရာကို အခြေခံမှစ၍လုပ်ကိုင်ရမည်။ ဖြတ်လမ်းမှက်စမ်းသကဲ့သို့ စီးပွားရှာခြင်းမပြုလေနှင့်။ တစ်ပါးသူငွေကြေးကိုယူ၍သော်လည်းကောင်း၊ ဘဏ်မှငွေကြေးကို ချေးငှား၍လည်းကောင်း ရင်းနှီးမြှုပ်နှံက ဆုံးရှုံးလိမ့်မည်။ အရှိကိုအရှိအတိုင်း အခြေအနေမှန်ကို သုံးသပ်၍ အောက်ခြေမှသည် တစစမြင့်မားအောင်ဆောင်ရွက်က ထူးခြားစွာအောင်မြင်မည်။ ရမည့်ငွေကြေးကို တွက်ဆ၍မရနိုင်သလို ကုန်ကျမည့်ငွေကြေးကို တွက်ဆ၍မရနိုင်သောအနေအထားကို ကြုံမည်။ အပျော်အပါးလိုက်စားသောသူများ၊ အဆင်အခြင်ကင်းမဲ့သောသူများကို ပေါင်းသင်းခြင်းမပြုရ။

**ယတြာ – စနေနေ့တွင် သံဃာတော်တို့ကို စတုမဓုဆေးလှူပါ။ နေရှိရာအရပ်မျက်နှာမှ၍ နွားနို့သောက်သုံးပါ။**





## မိန် ရာသီဖွား
**(Feb 19 မှ Mar 20 ကြား)**

ရွေးချယ်ဆုံးဖြတ်ရခက်လောက်အောင် အခွင့်အလမ်းများ တစ်မျိုးပြီးတစ်မျိုး ဆက်တိုက်ပေါ်ထွန်းမည်။ ရင်းနှီးသူများနှင့် စကားများရမည်။ အချစ်ရေး၊ မေတ္တာရေးအညံ့ရှိမည်။ လူမျိုးကွဲ၊ လူမျိုးခြားနှင့် တိုက်ရိုက်ဆက်ဆံ၍ လုပ်ငန်းများလုပ်ကိုင်အဆင်ပြေမည်။ တစ်ပိုင်းတစ်စရပ်တန့်ထားသောကိစ္စများ ပြန်လည်ဆောင်ရွက်ပြီးမြောက်မည်။ ရသင့်ရထိုက်သောငွေကြေး၊ အခွင့်အလမ်းတို့ကို ပြန်လည်ရရှိမည်။ အကြွေးတောင်းရန်အခါသင့်သည်။ အလုပ်နေရာအပြောင်းအရွှေ့အတွက် စီစဉ်ထားသူများ အလိုဆန္ဒပြည့်မြောက်မည်။ အလှူအတန်းကိစ္စများ ပါဝင်ပတ်သက်ရမည်။ မရည်ရွယ်ဘဲ ဘာသာရေးနှင့်ပတ်သက်သောခရီးကိစ္စ ပေါ်ထွန်းမည်။ ခရီးသွား၍ အကျိုးရှိမည်။ ပညာရေးအတွက် အဓိကထားဆောင်ရွက်သူများ ထင်ရှားသောတိုးတက်မှုများရရှိမည်။

**ယတြာ – ကြာသပတေးနေ့တွင် မုန့်ဟင်းခါးနှင့်ဘူးသီးကြော်တွဲဖက်၍ ဒါနပြုပါ။ ကိုယ်တိုင်လည်း စားသုံးပါ။**

**ချမ်းမြေ့မေတ္တာတုံ့ပြန်ပါသည်။**
**စံ–ဇာဏီဘို**


'သုတကမ္ဘာ'စစ်မှုရေးရာ၊ ကျန်းမာရေးနှင့် သုတအဖြာဖြာသတင်းဂျာနယ်ကို
စာဖတ်ပရိသတ်အတွက် ၂၀၁၈ ခုနှစ်၊ မတ်လ ၂၇ ရက်(တပ်မတော်နေ့)တွင်
စတင်ထုတ်ဝေခဲ့ပြီး အပတ်စဉ်စနေနေ့တိုင်း ဖြန့်ချိလျက်ရှိပါသည်။







ဆက်သွယ်ရန်လိပ်စာ - အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ (၁၅)ရပ်ကွက်၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉၃၂၄၉၈၇၂၄။








စာပေတိုက်ထုတ်

# မဂ္ဂဇင်း၊ စာစောင်များ လပေးမှာကြားဖတ်ရှုနိုင်ပြီ

မိမိတို့မှာကြားလိုသည့်စာအုပ်များကို
အောက်ပါလိပ်စာနှင့်ဖုန်းနံပါတ်များအတိုင်း
ဆက်သွယ်မှာကြားနိုင်ပါသည်။
ဖြန့်ချိရေး - မြဝတီစာပေတိုက်
အမှတ် ၁၅၊ မိုးကောင်းလမ်း၊ ၁၅ ရပ်ကွက်၊
ဧဝာကီတောင်၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉၈၃၅၁၀၇၁၈၂ (မြဝတီစာတည်း)၊
၀၉၄၃၀၃၂၅၈၄၅၁ (ရွှေအာရီစာတည်း)၊
၀၉၆၉၇၀၈၉၇၂၁ (သုတအလင်းစာတည်း)၊
၀၉၄၂၄၉၈၇၂၄ (ဖြန့်ချိရေး)။

